www.burmeseclassic.com

# လရောင်ကျူးရှင်

ကြင်နာခွင့်လေး

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ဝတ္တရားဖြစ်သော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံ့တော်သစ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ရွှေသမင်
စာပေမှ စီစဉ်တင်ဆက်သည်။

# လရောင်ကျူးရင့် ကြင်နာခွင့်လေး

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း — ၂၉၆၁၁၀

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက် | – | ၅၀၀၉၅၄၀၈၁၁ |
| မျက်နှာဖုံးခွင့်ပြုချက် | – | ၅၀၀၉၈၀၀၈၁၁ |
| အကြိမ် | – | ပထမအကြိမ် |
| | | ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၅၀၀/– |
| ထုတ်ဝေသူ | – | ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉) |
| | | ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊ |
| | | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်း/ | – | ဒေါ်နွဲ့နွဲ့ရီ (မြ–၀၉၈၇၀) |
| အဖုံးပုံနှိပ်သူ | | ရွှေရောင်လင်းပုံနှိပ်တိုက် |
| | | အမှတ်(၈၈)၊ ၅၁ လမ်း၊ |
| | | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

လရောင်ကျူးရင့်

ကြင်နာခွင့်လေး/ လရောင်ကျူးရင့်၊ ရန်ကုန်။

ရွှေသမင်စာပေ၊ ၂၀၁၁။

၃၂၀– စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။

(၁) ကြင်နာခွင့်လေး




## အခန်း [ ၁ ]

"တောက်.."

မတည်ငြိမ်နိုင်သည့်စိတ်တို့က ခြေထောက်တွေကို နားခွင့်မပေးဘဲ ခေါက်တုံ့ခေါက်ပြန်လျှောက်နေမိတာ ညောင်းလို့ညောင်းမှန်းလည်း မသိ..၊

နာရီ ငုံ့ကြည့်လိုက်တော့ ည ကိုးနာရီတိတိ..၊

"ခဏတဖြုတ် ထိုင်ပါဦး သမီးရယ် .. အချိန်လည်း ရှိပါသေးတယ်၊ မောင်မြတ်ထွဋ် လိုလူက ဒီလိုကိစ္စတွေကို တည်တည်ငြိမ်ငြိမ် ဖြေရှင်းသွားနိုင်မှာပါ"

အနားကို ဒေါ်ဖြူဖြူကျော် ရောက်လာသည်။ လူကြီးပီပီ ဖျန်ဖြေရေးစကားတွေပဲ ပြောလာတော့ မိခင်ဖြစ်ပေမယ့်လည်း စိတ်မရှည်သည့် မျက်ဝန်းများနှင့် ကြည့်မိခဲ့၏။

"မေမေ ဒီကိစ္စတွေကို သေချာမသိပါဘူး မေမေရယ်၊ ဒါ ကုမ္ပဏီမှာ ရာထူးတိုးဖို့အတွက် သူထက်ငါ အရည်အချင်းပြကြမယ့် နေ့မျိုး မဟုတ်ဘူး၊ တကယ့် လူဆိုး၊ လူရမ်းကားလေးတွေ စုဝေးကြတဲ့နေရာကို သွားတာ.."



www.burmeseclassic.com

www.burmeseclassic.com



"သမီးရယ် .."

"ဒီကောင် ရှုပ်သမျှ ဒီတိုင်း လိုက်ရှင်းပေးနေရင် တစ်နေ့နေ့ သူ ဒုက္ခတွေ့တော့မှာ..၊ မသွားပါနဲ့ဆိုတာ တားလို့ မရဘူး။ မိတ်ဆွေ အသိုင်းအဝိုင်းတွေရှေ့မှာဆိုရင် မိန်းမကို အလွန်ချစ်၊ အလွန်ကို အလိုလိုက်တဲ့ ယောကျ်ား။ လုပ်စရာရှိပြီဆို ဘယ်သူတားတား ဘာကိုမှ ဂရုမစိုက်ထတတ်တာတွေကျတော့ ဘယ်သူ သိသလဲ"

"တိုးတိုးပြောပါ သမီးရယ် .. သူ့မိဘတွေ ကြားသွားပါ့မယ်"

"မတတ်နိုင်တော့ဘူး မေမေ၊ သမီးယောကျ်ားကို ဆုံးရှုံးလိုက်ရရင် သူတို့က ဘာလုပ်ပေးနိုင်မှာလဲ.."

"သူတို့ကလည်း သားအရင်းကြီးတစ်ယောက်လုံးပဲလေ၊ မပူဘဲ နေမလားကွယ်"

"ပူရင်လည်း သမီးလောက် ပူမှာမဟုတ်ဘူးလို့ ပြောရင် လောကကို ကန့်လန့်တိုက်တယ်ဖြစ်ဦးမယ်၊ သူတို့ ပူနေကြတာ သူတို့ရဲ့ သားအငယ်ကိုပဲ၊ ကိုကို ပူတာ မဟုတ်ဘူး၊ တုန်းမီးနေ ဆိုတဲ့ သူ့ဇာတိ ဘယ်ရောက်နေလဲ၊ ဘယ်မှာ ဘာတွေဖြစ်နေပြီလဲ လည်ပင်းရှည် ရင်ဘတ်ဖိ၊ အုန်းခနဲ အသံကြားတာနဲ့ 'သားကြီးရေ လုပ်ပါဦး' ဒါပဲ.."

"သမီးရယ် .. မိဘဆိုတာ လိမ္မာတဲ့သားသမီးကို စိတ်အေးနိုင်ပေမယ့် မလိမ္မာတဲ့သူကိုတော့ ပိုဂရုစိုက်ရတယ် .. ပိုပူရတယ်လေ၊ အဲဒါ ဘယ်သူ့ကို ပိုချစ်တာ၊ မချစ်တာနဲ့ မဆိုင်ပါဘူး"

စိတ်မရှည်တော့ပေမယ့် မိဘဆိုတော့လည်း ဒီ့ထက်ပြန်မပြောချင်တော့ပါ။ နာရီကို ထပ်ငုံ့ကြည့်မိတော့ ကိုးနာရီခွဲပြီးနေပြီ..၊

ညဦးက မိသားစု အပြင်မှာ ညစာစားခဲ့ပြီး ဧည့်ခန်းမှာ တီဗီထိုင်ကြည့်နေခဲ့ကြသည်။ ကိုကတော့ သူ့သမီးလေးကို ပေါင်ပေါ်တင်ထားပြီး သားအဖနှစ်ယောက် ဂိမ်းဆော့နေတာ ဖြစ်သည်။





သာယာနေတဲ့အချိန်ဆိုတာ သူမတို့မိသားစုအတွက်က ညပိုင်းလေးမှာပဲ ရတာပါ။ မိုးလင်းတာနှင့် ကိုဇာ သူဖွင့်ထားသည့် ဖုန်းဆိုင်မှာထိုင်သလို ရမက် က ပိုးထည်ဆိုင်ကို သွားရသည်။

သမီးလေးကို သူ့အဘွားတွေနဲ့ ထားခဲ့တာလည်းရှိကာ မိဘနဲ့ တစ်နေကုန် အမြဲတမ်း မတွေ့ရသည့် အထီးကျန်မှုကို ရင်ထဲစွဲသွားမှာ စိုးလို့ အဖေတစ်လှည့်၊ မအေတစ်လှည့် သမီးကို ခေါ်သွားခဲ့ကြတာတွေလည်း ရှိသည်။

တစ်နေကုန် ပင်ပန်းခြင်းသည် ညအချိန်လေးမှာ ဒီလင် ဒီသမီးတို့ရဲ့ ရယ်သံ .. ပြောသံလေးတွေ ကြားရမှ ချွေးသိပ်ခဲ့ရ၏။

ခုတော့ ကိုမေမေ သောကတွေနဲ့ ပြေးလွှားရောက်လာပြီး..

"သားကြီး .. သားကြီးရေ.. မင်းညီ ဘယ်ရောက်နေလဲ မသိဘူး။ ဟိုနေ့က လက်ဖွဲ့ပွဲမှာဖြစ်ခဲ့တဲ့ ပြဿနာက သူ့ကို မကျေနပ်လို့ လိုက်ရှာနေကြတယ်တဲ့၊ သူ့ကောင်မလေး ဖုန်းဆက်တယ် သိလား၊ မင်းညီလေးကို လိုက်ရှာပါဦး သားရယ်"တဲ့..၊

သူ့အမေ ဒီမျက်နှာမျိုးနဲ့ ရောက်လာပြီဆို သားဖြစ်သူက ခြေလှမ်းမြင်ပြီးသား..၊

ရမက် စိတ်တွေ ဖြစ်ပြီးခဲ့တာတွေကိုပါ မမေ့နိုင်ဘဲ ရင်ထဲမှာ တနုံ့နုံ့ ဖြစ်နေခဲ့၏။ မေမေ ဆက်လက် နားချ ဖျောင်းဖျတာတွေကို မကြားချင်တော့သည်မို့ အိပ်ခန်းထဲ ပြန်ဝင်ခဲ့မိသည်။

နှစ်မြိုက်စွာ အိပ်ပျော်နေပြီဖြစ်သည့် သမီးလေးကို မြင်လိုက်တော့ ပူလောင်မှုက ပိုဆိုးလာသည်။

သူမကိုယ်တိုင် ငယ်စဉ်ကတည်းက အဖမဲ့ဘဝနဲ့ ကြီးပြင်းခဲ့ရတာ ဖြစ်သည်။ ဖေဖေက ဒေါသကြီးသည်၊ စည်းကမ်းနှင့်ပတ်သက်လျှင် ကိုယ့်သွေးသားကို ပြန်ပြီး ဖောက်ထုတ်ပစ်ဖို့တောင် ဝန်မလေးတဲ့သူ ဖြစ်သည်။

www.burmeseclassic.com



ထို့ကြောင့် ကုမ္ပဏီတစ်ခုမှာ လုမှုန်းများသည့် မန်နေဂျာတစ်ယောက် ဖြစ်လာခဲ့၏။ ဖေဖေ့လိုလူကို သဘောကျ အထင်ကြီးသူဟာ သူဌေးတစ်ယောက်ပဲဖြစ်ကာ လက်အောက်ငယ်သားတွေက မချစ်ခင်..၊

မှုမမှန် မရိုးသားတဲ့သူတွေက မုန်းတီးကြ၏။

ဖေဖေ့ကို ချောင်းရိုက်လိုက်ကြပြီး ကားထဲ ပြန်ထည့်ထားခဲ့သည်။ ဆေးရုံတင်လိုက်ရပြီး တစ်ပတ်လောက်ပဲကြာကာ ဖေဖေ ဆုံးသွားခဲ့၏။

ထိုစဉ်က ရမက် ငါးတန်းကျောင်းသူလေးပဲ ရှိသေးသည်။ မေမေကိုယ်တိုင်က အစကတည်းက ပိုးထည်ဆိုင်ကြီးဖွင့်ထားခဲ့သည်မို့ သားအမိနှစ်ယောက် ဘဝမပျက်ခဲ့တာတောင် အသက်ငယ်ငယ်နှင့် မုဆိုးမဖြစ်ခဲ့ရသည့် မေမေနဲ့ ပတ်ဝန်းကျင်အခြေအနေက အဆင်မပြေခဲ့သလို..၊

အဖမဲ့ သမီးတစ်ယောက်၏ဘဝဟာလည်း သူများက ရှင်ပြုအလှူဖိတ်တာတောင် ကွမ်းတောင်၊ ပန်းတောင် ကိုင်ခွင့်မရသည့်အဖြစ်ပါ..၊

ရမက် ကိုယ့်ဘဝကို မကျေနပ်ဖြစ်ရသလို မေမေ့ကို သနားမိသည့်အတွက်ပဲဟာ ငယ်ငယ်ကတည်းက အရိုးစွဲခဲ့တာ ခုချိန်ထိ..၊

ဒါကြောင့် ကိုယ်ချစ်တဲ့သူ တွေ့တာတောင် အမိက စိတ်ဓာတ်သဘောထားကိုသာ စူးစမ်း အကဲခတ်မိသည်။

ဘုန်းမြတ်ထွဋ် ဆိုသည့်ယောကျ်ားဟာ ကိုယ့်အပေါ်ကို သည်းခံအလိုလိုက်လွန်းကာ သီချင်းတွေစပ်၊ ကဗျာတွေ ရေးတာလည်း ဝါသနာပါသေးသည်။

ရုပ်ရည်ပြေပြစ်ခြင်းသာရှိပေမယ့် သူ့ရဲ့ နူးညံ့တဲ့ အပြောအဆို၊ သဘောထားကြောင့် ရမက် မျက်လုံးထဲမှာတော့ ကိုဟာ အရမ်းချောတဲ့ယောကျ်ားပဲ ဖြစ်၏။

စားပွဲပေါ်မှာ ပြုံးနေသည့် ကို့ရဲ့ဓာတ်ပုံကို မတ်တတ်ရပ်နေရင်းငေးကာ ရမက် ရဲ့စိတ်တွေ အတိတ်ကို ပြန်ရောက်သွားလိုက်၊ နာရီကြည့်





ပြီး သတိရလိုက်..၊

ထိုစဉ် သမီးလေး လူးလွန့်လာသဖြင့် အနားကို ကပျာကယာ ပြေးသွားကာ နဖူးလေး သပ်၊ လက်မောင်းလေးပွတ်နှင့် ချော့သိပ်နေရသည်။

ဖေဖေ့လို စိတ်ဓာတ် အရမ်းပြင်းထန်တဲ့သူကို ရှောင်ရှားကာ စိတ်ကြိုက် သဘောကျ သေချာ ရွေးချယ်ခဲ့တာတောင်မှ...

ရမက် နာရီကြည့်မိတာ ဘယ်နှစ်ကြိမ်မှန်း မသိတော့ပါ။ ည ဆယ်နာရီကျော်နေပါပြီ၊ ကို့ဆီက ဖုန်းလည်း မလာ၊ ဘာသံမှလည်း မကြား..၊ သမီးလေး ငြိမ်သက်သွားမှ အသာပြန်ထကာ အပြင်ကို ထွက်ခဲ့မိ၏။

ထိုအခါ ဧည့်ခန်းမှာ မေမေနဲ့ ဒေါ်သက်လျှာ တို့ လင်မယား စကားပြောနေကြတာကို ကြားလိုက်ရသည်။ ဒေါ်သက်လျှာ က ငိုသံတွေစွက်လျက်...

"သားငယ် သိပ်မိုက်တာပဲ ဖြူ ရယ် .. သမီး ဒေါသထွက်မယ်ဆိုလည်း ထွက်စရာပါ။ သားကြီးမျော" သူညီကြောင့် ငယ်ငယ်ကတည်းက သွေးထွက်သံယိုတွေ ခဏခဏ ဖြစ်ခဲ့ရှာတာ၊ ညီအစ်ကိုနှစ်ယောက် မျက်နှာချင်းလည်း ဆင်တယ်၊ ပုံစံချင်းလည်း တူတယ်၊ စိတ်ဓာတ်ကျတော့ ဘာဖြစ်လို့ ဒီလောက် ဆန့်ကျင်ဘက်ဖြစ်လာခဲ့မှန်း မသိဘူး၊ သားကြီးက မိသားစုကိုလည်း ကြင်နာတယ်၊ သူညီအပေါ်မှာလည်း ခုချိန်ထိ အလိုလိုက် အလျှော့ပေးနေတုန်း.."

"ဟုတ်တယ်နော် .. မောင်မီးနေ ကတော့ အကြင်နာ နည်းသလိုပဲ"

ရမက် နားမထောင်ချင်တော့ဘဲ နေရာမှ ချာခနဲ ပြန်လှည့်သည်။

ဘုန်းမီးနေ..၊

နင်ဟာ အကြင်နာတရားဆိုတာ ဘာမှန်းမသိတဲ့ အရိုင်းအစိုင်းကောင်ပါ။ နင့်လိုလူဟာ ဒီမိဘ၊ ဒီလိုအသိုင်းအဝိုင်းမျိုးမှာ လူဖြစ်ပြီး ရှင်သန်ရမှာ မဟုတ်ဘူး..၊



www.burmeseclassic.com

www.burmeseclassic.com



အင်းကြီးလမ်းကြား အမှိုက်ပုံဘေးမှာ တဲထိုးပြီး ပလတ်စတစ်ကောက်နေရတဲ့ဘဝမျိုး ဖြစ်ရမှာ..။

နာရီတကြည့်ကြည့်နှင့် ရမက် တက်ခေါက်မိပြန်သည်။ ထိုစဉ်ဖုန်းသံက ကျယ်လောင်စွာ မြည်လာ၏။

ဒေါသက တဖြည်းဖြည်း ရဲတက်လာသည့် မီးခဲတွေလိုရှိကာ ဖုန်းသံကြောင့် ချည်ခန်းကို ဘယ်လိုပုံစံနှင့် ပြန်ရောက်သွားခဲ့မှန်း မသိ..။

"ဟလို.."

ဖုန်းကို ဒေါ်သက်လျှာ က ကိုင်လိုက်တာဖြစ်ကာ ရမက် ထွက်လာတာမြင်တော့ ဖုန်းလှမ်းပေးမလိုလို ယောင်ယောင်မှားမှား ဖြစ်သွားသေးသည်။ ရမက် က ခပ်လှမ်းလှမ်းမှာ ရပ်နေလိုက်ပြီး ရှေ့တိုးမလာတော့မှ သူမပဲ နားထောင်လိုက်ပြီး...

"ဟုတ်ပါတယ်ရှင်..၊ ဘုန်းမြတ်ထွဋ် တို့ အိမ်ကပါ။ ကျွန်မက သူ့အမေပါရှင်"

"... ... ..."

"ဘယ်လို! .. ဘယ်လို .. သားကြီး ..."

"... ... ..."

ဒေါ်သက်လျှာ အထိတ်တလန့်ဖြစ်သွားသည်နှင့် ရမက် အနားကိုရောက်လာကာ ဖုန်းကို ပြောင်းယူလိုက်၏။

"ဟုတ်ပါတယ် .. ပြည်လမ်းမကြီးပေါ်မှာပါ။ သူနဲ့အတူ တွေ့တဲ့ သိန်းငါးဆယ် ငွေအိတ်တစ်အိတ်ကိုပါ ကျွန်တော်တို့ ထိန်းသိမ်းထားပါတယ်"

"သူ ဘာဖြစ်သွားလဲဟင်၊ ဒဏ်ရာတွေ တော်တော်များသလား"

"သူကိုတွေ့တော့ အသက်မရှိတော့ဘူး ခင်ဗျ။ ကျွန်တော် ပြောတဲ့ ဆေးရုံကိုသာ အမြန်ဆုံး လိုက်ခဲ့ပါဗျာ.."





ရမက် ကိုင်ထားသည့်ဖုန်း လွတ်ကျသွား၏။ ရင်ဝမှာ မာကြောရှရှသည့်လက်နက်တစ်ခု တိုးဝင်သွားသလို ထစ်ဆို့ နာကျင်သွားသည်။

"သမီး.."

မေမေ့ခေါ်သံကနှိုးသွားလိုက် .. ဝေးသွားလိုက် ..၊

ပြီးတော့ မေမေ မဟုတ်တဲ့ ယောကျ်ားတစ်ယောက်၏အသံ ဖြစ်သွားပြန်သည်။

"သူကိုတွေ့တော့ အသက်မရှိတော့ဘူး ခင်ဗျ"

"ပြည်လမ်းမကြီးပေါ်မှာ.."

အသံနှင့်ပုံရိပ်တွေ လုံးထွေးသတ်ပုတ်ရင်း ရမက် တအိအိ လဲကျသွားခဲ့လျှင် နောက်ဆုံး အသိထဲမှာ ဘုန်းမီးနေ ၏ ဘီလူးသရဲလို မျက်နှာ..၊

ဒီလိုတွေ ဖြစ်ခဲ့ဖူးတယ်..၊

ဖြစ်ခဲ့သမျှတိုင်း နင်ပဲ သူများကို ဒုက္ခပေးခဲ့တာ ဘုန်းမီးနေ..၊

အဲဒီ သူများဟာ အမြဲတမ်းပဲ ငါ့ရဲ့ယောကျ်ား ဖြစ်နေခဲ့တာ..၊

အဲဒါကြောင့် ဆုတောင်းတယ်၊ နင့်လိုလူနဲ့ နောက်ထပ် ဆုံဖြစ်နေဦးမယ်ဆိုရင် လေတင်နဲ့ လေအောက်တောင် မထိုင်ရပါစေနဲ့..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၂]

"ငါ့ကို ကြည့်ပါဦး၊ အရမ်း ပြင်ထားသလိုများ ဖြစ်နေသလား"

"ဩော် .. လှနေတာကိုပဲ၊ ဘာဖြစ်လဲ မြင်တော့ .. ကိုယ့်ရဲ့ စေ့စပ်ပွဲပဲဟာ.."

"အေးလေ စေ့စပ်ပွဲပဲမို့လို့ ပြောတာပေါ့"

"စေ့စပ်တာက အင်းယားလိတ်မှာ တခမ်းတနားလုပ်ထားတာ မဟုတ်ဘူးလား။ ဒီထက်တောင် ပြင်သင့်သေးတာ"

နှေး ကို မေးလိုက်ရင်တော့ ဒီလိုပဲ ပြောမယ်ဆိုတာ သိပြီးသားပါ..၊

"ညနေခင်းကို ကျော့်ဖြတ်ရှိုးမှာဆိုတော့ ညမီးရောင်မှာလည်း လှအောင် ပုစွန်ဆီရောင်စိုစိုလေး ဝတ်.."

ဆိုတာလည်း သူပဲ တိုက်တွန်းခဲ့တာဖြစ်ကာ Beauty Spa တစ်ခုလုံး၏ပိုင်ရှင်ဗီဗီ ရမက် ကို သူကိုယ်တိုင် ပြင်ပေးပြီး ကိုယ်တိုင် ပြန်လိုက်လာတာ ဖြစ်သည်။

ကားမောင်းတာတောင် ဟိုနားဒီနားသွားဖြစ်တိုင်း 'မြို့ထဲဆို ငါ သိပ်မမောင်းရဲဘူး'လို့ ပြောတတ်ခဲ့သည့် နှေး က ခုတော့ သူကိုယ်တိုင် မောင်းလာခဲ့၏။





"ငါပဲ မောင်းပါ့မယ် ရမက် ရယ် .. သတို့သမီးလောင်း ရောက်လာပြီဆို လူတွေ ဝိုင်းကြည့်တဲ့အချိန်မှာ မျက်နှာကြီးက အဆီတပြန်ပြန် ချွေးတစိုစို ဖြစ်နေပါ့မယ်"တဲ့..၊

နှေး နဲ့ ရမက် က တက္ကသိုလ်စတက်ကာမှ တွဲဖြစ်ခဲ့ပေမယ့် သံယောဇဉ်ကတော့ မသေးပေ..၊

ကျောင်းတွေပြီးလို့ သင်တန်းတွေတက်ကြတော့ ကွန်ပျူတာသင်တန်းတစ်ခုပဲတူကာ နှေး ကလည်း သူ ဝါသနာပါတာကိုပဲ လုံးပမ်းသလို ရမက် ကလည်း မိဘလုပ်ငန်းမှာပဲ ကူညီရမည့် သမိုင်းပေးတာဝန်ရှိနေပြီးသားမို့ အင်္ဂလိပ်စပီကင်တစ်ခုပဲ နောက်ထပ် သင်တန်းတက်ဖြစ်သည်။ တစ်ယောက်တခြားစီ ကိုယ့်လမ်းကိုယ်လျှောက်ခဲ့ကြပေမယ့် သူငယ်ချင်းနှစ်ယောက် အဆက်အသွယ်လည်း မပြတ်၊ အသွားအလာလည်း ဒီတိုင်းပဲ ရှိခဲ့၏။

"မိန်းမ လူကိုကြည့်ပြီး ဘာတွေ စဉ်းစားနေတာလဲ၊ ငါ့မျက်နှာကြည့်နေပေမယ့် ဘုန်းမြတ်ထွဋ် ကို မြင်ယောင်နေတာမို့လား။ ရင်တွေ ခုန်ပြီးတော့..."

ကားမောင်းရင်း လှည့်ကြည့်မေးတော့မှ ရမက် က ပြုံးကာ..

"မဟုတ်ပါဘူး နှေး ရယ် .. ငါနဲ့ ကိုက ထွန့်ထွန့်လူးချစ်ကာစ လူငယ်လေးတွေမှ မဟုတ်တော့တာ"

"ဒါပေါ့ .. ဆံဖြူသွားမကျိုးသေးတဲ့ ဆေးပေးမီးယူ အရွယ်တွေကိုး"

နှေး က ရွှဲ့ပြောတော့ ရယ်လိုက်မိသည်။

"အဲဒါမျိုး မဟုတ်ဘူးလေ၊ နှစ်နှစ်တောင် ချစ်ခဲ့ကြတာ၊ တစ်ခါလည်း ကတောက်ကဆ မဖြစ်ခဲ့ဘူး၊ ဒေါသ မာနတွေလည်း မပြင်းဖူးဘူး။ အရမ်းကို နားလည်အေးချမ်းစွာ ချစ်ခဲ့ကြတာ"

"ဒါဆိုရင် ရင်မခုန်တော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ!... အဲလိုလည်း မဟုတ်ဘူးလေ၊ ကိုက အရမ်းနားလည် တတ်တဲ့သူ၊ သူ့ကို ငါ ချစ်တယ်"

"အေး .. ချစ်တာတော့ ချစ်ကြပါ၊ နားလည်လွန်းတော့လည်း အေးစက်စက် ဖြစ်သွားတတ်တယ် သိရဲ့လား၊ ရေတောင်မှ အေးနေတဲ့ သဘာဝအတိုင်း နေရာတကာမကောင်းလို့ ပူအောင်၊ နွေးအောင် အမျိုးမျိုးလုပ်ပြီး သုံးကြရတယ်၊ အကောင်းဆုံးဆိုတာလည်း အဆိုးဆုံးကို ခံစားဖူးမှ တကယ် တန်ဖိုးကြီးတတ်တာမျိုး၊ ချစ်ပဲချစ်နေကြရင် ကြာလာရင် ရင်ခုန်သံတွေ ရေခဲရိုက်ထားသလို ဖြစ်သွားဦးမယ်"

ဘယ်တော့မှ မဖြစ်ဘူးဆိုသည့် မျက်နှာလေးနှင့် ရမက် က ရယ်နေ၏။ ဖြစ်လာဖို့လည်း မရှိပါ။ ရမက် ဘယ်လိုနိုင်နိုင် ဘယ်လိုဆိုးဆိုး ဘုန်းမြတ်ထွဋ် ဆိုသည့်ယောကျ်ားက ယုယမပျက်၊ အလိုလိုက်တာတွေလည်း မလျှော့ခဲ့မေ..၊

"ရေစပ်ပြီးရင် သိပ်ကြာကြာ အချိန်မဆွဲနဲ့တော့နော်၊ ကိုယ်တို့ လက်ထပ်ရအောင်"

လို့ ပြောထားခဲ့တာကို တွေးမိပြီး နွေး ကို ထပ်မပြောဖြစ်တော့ပေမယ့် ရမက် ပြုံးနေတာ မပြီးနိုင်..၊

"ဒုက္ခပါပဲ..၊ ဟိုကားကလည်း တစ်စီးစာလေး လမ်းတောင်းတာကို မပေးဘူး၊ ငါကလည်း မြန်မြန်မမောင်းရဲတာနဲ့ နောက်ကျတော့မှာပဲ"

နွေး ၏ ညည်းသံကြောင့် ရမက် ဟိုဘက်က ကားထဲကို လှမ်းကြည့်လိုက်မိ၏။

မျက်နှာကို မမြင်ရပါ။ ကျရှင်မှာ ကျောကပ်မှီထားပုံရသည့် ရင်ဘတ်ရှေ့ပိုင်းက လယ်သာဂျာကင်အနက်နှင့်ဖြစ်ကာ စတီယာရင်မှာ တင်ထားသော လက်တစ်ဖက်မှာ အဖုအထစ် အစွန်းအတက်တွေနှင့် အလွန် မှန်းတီးဖွယ်ကောင်းသည့် လက်ပတ်အနက်ပြားကြီးက ထင်းနေ၏။





လက်ခုံတစ်ခြမ်းထိ ဖုံးအုပ်နေသော လက်ပတ်လွတ်သည့် လက်ချောင်းတွေက တစ်ခုခုမှာ စီးမျောနေသလို တလှုပ်လှုပ်နှင့် စည်းဝါးလိုက်နေ၏။

"နားကျပ်တပ်ထားသလားမှ မသိတာ၊ နေဦး .. ငါ ကြည့်လိုက်ဦးမယ်"

ရမက် ထိုင်သည့်နေရာကနေ ခါးလေးကုန်းသွားတဲ့အထိ မျက်နှာကို မြင်ရအောင် ကြည့်သည်။ မှန်က မှောင်နေကာ မျက်နှာကို မှော့လှန်ထားပုံရှိသဖြင့် မမြင်ရပေ..၊ ဂျာကင်အတွင်းက စပို့ရှပ်လည်ပိုင်းအဝါရောင်ထိ မြင်နေရပြီး မြင်လည်း မမြင်ရ၊ ပြောဖို့လည်း မလွယ်..၊

"တောက်.. ကားမောင်းနေတာတောင် သီချင်းနားထောင်ပြီး တစ်ရေးအိပ်နေသလား မသိဘူး၊ စိတ်ညစ်တယ်"

"တီ .."

"ဟော့တော်"

နွေး ကားဟွန်းသံကြောင့် လှည့်ကြည့်ပြီး မျက်လုံးပြူးသွား၏။ သူမ ကားမောင်းသိပ်မကျွမ်းကျင်ပေ..၊ တစ်စီးစာ နေရာတောင်းပြီး ဖြတ်တူးဖို့ ခေါင်းတည်ထားပြီးမှ မဝင်သာတော့ နွေး ရဲ့ကားကြီးက လမ်းကို ခပ်စောင်းစောင်း ဖြတ်ပိတ်ထားသလို ဖြစ်နေ၏။

နောက်ကားတွေ ဟွန်းတီးကြ၊ ခေါင်းပြူကြည့်ကြနှင့် ဟိုဘက်က ကားသည် လုံးဝ ဂမစိုက်ဘဲ တရွေ့ရွေ့ ရှေ့တက်သွား၏။ အိပ်နေတာ မဟုတ်ဘူး၊ တမင်တကာ စိတ်ပုပ်တာ..၊ ရမက် ဒေါသဖြစ်သွားကာ ဖြတ်သန်းသွားသည့်ကားကို ကြည့်၍ တက်ခေါက်မိပြန်သည်။

ထိုနေ့က လမ်းပေါ်မှာ နှစ်ယောက်သား ချွေးပြန်ရုံတင်မကဘဲ ရမက် ရဲ့ အကျီကျောပြင်မှာ ချွေးတွေ စိုလာခဲ့၏။

"အဲကွန်းကလည်း ဂတ်စ်ကုန်နေလား မသိဘူး၊ အေးလည်း မအေး

www.burmeseclassic.com



ရွာရောက် ဦးခေါင်းပေါ်မှာ ယပ်တောင်ပါတယ် ယပ်ခတ်နေလိုက်၊ ချွေး တွေ ပြန်နေပြီ"

"နင်သာ ဂရုစိုက်မောင်းပါ၊ ကားတွေက ကျပ်ညပ်နေတာပဲ"

ရမက် ကိုယ့်ကိုယ်ကိုယ်ထက် အချိန်ကို သတိရလာသည်။ ဒီကြား ထဲမှာ ဘုန်းမြတ်ထွဋ် ဆီက ဖုန်းဝင်လာပြန်သည်။ ပြီးတော့ မေမေက လှမ်းမေး..၊

"မေမေ ဟိုတယ်လ်ရောက်နေပြီ၊ လူတွေလည်း စုံနေပြီ၊ သမီးတို့ ဘာလုပ်နေတာလဲ"တဲ့..၊ သူငယ်ချင်းဆီမှာ ပြင်ဆင်ပြီး အဲဒီကနေ သွား မည်ဆိုလို့ မေမေကလည်း သူ့အစီအစဉ်နဲ့သူပဲ လာမှာဖြစ်ကာ သားအမိ ဟိုရောက်မှ ဆုံမှာဖြစ်သည်။

ဒီကြားထဲ ထိုကားနဲ့ပဲ နှစ်ခါပြန်ဆုံဖြစ်ပြီး ဗုံလုံတစ်လှည့်၊ ငါးပျံ တစ်လှည့်..

"တီ.."

"ရမက် ဟိုကား တွေ့လား၊ ဟွန်း.."

"တွေ့တယ်"

ရမက် နဲ့ ထိုလူက လှမ်းကြည့်လိုက်တာနှင့် မျက်လုံးချင်းဆုံသွား သည်၊ ထော်င့်တွေပေါ် အောင် သိသာနေသည့် မဟာနဖူးကျယ်ကျယ်နှင့် မျက်မှောင်ကုတ်ထားသော မျက်ခုံးထူထူတွေကို ဖြူသည့်မျက်နှာပေါ် မှာ သတိထားလိုက်မိ၏။

သူက သူ့ကားနက်လေးပေါ် ကနေ ခုကျတော့ မှန်တစ်ဝက်ချ ထားပြီး နေရာပေးပါလို့ လက်ထောင်ပြ၍ တောင်းဆိုနေသည်။

"မရဘူး"

ရိုင်းချင်ရိုင်း၊ ယဉ်ချင်ယဉ် သူက ကိုယ့်ဘက်မှာပဲမို့ ရမက် က မျက် နှာကို တည့်တည့်ကြည့်ပြီး ကြားအောင်ပြောပစ်လိုက်သည်။ ပြီးတော့..





"နွေး .. လုံးဝမပေးနဲ့ ကပ်လိုက်ထား"

"မပေးပါဘူး၊ ဒီမှာလည်း ကိုယ့်ကိစ္စနဲ့ကိုယ်.."

ဒါဟာ ကိုယ်က လက်တုံ့ပြန်သလို ဖြစ်သွားခဲ့သည်မှ

ဒီလူ ဒီလောက်ထိ ယုတ်မာရိုင်းစိုင်းလိမ့်မည် မထင်ခဲ့တော

ထွဋ် မြေးသွား ယ်သူဘယ်ဝါ ဲနေခဲ့သည်။

"ဟယ်!... ဟိုကား .. ဟိုကား .. နွေး .. အရှိန်လျှော့ ..ငိုးကို ကြား

"ဟင်!... အမလေး .."

"ကျွမ်း.."

"အား!..."

ကားတွေ ပူးကျပ်မနေသည့်နေရာ၊ ကိုယ့်ဟာကိုယ် အရှိန်မှန် မောင်းရင်း သတိထားနေဖို့မလိုတော့ ဘေးမှာ ရိပ်ခနဲ ပူးကပ်လာမှ ဘယ်လိုမှ ထိန်းမရတော့ပေ..၊ ကားနှစ်စီးသည် ဘေးချင်းချိတ်မိကာ ရမက် တို့ကားလေးက ပလက်ဖောင်းပေါ် ခုန်တက်သွားခဲ့ပြီး လမ်းဘေး က ဗန်ဒါပင်ကို တိုက်ရိုက်ဆောင့်၏။

အသက်အန္တရာယ် မဖြစ်ကြသော်လည်း နှစ်ယောက်စလုံး ဆေးရုံ ရောက်မှ သတိရခဲ့ကြသည်။ ထိုဖြစ်ရပ်၏ အကျိုးဆက်ကြောင့် ရမက် ရဲ့ ဘုန်းမြတ်ထွဋ် တို့ စေ့စပ်ပွဲ ပျက်လေသည်။

သည်ထိလည်း ဘုန်းမြတ်ထွဋ် မှာ ဤသို့ အငြိုးကြီး ရမ်းကား သော ညီတစ်ယောက် ရှိနေခဲ့မှန်း ..၊

ဤသူဟာ ဘုန်းမီးနေ ဆိုသည့် မီးလိုပူလောင်စေသည့် သတ္တဝါမှန်း ဘာတယ် စိုးစိမျှ မသိခဲ့ပေ..၊

တိုက်ဆိုင်စွာ မဆုံဖြစ်ခဲ့တာတွေက ကိုနဲ့ ရမက် လက်ထပ်ပြီးခဲ့ ကြဲ့အထိ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၄ ]

နောက်တစ်ခါသည် ရမက် သမီးလေးကိုယ်ဝန်အရင့်အမာနှင့်ဖြစ်ကာ ကိုနဲ့အတူ ဟိုတယ်လ်မှာ ညစာစားပြီး ပြန်လာကြတော့ဖြစ်သည်။

ကားပါကင်နေရာမှာ ညီဖြစ်သူ စီးနေကျကားကိုမြင်တော့ ဘုန်းမြတ်ထွဋ် ဟိုရှာဒီရှာ ဖြစ်သွားသည်။

"လာပါ ကိုရယ် .. သူ အထဲမှာရှိလို့ ဖြစ်မှာပေါ့"

"မဟုတ်ဘူး ရမက်၊ အထဲငင်မယ့်ကားတွေက ဒီမှာ ရပ်ကြတာ မဟုတ်ဘူး"

ကားသော့ကိုင်ရင်း ဘုန်းမြတ်ထွဋ် ဟိုလျှောက်ဒီလျှောက်ဖြစ်တော့ စိတ်မရှည်ဝေမယ့် ရမက် နောက်ကလိုက်ခဲ့ရသည်။

သိပ်မရှာလိုက်ရဘဲ မှောင်မည်းမည်းထဲမှာ ထိုးသံ၊ ပုတ်သံတွေနှင့် အရိပ်တွေကို မြင်လိုက်ရ၏။ ဟိုဘက်က သုံးယောက်၊ ဘုန်းမီးနေ က တစ်ယောက်တည်း..၊

"ဟာ!... ဟိတ် .. ရပ်ကြ .. နေကြပါဦး"

"ကို မသွားနဲ့လေ .. လက်နက်တွေ ပါချင်ပါမှာ၊ မသွားနဲ့.."





ပြောလိုက်ကာမှ သတိပေးသလိုဖြစ်ကာ ဘုန်းမြတ်ထွဋ် ပြေးသွားခြင်းသို့ ရောက်ခဲ့၏။ အားလုံး ရုတ်ရုတ်သဲသဲတွေထဲမှာ ဘယ်သူဘယ်ဝါ မှန်းလည်း ကြည့်လို့မရတော့ဘဲ ရမက် အရူးတစ်ပိုင်း ဖြစ်နေခဲ့သည်။

"မြတ်ထွဋ် .. ဘာလာလုပ်ဟာလဲ၊ သွားစမ်းကွာ.."

ရှုံ့ရှာဖွယ်ကောင်းသည့် ဘုန်းမီးနေ ၏ မယဉ်ကျေးခြင်းကို ကြား လိုက်ရပြီး...

"သွားလေကွာ.."

"ဘုန်းနေ .. မင်းလည်း တော်တော့၊ ငါ့ညီတို့ အား..."

"ကို.."

နာနာကျင်ကျင် အော်လိုက်သံကြောင့် ရမက် နှလုံးသွေး ရပ်သွား သလိုဖြစ်ကာ ဒီဘက်ကို ပြေးလာသည့်အရိပ်တွေကို ဒီတိုင်း ရပ်ကြည့် နေမိ၏။

"အမလေး .. အား..."

လူတစ်ယောက်လုံးကို ဓားနဲ့ထိုးပစ်ခဲ့ပြီး ကမ္ဘားရှူးထိုးလာသည့် တစ်ယောက်က ရမက် ရဲ့ပခုံးတစ်ခြမ်းကို တိုးတိုက်ထွက်ပြေး၏။

ရမက် နောက်ကို ခြေသုံးလှမ်းလောက် ဆက်တိုက်ယိုင်ကာ ကား တစ်စီးပေါ် ကို အုန့်ခနဲ ပစ်ကျ၏။

ထို့နောက် သေးတိုက်လဲကျသွားခဲ့လေသည်။

လင်မယားနှစ်ယောက်စလုံး ဆေးရုံရောက်ကာ ကျသည့်နေရာမှာ သောင်သည့် မီးစကတော့ ဘာမှမဖြစ်..၊

"သွေးတွေ အရမ်းဆင်းနေပြီး သမီးရယ် .. ကလေးအသက်ထက် လူကြီးက ပိုအရေးကြီးပါတယ်၊ ဗိုက်ခွဲမွေးမှဖြစ်တော့မှာကို ခေါင်းမော ပါရစေတွယ်၊ မေမေ့ကို သနားပါဦး၊ သမီး ဒီလို တင်းခံနေတော့ သမီးမှာကျင် သလို မြင်နေရတဲ့ မေမေ့ရင်ထဲမှာလည်း ဝင်ကြည့်စမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



မေမေ မျက်ရည်လည်ရွဲနှင့် တတွတ်တွတ် တောင်းပန်နေတာကို ငေးကြည့်မိအောင် နေသည်။ ပါရဂူတွေ၊ ဆရာမတွေ ယောက်ယက်ခတ်နေလည်း မျက်လုံးတွေ မှိတ်၊ အံကြိတ်နေမိ၏။

"ကို့အခြေအနေ သိချင်တယ်"

ရမက် ထံမှ ဒီစကားတစ်ခွန်းကိုပဲ ကြားနေရကာ 'သူ မသေနိုင်ပါဘူး'လို့ ဖြေကြတာကိုလည်း ဘယ်လိုမှ လက်မခံ..၊

ရမက် ကိုယ်တိုင် နာကျင်သည့်ဝေဒနာကြောင့် သတိလစ်မတတ်ဖြစ်နေခဲ့ပါပြီ၊ ထိုစဉ် ဘုန်းမြတ်ထွဋ် ကို လူနာတင်တွန်းလှည်းနှင့် သူ့ရှေ့ထိ ခေါ်လာပေးကြရသည်။

ကို ရောက်လာပြီဆိုတော့ ရမက် မျက်လုံးတွေဖွင့်ပြီး ပက်လက်ကနေ ငဲ့ကြည့်လိုက်မိသည်။ မျက်နှာမှာ အညိုကွက်ကြီးထင်နေလျက် ရင်ဘတ်ကနေ ပခုံးတစ်ခြမ်းထိ ပတ်တီးတွေ စည်းထားရသည့် ကို့ မျက်နှာက သွေးဆုတ် ဖြူရော်နေသည်။

ရင်ဘတ်ပေါ် ထိ စောင်ခြုံထားကာ ပိုက်တွေ တို့လို့တန်းလန်းနှင့် မြင်လိုက်တော့ ရမက် မျက်ရည်တွေ နားသယ်စမ်ကနေ ဆံပင်တွေကြားထဲကို တသောသော ဆင်းကြလေသည်။

နုံးညံ့အားအေးလွန်းသည့် ကို့ မျက်နှာလေးကို စေ့စေ့ကြည့်ရင်း သနားလို့ မဆုံးနိုင်..၊ ကိုယ်မှာ ခံစားနေရသည့် ဝေဒနာက ဆတက်ထမ်းပိုး ပိုတိုးလာသလိုရှိခဲ့ပြီး မျက်လုံးတွေပါ ပြာမိုက်လာ၏။

ထိုစဉ် ကို့ရဲ့ခြေရင်းမှာ ဖျတ်ခနဲ မြင်လိုက်ရသည့် မျက်နှာတစ်ခုကြောင့် အမုန်းတရား၏ မီးတောက်က ယပ်ခတ်ပေးလိုက်သလို ဝုန်းခနဲ ထတောက်၏။

"ဘုန်းမီးနေ .. နင် ထွက်သွား .. နင် ခု ထွက်သွား ..၊ နင့်ကို မြင်နေရရင် ငါ အသေခံသွားမယ်၊ ဒီကလေးကို မမွေးဘူး"





"ဟား!... လုပ်လိုက်ပါလား၊ ကိုယ့်အသက်ကို အသေခံတာ ဘယ်လောက် သနားစရာကောင်း..." 

"ဟော .. မင်း ဒီလို မပြောနဲ့လေ"

"သား.."

"သား ဘယ်လိုပြောလိုက်တာလဲ"

"ယောကျ်ားဖြစ်ပြီး တော်တော် မိန်းမဆန်တဲ့လူ၊ လူနာကိုတောင် ငြိုငြင်နေတွေ့ သေးတယ်"

ဆေးရုံတစ်ခန်းလုံးမှာ ရှိသမျှလူတွေ တစ်ယောက်တစ်ခွန်းနှင့် ဆိုထိုတ်ကြ၏။

"ဟွန်း"

ဘုန်းမီးနေ က ဘယ်အသံကိုမှ မတုံ့ပြန်ပေမယ့် အံကြိတ် စူးစိုက်နေသည့် ရမက် ရဲ့မျက်ဝန်းတွေကို စိုက်ကြည့်ပြီး 'ဟွန်း' ခနဲ မဲ့သည်။

မေးဖျားတွေ လှုပ်သွားတဲ့အထိ ခပ်မဲ့မဲ့ နှုတ်ခမ်းတွေကို သိသာအောင်ပြပြီးမှ ချာခနဲ လှည့်ထွက်၏။

ဘုန်းမီးနေ နှင့်ရမက်ဖြူ သည် မူဦးဖြောင့်တွေ ဖြစ်နေခဲ့ကြပေမယ့် ချစ်ကြိုင်တွေတော့ မဟုတ်..၊

ဆုံမှတ်တွေ များစွာ ရှိနေခဲ့သော ထောင့်ကျဉ်း၊ ထောင့်ကျယ်၊ ထောင့်မှန် အမျိုးမျိုးကို ဖြစ်နေစေခဲ့ပြီး..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၅ ]

"သမီး.."

စိတ်တွေ ဆုံမှတ်မဲ့ လွင့်နေခဲ့ မေမေ့ ခေါ်သံကြောင့် ဆုံမှတ်က မေမေ့မျက်နှာပေါ်မှာ ဖြစ်သွား၏။

"ဘယ်လို ဆုံးဖြတ်လိုက်တာလဲ သမီးရယ် .. သမီး ဒီမှာနေတာ ထက် ပိုပြီး အဆင်ပြေမယ့်နေရာ ရှိနိုင်လို့လား"

"ရှိတာပေါ့ မေမေ၊ သမီး စိတ်ချမ်းသာနိုင်မယ့်နေရာက အဆင်ပြေ ဆုံးနေရာပေါ့"

ဒေါ်ဖြူဖြူကျော် ခေါင်းတယမ်းယမ်း ဖြစ်သွားသည်။

"ကလေးမျက်နှာကို ကြည့်ပါဦး သမီးရယ်၊ သူမှာ အဖေမရှိတော့ တဲ့အဖြစ်ကို ရင်ဆိုင်လိုက်ရတဲ့ အထီးကျန်မှုမှာ ဘိုးအေဘွားအေတွေနဲ့ပါ ထပ်ခွဲသွားရင် ကလေး ဘယ်လိုနေမလဲ"

ရမက် နှုတ်ခမ်းတွေ စေ့ထားရင်း ငြိမ်နေ၏။

ပန်းသာသာလောက် ဆံပင်အဖြောင့် ပျော့ပျော့လေးတွေကို ဘယ် အချိန်ဖြစ်ဖြစ် ဘေးနှစ်ဖက်ကနေ နဖူးထိ သိမ်းလှမ်း၍ နောက်မှာ ကျောက်ကလစ်လေးနဲ့ ဖိထားတတ်သော မျက်နှာ..၊





မထူမပါး နှုတ်ခမ်းသားတို့ကို အမြဲတမ်းလိုလို စေ့ပိတ်ထားတတ် သူသည် ဘုန်းမြတ်ထွဋ် ဆိုသော ယောကျ်ား၏ရင်ခွင်မှာ မှီနွဲ့ ကြည်နူးရယ်မောနေတတ်သည်မှလွဲ၍ အစကတည်းက အပြုံး ယ် နည်းခဲ့သူပါ..၊

ထိုယောကျ်ား မရှိတော့သည့်နေ့ရက်များမှာ အပြုံးအရယ်မဲ့နေ သာ နှုတ်ခမ်းတို့က စကားဟဟတောင် မပြောချင်တော့သလို နေ၏။

သမီးလေးကို ပွေ့ပိုက်ယုယနေတာတောင် သူမ ပြုံးရယ်ရမှန်း သိ..၊ ဒေါ်ဖြူဖြူကျော် ကိုယ့်သမီးမျက်နှာလေးကို ငေးရင်း အသက် ယ်ငယ်နှင့် တည်တင်း ခက်ထန်နေတာကို နမြောမိ၏။

စိတ် ဒီလောက် ထိခိုက်ပူလောင်နေရပါလျှင် သမီးလေး စောစော း အရွယ်ကျသွားနိုင်တာကိုလည်း တွေးပူမိသည်။

"သမီး .. မေမေ ပြောနေတာကို ခေါင်းထဲ ထည့်ရဲ့လားဟင်"

"မေမေလည်း သမီး စိတ်ချမ်းသာအလို လုပ်ခွင့်ပြုနိုင်မို့ စဉ်းစား လား မေမေ၊ ဒီနေ့ထိ.."

"နေဦး သမီး .. ဒီနေ့ထိ မဟုတ်ဘူး၊ သမီး မြေးလေးကို တိုယ်ဝန် ယ်ရသေးခင်အထိ မောင်မြတ်ထွဋ် ရော မေမေတို့အားလုံးရော သမီး စိတ်ချမ်းသာမှုတွေ အများကြီး ပေးခဲ့ကြတယ်လေ၊ ဒါပေမယ့် သမီး သကို ရောက်လာပြီဆိုကတည်းက ကိုယ့်အတွက် တစ်ခုတည်း လို့ မရတော့ဘူး"

သမီးလေးနဲ့ ဝတ်သက်လာတိုင်း ရမက် မချိတရိ မျက်နှာ လွှဲလိုက် ညီးသာ..၊

"ကလေးက မိဘလက်ထဲမှာထက် အဘိုးအဘွားတွေ လက်ထဲမှာ ရ တာ၊ ရုတ်တရက်ကြီး ခွဲထွက်သွားရင်.."

"ဟိုသတ္တဝါကလည်း ကလေးကို မတွေ့သလို မတွေ့လိုလို ဆက်ဆံ

www.burmeseclassic.com

www.burmeseclassic.com



တာ မေမေ၊ ဒါက သူ့အိမ်၊ ကို မရှိတော့ဘဲ သမီး မနေချင်ဘူး"

"မတော်တန်သလို ဆက်ဆံတာက သူကိုက ဘယ်သူ့အပေါ် ဖြစ်ဖြစ် ဒီလိုပဲ မဟုတ်ဘူးလား။ သူ့အိမ်၊ ငါ့အိမ်ဆိုတဲ့ လောဘသဘောသကျွာယမျိုး ရှိတဲ့ပုံ မပေါ်ပါဘူး သမီးရယ်၊ ဟိုတုန်းကတည်းက သူ့ အစ်ကို မဆုံးခင်အထိ အိမ်ကာပ်နေဖူးလို့လား၊ ခရီးတွေထွက်၊ ထင်သလိုနေ၊ ဒီလိုလူက အိမ်ကို ဥစ္စာခြောက်နေပါ့မလား၊ ဒီလိုပြောကြကြေးဆိုရင် သမီးလည်း တစ်ဝက် ပိုင်တာပဲ၊ အမွေပစ္စည်းတွေဆိုတာ ထားဦး၊ ဒီအိမ်ကြီးကိုပဲ ညီအစ်ကို နှစ်ယောက်စလုံး ပိုင်တာ"

"ခွဲထွက်သွားတဲ့လူ ဒီအိမ်နဲ့ပတ်သက်ပြီး လုံးဝ ခံစားခွင့်မရှိဘူးဆို တဲ့ ကန့်သတ်ချက်က ရှိနေတယ် မေမေ၊ ဒါကြောင့် ကပ်နေတာလို့ သမီး အထင်မခံနိုင်ဘူး"

"ဖြစ်ရလေ သမီးရယ် .. ကိုယ်က မမက်ရင့်တောင် ကိုယ့်သမီး လေး နောင်ရေး ရှိသေးတယ်၊ ဒီခြံနဲ့တိုက်ကြီးကပဲ သုံးသောင်းကျော် လောက် တန်နေတာ၊ ခု ပေါက်ဈေးနဲ့ဆို ဘယ်လောက်ဖြစ်နေဦးမလဲ မသိဘူး။ ကိုယ်ရသင့်တာကိုတော့ ဆုံးရှုံးခံလို့မဖြစ်တာ အမှန်ပဲ သမီး။ နောက်ဆုံး ခွဲထွက်မယ်ဆိုရင်တောင် ကိုယ်က ထွက်ခွာတာ မဖြစ်ရဘူး။ သူက ထွက်စေချင်ရင် ကိုယ့် ရသင့်တာကို သူ ပေးရမယ်"

ရမက် အုံ့ဩသည့်မျက်နှာနှင့် ဒေါ်ဖြူဖြူကျော့ ဘက်ကို လှည့် လာကာ-

"မေမေက ဒါကြောင့် သမီးကို မသွားစေချင်တာလား"

ဒေါ်ဖြူဖြူကျော့ သက်ပြင်းရှည်ကြီး ချလိုက်ရင်း ခေါင်းခါသည်။

"မှန်တာပြောရရင် ဒါက ကိုယ့်ဘက်က ပြောခွင့်ရှိနေတဲ့အရေးမို့လို့ သမီး သိသွားအောင် ထောက်ပြတာပါ။ မြေးလေးအတွက်က အဓိကပါ သမီးရယ် .. မေမေက ဒီလိုဖြစ်သင့်တယ်လို့ တိုက်တွန်းမိရင်တောင် သမီး





တို့သားအမိအတွက်ဆိုတာ နားလည်ပါ။ မေမေ့မှာ ကိုယ့်ခြံ ကိုယ့်ဝန်းနဲ့ အဆောင်အယောင်ပကာသန အားလုံး ပြည့်စုံပြီးသား၊ မေမေ့မှာရှိတာ တွေလည်း သမီးအတွက်ပါပဲ၊ မြေးလေးကိုတော့ သူ့အဖေရဲ့ အမွေအနှစ် တိုပါ ခံစားစေချင်တယ်"

"အဲဒါတွေ သမီး သိတယ် မေမေ၊ ဒါပေမယ့် ဘုန်းမီးနေ ကို မျက်နှာ မြင်တိုင်း သမီး မုန်းတယ်၊ သူကလည်း မယဉ်ကျေးတဲ့သူ၊ ဒီမှာနေသမျှ သမီး ဒေါသတွေနဲ့ အသက်တိုမှာပဲ"

"သိထားရင်ဖလည်း ကိုယ့်စိတ်ကို ဖြေပေါ့ သမီးရယ်၊ တိုက်ကြီး ဒီလောက်အကြီးကြီး၊ တစ်နေ့လုံးမှာ တစ်ခါမှ မျက်နှာချင်းမဆိုင်မိအောင် ရှောင်နေလို့ရတယ်၊ အပေါ်ထပ်၊ အောက်ထပ် အခန်းတွေ သုံးဆယ် ကျော် ရှိတယ်၊ ဒီအိမ်ပုံစံကိုက မိသားစုနှစ်စု ဒါမှမဟုတ် သုံးစုလေးစု အတူနေနိုင်အောင် တည်ဆောက်ထားတာ"

ဘုန်းမြတ်ထွဋ် တို့၏ ဘိုးဘွားတွေလက်ထက် အရင်ကတည်းက မျိုးဆက်တစ်ဆက်မှာ နှစ်ယောက်၊ သုံးယောက်ထက် ပိုမမွေးခဲ့သော မပျက်ယွင်းသေးသည့် အစဉ်အလာတစ်ခု ရှိခဲ့သည်။

ထို့ကြောင့် လူကြီးတွေ ချမှတ်ခဲ့သည့်စည်းမျဉ်းတစ်ခုဟာ အမြဲ တမ်း သိုက်သိုက်ဝန်းဝန်း စည်းလုံးစွာ နေကြဖို့၊ ဘယ်သူပဲ အိမ်ထောင် ကျကျ 'ဘုန်းရိပ်'စံအိမ်ကြီးမှာပဲ မခွဲမခွာ နေသွားရမည်၊ မနေနိုင်၍ ခွဲထွက်သွားသူဟာ ရသင့်သည့်အမွေဆက်ခံခွင့်ကိုတော့ ခံစားခွင့်ရှိမှာ ဖြစ်ကာ ဒီခြံ၊ ဒီအိမ်နှင့်ပတ်သက်၍ မည်သည့်ခံစားခွင့်မှ မရှိ..၊

အကယ်၍ အခြေအနေ အကြောင်းအမျိုးမျိုးနှင့် 'ဘုန်းရိပ်'စံအိမ်ကို ရောင်းချပေါင်နှံခြင်း ပြုလုပ်ခဲ့လျှင် ရောင်းသူရော ဝယ်သူပါ မည် သည့်ခံစားခွင့်မှ မရှိစေဘဲ နိုင်ငံတော်အား လှူဒါန်းရန်သာဖြစ်ကြောင်း နိုင်မာစွာ အတည်ပြုခဲ့ပြီးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသတ်မှတ်ချက်ကို 'ဘုန်းရိပ်'စံအိမ်၏ ကျန်ရှိသည့် လူကြီးပိုင်းတို့က လက်ဆင့်ကမ်း ထိန်းသိမ်းသွားရမှာဖြစ်ကာ ဖောက်ဖျက်သည့် မျိုးဆက်လက်ထက်မှာ 'ဘုန်းရိပ်'စံအိမ် ပျောက်ကွယ်သွားမှာပဲ ဖြစ်၏။

ဒါတွေကို သူတို့လည်း တဖွဖွပြောခဲ့ကြသည်။ ဘုန်းမြတ်ထွဋ် က ရမက် ထံမှ 'ဒီမှာ မနေလိုပါ'ဆိုသည့် ပြုပြင်သံထွက်လာမှာကို စိုးကာ ဒေါ်သက်လျာ တို့ကလည်း ဘယ်သားကိုမှ ထွက်မသွားစေလိုသည့်ဆန္ဒတွေ ရှိကြ၏။ ထို့ကြောင့်...

"သားငယ်က နည်းနည်းရိုင်းမေမယ့် ဘာသိဘာသာ နေတတ်ပါတယ် သမီးရယ်၊ အန်တီတို့လည်း သူ ရောက်လာတာနဲ့ သတိပေးပြီး ဆုံးမပါမယ်၊ သားကြီးနဲ့ သမီး ခွဲထွက်မသွားပါနဲ့နော်၊ စိတ်တိုင်းမကျတာရှိရင် ပြော၊ မဖြစ်ဘူးဆိုတာ မရှိစေရဘူး"

"ဟုတ်ပါတယ်ကွယ်၊ အန်ကယ်လ်တို့က တားမြစ်နေတာထက် တောင်းပန်နေတာဆိုရင် ပိုမှန်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သားငယ် ရိုင်းစိုင်းခဲ့တာတွေအတွက် အများကြီးကို စိတ်မကောင်းဖြစ်ရပါတယ်၊ သမီး မာနကြီးတာကိုလည်း နားလည်တယ်၊ ဒါကြောင့် စိတ်လိုက်မာန်ပါ လုပ်သွားမှာ စိုးလို့ပါ"

ဘုန်းမီးနေ နဲ့ ရမက် မျက်နှာချင်းဆိုင်မိပြီး အဆင်မပြေ ဖြစ်လာတိုင်း မိဘနှစ်ပါးက တောင်းပန်ကြ၏။ လူကြီးတွေကိုလည်း အားနာသည်၊ ကိုယ့်ယောကျ်ားမျက်နှာကိုလည်း ငဲ့နေရရင်း ဘုန်းမီးနေ ဆိုတဲ့ သတ္တဝါကို သည်းခံနေခဲ့ရ၏။

ခုတော့ ယောကျ်ားတစ်ယောက်လုံးကို ဆုံးရှုံးလိုက်ရပြီဖြစ်သည်။

ကို ဆုံးသွားပြီးသည့်နောက်မှာ 'ဘုန်းရိပ်'စံအိမ်ကြီးထဲက အတွင်းလိုက် လောင်မြိုက်ခဲ့သော အမုန်းမီးတို့သည်...၊

❀ ♡ ❀ ♡ ❀





## အခန်း | ၅ |

"နားပါဦးလား သမီးရယ် ... သမီး အရမ်း ပင်ပန်းထားတယ်မို့လား ဆိုင်က ကောင်မလေးတွေနဲ့ စိတ်ချရပါတယ်"

မနက် ကော်ဖီသောက်ကြတော့ ဒေါ်သက်လျာ က ရမက် ဆိုင်ထိုင်မည့်ကိစ္စကို တားဆီးနေ၏။

ဦးဘုန်းသော ကတော့ ဘာမှမပြောပါ..၊

ခနီးဖြစ်သူ ပြောပြနေတာကို ရမက် လက်စံသင့်ကြောင်း ကော်ဖီ သောက်ရင်း ခေါင်းညိတ်သလိုလို တိုက်တွန်းသလိုလိုပုံစံနှင့် တိတ်ဆိတ်နေ၏။

"မေမေ ဆိုင်သွားရင် မီး လိုက်ရမှာလားဟင်"

"ဒီနေ့ မလိုက်နဲ့ဦးလေ မီးရယ်၊ ဆိုင်က ပစ်ထားတာကြာပြီဆိုတော့ ဟိုရောက်တာနဲ့ မေမေ အားမှာမဟုတ်ဘူး၊ နောက်နေ့မှ ခေါ်မယ်နော်"

"ဟွန့်"

သမီးလေး ဘုန်းမြတ်ဖြူ က နှုတ်ခမ်းလေးကို ပြန်ချလိုက်ပြီး နှုတ်ခမ်းစူသွား၏။ အဘိုးအဘွားနှစ်ယောက် မျက်လုံးချင်း ဆုံသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီမြေးလေးကို မျက်နှာညိုသွားတာလေးတောင် မခံနိုင်တာမို့ ဦးဘုန်းသာ က ကိုင်ထားသည့် ကော်ဖီပန်းကန်ကို ပြန်ချလိုက်ကာ..

"ဒီနေ့ ဘိုးဘိုးကြီးက ရွှေတိဂုံဘုရားသွားမှာကွ၊ အဖော်ကလည်း မရှိတော့ ငါ့မြေးကို ခေါ်သွားမလားလို့၊ ဘယ့်နှယ်လဲ သက် .. မင်းရော မလိုက်ချင်ဘူးလား"

"အို.. လိုက်ချင်တာပေါ့၊ ဘုရားမှာ စက်လှေကား ခေါက်တုံ့ခေါက်ပြန် စီးမယ်၊ လက်ကောက်လှလှလေးတွေ၊ အရုပ်လှလှလေးတွေလည်း စောင်းတန်းမှာ ဝယ်လို့ရတယ်၊ မြေးကို ဝယ်ပေးချင်နေတာ ကြာပြီ"

"ဘွားဘွားကြီး .. တကယ်လား"

ဘုန်းမြတ်ဖြူလေး ၏အာရုံက ဘုရားကိုလိုက်ဖို့အရေးဆီ ချက်ချင်း ရောက်သွား၏။ ဒါပေမယ့် ရမက် ကို ပြန်မော့ကြည့်ကာ..

"မီးမီး ဒီနေ့ ဘိုးဘိုးကြီးတို့နဲ့ လိုက်သွားမယ်၊ မေမေနဲ့ မနက်ဖြန် လိုက်မှာနော် .."

မြေးငယ်လေး သတိကောင်းနေတာကိုကြည့်ပြီး ဒေါ်သက်လျှာ တို့ ပြုံးနေကြလေသည်။

ပြီးတော့ မြေးရဲ့ဖေဖေ ထိုင်နေကျခုံကို မျက်လုံးဝေ့သွားမိရင်း ပြုံးခြင်းက မှဲ့ခြင်းသို့ ဖြစ်သွားခဲ့၏။

မြေးလေးကတော့ သူ့အဖေကို နိုင်ငံခြားရောက်သွားသည်လို့ပဲ သိထားရှာသည်။ ကလေးကို သွေးအေးမှပဲ တဖြည်းဖြည်း ပြောပြဖို့ပါ..၊

လာမယ့်နှစ်မှာ ကျောင်းအပ်လျှင်တော့ ပြောသင့်သလောက်ကို ပြောပြရင်း အဖြစ်အပျက်တွေကအစ ကလေးရဲ့အသိလေးထဲမှာ ဝင်ခံ့သလောက်ပဲ..၊

"ဟော .. သားငယ်"

ဒေါ်သက်လျှာ အသံကြောင့် ကော်ဖီပန်းကန်ကို နှုတ်ခမ်းမှာ တေ့





ထားပြီးမှ ရမက် ရဲ့လှုပ်ရှားမှုတွေ ရပ်တန့်သွား၏။

"သားငယ် နိုးလာပြီလား"

"ဟုတ်"

သား ဝင်လာတာကို ဖမ်းသာအားရ နှုတ်ဆက်တာတော့ မဟုတ်ပေ၊ အထိတ်တလန့် ဖြစ်သွားသဖြင့် ပျာပျာသလဲပုံစံ ဝင်သွားခြင်းဖြစ်သည်။

ရမက် ၏ မကျေနပ်နိုင်ခြင်းတွေကို လူကြီးတွေက သိထား၏။ မျက်နှာချင်းမဆိုင်ချင်တဲ့အထိ မုန်းတီးနေတာက ရမက် ဖြစ်သလို သူ ဘာမှမလုပ်ခဲ့သလို အေးတိအေးစက်နေနိုင်လွန်းသည့် သားငယ်က လည်း အပြစ်ရှိခဲ့သူလို နေမှာမဟုတ်..၊

• ထို့ကြောင့် ဒေါ်သက်လျှာ ဒီနှစ်ယောက်မဆုံဖြစ်အောင် အမျိုးမျိုး ကြိုးစားနေခဲ့သည်ဖြစ်ရာ...

"သားငယ်က ထမင်းကြော် စားချင်တာမို့လား၊ မေမေ မိညို ကို လုပ်ခိုင်းထားတယ်၊ သား မနိုးသေးဘူးထင်ပြီး ဒီကောင်မလေး အေးအေး လုပ်နေသလား မသိဘူး"

သားဖြစ်သူကိုပဲ ဆွဲထားရမလို သူ့ပဲ ထတွက်သွားရမလိုနှင့် ဒေါ်သက်လျှာ ထိုင်မလိုထမလို ဖြစ်သွား၏။

ထို့ပြင် သားကြီးရဲ့ထိုင်ခုံမှာ ဘုန်းမီးနေ က ထိုင်ချလိုက်လျှင် ဒေါ်သက်လျှာ မျက်လုံးပြူးသွားသည်။ လှည့်ကြည့်လိုက်တော့ ရမက် ၏မျက်နှာလေးမှာ နီမြန်းတင်းမာလျက်..

"ဟာ!... မေမေ ပြီးသွားပြီလား"

ရမက် က နေရာမှ ထရပ်လိုက်ပြီးဖြစ်ကာ သမီးကိုတော့ ကြည်ပြုံးစိတ် သည့်မျက်နှာနှင့် ပြန်ငုံ့ကြည့်၍...

"မေမေ နောက်ကျနေမှာစိုးလို့ပါ၊ သွားမယ်နော် သား"



www.burmeseclassic.com

www.burmeseclassic.com



ဆလင်းအာက်ခ်ကို ကောက်ယူကာ လှည့်ထွက်သွားသဖြင့် ပြုနေကျဝတ္ထုရေးတစ်ခုကို ဖျက်ကွက်ခဲ့သည်ဖြစ်ရာ ဘုန်းမြတ်ဖြူ က ခုံပေါ် က လျှောဆင်း၏။

"မေမေ .. မေမေ မီးကို အဘွား မမေးရသေးဘူးလေ"

စားလက်စ ကိတ်မုန့်လေးကိုင်လျက် အဝင်းပြေးလိုက်သွားသဖြင့် တဖြုတ်ဖြုတ်ပဲ့ကျကုန်သည့် ကိတ်မုန့်စလေးတွေက ရင်နင့်ဖွယ်..၊

ခေါ်သကဲ့လျှာ လိုက်ကြည့်ငေးနေရင်း မျက်ရည်ဝေ့လေသည်။ ဦးဘုန်းသော က အားလုံးသော ဖြစ်ပျက်ခြင်းတွေကို တိတ်ဆိတ်စွာ ကြည့်နေခဲ့ပြီး...

"သားငယ်ကို ဖေဖေ ပြောချင်တယ်"

စကားစလိုက်တော့ သားအဖနှစ်ယောက် အကြည့်ချင်းဆုံ၏။ ဦးဘုန်းသော ရဲ့ မျက်လုံးတွေက စပ်ရှုပ်လည်းကပ်နှင့် အထပ်ဝတ် အတိုအရှည်တွေ မျက်စိရှုပ်အောင် ဆယ်စတ်ထားသည့် ဘုန်းမီးနေ ၏ ကိုယ်ပေါ် မှာ ဝေ့သည်။

ပြီးတော့ စတီးချွန်တွေ၊ တွင်းတွေ ပြိုးပြက်လက်နေသည့် လက်ကောက်ဝတ်မှာရှိသော အနက်ရောင် လက်ဖဝ်ဆီ ရောက်သွားခဲ့၏။

လက်ခုံပေါ် ထိ အုပ်ထားတဲ့ ဒီဇိုင်းတွေ၊ လက်ချောင်းတွေ တစ်ဝက်ကျော်ထိ အပေါက်တွေနဲ့ ဝတ်ထားတတ်သည့်ပုံစံတွေ၊ ဘုန်းမီးနေ ရဲ့ လက်တစ်ဖက်မှာ တစ်မျိုးမျိုးသော လက်ပတ်တစ်ခုကတော့ အမြဲတမ်းရှိနေတတ်၏။

ဘာတွေလဲ..၊ ဘယ်သူ့ကိုဖြစ်ဖြစ် မိုက်ရိုင်းတတ်အောင် အခေါင်ယကြွာတွေ လုပ်ထားတာလား၊ ဘာကိုမှ မကြောက်တတ်အောင် လက်ဖွဲ့ ဝတ်ထားသည်လား..၊

ကိုယ့်သား ဖြစ်နေပေမယ့် ဒီလိုဝတ်စားဆင်ယင်ခြင်းတွေကို သူတို့





ဘယ်တုန်းကမှ သဘောမကျခဲ့ပါ..၊

ဒါပေမယ့် ဆုံးမရင်လည်း နားမထောင်တတ်တာလို့လည်း မရေးဆဲသဖြစ်လို့ ဆူမိ ပြောမိပြီဆို မိဘကို ပြိုင်ဆိုင်မပြောခဲ့တာပဲ ရှိသည်။

ဘုန်းမီးနေ တို့ မျက်လုံးတွေမှာ မီးတောက်မတတ် ရိုင်းစိုင်းမောက်မာခြင်းတွေ အပြည့်..၊

"ဖေဖေ .. ဘာလဲ.."

လူကိုကြည့်နေပြီး မျက်မှောင်ကုတ်ခြင်းက ပိုပို နက်ရှိုင်းနေသဖြင့် ဘုန်းမီးနေ မျက်နှာကလည်း မကြည်လင်၊ မေးပုံက ခေါက်ဆတ်ဆတ်..၊

"ပြောမယ်.."

ဦးဘုန်းသော ကိုယ့်မျက်နှာကိုပဲ ပြန်လွှဲချလိုက်ကာ...

"အားနည်းသူကို မေးမရမယ်၊ နစ်နာတဲ့သူကို လိုက်လျှောရတယ်၊ အခုချိန်မှာ မင်းရဲ့ သွားလာနေထိုင်မှုတွေကို ဆင်ခြင်ပေးဖို့ ဖေဖေ ပြောချင်တာ"

"ဘယ်သူက နစ်နာနေလို့လဲ..၊ ဒါတွေကြောင့် ကျွန်တော်က ဘာတွေညာတွေ ဆင်ခြင်ရအောင် အဲဒါတွေက ကျွန်တော်နဲ့ သက်ဆိုင်နေလို့လား"

ဦးဘုန်းသော မျက်နှာ တင်းခနဲ ပြန်ဖြစ်၏။ ဆုံးရှုံးသွားခဲ့တာသည်းသား။ ကျန်ရစ်ခဲ့တာလည်း သားပဲ ဖြစ်သည်။ ဟိုသားက ချိမ့်ပြီး မိုက်တဲ့ အားကြောင့် သေခဲ့ရ၏။

ဒါကို ဘယ်လို သတိမှတ် ဆုံးဖြတ်မလဲ..၊

"အေး .. မသိလို့မေးမေး တမင်တကာ မေးမေး မေးတော့လည်း ဖြေရတာပေါ့၊ အခု နစ်နာကြတဲ့သူတွေက ဒီအိမ်မှာ ရှိကြတဲ့လူတွေ အားလုံးပဲ၊ ဒါပေမယ့် ဖေဖေ့သားနှစ်ယောက်ဖြစ်တဲ့ ပြဿနာက တစ်ယောက်ကို ဆုံးရှုံးလိုက်ရတဲ့အတွက် မိဘက ကြဖန်ဖြေသိမ့်ရတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သူယောက်ျားကို ဆုံးရှုံးလိုက်ရတဲ့သူကတော့ သူနဲ့ ဘာမှမတော်စပ်တဲ့ မင်းကို ခွင့်လွှတ်နိုင်မှာ မဟုတ်ဘူး။ အဲဒါကြောင့် သူ စိတ်ချမ်းသာရေးကို မင်း ဂရုမစိုက်လို့ မရဘူး"

"ဟား!..."

ဘုန်းမီးနေ စားပွဲကို ဗုံတီးသလို လက်နှစ်ဖက်စလုံးနှင့် ခပ်ဆတ်ဆတ် ပုတ်ပစ်သည်။ ပြီးတော့ ကုလားထိုင်ကျောမှီမှာ ပက်ခနဲ မှီပစ်၏။

အံကြိတ်ပစ်သည့်မျက်နှာကို ဟိုလှဲဒီလှဲနှင့် ပင့်သက်တွေ တစ်လုံးကြီး ရှိုက်သွင်းနေပုံက ဒေါသမထိန်းနိုင်ဖြစ်နေတာကို ရှင်းစိုင်းစွာ ခင်းကျင်း ပြသနေခဲ့၏။

"ဒီလိုရှိတယ် သား..."

ဒေါ်သက်လျာ တိုယ့်သား ၏ ခြအနေကို ရိပ်မိကာ သားအပေါ် နှစ်ယောက်ကြား ဝင်ဖို့ ကြိုးစားသည်။

"သူလည်း သားငယ်ကို မျက်နှာချင်းဆိုင် ဘာမှမပြောခဲ့ဘူးမို့လား။ သားကြီးနဲ့အတူ ဒီကိုရောက်လာကာမှ သားနဲ့ပတ်သက်ပြီး သားကြီး ဘယ်လိုခံစားလာရပစေ နင့်ကြောင့်ဆိုတဲ့ လေသံစကားမျိုး တစ်ခါမှ မပြောခဲ့ဘူး..."

"ပြောကြည့်လိုက်ပါလား၊ ပြောတိုင်းရမယ် ထင်ရင်..."

"သားငယ် နေဦးလေ၊ မေမေတို့ ပြောပြတာကို နားထောင်ပါဦး။ သားတို့တွေ တစိမ်းတွေမှ မဟုတ်ကြဘဲ သားရယ်၊ မင်းအစ်ကိုရဲ့ ရင်သွေးလေး ရှိတယ်၊ အဲဒါကြောင့် မတော်ချင်လို့ ရကိုမရဘူး ကိုယ့်အစ်ကိုအတွက် သူ ခံစားနေရတာကို သားငယ် ဘာဖြစ်လို့ နားလည် မပေးနိုင်ရတာလဲ"

"နားလည်ပေးခြင်း၊ မပေးခြင်းက ဘာကို ဆိုလိုတာလဲ မေမေ၊ ကျွန်တော်က အခု ဘာဖြစ်နေလို့လဲ"





"သမီးရှိတဲ့နေရာမှာ ခုလိုမျိုး..."

"သူရှိတဲ့နေရာကို ကျွန်တော်က မလာရဘူး၊ ဟုတ်လား"

သမီးလေးကို ခေါ်သွားဖို့ စိတ်ကူးဖြစ်လာသဖြင့် လမ်းကနေ ပြန်လှည့်လာခဲ့သည့် ရမက်ခြေလှမ်းမှတွေ ထိုခင်းစားခန်းနားကိုမရောက်ခင် ရပ်နေသွား၏။

ဘုန်းမီးနေ ၏ မီးလိုပူစွေသောအသံကြောင့်...

"သိရဲ့လား၊ ကျွန်တော့်မှာ အစ်ကို၊ ကျွန်တော့်မျက်နှာကို မြင်ရင် ကမ္ဘာပြိုသလို ဖျားနာသွားကြတာ အဲဒီမိန်းမရဲ့ ခံစားချက်တွေ ကျွန်တော် ကိုယ့်အိမ်မှာ နေခွင့် မရှိဘူးပေါ့"

အစ်ကိုတစ်ယောက်လုံး ဆုံးသွားတဲ့အထိ ဖြစ်ခဲ့ရပြီတော့ မခံစားဘူး၊ သည့် ခံစားချက်အသစ်တွေနဲ့ သူ့ဒီရက်ပိုင်းမှာ အဖြင်ကို သိပ်မထွက်ခဲ့ဘူး...

ဒါက အဖြစ်ဖြစ်သွားသလား...

ဒေါသကြောင့် နေရာမှ ဆတ်ခနဲ ထရပ်လိုက်မိသည်။

"မေမေတို့ တစ်ခွန်းပဲ ပြောလိုက်၊ ကျွန်တော် ထွက်သွားရမှာလား"

"အို!... ဘယ်လိုမိုး မေးလိုက်တာလဲ သားငယ်"

"မင်း အဲဒီလို ထုံပြန်တတ်တဲ့အကျင့်ကို ဖေဖေ မကြိုက်ဘူး သား"

"ဘာမယ်အကျင့်ကိုမှ မကြိုက်ဘူးလို့ ပြောပါ ဖေဖေ၊ ကျွန်တော် ဘာလုပ်ပဲနေလာလာ ဘယ်သူ့အကြိုက်ကိုဖြစ်ဖြစ် စိတ်မဝင်စားဘူး။ ပြောချင်က ဘာကောင်လို့ပဲ ကဲ့ရဲ့နေနေ ဂရုလည်း မစိုက်ဘူး"

ဘုန်းမီးနေ က ဤသို့ ပြောရဲတဲ့သူ ဖြစ်၏။

"သူကျမှ ဘယ်လိုနေပါ ဘယ်လိုထိုင်ပါ လာမပြောနဲ့၊ ကျွန်တော် ခုတိုင်း ဒေါသထွက်နေရတာ ဘယ်ဆိုရင်လည်း ရှင်းကွဲနှတ်ကျသော အထိ လှန်ပို့ပေးလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းမီးနေ .. မင်း .."

ဦးဘုန်းသာ နေရာမှ ဝုန်းခနဲ ထရပ်၏။

"အစ်ကို.."

ခေါ်သက်လျှာ အစင်းလိုက်ထပြီး ဦးဘုန်းသာ ဓားကို ရောက်သွား၏။

"သူ ရင်ကွဲနာကျလောက်အောင် လွမ်းဆွတ်သတိရနေတာ မင်းရဲ့ အစ်ကို .. မင်းအစ်ကို သေခဲ့ရတာ မင်းကြောင့် .. ဒီလိုပြောမှ သိမှာမို့လို့ ပြောပြတာ၊ လူမိုက်တစ်ယောက်ကြောင့် လူလိမ္မာတစ်ယောက် သေရတာ၊ မိဘက သားသမီးချင်းမို့ ဖြေသာသလို ဖြေခဲ့ရပေမယ့် တိုင်းပြည် နစ်နာတယ်ကွ၊ ပြီးတော့ သူ့ရဲ့ မိသားစု ဘဝပျက်ရတယ်၊ မင်းက ကိုယ့် အပြစ်ကို မသိဘဲ စိန်ခေါ်နေသေးတယ်၊ လူမိုက်.."

"ဟုတ်တယ်၊ မိုက်တယ်ဆိုတာ မိုက်ရဲမှဖြစ်တာ၊ နေရာတကာ ကျွန်တော့်ကြောင့်လို့ ခေါင်းစဉ်တပ်ခဲ့တာကို ငြိမ်နေပေးခဲ့တာလည်း ဂရုစိုက်လို့ပဲ၊ ကျွန်တော့်ဘာသာ ဘာဖြစ်ဖြစ် ကိုယ့်ပြဿနာ ကိုယ်ရှင်းနိုင်တယ်၊ လာပါ .. ကူပါလို့ ဘယ်သူ့ကိုမှ မခေါ်ဘူး"

"ခေါ်တဲ့အထိ ကြည့်မနေနိုင်တာ မင်းကို ချစ်လို့ပဲ ဘုန်းမီးနေ၊ အဲဒီ စေတနာ မေတ္တာတွေကို မင်း ဘာဖြစ်လို့ စော်ကားနေတာလဲ"

"မစော်ကားစေချင်ရင် ကိုယ့်ဖာသာ နေကြပါလား၊ ဘုန်းမီးနေ ဆိုတဲ့ကောင်မှာ ဒီ့ထက်ကြီးတဲ့ ပြဿနာတွေ အများကြီးပဲ၊ ဖေဖေတို့ ဘာသိကြားခဲ့ဖူးလဲ"

ဘုန်းမီးနေ မီဘရှေ့မှာ ဓါးမထောက်သင့်မှန်းတော့ သတိရတာ ဓါးနှစ်ဖက်ထောက်လိုက်တာကို ပြန်ဖြုတ်ရသည်။

ပြီးတော့ ထိုလက်တစ်ဖက်က တိုကပ်ကပ် ဆံပင်တွေထဲ ဆောင့်ဆောင့်အောင့်အောင့် ရောက်၏။





"သူ ဝင်ဝင်ပါနေလို့ ရှုပ်ကုန်တာ၊ ဘာဖြစ်ဖြစ် သူပါလိုက်တာနဲ့ ရှုသိပြီ၊ ပြီးတော့ ကျွန်တော်က ပြဿနာရှာနေတဲ့ကောင်.."

တက်ခေါက်ချင်သည့် ကိုယ့်နှုတ်ခမ်းတွေကို ဖိခွပစ်ရသည်။ ဒီ မိန်းမ အစကတည်းက ကိုယ့်ကို ပြုံးမယ်ဖွဲ့ခဲ့တာကို ဘယ်သူမှ မသိ..၊

ဒီလိုတွေ ဖြစ်ကုန်တော့ ကမ္ဘာမကျေအမုန်းတွေ ဖြစ်သွားတာ မြတ်ထွန်း ကို ချစ်လို့တဲ့၊ သဘာဝမကျတာတွေကို တန်းစီတွေးရင်း ဘယ် လိုမှ ချုပ်တီးမရတော့ ဖေဖေ့ကို ကျောခိုင်းပစ်လိုက်ပြီး ခပ်ကြွတ်ကြွတ် အတက်ခေါက်မိ၏။

ဒီကိစ္စ အတိုက်အခံပြောမိတာနှင့် ကိုယ်ပဲ မိုက်ရိုင်းတဲ့ကောင် ဖြစ်ရခြင်းသည် ဘုန်းမြတ်ထွန်း က ကိုယ့်ရဲ့အစ်ကိုအရင်း ဖြစ်နေလို့..၊

ဘယ်လိုတွေးတွေး ကိုယ်သာ လူဆိုးဖြစ်နေခဲ့သမျှ တရားခံဟာ ဘုန်းမြတ်ထွန်း ပဲ ဖြစ်သည်။ ဘာဖြစ်လို့ နေရာတကာ ပါပါလာတာလဲ..၊

"တော်တော် တရားကျဖို့ကောင်းတဲ့ ကောင်ပါလားကွ..ဟေ.."

ဒေါသ ဖြစ်ရလွန်းသဖြင့် ဦးဘုန်းသာ စကားလုံးတွေ ကြမ်းကုန်သည်။

"ကိုယ့်အပေါ် ကောင်းတဲ့ လူတွေအားလုံးကို တန်းစီစော်ကားပြီး ခေါင်းညိတ် ခေါက်ထိုးဆင်းဖို့ ပြင်နေတာ"

"တော်ပါတော့ အစ်ကိုရယ်.."

"မင့်သား ပြောဆိုနေတာတွေ ကြားလား"

"အဲဒီလို မပြောမိအောင် ကျွန်တော် ရှောင်နေတာ၊ ဖေဖေတို့ပဲ ပြောကြတာလေ"

"ဟ .. ပြောမှ သိမှာမို့လို့ပေါ့ကွ၊ ဒီပြဿနာ ပွစိနေတုန်း ငါ့သား တစ်ဖြုတ် ရှောင်နေပေးဖို့ပြောတာ၊ မင်းမှာ ဘာတွေ ထိခိုက်နိုင်ရှိသလဲ၊ သူ ဒီမှာရှိနေရင် မင်း ဟိုမှာနေ .. ပြီးပြီ"



www.burmeseclassic.com

www.burmeseclassic.com



မပြောဘူး ဖေဖေ..၊ အဲဒါ ဒီမိန်းမမျက်နှာကို ကျွန်တော် တစ်သက်လုံး မော်ကြည့်ခွင့်ရှိတော့ဘူးလို့ ဖေဖေ မှင်နီသားလိုက်တာ မနေနိုင်လို့၊ မကြည့်ရက်လို့ဆိုတဲ့ ခေါင်းစဉ်တပ်ပြီး မြတ်ထွဋ် သူဟာသူ မနေတတ် မထိုင်တတ် ဝင်ပါလာတာ၊ ဒီကိစ္စ သွားရှင်းဖို့မလိုလို့ ကျွန်တော့် တောင် မသွားတာ၊ သူ ဘာဖြစ်လို့ ရောက်သွားတာလဲ"

"အဲဒီ ငါ့ယောက်ျားက သေချင်လွန်းလို့ သူဟာသူ သွားတာပေါ့"

ဘုန်းမီးနေ ဖုတ်ခနဲ လှည့်ကြည့်သည်။ တစ်လှမ်းချင်း လျှောက်ဝင်လာသည့် ရမက် သည် အနီရောင်ရင့်ရင့်ဝတ်စုံနှင့် ရဲတောက်နေသည့် နှုတ်ခမ်းသားတို့ကို စေ့ပိတ်ထားပုံက တစ်စုံတရာ လှမ်းပြောလိုက်သည်လို့ပင် မထင်ရ..၊

"ဟုတ်တယ်..၊ သေချင်လွန်းလို့သွားတာ မဟုတ်ရင်လည်း ဝင်ပါချင်လွန်းလို့ သွားတာ၊ အဲဒီလို ဝင်ပါနေရတာကို ဝါသနာပါနေလို့.."

ဘုန်းမီးနေ က မျက်နှာချင်းဆိုင် လှည့်ရပ်လိုက်ပြီး မိုက်တီမိုက်ကန်း ဖြေသည်။ ရမက် ရဲ့ လက်တစ်ဖက် အင်နဲ့အားနဲ့ မြောက်တက်သွား၏။

ပြင်းထန်နေသည့်စိတ်ကြောင့် လက်က လေတိုက်သွားတာထက် မြန်သည်။

ဖြန်းခနဲ ထိခတ်သံတစ်ချက်နှင့် ဘုန်းမီးနေ စိုက်ခနဲ လည်ထွက်သွား၏။

"တောက် .. မိန်းမယုတ် .."

နာကျင်မှုကို ကြာကြာ မခံစားတတ်သည့် ဘုန်းမီးနေ မျက်နှာ ချက်ချင်း ပြန်မော့လာသည်။

ပြီးတော့ ရမက် ပခုံးလေးနှစ်ဖက်ကို အကြမ်းပတမ်း ဖိဆုပ်ပစ်ကာ နံရံဆီကို တိုးတိုက်ဖိတွန်းပစ်လိုက်သဖြင့် ကျောတစ်ပြင်လုံး အင့်ခနဲ





ထိတ်သွား၏။

"ငါ့ကို မင်း ဘာကောင်မှတ်နေသလဲ၊ မင်းက ဘာမို့ ငါ့ပါးကို ရိုက်ရတာလဲ"

"အား ,.. အစ် .."

"သား .. မလုပ်နဲ့ .."

"ဟိတ်ကောင် .. လွှတ်စမ်း"

ဘုန်းမီးနေ သည် ရမက် ကို နံရံမှာ ဖိကပ်ကာ လည်ပင်းညှစ်နေ၏။ ဦးဘုန်းသာ အရင်ရောက်သွားပြီး လည်ပင်းညှစ်ထားသည့်လက်ကို ဓရမက ဆွဲဖြုတ်ပစ်သည်။

ထို့နောက်...

"လူကမွေးပြီး လူသွေးမပါတဲ့ကောင်..၊ ကဲကွာ.."

ရင်ဘတ်အင်္ကျီစကို ဆုပ်ဆွဲယူကာ ခွမ်းခနဲ ထိုးပစ်လိုက်၏။

"ဖေဖေ..နော် .."

တစ်ချိန်တည်းမှာ ခံလိုက်ရတာ ပါးနှစ်ဖက် ဘယ်ပြန်ညာပြန်..၊ ဘုန်းမီးနေ မျက်နှာတစ်ပြင်လုံး ညိုရဲနေကာ မျက်လုံးတွေက မီးတောက်မီးလျှံတွေ ထွက်နေသည်နှင့်ဟုလျက်...

"ဖေဖေ ,. ဖေဖေ့ကို ကျွန်တော် .."

အသက်ရှူတွေပြင်းကာ ခြေတစ်လှမ်းဆုတ်တိုင်း စကားတွေ ပြတ်တောက်နေခဲ့ပြီး...

"ခွမ်း"

"အမလေး"

ရှိုးကေ့စ်မှန်ချပ်ကို လက်သီးနဲ့ ဝစ်ဘိုးသည်။ ဒေါ်သဇင်လျာ ရင်ဘတ်ဖိလိုက်ရင်း လန့်အော်ခဲ့၏။

"ဟိတ်ကောင် .. မင်း .. မင်း .. ပြန်ဝင်ခဲ့စမ်း"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို .. အစ်ကိုရယ်.. တော်ပါတော့၊ သားငယ် ဒီထက် ရှိင်းတာကို သက်တို့ သိခဲ့တယ်လေ၊ ခွင့်လွှတ်ကြဖို့လည်း ဆုံးဖြတ်ခဲ့ တယ်မို့လား။ ဒေါသကို လျှော့ပါနော်"

"မင်း .. မင်းကွာ"

ဦးဘုန်းသာ သည်းမခံနိုင်အောင် ဖြစ်နေပေမယ့် လည်ပင်း ဖိကိုင်ရင်း ကြမ်းပြင်မှာ ချောင်းတဟွတ်ဟွတ်နှင့် ခေါင်းမထူနိုင်သော သည့် ချွေးမဖြစ်သူကို ငဲ့ကြည့်ရင်း ပါးစပ်ပိတ်နေလိုက်ရသည်။

ချွေးလို မိုက်ရိုင်းတဲ့ကောင်..၊



## အခန်း [၆]

"မင်းရဲ့မရီးကလည်း မမိုက်ပါဘူး"

"အေးလေ .. ဖြစ်ခဲ့တာပဲ တစ်လကျော်နေပြီ၊ သေတဲ့လူကို လွမ်း သာတော့ လွမ်းပေါ့ မင်းကြောင့်ဆိုတဲ့ ပုဒ်မတပ်ပြီး တစ်နေ့တခြား မုန်းပြ နေတာ အိုဗာဖြစ်နေပြီ"

သူငယ်ချင်းတွေနဲ့ ချိန်းပြီဆို ဘီယာပဲ သောက်ဖြစ်ကြတာ များ သည်။ ခါတ ညပိုင်း။ နေ့ဘက်တွေဆိုရင်တော့ ကော်ဖီဆိုင်ဆိုင်ရှိနဲ့ ပြီး ကြသည်။

ဒီအရေးအခင်းပြီးတဲ့နောက်မှာ သူတို့ ဆုံဖြစ်ကြတိုင်း သောက်ဖြစ် ကြတာ ဘီယာ..၊

"ယူဦးမှာလား"

"တော်ပြီ"

ဘုန်းမီးနေ ခေါင်းခါလိုက်သည်နှင့် အားလုံး ခေါင်းညိတ်သည်။ ဒီအရာတွေ ကိုယ်စီထုတ်၍ မီးညှိကြ၏။ လူငယ်တွေပေမယ့် မူးလွန်း တဲ့အထိ ဘယ်တော့မှ မသောက်ခဲ့ကြပေ..၊





www.burmeseclassic.com

www.burmeseclassic.com



သူတို့တွေ တက်ညီလက်ညီ အထိန်းကွပ်မရှိ လွှတ်ပေးတတ်
တာတာ ဒေါသတွေသာ..၊

တစ်ခုခု တစ်ယောက်ယောက်နဲ့ ငြိမိပြီဆို လေးယောက်စလုံး
လက်ဆပြင်းသည်။ နေ့ညမရှောင် ဘယ်မှာဖြစ်ဖြစ် ထိုးမယ်ကြိတ်
ဖြစ်ကြတာမျိုး မဟုတ်ဘဲ ငြိကြပြီဆို အုပ်စုလိုက်တွေ၊ ချိန်းပွဲတွေနှင့်

ရှင်းကြပြီဆို ကိုယ်ညှဲကိုယ်ခံ..

ထို့ကြောင့် ဘယ်သူ ခုယ်နေရာမှာ ခေါင်းကွဲ၊ လက်ကျိုး၊ ဘယ်
ဘက်ကမှ အမှုဖွင့်လိုက်သည်၊ တိုင်ချည်တောသည်ဆိုတာ မရှိ..၊

ဘုန်းမီးနေ ဟာ သည်လိုလူစားမျိုး ဖြစ်သည်။

အကြီးအကျယ် ခေါင်းရွဲ၊ ထိပ်ကွဲ၊ ဆေးရုံရောက်ပြီး ဒုက္ခိတတွေ
ဖြစ်သွားကြလည်း ဘာပြဿနာမှ မရှင်းခဲ့ရဘဲ သေတာကြေတာတွေ
လည်း မဖြစ်ခဲ့ဘူးပါ..၊

ကိုယ့်အစ်ကိုကျမှ အသေခံခဲ့ရသည့်အဖြစ်..၊ မိုက်ရိုင်းတတ်စွာသည့်
မာနအဆိပ်က အစ်ကိုကို နမြောလွှမ်းဆွတ်တာထက် ကိုယ်ညှဲလို့
လိုက်ရတဲ့အဖြစ်ကို မကျေနပ်နိုင်တာက ပိုဆိုးနေ၏။

"ဒီကောင်တွေ ပျောက်နေတာ ဆန်းတယ်ကွ၊ မင်း ဘယ်လိုထင်
လူစီ.."

"ပြေးနေတာလို့ ထင်တာပဲ"

"မင်းကလည်း ပုခက်ထဲက ကလေးကို သွားချေးလိုက်ရတဲ့အတိုင်း"

"ဘာလဲ .. မင်းက ဒီကောင်တွေ မပြေးဘူး ထင်လို့လား၊ အခုက
သိန်းငါးဆယ်ထုပ်ကိုလည်း 'မ'သွားတယ်၊ လူလည်း သတ်သွားတယ်
မကြောက်ရအောင် သင်းတို့က ဘာမို့လဲ.."

သူတို့ရှင်း အဖြေရှာမရတော့ တိတ်ဆိတ်နေသည့် ဘုန်းမီးနေ ကို
လှမ်းကြည့်ကြသည်။





"မီးနေ .. မင်း ဘာလုပ်မှာလဲ"

အိမ်မှာ ခေါ်ကြတော့ သားငယ် ဘုန်းနေ ဟူသို့ဖြစ်လျက် သူ့
ဗဟိုဝန်းကျင်မှာ ကျယ်ပြန့်ခဲ့တဲ့နာမည်က 'မီးနေ'..၊

"မင်းအစ်ကိုကိစ္စကို ပြည်ဖုံးကားချပ်လိုက်တဲ့ကိစ္စ မင်းအိမ်က
ဘာမှမပြောဘူးလား"

သူ ခေါင်းခါ၍ စီးကရက်ကို နှုတ်ခမ်းမှာ တပ်ထားပြီး မီးညှိသည်။

"ဒါက မီးနေ့ နဲ့လည်း ငြိနေတဲ့ကိစ္စ၊ လူကြီးတွေက ဘယ်လိုလုပ်
အရေးယူဦးမလဲ.."

ဒါထက် ပိုကြီးတဲ့အတွက် ဂုဏ်သိက္ခာ ဖြစ်သည်။

ဘုန်းရှိမီ မိသားစုဝင်တစ်ဦး အသတ်ခံလိုက်ရသည်ဆိုသည့် ဆိုး
ဝါးသည့်အဖြစ်တစ်ခု ရာဇဝတ်တွင်မကျန်စေလိုသော လူကြီးတွေ အရှုံးခွဲ
နေခဲ့တဲ့ အတွက်..၊

ဒါကို သူ မပြောဖြစ်ခဲ့ပါ။ စီးကရက်ရှိုက်ရင်း မျက်လုံးက ဘီယာ
တစ်ဝိုင်းလုံးရဲ့ ဖရိုဖရဲ အခင်းအကျင်းတွေပေါ် အဓိပ္ပာယ်မဲ့ ငေးငေးနေခဲ့
သည်။ သူ တွေးနေတာက လူစီ တို့ မေးနေတဲ့ မေးခွန်းတွေအကြောင်း
မဟုတ်..၊

"နာနဲ့ နာခေါင်းတွေထဲမှာ သွေးတွေပြည့်နေတယ်၊ တခြားမှာ
ဒဏ်ရာမပေါ်ဘဲ အတွင်းကြေ ကြေနေတာကို ဆရာဝန် စစ်ကြည့်ပြီးပြီ"

"အနားမှာ ငွေထုပ်နဲ့ဆိုတော့ ကိုယ်မှာလည်း ခွဲကြိုး၊ လက်စွပ်၊
နာရီတွေက ဒီတိုင်း၊ မစွည်းလိုချင်လို့ မဟုတ်ဘဲ လူကို အငြိုးထားပြီး
ရိုက်သတ်သွားတာ"

"ရိုက်ရိုင်းတယ်ဆိုတဲ့လူက သွေးတစ်စက်မကျခဲ့ဘဲ ယဉ်ကျေး
ထိမ်မှုဝတဲ့ ကလေးကျမှ အဖြစ်ဆိုးရတယ်၊ ဒီလောက်တောင် နိုးတီးနေ
တာ ဘာကြောင့်လဲဆိုတဲ့ ဂုဏ်သိက္ခာကို ထိခိုက်လောနိုင်ပြီ နောက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာတွေကို မရှင်းချင်တော့ဘူး"

"ထားလိုက်တော့ကွာ၊ မင့်သား နောက်တစ်ယောက် ဘာကောင်လဲဆိုတာ ကြေညာသလို ဖြစ်ဦးမယ်၊ ဟုတ်တယ် .. ထားလိုက်တော့"

ပတ်ဝန်းကျင်စကားတွေရော ဖေဖေနဲ့ မေမေ့ရဲ့ အကြင်နာစကားတွေရော သူ အားလုံးကို ပြန်ကြားကာ မေးရိုးတွေ ထောင်ကားလာတဲ့ အထိ အံကြိတ်၏။

သွားကြိတ်သံ ထွက်လာတော့မှ စိတ်နဲ့လူ မကပ်တာကို သူတို့ သတိထားမိကာ တစ်ယောက်မျက်နှာတစ်ယောက် လှမ်းကြည့်ကြ၏။

ဘုန်းမီးနေ မျက်နှာကြီး နီရဲနေလျက်ရှိသည်မို့..

"မင်း ခံစားနေရမှာကို ငါတို့ သိပါတယ်၊ ဘာပဲဖြစ်ဖြစ် ကိုမြတ်ထွန်းက အရှမ်းကို နူးညံ့ရည်မွန်တဲ့သူ၊ သူ့အတွက် ဒီကိုင်းငြိမ်ပြီး ထိုင်စောင့်နေရတာ အသည်းယားဖို့ ကောင်းတယ်"

"ထိုင်စောင့်နေစရာ မလိုဘူး။ သူတို့ ဒီည ဘယ်မှာရှိနေတယ်ဆိုတာ ထိ' ငါ သိထားပြီးပြီ"

"ဘာ!..."

"ဘယ်လို.."

သူများတွေ ပြူးပြူ ခါးမတ်သွားချိန်မှာ သူက နာရီငုံ့ကြည့်၏။ ပြီးတော့ ထရပ်လိုက်လျှင်...

"မီးနေ.."

"မီးနေ .. ဟေ့ကောင် .. မင်း အဲဒီလို အလွှတ်ထွက်သွားလို့ မရဘူးလေ"

"ငါတို့က ပွဲကြည့်ပရိသတ် လုပ်နေရမှာလား .. အဓိပ္ပာယ်မရှိ"

သုံးယောက်စလုံး ကိုးရိုးကားရားတွေဖြစ်အောင် ဝရုန်းသုန်းကား လိုက်ထကြ၏။ မီးနေ က ပြန်လှည့်ကြည့်ပြီး ခေါင်းခါလိုက်၏။





"ဒီအစီအစဉ်မှာ မင်းတို့ပါလို့ မဖြစ်ဘူး .. ငါ့အစ်ကိုအတွက် ငါပဲ လုပ်မယ်"

"ဟေ့ကောင် .. မင်း အဲလို မဟုတ်ဘူးလေ၊ မဖြစ်ဘူး .. မင်း မသွားရဘူး"

"မလိုက်ကြနဲ့"

ဘုန်းမီးနေ ယတိပြတ်ပြောပြီး တံခါးဖွင့်ထွက်သွား၏။

လူစီ နောက်ကနေ ကမန်းကတန်း ပြေးလိုက်သွားကာ...

"မီးနေ .. ဘယ်သွားမယ်ဆိုတာ ပြောခဲ့.."

သူ ဒီတိုင်းရပ်ကျန်ခဲ့တော့ နောက်က ဟဲရီး နဲ့ နေကာ ပြေးလာပြီ...

"ဘယ်ကိုတဲ့လဲ"

လူစီ စိတ်ပျက်လက်ပျက်နှင့် ခေါင်းယမ်းနေရင်း ထွက်သွားသည့် အားနောက်မြီးကို ငေးကာ..

"ပြောမသွားဘူး"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၅]

"ဒီကောင် ခုလောက်ဆို ဘယ်လိုဖြစ်နေမယ် ထင်လဲ"

"လူသတ်ချင်နေပြီ"

"သေချာတာပေါ့"

နှစ်ယောက်က ရယ်လိုက်ကြပြီး တစ်ယောက်ကတော့ ရယ်သံ မထွက်နိုင်..၊

"မင်းက ဘာဖြစ်နေတာလဲ၊ ရေစပ်ပွဲပြီးမှ ရန်ကုန်ပြန်မယ်ဆိုတာ ဟိုကောင့်ကို ရှောင်ချင်လို့မို့လား"

"အဲဒါကြောင့် ပြောတာ၊ အချစ်မရှာပါနဲ့လို့ မင်း ခုတော့ မိန်းမလေး မရလိုက်ခင် အနာတရဖြစ်သွားမှာ စိုးရိမ်နေပြီမို့လား"

နှစ်ယောက်၏ ထင်ကြေးအမျိုးမျိုးကို နားထောင်နေပြီးမှ တစ်ယောက်က သက်ပြင်းရှည်ကြီး ချသည်။

မိုက်နေ တိုက်နေချင်တာဆိုတဲ့ 'ဂျမ်း'လိုကောင်က သက်ပြင်းတွေ ချတာ ကြုံတွေ့ရနေသည့် ကောင်းကင်ကြီးကို မော့ငေးနေတော့ သူတို့ ခနီးခနဲ ပြုံးကြ၏။





ဒါပေမယ့် ဘာခုမမေးတဲ့ ပြောလာမှာကိုပဲ စောင့်နေခဲ့ကြသည်။ ဆိပ်ဝတ်ထားသည့် ဂျာကင်ထဲကို လက်နှစ်ဖက်ထည့်လိုက်ပြီး သူတို့ အားတာနေ ထရပ်လိုက်၏။

ထမ်းမကြီးရဲ့ဘေး တံတားဘောင်ပေါ်မှာ သုံးယောက် တန်းစီထိုင်ရင်း လူမစုံသေးလို့ စောင့်နေကြတာဖြစ်သည်။ လူစုံတာနှင့် ဒီတနေ့ ရွှေ့ဖို့ နောက်ထပ် စရပ်တစ်ခု ရှိသေးသည်။

ဒီည သူတို့ လှုပ်ရှားနေကြသည့် ရည်ရွယ်ချက်က သူတို့ပြန်ရောက်လာခြင်း၊ ရေစပ်ပိုက်စွ မပျက်စီးစေလိုခြင်း စသော အကြောင်းအချက်များအတွက် မပေါက်ကြားအောင် လောလောဆယ် ဖုံးဖိကာ ကွယ်ထားနိုင်ဖို့ ဖြစ်သည်။

သူတို့ လုပ်ခဲ့သည့်လုပ်ရပ်အတွက် ဘယ်လိုတုံ့ပြန်မှုတွေ ရောက်လာမယ်ဆိုတာကို သိပြီးသား..၊

"တွေးလို့ချေလား ဂျမ်း၊ မဲဆောက်မှာ တစ်လသွားနေလိုက်တာ အဝေါ် ပြောင်းသွားတာလား"

"မဟုတ်ဘူး၊ ငါ့ဘက်မှာ အခု ဖျော့ကွက်ဖြစ်နေတာက အဲဒီ ရေစပ်ပွဲကြောင့်ပဲ၊ ဒါပေမယ့် ဒီရေစပ်ပွဲက မင်းတို့ပြောသလို အချစ်ကြောင့်တော့ မဟုတ်ဘူး"

သူက နှစ်ယောက်ရှေ့မှာ ရပ်လိုက်ကာ နာရီကို ငုံ့ကြည့်ပြီးမှ...

"ငါနဲ့သူ လက်ထပ်ဖြစ်ဖို့က အမွေကိစ္စတွေနဲ့ ငြိနေတာ၊ အဲဒါကြောင့် ရေစပ်ပွဲပျက်လို့ မဖြစ်ဘူး၊ လက်ထပ်ဖြစ်သွားပြီဆိုရင် ဘာဖြစ်မှန်း..."

"ဒါဆိုလည်း ဆန်းဒေးမှာဖြစ်မယ့် ရေစပ်ပွဲကို ရွှေ့စပ်မနေဘဲ လက်ထပ်ပစ်လိုက်ပေါ့ကွ၊ မင်း အစတည်းက အဲဒီလို လုပ်နိုင်ဖို့ ကြိုးစား ရမှာ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စက မင်းတို့နဲ့ တိုင်ပင်ပြီး လုပ်လို့ရမယ့်ကိစ္စ မဟုတ်ဘူးလေ၊ အသိုင်းအဝိုင်းနဲ့ ဆိုင်တယ်"

"မင်းနဲ့ မီးနေ့ မတွေ့တာ အဲဒါတွေပဲ ဂျမ်း၊ ဟိုကောင်က သူ့ဒေါသနဲ့ ဆုံးဖြတ်ချက်ကို ကြမ်းကြမ်းလေးတောင် အတိုးမခံဘူး။ သူ ဘာလုပ်လုပ် သူ့အသိုင်းအဝိုင်း။ မီဘ ဘာမှမပါဘူး"

"ငါလည်း သူလိုကောင်ပဲ ဟိန်းကျော်၊ တစ်ခုပဲရှိတယ်၊ ငါ လမ်းပေါ်မှာ ဘယ်လောက် မိုက်ရိုင်းနေနေ အိမ်ကိုပါအောင် မယူဘူး"

"ဒါဆိုလည်း မီးနေ့ နဲ့ မင်း နောက်ထပ်ပြီးဖို့ ကြုံလာရင် ရှောင်လိုက်တော့"

"မင်းတို့က ငါ့ ဇာစပ်မှာကို ကဲ့ရဲ့ချင်တာလား"

"မကဲ့ရဲ့ပါဘူး။ မင်း ခံလိုက်ရမယ့်အဖြစ်ကို မရောက်ခင် ရှောင်သင့်တာကို သတိပေးတာ၊ မိုက်တဲ့လူဆိုတာ ရန်သူများတယ်ကွ၊ ဘယ်နေရာမှာမှ ရှောင်ကွက်မရှိဘူး။ ငါတို့တွေက မိဘမဲ့ ဂျလေဘီတွေပါ၊ မင်းအတွက် ပြောနေတာ"

"ဟုတ်တယ် .. ခုလောက်ဆို ဇာတ်တွေ ဒီမှာ စုမိနေကြပြီဆိုတာ ဟိုကောင် သတင်း ရချင်ရနေမှာ၊ မင်းရဲ့ဇာစပ်ပွဲပြီးတာနဲ့ မင်းလည်း ကိုယ်ယောင်ဖျောက်လိုက်ဦး။ ဒီကောင်တွေသိရင် ရောက်လာမှာပဲ"

"ငါက ကြောက်နေတယ် မှတ်လို့လား"

ဂျမ်း ရဲ့ဒေါသသံကြောင့် ဟိန်းကျော် တို့က ပြုံးသည်။

ဘာမှမပြောတော့ဘဲ ကောင်းကင်ကြီးကို မော့ကြည့်လိုက်ပြီး နာရီ ပြန်ကြည့်၏။

ညဦး ဆယ့်တစ်နာရီခွဲ..၊

ထိုစဉ်...

ဆိုင်ကယ်သံက မီးရောင်ထက်အရင် ရောက်လာသည်။ သူတို့





လှည့်ကြည့်လိုက်စဉ်မှာပဲ ဒီအကွေ့လာသည့် ဆိုင်ကယ်မီးရောင် က ဝင်းခနဲ စူးသွား၏။

အမှတ်တမဲ့ကြည့်ပြီး ပြန်လှဲဖို့ မျက်လုံးတွေက ပြန်လည် တိမ်းစောင်းမသွားခဲ့သော တည့်တည့်အတိုင်း ထိုးထားသည့် မီးရောင်ကြောင့် သူတို့ စူးစိုက်ကြည့်နေမိကြ၏။

အုပ်စုလိုက် ဆင်နွှဲခဲ့ကြသော ရိုန်းပွဲတွေချည်း ဖြစ်ခဲ့တာမို့ ဆိုင်ကယ်လ်တစ်စီး လာနေတာကို "ဒီဆိုင်ကယ်လ် ဘယ်လိုမောင်းလာတာလဲ" ဆိုသည့် အတွေးတစ်ချက်ပဲ ဖြစ်ခဲ့ကြ၏။

ပြီးတော့ သေးသေးတင်မခံတတ်သည့် ဒေါသက စူးရှနေသည့် မီးရောင်ကိုသာ မကျေမနပ် စူးစိုက်မိကြခြင်းဖြစ်ရာ...

"ဟာ!..."

ဖျတ်ခနဲ သိလိုက်သည့် 'အန္တရာယ်'ဆိုသောအာရုံက အသက်တစ်ချောင်စာလောက် နောက်ကျသွားခဲ့ပြီး...

"ဒိုန်း.."

"အား!..."

"မီးနေ .."

"ဒုတ် .."

ဝေါခနဲ ဝစ်ဆောင့်လိုက်သည့်အရှိန်သည် သွေးမြေနေပြီဖြစ်သည့် အုတ်သောင်နှင့်အတူ လူတွေကိုပါ ကျိုးပြတ် လွင့်ထွက်သွားစေခဲ့၏။

ဝုန်းနိုင်းကြဲသွားတာ ခဏလေးပဲဖြစ်သော်လည်း အုတ်သောင်ကြီး တစ်ခြမ်းလုံး ကျိုးကြေဖုက်စီးသွားကာ တစ်ယောက်က ကျသည့်နေရာမှာပဲ တုတ်တုတ်မှမလှုပ်၊ နှစ်ယောက်က လူးလွန့်နေကြဆဲ...

ဆိုင်ကယ်လ်သည် ဒလိမ့်ခေါက်ကွေး လဲကျနေခဲ့ပြီး...

"မင်း .. မင်း .."



www.burmeseclassic.com

www.burmeseclassic.com



ဂျမ်း၊ ထရပ်ဗို့ အနိုင်နိုင်ကြိုးစားရင်း ပြာဝေနေသည့် သူမျက်လုံးထဲ မှာ ခပ်နွဲ့နွဲ့ ခြေထောက်လျက် အနားကို တိုးကပ်လာသည့် မီးနေ ၏အရိပ် က ပီပြင်လာသည်။

ပြီးတော့ လက်ထဲမှာကိုင်ထားတာ ကျောက်ရှည်တစ်ချောင်း...။

"မင်း .. မင်း .. အလစ် .. ချောင်း .. အား..."

ဘုန်းခနဲ အသံနှင့်အတူ သူတစ်ကိုယ်လုံး ခြေထောက်ကနေ ကိုင်ရိုက်ခံလိုက်ရသလို...၊

ပြီးတော့ နောက်ထပ်...၊





အခန်း [ ၈ ]

"ဟယ် .. သားငယ်"

ဒေါ်သက်လျှာ ဒီတစ်ခါတော့ ဝမ်းသာလွန်းလို့ မျက်ရည်များ တောင် လည်ရှာ၏။ ဒီလောက်ထိ အကြီးအကျယ်မဖြစ်ခဲ့ဘဲနဲ့တောင် အဆူခံလိုက်ရပြီဆို ထွက်သွားလိုက်တာ လနဲ့ချီသည်။

ခုတော့ ဘာမှမဖြစ်သလို ပြန်ရောက်လာကာ ထမင်းဝိုင်းထဲ ဝင် ထိုင်လိုက်တော့ မအေ ပျာယာခတ်သွားတာကို ဦးဘုန်းသာ က မျက်လုံး ရွှေကြည့်၏။

"သားငယ် တစ်ခါတည်း စားလိုက်နော်၊ အပြင်က လာတာဆိုတော့ ရေချိုးဦးမလား"

မေးနေရပေမယ့် လက်ကတော့ ထမင်းပန်းကန်လှန်၍ ခူးခပ် ထည့် ပေးနေပြီဖြစ်၏။ ဦးဘုန်းသာ က ထမင်းကို လက်စသတ်လိုက်ပြီး ပါးစပ် သုတ်သည်။

အကြည့်က ဘုန်းမီးနေ ၏ တစ်ကိုယ်လုံးကနေ ဘယ်ဘက်လက်ဖျံ မှာပတ်ထားသည့် အညိုရောင်လက်ပတ်အပြားကြီးပေါ် မှာ စူးစိုက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါ တမင်တကာ စတိုင်လ်ထွင်ထားတာ မဟုတ်နိုင်မှန်းလည် ရိပ်မိလိုက်၏။ ဒီသွားကိုဖွေးကတည်းက ခြေမြန်လက်မြန် လုပ်တတ် လွန်းလို့ တစ်မိမ်းနဲ့ ရှင်းရ၊ ညီအစ်ကိုချင်းဖြစ်လို့ ရှင်းရ..၊

ဘုန်းမိုးနေ သည် ဒေါသဖြစ်သလောက် ပေါက်ကွဲရမှ ကျေ သည်။ စိတ်ထဲမှာ ပြင်းထန်လာသလောက် ပေါက်ကွဲခွင့်မရတဲ့ မျိုသိ လိုက်ရပြီဆို ကိုယ်ပူ ဖျားနာခဲ့တဲ့အထိ..၊

တစ်ခါနှစ်ခါက သတိမထားမိပေမယ့် ခဏခဏ ဒီတိုင်းဖြစ်လ တော့ လူကြီးတွေ ရိပ်မိလာခဲ့သည်။ စိတ္တဇများလားဆိုပြီး မအေဖြစ်တဲ့ က ဆရာဝန်တွေနဲ့ ဆွေးနွေး၊ ဗေဒင်၊ ယတြာတွေ လျှောက်လုပ်..၊

"ဒါ စိတ္တဇ မဟုတ်ပါဘူး၊ အရမ်းသန့်စင်တဲ့ ဒီအရွယ်လေးမှာ စိ ခေတ်ပြင်းထန်နေတော့ အထိန်းအကွပ်မဲ့ တစ်ဖက်စောင်းနင်း အားကော နေတာမျိုးပါ။ ဒီလိုကလေးမျိုးတွေ ရှိပါတယ်၊ သိပ် စိတ်မပူပါနဲ့ မိဘ ထိန်းကျောင်းတတ်ဖို့တော့ လိုတာပေါ့ဗျာ၊ ပထမဆုံးလုပ်ရမှာက မိဘ ရဲ့စေတနာအတိုင်း လိမ္မာယဉ်ကျေးဖို့ ထုံးချွန်ထက်မြက်ဖို့တွေ မကြိုး သေးဘဲ ကလေးရဲ့သဘာဝကို မဖြတ် လေ့လာနေရမယ်၊ ကိုယ် ဖြစ်စေ ချင်တာထက် ကလေးအပေါ်မှာ ဖိအားတွေ ပိုမသွားဖို့သတိထားရမ နောက်ကျတော့လည်း အသက်အရွယ်၊ အချိန်အခါက သူ့စိတ်ကို ကုစာ သွားမှာပါ"

ဆရာဝန်တွေက ဒီတိုင်းပြောသည်။ ဗေဒင်ဆရာတွေကတော့ ဂြိုဟ်စီးဂြိုဟ်နင်းတွေကို ကြည့်၍ ဟောကိန်းထုတ်၏။

"ဂြိုဟ်ပူး ဂြိုဟ်မြင်တွေက ရာသီခြင်းအထိ ဒီတိုင်း ညံ့သွားမှာ ကလေးရဲ့နာမည်ကို စူးရှထက်မြက်တဲ့ ဗညတ်တွေပါအောင် ပြောင်း လိုက်ပါ"တဲ့..၊

"ဆရာ .. နာမည်ကြောင့် ပိုဆိုးသွားတတ်တယ်မို့လားဟင်"





"မှန်တယ် .. ဒါပေမယ့် အခု သူ ပိုဆိုးပါစေ၊ ရင်ခွင်ရိပ်မှာရှိနေတဲ့ ရွယ်က တည့်မတ် စောင့်ရှောက်နေဖို့ လွယ်တယ်၊ အရွယ်ရောက်တဲ့ ခါဆိုရင် မလွယ်ဘူး၊ အဆိုးဆုံးတွေအားလုံး ဖြစ်ပြီးခဲ့ပြီဆိုတာကို နှိုက်တော် လိုချင်တာ"

"ဒါဆိုရင် အသက်ကြီးမှ နာမည်ပြန်ပြောင်းရင် လွယ်ပါ့မလား ဆရာ"

"အဲဒီကျရင် နာမည်ပြောင်းပေးဖို့ မလိုတော့ဘူး။ သူ့စိတ်က အလို လို ပြောင်းလဲလာလိမ့်မယ်၊ အသက် ဆယ့်ရှစ်နှစ်ဝန်းကျင်အထိ..."

ဗေဒင်ဆရာ မှန်မမှန်တော့ မသိပေ၊ အခု အသက်နှစ်ဆယ်ကျော် လို့ အဲ့လည်း ရပြီးနေပြီ၊ အတိုးအဘွားတို့ ပြောဖူးကြသလို..

"ငါ ဘယ်လောက်မိုက်သလဲ သိချင်ရင် ခေါင်းက ဒဏ်ရာတွေကို ကြည့်" ဆိုတာမျိုး ကိုယ့်သားအဖတော့ တစ်ကိုယ်လုံး ဘယ်မှာကြည့် ကြည့် ဒဏ်ရာတွေချည်းသာ..၊

ဦးဘုန်းသာ ခဏအတွင်းမှာ စိတ်ပျက်စရာတွေ အများကြီး တွေး လိုက်ပြီး ရေတစ်ခွက်ထည့်ပြီးတော့လည်း မသောက်ဖြစ်..၊

"မင်း တစ်နေ့ညက ပဲခူးမှာလား"

မေးလိုက်တော့ ဘုန်းမိုးနေ က လှည့်မကြည့်ဘဲ ခေါင်းညိတ်သည်။ ဒေါ်သက်လျှာ သည် ပြဿနာ ထပ်ဖြစ်မှာစိုးသဖြင့် စားသောက် နေတုန်း ဦးဘုန်းသာ မေးခွန်းတွေ မေးနေတာ မကြိုက်ပါ..၊

ထို့ကြောင့် သားရဲ့ပန်းကန်ထဲ ဟင်းတွေထည့်ပေးနေရင်း မကြိုက် သည့်မျက်နှာနှင့် လှမ်းကြည့်ပေမယ့် လင်မယား မျက်လုံးချင်းလည်း ဆုံပေ..၊ ဒါမှမဟုတ် ဦးဘုန်းသာ တမင်တကာ မသိသလိုလုပ်နေသ လား မသိ၊ ဘုန်းမိုးနေ ကိုပဲ ကြည့်တာ..။

"မင်း ဆိုင်ကယ်လ်ကို နံပါတ်ပြား ဖြုတ်ပစ်ခဲ့ပြီး စီးလျှောက်သွားတယ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့။ ည ဆယ့်တစ်နာရီမှာ.."

သတင်းအတိအကျနှင့် မေးနေပေမယ့် ဘုန်းမီးနေ ထမင်း ရင်း တစ်ချက်တလေမှ လှုပ်ရှားသွားတဲ့ပုံ မရှိ..၊

ပဲမှုးမှာ ခြံစောင့်နဲ့ထားတဲ့ တိုက်ကြီးရှိသည်၊ ဘုရားကြီးနဲ့ နီး သည့်နေရာမှာ တမင်တကာ ယူထားတာမို့ မိသားစုသွားဖြစ်တဲ့အ အနားယူကြတာဝရိုကာ ငှားလည်းမငှား၊ ရောင်းလည်းမရောင်းဘဲ ဒီတို ထားခဲ့တာ အဘိုးတို့လက်ထက်ကတည်းက..၊

ပြီးတော့ ခြံထဲမှာ ဆိုင်ကယ်လ် နှစ်စီး ရှိသည်။ သူ ရောက်လာ ဆိုင်ကယ်လ် ယူထွက်သွားတာ ခြံစောင့်က သတင်းပို့မှာပဲဆိုတာ သိပြီးသား..၊ အချိန်နာရီ အတိအကျကြီး ရောက်လာတာတော့ စိတ်ထဲ ချဉ်သွား၏။ ဒါပေမယ့် တစ်ချက်မှ မျက်လွှာပင့်မကြည့်ဘဲ နေလိုက်သ

"ဆိုင်ကယ်လ် ပြန်ရောက်မလာသေးဘူးတဲ့၊ ဘယ်မှာလဲ"

နောက်ထပ် မေးခွန်းတစ်ခု ထွက်လာတော့ ချဉ်ဟင်းခပ်လို သည့်ဇွန်းက ပါးစပ်နားမရောက်ခင် တစ်ချက်တုံ့သွား၏။

"အစ်ကိုကလည်း သားက သူငယ်ချင်းတွေနဲ့ သွားလာတတ် ဥစ္စာ၊ သူ့သူငယ်ချင်းတစ်ယောက်ယောက် ယူထားလို့ ဖြစ်မှာပေါ့"

"မင်း ဝင်မပါနဲ့ သက် .. ငါ မေးသင့်လို့ မေးနေတာ၊ မင့်သား တစ် လုပ်လာပြီဆိုတာ မင်း အကဲမခတ်မိဘူးလား"

"ဟင်!..."

"ခြေလှမ်းစိပ်လာတာက ခြေထောက်နာနေတာဖြစ်မယ်၊ လက် မှာ ဒဏ်ရာရှိတယ်မို့လား၊ မင်း ဘာတွေဖြစ်လာခဲ့သလဲ မှန်မှန်ပြော သားငယ်၊ မင်းကို ဖေဖေ စိုးရိမ်လို့ မေးနေတာ"

ဦးဘုန်းသာ တကယ့်စိုးရိမ်စိတ်နှင့် လေသံကိုပါ သိသာစွာ လျှေ လိုက်မိ၏။





စိတ်ပျက်စိတ်ကိုရခြင်းတွေ ဘယ်လောက်ဖြစ်ဖြစ် သား တစ်ခုခု သွားခဲ့ရင်ဆိုတာကို တွေးပင် မတွေးရဲ..၊

နောက်ထပ် သားတစ်ယောက် ဆုံးရှုံးရမည့်အဖြစ်မှလွဲ၍..

"သားငယ် .. သားငယ် ဖေဖေ မေးနေတာ ဖြေလိုက်လေ၊ သားကို လို့မဟုတ်ဘူး၊ ပြဿနာကြီးငယ် ဖြစ်လာရင် ဝိုင်းဖြေရှင်းလို့ရအောင်.."

"ကျွန်တော် ဘာမှမဖြစ်ဘူး"

"ဒါဆို လက်က ဟိုဟာကြီး မေမေ့ကို ဖြုတ်ပြ.."

ဘုန်းမီးနေ ထမင်းမကုန်သေးဘဲ ရေတစ်ခွက် ထည့်သောက်ပြီး ပ်သုတ်၏။ စေတနာတွေက အားလုံး အကောင်းဆုံးချည်းပဲ ဖြစ်စေ သည်မို့ မမေးဘဲလည်း မနေနိုင်..၊

မေးမြန်းနေလို့ သား ထမင်းစားပျက်သွားပြီကို သိလိုက်တော့လည်း သက်လျှာ မျက်နှာ ပျက်လျက်..

"သား စားဦးလေ"

"ဝပါပြီ"

လို့ ပြော၍ နေရာမှ ထရပ်လိုက်သည်။ ဒေါ်သက်လျှာ ပါ လိုက်ထ ာ မျက်မှောင်ကုတ်ထားသည့်မျက်နှာနှင့်...

"ကျွန်တော် အရမ်း အိပ်ချင်နေလို့ မေမေ"

လှည့်ထွက်သွားတော့ ခြေလှမ်းစိပ်စိပ်ဆိုတာကို အမိအရ လိုက် ကြည့်ရင်း ဒေါ်သက်လျှာ မျက်နှာမကောင်းနိုင်..၊

"သက်တို့ ဘယ်လိုလုပ်ရမလဲ အစ်ကို၊ သားငယ် ရန်ဖြစ်ခဲ့တယ် င်တယ်"

"မတတ်နိုင်ဘူး၊ ဘာသတင်းကြားရမလဲ စောင့်ရုံပဲ"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၉]

ချက်ပြုတ်တာကအစ ထမင်းစားခန်းအထိ ရမက် က အခန်းခွဲပေ လိုက်ဖို့ ကြိုးစားသည်။ လူကြီးတွေတစ်တော့ ဒီလို မဖြစ်စေချင်တာမို့ ရမက် ကို ဖျောင်းဖျခဲ့သည်။

"ကလေးစိတ်ထဲမှာ တစ်မျိုးတွေးသည် ခံစားပြီး မေးခွန်းတွေ မေး လာရင် လူကြီးတွေ ဖြေရခက်ပါတယ် သမီးရယ်၊ ဒီလိုလုပ်ပါလား.. အတူ တူပဲ စားပါကွယ်၊ သမီး စားသောက်ချင်တဲ့အချိန်ကို ကြိုက်သလို သတ် မှတ်ပြီး ဝင်စားပါ။ အန်တီတို့ကို အားနာဖို့လည်း မလိုဘူး၊ အန်တီတို့က လက်ဆုံစားဖို့ မိသားစုစုံဖို့လည်း ဘာမှမပြောတော့ပါဘူး"

"ဟုတ်တယ် သမီး၊ သားငယ် အိမ်ထောင်မကျသေးတဲ့အချိန်ထိ သမီးကို အန်ကယ်လ်တို့က တစ်အိုးတစ်အိမ်ထောင်လို့ မသတ်မှတ်ချင် ဘူး၊ သားကြီးလည်း မရှိတော့ဘူးဆိုတော့ သမီးက တို့ရဲ့သမီးလေးပါ တသီးတသန့်မနေဖို့ အန်ကယ်လ် ပြောချင်တယ်ကွယ်"

ဦးဘုန်းသာ တို့က ဒါကိုပဲ ပြောနေကြကာ သမီးလေးကလည်း ထမင်းစားတိုင်း မေးတတ်သဖြင့်...





"မီးမီးတို့က ဘွားဘွားကြီးတို့နဲ့ ဘာဖြစ်လို့ တူတူ မစားရတာလဲ ဦးက ဆူလို့လားဟင်"

ကလေးစိတ်ထဲမှာ အမြဲတမ်း စွပ်မှန်ကုတ်နေတတ်သည့် ဘုန်း နေ ကို ခေါ်လည်း မခေါ်ရဲသလို သူ့အမေနဲ့ မသင့်မြတ်တာကိုလည်း းမိနေရှာသည်။

ထို့ကြောင့် ကလေးရဲ့ မေးခွန်းတွေနဲ့ပတ်သက်၍ ဒေါ်သက်ရှျာ ပြသည့်အကြောင်းအပေါ်မှာ ရမက် လက်ခံခဲ့မိသည်။

စိတ်လေနေသမျှ ဆိုင်မှာချည်း အချိန်ဖြုန်းနေခဲ့သဖြင့် အိမ်ပြန်ချိန် က်ကျသလို ထမင်းစားဖြစ်ရင်တောင် ည ရှစ်နာရီလောက်မှ..၊

ဒီနေ့ သမီးလေးနဲ့ အပြင်မှာ ညစာစားလာခဲ့သဖြင့် အိမ်ပြန်ရောက် ာ ခြောက်နာရီကျော်နေပြီ ဖြစ်သည်။

"ဘိုးဘိုးကြီး.."

"ဟေး .. ငါ့မြေး ပြန်လာပြီ၊ ဘွားဘွားကြီးရေ ဒီမှာ ခင်ဗျား ရဲ့ မြေး လာပြီ"

အိမ်ထဲဝင်လိုက်တာနှင့် ဘုန်းမြတ်ဖြူ အသံလေးက စာနေသည်။

ဧည့်ခန်းမှာ ဦးဘုန်းသာ နှင့်အတူ ဘုန်းမီးနေ ကို မြင်လိုက်သဖြင့် းတတော့ ပြေးဝင်သွားကာ ရမက် အထဲတန်းဝင်ခဲ့၏။

ဒေါ်သက်လျှာ သည် မြေးဖြစ်သူကို ဘယ်လောက် မျှော်နေသည် ပြန်လာပြီ အသံကြားတာနှင့် ကမန်းကတန်း ထွက်လာ၏။ ရမက် ဆိုလိုက်တော့ မြတ်ဖြူ ဧည့်ခန်းထဲ ရောက်သွားပြီမှန်း သိကာ..

"နောက်ကျလိုက်တာ သမီးရယ် .. ဒီည မြေးလေးအကြိုက် ဝုဒ္ဒင် တ်နဲ့ ပဲကြာဇံလေး ကြော်ထားလို့ စောင့်နေတာ"

"ဪ .. ဟိုလေ .."

ရမက် မျက်နှာပူသွားသည်။ ယောက္ခမတွေက သူမအပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



မီဘလိုပဲ ဂရုစိုက်နွေးထွေးကြပါသည်။ သူမကိုယ်တိုင်လည်း သူတို့ကို လေးစား ချစ်ခင်ခဲ့သည်။

ဟိုတစ်ယောက်အကြောင်း ခေါင်းထဲ ဝင်မလာခဲ့ဘူးဆိုလျှင်…

"အန်တီရယ်.. သမီးက ပန်းခြံထဲ ဝင်ချင်တယ်ဆိုတာနဲ့ ကန်တော်ကြီးထဲ လှည့်ဝင်ပြီး တံတားပေါ်မှာ လှမ်းလျှောက်လိုက်တာ၊ ဗိုက်ဆာလာတော့လေ…"

"အေးပါ သမီးရယ် .. စားပြီးခဲ့တယ်ဆိုလည်း ဘယ်တတ်နိုင်မလဲ၊ သွားနားတော့လေ၊ သမီး တစ်ခုခုထပ်စားချင်လာရင် မိညို ကို လှမ်းနိုးနော်၊ ရေခဲသေတ္တာထဲမှာ အစုံရှိတယ်၊ မနက်ကမှ အမေ ဝယ်ထည့်ထားတာ"

ရမက် က အန်တီလို့ပဲပေမယ့် သူတို့ကတော့ တစ်ခါတလေ သူတို့ကိုယ်သူတို့ အမေ၊ အဖေလို့ ထည့်ပြောတတ်၏။

ဒီအိမ်မှာ ရမက် တွေ့ရှားမဲ့စွာ နေထိုင်မိပြီမှန်း ကိုယ့်ကိုယ်ကိုယ်လည်း မသိလို့ မဟုတ်ပါ၊ ကိုယ်က အကြီးဆုံးသားရဲ့ ဇနီး..၊

ဒေါ်သက်လျှာ ကို အရင်းနှီးဆုံး ကျူညီသင့်သည့်လူ ဖြစ်သည်။ ဒါပေမယ့် ကိုနဲ့ လက်ထပ်ခဲ့ပြီးကတည်းက မိသားစုနဲ့ ရင်းနှီးမယ်ကြံလိုက်၊ ဘုန်းမိုးနေ နှင့် ပြဿနာတစ်ခုခုတက်လို့ ဝေးကွာသွားခဲ့လိုက်..၊

ခုကျတော့ စိမ်းသက်ရုံမဟုတ်ဘဲ ရန်သူတွေလို မုန်းနေမိသည်ထိ မိုဆိုးသွားသည်။ ဒေါ်သက်လျှာ ကတော့ ချွေးမဖြစ်သူကို နားလည်ပါသည်။ ထို့ကြောင့် ဘာမှလည်း မပြောရက်၊ အပြစ်တင်ဖို့ဆိုတာ အဝေးကြီးပါ..၊

"ဘွားဘွားကြီး .."

"မြေး .."

ညည့်ခန်းရှေ့ရောက်တာနှင့် အဝါရောင်ဂါဝန်လေးနှင့် မြေးက ..ီးအနားကနေ ထပြေးလာပြီး ပေါင်ကို သိမ်းကျုံးဖက်လိုက်ကာ…





"မီးမီးတို့ ဒီနေ့ တံတားအရှည်ကြီးပေါ် လျှောက်ခဲ့ကြတယ်"

"ဟုတ်လား .. မြေးက ပျော်ခဲ့တယ်ပေါ့၊ ဘာတွေ စားခဲ့သေးလဲ ပြောပါဦး"

"ကြက်ဆီထမင်းနဲ့ မုန့်တွေ စားခဲ့တယ် ဘွားဘွားကြီးရဲ့၊ မီးမီး က ဘွားဘွားတို့ဖို့ ပြန်ဝယ်သွားရအောင်လို့ ပြောတော့ မေမေက ဘွားဘွားကြီးတို့နဲ့ အဲဒါ မတည့်ဘူးတဲ့"

"ဟုတ်လား"

ဒေါ်သက်လျှာ ကြံဖန် ကျေနပ်ရပြန်သည်။ အိမ်မှာ ရမက် တစ်ခါတလေ မီးဖိုချောင်ဝင်တတ်ကာ သူမ ဝင်လာတာနှင့် မိညို ကို သင်ပြပေးသွားတတ်တာ၊ လူကြီးတွေအတွက် ဘယ်လို စီစဉ် ချက်ပြုတ်ဖို့…

"ထမင်းကို လူကြီးတွေအတွက် သပ်သပ်ငှဲ့ချက်ထားလိုက်၊ အန်ကယ်လ် က ခဏခဏ မူးတတ်တယ်မို့လား"

"မနက်က အန်တီ ထမင်းသိပ်မစားဘူး၊ နင့်ဟာ ဆီပြန်တွေချည်းပါလား မိညို၊ သွား .. ကြက်သွန်လှီးလိုက်၊ ရေတ်သီးစိမ်းလေးပါ ပါးပါးညှပ်ထား၊ ရှောက်သီးသုပ်လေးနဲ့ ကြာစံဟင်းခါး လုပ်ရအောင်၊ မှိုတွေ အများကြီး မစိမ်နဲ့.."

စသဖြင့် ဒီအသံလေးတွေက ကွယ်ရာမှာ သူမရဲ့ စေတနာ အမှန်အတိုင်း ထွက်ပေါ်လာတာတွေပါ..၊

ကိုယ့်မှာ သားတွေချည်းပဲ မွေးထားတော့ သမီးတစ်ယောက်ရဲ့ ဤကဲ့သို့ နွေးထွေးသော သိတတ်မှုလေးတွေကို မက်မောမိသည်။ ရမက် မြူ ဆိုသည့် မိန်းကလေးဟာ လှပတင့်တယ်သလောက် နူးညံ့ရှည်နှဲ့သည်၊ သားငယ်နဲ့ မျက်နှာချင်းမဆိုင်ဖြစ်သမျှ သူမက ဒီအတိုင်း..၊

"ကဲ .. မင်း ဒီကို လာပါဦး၊ ဖုန်းဆိုင်ထိုင်ဖို့ကိစ္စ မင့်သား လက်မခံဘူး၊ ဘယ်လိုလုပ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးဘုန်းသာ ပြောလိုက်မှ မြေးလေးကို ပွေ့ချီလိုက်ပြီး ဆိုဖာမှာ ထိုင်ဖြစ်၏။ မြတ်ဖြူလေး၏ မျက်ဝန်းတွေက ဘုန်းမီးနေ မျက်နှာထက်မှာ စူးစိုက်ကျရောက်နေ၏။

ဒီကလေးဟာ သူ့ကို မခေါ်မပြောဘဲနေတဲ့သူမို့ တမင် စွဲမြဲ မှတ်သားထားသလား မသိ..၊ ဘုန်းမီးနေ ကို မြင်လိုက်တိုင်း မျက်လုံးတွေဝိုင်းနေအောင် လိုက်ကြည့်တတ်၏။ ထောင့်တွေပေါ်နေသည့် မဟာနဖူးကျယ်နှင့် အတိအကျ လေးထောင့်ဆန်သော မျက်နှာ..၊

နားသပ်စပ်တွေ၊ ဂုတ်စပ်တွေမှာ စိမ်းထင်းနေအောင် တိုရှင်းထားသည့် ဆံပင်ပုံက အပေါ်မှာလည်း သိပ်မရှည်..၊

ဖြူဝင်းနေသည့် မျက်နှာတစ်ပြင်လုံးဟာ ဖေဖေနဲ့တူနေပါလျက် မျက်ခုံးကြီးတွေ အမြဲတမ်း တွန့်ကျော့နေသည့်ပုံစံကတော့ မတူပေ..၊

ကလေးဆိုသည့် စိတ်ထဲမှာ ပုံရိပ်နှစ်ခုက တူလိုက် .. မတူလိုက်၊ ပြီးတော့ ဖေဖေက သူမကို အရမ်းချစ်ကာ ဦးကတော့ မချစ်ခဲ့ပါ..၊

ဒါတွေ ဘာကြောင့်ဖြစ်လာသည်မှန်း မသိနပေမယ့် ဦးကို သူမ ခေါ်ချင်နေခဲ့၏။ ဦးဘုန်းသာ သည် စကားပြောနေရင်း မြတ်ဖြူ ထံ မျက်လုံးရောက်သွားသဖြင့် ထိုမျက်ဝန်းလေးတွေကို သတိထားမိသွားသည်။

သားဖြစ်သူကို ကြည့်လိုက်တော့ ဆိုဖာနောက်မှီမှာ လက်တစ်ဖက်ဆန့်တင်ထားကာ မိဘက ပြောသမျှကို ငြင်းပယ်ဖို့ အသင့်ဖြစ်နေသည့်ပုံနှင့်...

"သားက ဘာဖြစ်လို့လဲ..၊ ဖုန်းဆိုင်မှာ ဝန်ထမ်းတွေ သူ့ဟာသူနေရာတကျ ရှိပြီးသားပဲ၊ သားက သွားထိုင်ရုံပဲလေ"

"မထိုင်ချင်ဘူး မေမေ၊ ကိုယ် မကျွမ်းကျင်တဲ့အလုပ်ကို..."

"သားလည်း ဘီအီးနဲ့ ကျောင်းပြီးထားတာပဲကွယ်၊ သားကြီးနဲ့ အတူတူမို့ပဲလား၊ အလုပ်ကို နည်းနည်း အာရုံစိုက်လိုက်တာနဲ့ အဆင်ပြေ





သွားမှာပါ"

ဒီရက်ပိုင်းတွေမှာ ဘုန်းမီးနေ အိမ်မြဲနေသဖြင့် ဒီတိုင်း အမြဲတမ်းဖြစ်သွားအောင်၊ ပြီးတော့ လစ်ဟာသွားသည့်ကွက်လပ်နေရာကိုလည်း နေသားတကျ ဖြစ်သွားအောင်လို့ပါ..၊

ဒါပေမယ့် အိမ်မြဲနေတဲ့သူကလည်း ကိုယ့်စိတ်ကူးနဲ့ ကိုယ်မို့ အလုပ်ဆိုတာတွေကို စိတ်မဝင်စားနိုင်..၊

ဘုန်းမီးနေ က သူ့ကိုချည်း ထိုင်ကြည့်နေသည့် မြတ်ဖြူ ရဲ့ မျက်နှာလေးကို မှုန်ကုတ်ကုတ် တစ်ချက်ကြည့်ပြီး နေရာက ထလိုက်သည်။ ဒေါ်သက်လျာ က မြေးကို ဖက်ထားရင်းကနေ လိုက်မော့ကြည့်ကာ..

"အပြင်ကိုတော့ သွားတာလာတာတွေ လျှော့ပါ သားရယ်၊ ဒါဆိုလည်း မင်းအဖေရဲ့ အလုပ်တွေကို လိုက်ပြီး လေ့လာပါလား"

မတ်တပ်ကနေ ပြန်ငုံ့ကြည့်သည့် ဘုန်းမီးနေ မျက်နှာက ရှုံ့တွတွနှင့်...

"အဲဒါတွေ မပြောပါနဲ့ဦး မေမေ၊ ဘာပြောပြော ခေါင်းခါတယ်ချည်းဖြစ်ရင်လည်း မေမေ စိတ်ညစ်ဦးမယ်၊ ကျွန်တော် ဘာမှကို စိတ်ဝင်စားလို့ မရဘူး"

ညှို့ခန်းထဲကထွက်ခဲ့ပြီး နောက်ဖေးကို တောက်လျှောက် ထွက်ခဲ့သည်။ ခြံထဲအဆင်း လှေကားထစ်တွေကို ရောက်မှ လှေကားတစ်ထစ်ဆင်းပြီး ထိုင်ချလိုက်၏။

ပြီးတော့ လက်ဖျံကဒဏ်ရာကို ကိုင်ကြည့်နေရင်း အပေါ်လက်ပတ်ကို ဖြုတ်လိုက်ကာ အထဲက ပတ်တီးပါးပါးစည်းထားသည့် ဒဏ်ရာကိုဖွင့်ဖို့ အစကိုင်လိုက်မိစဉ် မျက်လုံးထဲမှာ အရိပ်တစ်ရိပ်ကြောင့် လှည့်ကြည့်လိုက်မိ၏။

ဘုန်းမြတ်ဖြူ ..

အပြင်က ပြန်လာပြီး ခြေအိတ်အဖြူဖြူလေးတောင် မချွတ်ရသေး



www.burmeseclassic.com

www.burmeseclassic.com



ပေ၊ နားရွက်ကုပ်ဆံပင်နက်နက်လေးတွေကို အရုပ်ပါသည့် ဘီးကုပ်လေးနဲ့ သိမ်းထိုးထားသဖြင့် မျက်နှာ ဝိုင်းဝိုင်းပြည့်ပြည့်လေးက ထင်းနေသည်။

အဝါရောင်ဂါဝန်စလေးကို ပေကျံမှာစိုးသလို ခါးစပ်နားထိ စုလုံးကိုင်လိုက်ပြီးမှ သူ့ဘေးမှာ လာထိုင်သည်။

ဒဏ်ရာကို လူမမြင်အောင် ဖွင့်ဖို့ ကြိုးစားကာမှ အနားမှာ လာထိုင်တော့ စိတ်တိုသွားသည်။

"ဘာလာလုပ်တာလဲ"

ပြုံးနေသည့်မျက်နှာလေးကမှာည်ခနဲ ဖြစ်သွား၏။ ပြီးတော့ ခေါင်းခါလိုက်တာ ဆံပင်အဖျားလေးတွေ တလှုပ်လှုပ် ခါသွား၏။

ဘာမှထပ်မပြောချင်တော့ဘဲ ဒဏ်ရာရှိသည့်လက်ကို ခပ်လွဲလွဲ နှိမ့်လိုက်တာ ချည်ထားသည့်ကြိုးစကို ဖြည်သည်။

လက်ထစ်ဖက်တည်း လုပ်နေရသည့်ပြင် လွဲချထားရသည့် အနေအထားကြောင့် လုပ်နေရတာ အဆင်မပြေ..၊ ထို့ပြင် ကလေးပေါင်အိနဲ့လေး နီးကပ်စွာရှိလာသဖြင့် လှည့်ကြည့်လိုက်တော့ ကုန်းကုန်းကွကွလေး ဖြစ်အောင် လိုက်ကြည့်နေသည့် မျက်နှာလေးနှင့် တိုက်မိတော့မတတ်..၊

"ဘာလိုက်ကြည့်တာလဲ..၊ ကလေးဖြစ်ပြီး စပ်စပ်စုစု"

မြတ်ဖြူ က ကိုယ်လေး မတ်လိုက်ကာ လုံးချောလက်ဖွပ်လေး ဝတ်ထားသည့် လက်ချောင်းဖောင်းဖောင်းလေးတွေကို နှုတ်ခမ်းရှေ့မှာ ကာကွယ်သလို ကပ်လိုက်ပြီး..

"စပ်စုတာ မဟုတ်ပါဘူး၊ မီးမီးက ဦးကို ဝိုင်းကူမလို့"

"ဘာဝိုင်းကူမှာလဲ .. ဘာလုပ်တတ်လို့လဲ၊ သွား .. ဝေးဝေး သွားနေ.."

နှုတ်ခမ်းမှာ ကပ်ထားသည့် လက်ကလေးက လက်ပိုက်လေး ပြောင်းသွားကာ နောက်ကို ခြေတစ်လှမ်းဆုတ်၏။





ထွက်တော့ မသွားခဲ့ပေ..၊

ထို့ပြင် သူ အလုပ်လုပ်နေတာကို နေရာ မရွှေ့ဘဲ လည်ပင်းလေး ရှည်ကြည့်လိုက်၊ သူ လှုပ်လိုက်တာနဲ့ ငြိမ်ငြိမ်သက်သက်လေး ပြန်ဖြစ်သွားလိုက်..၊

လှည့်မကြည့်တော့ဘဲ နေပေမယ့် မြတ်ဖြူ လုပ်နေတာတွေကို သူ သိနေသည်။ ထိုစဉ် ရမက် ၏ ခေါ်သံနှင့်အတူ...

"သမီး .. မီးမီး ဘာလုပ်နေတာလဲ၊ လာ .. ဒီကိုလာ .."

"မေမေ .. ဒီမှာ မီးမီး"

"မလိုချင်ဘူး၊ မေမေ ခေါ်နေတာ ခုလာလိုက်၊ မီးမီး ကြားရဲ့လား"

ဘယ်နေရာကနေ လှမ်းခေါ်နေသည် မသိ..၊

ဘုန်းမီးနေ တင်းခနဲ အံကြိတ်၍ မော့ကြည့်လိုက်၏။ ထိုအခါကျမှ မြတ်ဖြူ ကိုယ်လေး တွန့်သွားကာ ပြန်လှည့်ပြေးသွား၏။

"တောက်.."

တစ်ယောက်တည်း အံကြိတ်ရင်း တက်ခေါက်လိုက်မိပြီး ပတ်တီးစကို လွှဲပေါက်ပစ်လိုက်မိသည်။

ဆိုင်ကယ်လ်မှောက်စဉ်က ဘာနဲ့ ထိရှခဲ့မှန်း မသိပေမယ့် ဒဏ်ရာက သေးသေးကွေးကွေး မဟုတ်ပေ..၊ဒါပေမယ့် ဒဏ်ရာထက် ပိုနာတာက ရမက်ဖြူ ၏ခေါ်သံ ဖြစ်သည်။

အဲဒါ ဟိုကောင်စုတ်မလေးကြောင့်..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၀ ]

ခလိုရှပ်အဖြူပေါ်မှာ လေယ်သာကုတ် ရွှေအိုရောင်ကို ထပ်ဝတ်လိုက်ပြီး လက်ဖဝါးလွှတ်၍ လက်ကောက်ဝတ်နဲ့ လက်ချောင်းတွေပေါ်မှာပဲ လက်ဖုတ်တွေ တပ်လိုက်သည်။

ရှားရောင်ဘဇာကို မျှားနေသည့် ကော်ဖီရောင်ရင့်ရင့် သေခင်းဘီ ရှည်နှင့် ဖြီးစရာသိပ်မလိုသည့် ဆံပင်တိုတိုကို ဘီးနဲ့ တစ်ချက် နှစ်ချက် သပ်၍ လက်နဲ့ဖိရင်း အပြင်ထွက်ခဲ့၏။

"သားငယ် အပြင်သွားမလို့လား"

မေမေက မြတ်ဖြူ လေးကို လက်ဆွဲထွက်လာရင်း လှမ်းမေး၏။

"ဒါဆို မင်းအဖေကို လိုက်ပို့ပေးလိုက်ပါလား သားရယ်၊ ဒီနေ့ သိပ်နေမကောင်းဘူးလို့ ပြောတယ်၊ ကားမမောင်းနိုင်မှာစိုးလို့"

"အဲဒီလောက် ဖြစ်နေတာကို အလုပ်လုပ်ခိုင်းမလို့လား မေမေ၊ အိမ်မှာပဲ နားပစေပေါ့"

ပြောပြီး ပြန်ဖြေတာကိုလည်း မစောင့်ဘဲ ဖိနပ်ချွတ်မှာ ဖိနပ်တွေ ရွေးနေ၏။ သူ့ကိုပဲ ပြန်တောင်းပန်ရတော့မလိုပါလား..၊





ဒေါ်သက်လျှာ သက်ပြင်းချလိုက်မိ၏။

အလုပ်ထဲကို ပါသွားတဲ့အဆင့်ထိရောက်ဖို့ ဘယ်လိုကြိုးစားကြည့်လို့မှ မအောင်မြင်..၊

စက်ရုံကြီးဆိုတော့လည်း အသက်ကြီးပြီဖြစ်သည့် ဖအေကို မလုပ်စေချင်တော့ပါ။ ရုံးခန်းထဲမှာနေတာပေမယ့် စက်ရုံထဲ သွားလာ စစ်ဆေးရတာတွေ ရှိသည်။

ဘာဖြစ်ဖြစ် တစ်ရက်တစ်ခေါက်၊ နှစ်ရက်တစ်ခေါက်တော့ ဝင်ထွက်နေရမှာပဲ ဖြစ်၏။ အနံ့အသက်တွေရဲ့ အန္တရာယ်၊ စက်ရုံထဲမှာ လျှပ်တစ်ပြက်ဖြစ်တတ်တဲ့ အန္တရာယ်တွေ..၊

ဒါတွေကို လူကြီးတစ်ယောက်အနေဖြင့် ရှောင်ရှားသင့်ပြီ ထင်၏။ တခြားကုမ္ပဏီအလုပ်တွေ ပြောင်းပါလားဆိုတော့လည်း ဒါပဲ ဝါသနာပါသည်၊ ဒါပဲ လုပ်မည်ဆိုပြီး ပြောလို့မရ..၊

သားကြီး ကျတော့လည်း မိန်းမရပြီဆိုတာနှင့် ကိုယ်ပိုင် မိုဘိုင်းဆိုင်တာ ထောင်ခဲ့၏။ တခြား ဝါသနာမပါတာတွေ မလုပ်ချင်ပါဟု ဆိုသည်။

ဒီသားကျတော့ ဝါသနာပါတာ မပါတာ ဘာမှကို မရှိဘဲ ဘာမှ မလုပ်ချင်တာကို ခိုင်းလို့ကို မရပေ..၊

သားအဖတွေ တစ်စိတ်တည်း တစ်ဝမ်းတည်း မဖြစ်ကြဘဲ တစ်ဇက်စွန်း တယူသန်ကြတာကျတော့ သားအဖ ပီသပါပေသည်။

သားအမိနှစ်ယောက် ညှိနှိုင်းမရဘဲ တစ်ယောက်တခြား ဖြစ်သွားကြစဉ်မှာ မြတ်ဖြူ က ဒေါ်သက်လျှာ လက်ထဲကနေ ပြေးထွက်သွား၏။

ပြီးတော့ ဝေါလ်ကင်းရှူးတစ်ရံ ဆွဲချပြီး လက်ဖျားနဲ့ခါလိုက်၊ ပဝါပ်နဲ့ ရှုတ်လိုက် လုပ်နေသည့် ဘုန်းမီးနေ နားကို ရောက်သွားကာ..

"မီးမီး ဖိနပ်တိုက်ပေးမယ် ဦး၊ မီးမီးကို ပေး.."



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှာ ဘာရုပ်ရှိလေးကိုင်ထားပြီးဖြစ်ကာ သူ့လက်ထဲက ဖိနပ် ကိုပါ ဆွဲယူသွား၏။

ဒီဖိနပ်ကို ဘာရုပ်ရှိနဲ့တိုက်ရမှန်း သိနေသည့် မြတ်ဖြူ ကို သူ အံ့ဩ ပြီး အမှတ်တမဲ့ ငုံ့ကြည့်နေမိ၏။ ထိုစဉ်...

"ဟယ်!... မီးမီး ကြည့်စမ်း..၊ ဘုန်းမီးနေ.."

အနီရောင်၊ အစိမ်းရောင်ပဲ အဝတ်များသည့် ရမက်ဖြူ က သူ့နား ကို ရောက်လာတိုင်းလည်း အနီရောင်ပဲ ဖြစ်နေတတ်၏။

အနီရောင်ဝတ်စုံနှင့် နှုတ်ခမ်းနီရဲရဲက စူးတောက်နေသည့် မျက်ဝန်း တွေကို အားဖြည့်ထားသလိုရှိလျက်...

"နင် ဘာလုပ်တာလဲ ဘုန်းမီးနေ.."

သူမကို မြင်လိုက်တာနှင့် ဖိနပ်တစ်ဖက်ကို ကိုင်လျက်သားလေး လန့်ဖျန့်ထရပ်လိုက်သည့် မြတ်ဖြူ လက်ထဲက ဖိနပ်ကို လက်တစ်ဖက်နဲ့ လှဲရိုက်ဖြစ်လိုက်၏။

ဖိနပ်တ အရှိန်နှင့်ပြေးထွက်သွားသော်လည်း ဘုန်းမီးနေ က ဖျတ်ခနဲ ဖမ်းထားလိုက်ကာ...

"ဘာလုပ်နေတာမြင်လို့ လာပြောနေတာလဲ"

"နင် ငါ့သမီးကို ဖိနပ်တိုက်ခိုင်းနေတာလေ"

"ခိုင်းနေတာကို အစအဆုံး မြင်သလား.. ကိုယ့်သားသမီးကို ဖြစ် မေး..၊ ကလေးဖြစ်ပြီး စပ်စမိစုစု ဟိုနေရာပါ ဒီနေရာပါ"

ကလေးကို ကြည့်လိုက်ပုံက ရှုရှာစိတ်ပျက်သလိုမျိုး..၊

ရမက်ဖြူ ရင်နင့်သွား၏။ ဒီလို အရိုင်းအစိုင်းကောင်ကို သမီးလေး ခင်တွယ်နေတာကို မသိလို့ မဟုတ်ပေ..၊

ဒါပေမယ့်...

"ဟိတ် .. ပြောလိုက်လေ၊ ဖြူးတိဖြူးကြောင်နဲ့ ဘာလုပ်နေတာလဲ"





ကလေးက မအေကိုကြောက်လို့ လက်လေးပိုက်၍ မော့နေသော သူ့ ရှောင်လိုက်တော့ သူ့ကို မျက်လုံးပြူးလေးနဲ့ မော့ကြည့်၏။ ပြီးတော့...

"မေမေ.."

"မပြောနဲ့ .."

ရမက် က ကလေးပခုံးလေးကို ဆွဲ၍ ဖက်ထားလိုက်ကာ...

"ကလေးဆိုတာ ဒီအရွယ်က သိချင်တတ်ချင်တာပဲ၊ တတ်နေရင်လည်း လုပ်ပြချင်တယ်၊ နေရာတကာ ပါမယ်၊ လူကြီးက တော်တာ မတော်တာကို သိရမှာပေါ့၊ နင့်လိုလူနားကို ကလေး ရောက်သွားတာ ငါ မသိလိုက်လို့ နားလည်လား"

"အေ့ သိပြီဗိုလ်သား နောက် မလာစေနဲ့ ဒီတစ်ခါ ကိုင်ပေါက်ပစ်မှာ"

"ဘာပြောတယ် .. နင် .."

"ထပ်ပြောရမလား.."

"ပြောနေတာ ကြားသေးတယ်၊ နင် လုပ်ရဲသလား .. လုပ်ကြည့် လိုက်စမ်း"

"သမီး .. သမီးနဲ့ သားလေး..၊ နေကြပါဦး .. ဟဲ့ .. မီညို လာစမ်း၊ သူတို့ကို ခေါ်သွား.."

ခေါ်သံကျော အပြေးတစ်ပိုင်းထွက်လာကာ နောက်မှာ မီညို လည်း ပြေးလွှားပါလာ၏။

"သား .. သမီး .."

နှစ်ယောက်ကြားမှာ ရပ်လိုက်ပြီး လက်ရဲ့ ဟိုဘက်ဒီဘက်ကာ ဒီဘက် က ဖြစ်ကာ ဘယ်သူ့ကို အရင်ပြေး ဖျန်ဖြေရမှန်း မသိသေး..၊

"ကိုယ့်ဟာကိုယ်နေတာ လာပြီး ကျိုင်မရှာနဲ့ မင်းထက် ပိုပြီး ရှုံ တတ်တယ်.."



www.burmeseclassic.com

www.burmeseclassic.com



"သွားမယ်..ကိုတော်စမ်း"

ဒေါ်သက်လျှာ အောင့်ရှေ့တော်ပစ်လိုက်တော့ ဘုန်းမီးနေ့ကဲ ရမက်၏ မြူ ကို မျက်တောင်ဖျားတို့ မေးစင်း၍ စူးစိုက်ကြည့်သည်။

တစ်စက်လေးမှ ညှိသက်ရည်မွန်မည့်ပုံ မရှိသော အကြည့်ရိုင်းတို့နှင့် ဖမ်းကိုင်ထားသည့်ဖိနပ်ကို ပစ်ချလိုက်သည်။

"သားတို့ ကလေးရဲ့ရှေ့မှာ ဘာဖြစ်လို့ ဒီလောက် ပေါက်ကွဲနေကြတာလဲဟင်၊ လူကြီးတွေရဲ့ဂုဏ်ကို ကလေး ခံစားမိသွားအောင် ဘာဖြစ်လို့ မဆင်ခြင်ကြတာလဲ"

"သားတို့လို ဘာဖြစ်လို့ ပြောနေတာလဲ၊ ကျွန်တော့်ကလေး မဟုတ်ဘူး။ ဆင်ခြင်ရမှာ ဘယ်သူလဲ.."

"ဘာပြောလိုက်တယ်..၊ အဲဒါ မင်းရဲ့ အစ်ကိုအ မွေးစားမင်းရဲ့ တူမလေး"

"အစ်ကိုနဲ့ စပ်ထားလို့ တူမ တော်ချင်တော်မယ်၊ အဲဒါ သူ့ မွေးထားတဲ့ ကလေး.. သူနဲ့ပဲ ဆိုင်တယ်၊ ဒီလိုတွေ လာမဖြစ်စေချင်ရင် ကျွန်တော့် နား မလာစေနဲ့"

"ကြည့်စမ်း.."

ထွက်သွားသည့် ကျောပြင်ကို တအံ့တသြငေးရင်း ရှိုက်လိုက်ရ လို့ ရင်ထဲမှာ ညည်းညူမိသည်။

အားတခါးပိတ်သံ၊ စက်နှိုးသွားသည့်အသံတွေက လူကို ဖြတ်ကြိတ်သွားသလို ခံစားလိုက်ရ၏။

ကိုယ့်သားကိုမှ မပြောနိုင်မနိုင်တဲ့ စိတ်မှန်ကို အယ်လို ခုံး မပျောင်းဖျ ရမလဲ.. ဒေါ်သက်လျှာ မျက်ရည်တွေ လည်လာစေတဲ့ အဖြစ် စိတ်ထိခိုက်သွားခဲ့၏။

"ဘုန်းရိပ်" စံအိမ်ကြီးရဲ့ အစဉ်အဆက်တိုင်းမှာ ဒီလို အရွေးခံမျိုး





ခဲ့ဘူးပါ။ ကိုယ့်လက်ထက်ကျမှ အရှက်ရသော အကြောင်းကြောင့် သားကို အလိုလိုက်ခဲ့မိသည်။ ခွင့်လွှတ်ထားခဲ့ရသည်။

သားလေးရဲ့ ကျန်းမာရေး၊ စိတ်ဓာတ်မဖောက်ပြားရေးအတွက် လိုက်လျောခဲ့ရသမျှ ပြန်လည် ပေးဆပ်လာခဲ့ရတာတွေ နည်းသလား..၊

ရမက် ၏ ပင့်သက်ရှိုက်သံ ကြားလိုက်ရမှ ဒေါ်သက်လျှာ သတိ ရလာသည်။

မျက်ရည်တွေ ပြည့်နေပြီဖြစ်သည့် ကိုယ့်မျက်လုံးကြောင့် ရွေးမ ဖြစ်သူကို မကြည့်မိအောင် မျက်လွှာချထားလျက်နှင့်...

"အန်တီ တောင်းပန်ပါတယ် သမီးရယ်၊ အန်တီ သမီးကို ဘယ်လို အားမျိုးနဲ့ ဆက်ပြောရမယ်မှန်းလည်း မသိတော့ဘူး.."

ပြောနေရင်း ငိုသံတွေ ပါလာကာ...

"ပြောချင်တာကလေ မြေးကို ငဲ့ပါကွယ်၊ မြေးလေးခမျာ သူ့အဖေ အာဝရ ပြန်မလာနိုင်တော့ဘူးဆိုတာ မသိရှာဘဲနဲ့တောင် သူ့အဖေနဲ့ ဆင်ဆင်တူတဲ့လူကို မသိစိတ်လေးက စွဲလမ်းခင်တွယ်နေရှာတာ၊ သား အတွက် အန်တီ အစကနေ မပြီးဆုံးခင်အချိန်တွေထိ တောင်းပန်ပါတယ်၊ သမီးတို့သားအမိအပေါ်မှာ အန်တီတို့ ကြွေးတွေ အများကြီးတင်နေပြီကို သည်း မသိလို့ မဟုတ်ပါဘူး။ အဲဒါကြောင့်..."

"ဒီလိုမပြောပါနဲ့ အန်တီ၊ ကိုကို ရမက် ချစ်လို့ လက်ထပ်ခဲ့တာပါ၊ အမြဲ အတူတူနေဖို့ ရမက် ကိုယ်တိုင် သဘောတူပြီး လိုက်ခဲ့တာ၊ အဆိုး တွေ ဖြစ်လာတာကတော့ ရမက် ရဲ့ ကံအကြောင်းနဲ့လည်း ဆိုင်ပါတယ်၊ ခံစမယ့် ကံကို လွှဲချ ဖြေသိမ့်ရင်းနဲ့ပဲ သူ့ကိုမြင်လိုက်ရင် သူ့ကြောင့်ဆိုတဲ့ အစွဲအလမ်းက ပေါ်လာနေတုန်းပဲ.."

"အဲဒါ သမီး မမှားပါဘူး။ သမီး ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမလေး ဖြစ်ခဲ့ရတာ၊ အန်တီတို့မိသားစုကြောင့်လို့ လွှဲချလိုက်ပါ၊ အန်တီတို့



www.burmeseclassic.com

www.burmeseclassic.com



မြို့ကြီး တွေ့ရဖူးလေ့ရှိပါရောတော့မယ်၊ သာသာထိန်ထိန်ကြည့်မြင်ရမြင် တခြား အကြောင်း တစ်ခုခု ရှိလာလို့မြှင်မလေ 'ဗုန်းဆို'ဖယ်ဆိတ်ကာနေ ဘယ်တို့ရ တွက်မသွားပါ နဲ့နော်"

တွေ့ရလေမျှဖွင့်တယ်ဆိုတော့ ရယ်လိုက်ချင်သည်။ ဒါလေပေမယ့် စဉ်းသုံးသုံးလေးလောက် ပြုံးနိုင်ရုံး ရှိခဲ့လေ...။

ငှက်ကလေးလေးတစ်ကောင်ကို ချစ်သို့ လှောင်ထိန်းခဲ့ထဲ တည့်မိတ်ထား ဒါတယ်ဆိုရင် အချစ်ရဲ့ပါလာသလိုပြီး ငှက်ကလေး လွှတ်နေနိုင်မလေး...။

ကိုယ်က ငှက်တစ်ကောင်သည်း မဟုတ်...။





## အခန်း ( ၁၀ )

"နှင့်ကြောင့် ပါတော့ ဆိုင်ရှင့်ရဲ့ နောက်ကျတော့မယ် မွေး ရယ်..."

"အမယ် ... ဝါလည်း ရှာ သွားရှာပါရော်၊ သွားတွေ့ကိုချည်းပဲ ဒါ ပြေးပြေးလာနေတာကျတော့ အသံတွေကတွေ့ ဒါက တစ်ခါတလေပဲ ပေါ်တာ"

မွေး ပြုံးပြီးရုန်တွေ့ တော့ ရုတက် ရယ်လိုက်မိသည်။ ဒီနေ့က ဆိုင် ပိတ်ရက် ဖြစ်သည်။ ဘေးရွှေတွေလုပ်စရာရှိနေသဖြင့် အလုပ်လုပ်ရင်း ရောက်တော့ ဆိုင်ရှင့်အကြိုမိတ်တူသာခဲ့ ကိုယ်တစ်ယောက်တည်း ရယ်...။

"အမယ်... ဒါလေလေတော့ တုန်ဆောင် သောက်လိုက်ပါဦး မိန်းမရယ်၊ ဂိုမှာ အဒီလောက် ထလိုက်တော်လို့ လုပ်ရအောင် ဘယ်စနစ်ရှာကို ကြောက်နေရလို့လဲ"

တစ်ဝက်ခဲ့ ကျသေသသည့် နာရီသီချင်းကို ပြောင်းပြ မွေး က နမြဲဘာသာစွာ ပြောဆို အချုပ်ကြီးတစ်သည့် ရုက် က အအေးဆိုင် ဝိုင်ပြီးစီ နာရီသီအဲ လောက်တတွေများသည်း

www.burmeseclassic.com

www.burmeseclassic.com



သ်ပရာရည်ကျတော့ အိမ်မှာ ကိုယ့်ဟာကိုယ် ဖျော်သောက်ရတာ ပိုကောင်းတယ်တဲ့..၊

"မရှင်းပါနဲ့ဦး၊ စကားက မပြတ်သေးဘဲနဲ့"

ရမက် က ပိုက်ဆံအိတ် တကိုင်ကိုင်၊ နွေး က အိတ်ကို ပြန်တွန်း ကာ ရှိသေးသည့် ဆွဲခြင်းလေးကိုပါ ဘေးကိုရွှေ့၍..

"နင့်အမေကလည်း ပြန်သွားတာ မြန်လိုက်တာ.."

"မေမေက ဌါ့ဆီမှာ ဘယ်တုန်းက အကြာကြီးနေလို့လဲ"

"မဟုတ်ဘူးလေ..၊ အခုက နင့်ယောက်ျားဆုံးပြီးတာ သိပ်မကြာ သေးတော့ နင်တစ်ယောက်တည်း မရင်းနှီးတဲ့သူတွေကြားထဲမှာ.."

"ရင်းနှီးပါတယ် နွေး ရယ်..၊ အန်တီတို့က ဌါ့ကို ဂရုစိုက်ကြပါတယ် ချစ်လည်း ချစ်တယ်"

"နင်ရှာရော.."

"ဒါတောလည်း ခင်ပါတယ်။ သူတို့တွေက မျိုးနွယ်ရိုးနဲ့ တစ်ခြမ်းမှာ နေခဲ့ကြတဲ့သူတွေပါ၊ လူမဆန်လောက်အောင် ရိုင်းတဲ့ ဟိုတစ်ယောက် ကမှတော့ စုန်ပြုံးပါတော့ ...နေမှာပေါ့"

ရမက် က ပြန်ပြုံးပြနေရင်း ထနေ စိတ်ပြောင်းသွားမှာလို့ အိတ်ထဲ ... ပြန်တင်ကာ ... ပြန်ထိုင်လိုက်၏။

"ဟဲ့ .. ဘုန်းမိုးနေ က နင့်ကျမှ ရိုင်းတာ မဟုတ်ဘူးနော် ... အရမ်းစိတ်ဆင်းရဲနေရှာ ... ပါ ... လေ ... နေရှာ ... အိမ်တည် ... ဝိုသိပါတယ်"

နွေး က ပုံသွင်းထားသည့် သူမရဲ့ စတက်ဆံပင်...၊ ... တစ်ဖက်နဲ့ ... ရင်ဘတ်ပေါ်အော ... ရှေ့ ကို တိုးလိုက်၏။

"ဒါပါ ... အဲဒါ ... ဆိုက်ကြည့်ပြီးမှ ... "





... ရှိသေးတယ် သိလား..၊ မယုံရင်မှ အရိုး ... အောင် ရိုက်ရိုက်တော့ မသိဘူး၊ သူ တစ်ခါမှ ညာညာတာတာ ဆက်ဆံတာ မရှိဘဲနဲ့ ကြိုက်ကို ကြိုက်နေတာတဲ့"

"အဲဒါ နင်က အထင်ကြီးလို့လား .. အကျင့်မကောင်းတာ မြင်မှ မမြင်ရတာ၊ ဒီခေတ်မှာ ဒီလိုမိန်းမျိုးကိုလှ အထင်ကြီးမှာပေါ့"

"အထင်ကြီးစရာလား ရမက် ရယ် ..၊ အညွှန်းလို့ ပြောနေတာ၊ ဒါပေမဲ့ သူက ... ဝါသိုင်လာနဲ့တော့ တော်တော်တွေတာပဲ၊ ထောင် ... မင်းသားလေ၊ မိုက်ကယ်လ်..."

မိုက်ကယ်လ်တွေ ဘာတွေလည်း ရမက် မသိပါ၊ ... နဲ့ ... လေး ... ကြည့်ဖြစ်သည်။

နွေး လို အချိန်အားတာနဲ့ ... လိုင်းပေါင်းစုံက ... ကြည့်တဲ့သူမဟုတ်တော့ နိုင်ငံခြားမပြောနဲ့ မြန်မာမင်းသား၊ မင်းသမီးတွေတောင် သိပ်ဂုဏ်အောင် မသိ..၊ နွေး ကတော့ အမြဲတမ်း ... ကြည့်လို့ရသည့် ... တွေ လည်း မလွတ်..၊

"ဒီကောင် ရုပ်ဆိုးဆိုးတော့ ထားဖူးပုံ မပေါ်ဘူး"

"နင် တော်တော် စိတ်ဝင်စားနေတာပဲ နွေး"

"ဟဲ့ .. ငါက ... တာ မဟုတ်ဘူး၊ နင့်ကြောင့် ... စဉ်းစား နေတာ"

"... ဘာ!..."

"အမလေး ဖြည်းဖြည်း အော်ပါ"

ရမက် ... ရှိနေဖြစ်သွားတော့ နွေး က ... ကာ..

"... ဒီက ပြောလို့ပြီးသေးဘူး ... တလုလု ..."

www.burmeseclassic.com

www.burmeseclassic.com



"မဆုံးသေးရင်လှည်း ဆုံးလိုက်တော့၊ တခြားခေါင်းစဉ် ပြောင်းပြော"

"နေဦးလေ..၊ နင် ရောက်လာရင် နေ့စဉ်နဲ့အမျှ စိတ်ဆင်းရဲနေရတာ၊ သူ့အကြောင်းတွေက တောသဲ မဟုတ်ဘူးလား။ ဒီကောင် ရည်းစားထားပြီး ချစ်တတ်ခင်တတ်ဖြစ်သွားရင် ဒီ့ထက်တော့ နည်းသွားမှာပဲ"

"နည်းတော့ ဘာလုပ်ရမှာလဲ"

"ကလေးအတွက် စိတ်မညစ်ရဘူးပေါ့၊ ကလေးက သူ့ကိုပဲ.."

"တော်ပါဟာ..၊ ဒါက ဒေါသဖြစ်နေရတာပဲ ရှိတယ်၊ ဒီကောင်မျိုးနဲ့ ငါ့သမီး မရင်းနှီးသေး ကောင်းလေသဲ"

"ဒါက နင့်ရဲ့အမုန်းတွေလေ၊ နင်တို့ချင်းက အချိုးတူအမုန်းတွေ ရှိကြပေမယ့် ကလေးက ဘာမှနားလည်တာ မဟုတ်ဘူး၊ နင့်ရဲ့ မခေါ်စေမယ့် သူ့ကိုခေါ်မှာပဲထင်ပြီး အခု အနားသွားကပ်နေတာမို့လား။ ကလေးကို နင်ပဲငဆ ပြောလွှတ်လိုက်တော့ နင် ဝမ်းသာနိုင်လား"

ရမက် အသံတိတ်သွား၏။ နွေး နဲ့ဆုံဖြစ်တာနှင့် အိမ်မှာ ဖြစ်သမျှတွေကို ပြောပြနေမိတာမို့ ဖြစ်နေသမျှတွေ နွေး အကုန်လုံး သိနေခဲ့၏။

"နင်က ဘယ်လိုပဲ ကင်းအောင်နေနေ ရတယ်၊ ကလေးနဲ့ သူ့ကို မတော်ချင်လို့ မရဘူးလေ"

"ဟွန်း .. ရလို့ပဲ၊ ငါ့သမီးကို သူက တိုင်ပေါက်ဦးမတဲ့"

ဟိုနေ့က ပြဿနာကို သတိရတာ ရမက် နှုတ်ခမ်းလေး မဲ့နေ၏။

"သူသာ ငါ့သမီးကို တစ်ခုခု လုပ်လိုက်ကြည့်၊ အသက်ချင်း လဲရပစေ"

ကြိမ်းဝါးနေတာကို နားထောင်ပြီး နွေး က သက်ပြင်းချ၏။

"သူ့ တကယ် [illegible]သေးသရွေ့ ဒီလိုလုပ်မယ့်သူလို့ သတ်မှတ်လို့ မရသေးဘူး ရမက်၊ [illegible]ရိုင်းတဲ့စိတ်ရှိနေတော့ မဆင်မခြင် ပြောမှာပဲ၊





သူ့အစ်ကို သေသွားတာတောင် 'အနေအထိုင်မတတ်တာတို့'လို့ ပြောသေးတာမို့လား။ ဘာပဲဖြစ်ဖြစ် ရိုက်ရိုက်ချင်း ရိုက်မိတာ၊ တစ်ဖက်က ပြောင်းသွားရင် မရိုက်တော့ဘူး။ အခု နင်က သူ့ကို မကျေနပ်နိုင်ဘူး၊ သူက ဂရုစိုက်တဲ့ ဖြစ်ရှိတယ်၊ နင့်မှာ ဒေါသတွေ၊ အနိုင်မရှိနိုင်တဲ့ ဇောသာတွေနဲ့ ဘယ်လောက် ဝင်ဝန်းလဲ၊ သူ့ဘက်က ပြီးရောက်သွားခဲ့ရင် နင် ကျေနပ်တာ မကျေနပ်တာက လမ်းကြောင်းတစ်ခုဖြစ်ပဲ ကျန်မှာ ခံစားရတာ တစ်ဝက်သက်သာတာပေါ့"

"ရွှတ်!.."

နားမထောင်ချင်တော့သလို ရမက် မျက်နှာမဲ့ပစ်၏။

"ဒေါသနောက်ထားပြီး နားထောင်ဦး။ ကိုမြတ်ထွဋ် ဖြစ်သွားတဲ့ ပြဿနာကလည်း ဘုန်းမိုးနေ ကို သူတို့ မလှုပ်ရှိရလို့ ပဲ့မှာကို လိုက်မသွားခဲ့ဘဲ တာဝင်တာကော အိမ်ကို သတင်းရောက်အောင် ပို့တာတဲ့"

ရမက် မျက်နှာလေးတွေ တွန့်ကုတ်လျက် စိတ်ဝင်တစား နားထောင်တာမြင့် နွေး က ဆက်ပြောသွားကာ..

"ကိုမြတ်ထွဋ် က သူညီနဲ့တက်သက်တိုင်း ကြည့်မနေနိုင်တာကို ဒီထားလိုပေါ့၊ အဲဒါကြောင့် ဘုန်းမိုးနေ ကျိုဘုန်း တခင်မှိုက်ပြီး ငွေချစ်တာ.."

"နင်က ဒီလောက်တောင် ဘာဖြစ်လို့ သိနေတာလဲ"

"ရမက် ရယ် .. ဒါ လူသတ်မှုမှာ နင်တို့က ဖြည့်နှုံးသေချာနေသယ် 'ဘုန်းနေ့ ဖြစ်သွားတဲ့ကိစ္စကြီး စုံစမ်းရတာ စော်ပုံလေးလေး၊ တစ်ခု တော့ ရှိတာပေါ့ လူသိများသွားတာက ကိုမြတ်ထွဋ် က ထိုင်းနိုင် ငြိမ်းတာပြဿနာတစ်ခုရှိနဲ့ ငွေညှစ်ခံရတာလို့လို့ ကြားထဲက ဘုန်းမိုးနေ နာမည် ထွက်မလာခဲ့ဘူး၊ ငါ့ကို အတွင်းရေး ပြောပြတဲ့လူက သူ့ထင်တာ ပြောသေးတယ်၊ ဘုန်းမိုးနေ က အစ်ကိုအခံလောက်လုံး



www.burmeseclassic.com

www.burmeseclassic.com



[illegible]ကို ငြိမ်နေမှာ မဟုတ်ဘူးတဲ့ အမှတ်တမဲ့ [illegible]

“[illegible] ဘာရယ် [illegible]

[illegible]

“[illegible] ဖြစ်သွားမှာပေါ့”

[illegible] လေးကို [illegible]

[illegible]

“ငါ့ကို ဒေါသဖြစ်ပါနဲ့ ရမက် ရယ်။ ငါက [illegible]

ကိုယ့်နေရာကိုယ်နေရင်း သင့်မြတ်ပြေလည်သွားစေချင်တယ်၊ အထူး

သဖြင့် [illegible]

[illegible] ငါ ထင်တယ်”

“[illegible] သွားမယ်”

“[illegible]

[illegible]

သွားမှ အားလုံးဘေးမှာ [illegible]

[illegible] ကြင်ကြင်နာနာ

[illegible]

“ကဲ .. သွားမယ်ဟာ”

ဘယ်[illegible] စဝ်ဝိတ်

[illegible] ပြောချင်လို့ ဒီမှာ

[illegible]

[illegible]

[illegible] ကို

[illegible] ရမက် ကို

[illegible]





“အံ့မယ် [illegible] ပါလား၊

တလေး အမေသာဆိုတယ် နင့်ကို ငါ လိုက်[illegible] ရယ်၊

[illegible]”

ရမက် က ရယ်လိုက်ရင်း လှည့်ကြည့်ကာ..

“ဘယ်လိုလုပ် မီမှာလဲ၊ အရုပ်တို့က [illegible] နိမ့်နေ

တာ”

“မှတ်ပါတယ်၊ [illegible]”

ပြောလိုက်ပုံကြောင့် ပလက်ဖောင်းအတိုင်း လျှောက်[illegible]ရင်း ရယ်

မိကြသည်။ ရမက် က သူလိုလည်း ဘောင်းဘီအရှည်၊ အရှည်[illegible] မဝတ်

တော့ဘဲ စကက်ရှည်နဲ့ အင်္ကျီကို ဒီဇိုင်းအမျိုးမျိုးနှင့် [illegible]

လေး ဝတ်လာသည်။

[illegible] ရှိတာပါ၊

ဒါပေမယ့် သူမလို မျက်နှာပေါ [illegible]

[illegible]

ရှေ့နှင့် ဘေးဆံပင်တွေကို သိမ်းတင်ပြီး [illegible]

မျိုးနှင့် [illegible] ဆံပင်

တွေက [illegible]

သိပ်လည်း မဆန်း...၊

ဝတ်တော့လည်း ရမက် က အရောင်ရင့်[illegible] သည်။

အရောင်မပါ [illegible]

ထို့ကြောင့် သွယ်လျ[illegible]

[illegible]

“နေ့ [illegible] လဲ”

“နင့်ကိုယ်လုံးကို [illegible]

www.burmeseclassic.com



"ဒုက္ခပဲ .. မိန်းမ ကောက်ချားများ လိုချင်နေပြီလား မသိဘူး မိသောက်ထုချင်နေတာ"

ရွှေ က ရောက်လာနေ ရှေ့တက်မလာဘဲ ဘာကို သဘောကျသွား မှန်း မသိ..။

"အဟွန်း .. ဒါ စဉ်းစားနေတာပဲ၊ ယောက်ျားလေးတွေက မိန်းကလေးတစ်ယောက်ကို အမြဲရှိန်း အကိုမှန်း ကြည့်လိုက်တာနဲ့ သိတယ် တဲ့၊ သူတို့ ဘယ်နေရာကို ကြည့်တာလဲ မသိဘူးနော်၊ နှင့်ပုံစံဆိုရင်..."

"အား..."

"ဟယ်! .. ရတင် .."

"ဟွန်း .."

ပထော်ဖောင်းအဝင်မှာ လမ်းကူးဖို့ ရှေ့ရှုရောက်နေသည့် ရတင် ခရာ အရှိန်နှင့်တွေ့ လာသည့် ကားတစ်စီးကြောင့် နောက်ဆုတ် ရှောင် လိုက်ရာက ပင်ဆိုင်ရှေ့ လဲကျသွား၏။

ပြီးတော့ ကိုင်လာသည့်ချဲ့ခြင်း ရှော်ကျသွားကာ နမ်းလိမ့်သောက် ထိန့်ရွတ်သွားလေသည်။

စားသောက်ဖို့တည့်ထုလာသည့် ထမင်းချိုင့်နှင့် တော်စီကူတွေ လဲပြိုပ်လဲစပ်ထုန်တာ ဖန်သီးတစ်လုံးက ဘောလုံးတစ်လုံးလို လိမ့်သွား ထား ထယ်ထိ ဆိုနေတော်ရည်မသိ..။

"ရတင် ရတ် .."

ကားကို ဒေါသတကြီး လှမ်းကြည့်မိပေမယ့် ရတင် နာသွားပြီမှန်း သိတော့ ပိုကို ကြောကြော ဘာရုံထောအိုင်..။

ရှေတွေကတည်း ငိုင်းကြည့်နေကြပြီး ကားနံ့ပတိုထိမိမှန်း သိနေလို့ ထား မသိ..၊ ကြည့်မွဲကြည့်ပြီး ထနေကို မထား..။

ထမိသောက်ပဲ ခြေထောက်ပြီး ချဲ့ခြင်းတခြား ချိန်တခြား တစ်ခုစီ



ကျိန်နေတာတွေကို လိုက်ကောက်ပေးတာ...

"ဦးလေး သူ့ကို ထုတိုက်မိပြီး ဘာဖြစ်သွားလဲ မသိဘူး"

"ပုတ်ခါတယ် .. ကျွန်မ ထုနေတာပါ ရတင် မထိုင်ထုတဝေဘာဝ် ဝါးထော် နထွေားလား"

ထုထေးသည့်ထက်ကို ကွန်မျှမင်း ရတင် မျက်နှာလေး ရှုံ့မဲ့နေထာ ... ထောမှာ ရှုံ့ထာတရာ နမ်းနာလုံးကြောင်လင်..၊ ခါးထမောင် ထခြည်း ... ဖြစ်ရတ်သလသည့် ထာနတ်ခိုက် ထုမ်းကြည့်မိလိုက်ရှင်...

"တော်ထယ်..."

ထေးထဲထနေ ခေါင်းထွက်ကြည့်လိုက်သည့်မျက်နှာ..၊ ပြီးတော့ ထခ်ထိုင်ထားထော့ဘဲ ဝေါ်နဲ့ မောင်းထွက်သွား၏။

ထခြေနီရတ်သထားကို ဟိုထုထသည်း ပြင်လိုက်သဖြင့် ထွတ် ... ထော့ ထတ်ခေါက်သည်။

"တော်တော် ရှုပ္ပနေ့လို့တဲ့ ရမှု ကိုထိမိထား ပုတ်ပုတ်မောင် ... သူ ထားအောင်ကြမ်းလို့ ဖြစ်ရတာကို ထကြည့်ထော် ရှေ့တူ"

ရတင် ထိုရွှေ့ ရွှေနဲ့ နစ်ယောက်တူ ထမိုင်ခဲ့သည်။

"ဒုံခြုံမဲ့ထံသယ် .. ဒါ နင့်ကို ထပ်ကျုံ့လေး လိုက်ပို့ရမှာရိုပြီး ... မိတာ ဆိုင်က ထွတ်ကတည်းက ထားရတ်သလှုမှာ..."

မိရေ့ အရှုထနေရာဖြန်ရာ အကြီးအရို ထုင်ဝေးသည်လို့ အထပ်ပြီး ... ဖို ဒေါ်ခုံတော့ နောင်တတွေနဲ့ ရွှေက ညည်းသည်။

ညည်းညူမဖြေတိုင်း သတိထကြည့်မိတော့ ရတင် ထိကြိတ် ... ထ နတ္တင်ထထထထ် ပောက်နိုင်တာကို ခိုမိသွားတော...

"ရတင် .. နင် ထခြစ်ထိုဖြဲပယာ ပိုထောကို ဝေါထထွက်နေရာ ... ရှဲ့ ကိုထိမိထော ပုတ်ထွားကျိုး ... ထဲ့ ... ကြေထနီနေရာရှိုလဲ့ ... ဝါ့ ထေရှိ ထ မိလိုမဲ့သား ဘာမှမိန်ပြီးလော"

ထူထထပ်ရော

www.burmeseclassic.com



သူပဲ မေး၊ သူပဲ ဖြေကာ ရမက်ကို မေးမိ၏။

"နင် ... တော့

ဟာ ..."

ရမက် က သူပြောတာကို စိတ်မဝင်စားဘဲ ...

လမ်းကို ... ကြည့်နေ၏။

... ကြည့်လိုက်သော်။

"...

"အဲဒါ ဟိုသတ္တဝါကောင် .. ဘုန်း..မီး..နေ.."

"...!..."

တိုက်ဆိုင်တာ ... မေးလိုက်တော့ ...

ခဲ့၏။

မုန်းပြီးရင်း မုန်းကြစေလို့များ ကျိန်စာ ... လား..



## အခန်း [ ၁၂ ]

သူ အိမ်ပြန်လာတော့ ဖေဖေလည်း ပြန်ရောက်နေသည်။ နေ့လယ် ... ဆရာဝန်နဲ့ မေမေတို့ စိုးရိမ်တကြီးတွေ့ ပြောဆိုထွက်လာတာ မြင်ရ ... ရှိပ်မိလိုက်၏။

ဖြစ်ကာစမှာ ဆရာဝန်ပြလိုက်ရင် သူ ... အခု ... သွားအောင်သွားပြီလေ၊ သူလည်း ... ခက် ... ၏

"ဒေါက်တာ ... အဘွားလေး ... အထဲမှာ ...

...

"အဲဒါ ... ဆေးစည်းထားတယ် ... ဦးညွှ ... စောင့်ကြည့်လိုက် ... အချိန်မရွေး ကိုကော် ... ရင် ... ဆေးရုံ ... ခဲ့တယ်၊ လိုအပ်ရင်လည်း ဖုန်းဆက်လိုက်ပါ"

"ဟုတ်ကဲ့ပါ ဒေါက်တာ"

... ဘုန်းသာ ... ညည်း ... လာတော့ အနာ ...

www.burmeseclassic.com



ဘုန်းမီးနေ ဝင်လာတာကိုတော့ မျက်မှောင်ကုတ်ကြည့်နေခဲ့ရ ကာ ပြီးမှ…

"နေဦး … ကားမှဖြစ်ရတာ၊ ဒီကားက ဒီတိုင်းပဲ ထားသွားသလား"

"ပွတ်တာမဟုတ်ပါဘူးလို့ ဟိုမိန်းကလေး ပြောသွားတာပဲ အစ်ကို ရယ် … လမ်းပြီး လဲသွားတာတဲ့၊ ခြေထောက်နာနာနဲ့ ကားဆီ ပြန်လျှောက် မရလို့ ပို့ပေးသွားတာ"

အမေးအဖြေတွေကိုကြားကာ လှေကားပေါ် တက်သည့် သူ့ ခြေ လှမ်းတွေ နှေးကျသွား၏။

"တိုက်မိတာ ဟုတ်ဟုတ်မဟုတ်ဟုတ် ဒီမှာ လဲကျ ခဲ့ရာမှ ထောက်အောင်ဖြစ်သွားရင် သူမှာလည်း အပြစ်ရှိတာပဲ၊ ကားကို ဘယ်လို မောင်းလာသလဲမှ မသိတာ"

"ဟုတ်ပနေပါ၊ သူ ကားရပ်ပြီး တင်ခေါ်ခဲ့ရင် ဒီလောက်ဖြစ်မှာ မဟုတ်ဘူး၊ ဒီလောက် တာဝန်မဲ့တဲ့လူတွေလည်း ရှိသေးတယ်၊ ရုပ်ကို သနားပါတယ်၊ တော်တော် နာနေရှာမှာ"

ဒေါ်စန်းဝင်းမြို့ ပြောတာလည်း ဘယ်လိုမှမရလို့ အိမ်ကို ပြန်ပို့ ပေးရသည့်အကြောင်း နေ့ ဆိုသည့်မိန်းကလေး ပြောသွားသည်။

"ခြေလေး သေရော ပြန်သွားပြီလား၊ သွားအမေ ဖြစ်လာတာ သိ သွားလား"

"မသိပါဘူး … ကလေးဆိုရင် လန့်သွားမှာပေါ့ အမေကို နာရီဝက် လောက် နေပေးပါဦးလို့ ပြောထားရတယ်၊ သမီးကို ဝတ်တီးညှော်ထား ပြီးမှ မြင်ရင် တော်သေးတာပေါ့"

"အင်း …"

ဦးတုန်းသာ၏ အင်း..သံကြီးက မကောင်းမသာ..၊ ပြီးတော့ ဘုန်းမီး နေ ဝင်သွားသည့်နောက်ကို လှမ်းကြည့်လိုက်ကာ…





"မင့်သား အဖြင်ပြန်မထွက်စေနဲ့၊ ဒီနေ့ သူကောင်တွေ ဝါ တော်ဝီ ဆိုင်မှာ မြင်ခဲ့တယ်၊ သူတို့က အကြောင်းမရှိဘဲ လူစုတာ ဟုတ်ဘူး"

"တင်!…"

ဒေါ်သက်လျာ စိုးရိမ်သွား၏။ သားတစ်ယောက်ပဲ ရှိတော့ပါသည်။ … ငဲ့ လိုက်ကြည့် ရင်ပူနေရတာ ကျိုးလန့်စာ စားပါလသွး..၊

ဘုန်းမီးနေ အပေါ် ထပ်ကနေ အနက်ရောင်ဝတ်စုံ ပြောင်းသွားပြီး …ဆင်းလာခဲ့၏။ စပို့ရှပ်လည်ဝိုင်းအနက်လက်ရှည်၊ ပြောင်အိနေသည့် …ချိုင်းဖြတ်ခါးတိုနှင့် ဘောင်းဘီရှည်အနက်..၊

လက်ပတ်အနက်နှင့် ခါးပတ်မှာ ချိန်ကွင်းတွေပါနေသည်မှလွဲ၍ …ကိုယ်လုံး နက်မှောင်နေ၏။

ရမက် ကြောင့် မေမေ ဖုန်းဆက်လို့ ဖေဖေ ပြန်လာတာဖြစ်ပုံရကာ …ပြန်သွားပေမယ့် မေမေကတော့ လှေကားအဆင်းကို လှမ်းမြင်နေ …သည့် တတိယမြောက် အတွင်းညှော်ခန်းမှာ တစ်ချိန်လုံး ထိုင်နေခဲ့၏။ ပြန်ထွက်ဖို့ဖြစ်သည့် ခြေလှမ်းတွေကို မေမေ ဒီနားက စောတာဖြတ် …ယ့်အချိန်ထိ သည်းခံ စောင့်ဆိုင်းနေခဲ့ရ၏။

ယို့ကြောင့် စပ်သုတ်သုတ် ပြေးဆင်းခဲ့ပြီး ရေအိမ်ဘက်ကို မဖြစ် …ပြေးခဲ့မိသည်။ အပေါ် ထပ်မှာ ရေမဆင်းတော့သဖြင့် အောက်ထပ် …သာကာမှ …

"တောက်."

တံခါးပိတ်ထားတာမြင်တော့ ဒေါကန်သွားသည်။ ကိုယ်မှာ ဒီ …ထိ အချိန်မရ..၊

"ဒုန်း .."

တံခါးကို တအားထုပစ်လိုက်မိကာ..



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ .. မပြီးသေးဘူးလား"

အဲထဲက အသံတိုတ်နေသဖြင့် ပိုတင်းသွားသည်။ မေမေ ဟို ကောင်မလေးရဲ့ဆရာမနဲ့ စကားပြောနေသံ သူ ကြားခဲ့သည်။ ဒီထဲမှာ မေမေ မဟုတ်..၊

ဟိုတစ်ယောက်က ဒုက္ခိတဖြစ်နေသည်။ ထို့ကြောင့် အထဲမှာ မိညို လား။ အဝေါ်လျှော်တဲ့ မိန်းကလေးတွေလား..၊

သူတို့တွေ ဒီထဲကို လစ်ရင်လစ်သလို ဝင်ကြသည်တဲ့၊ တကယ်ဆို သူတို့အတွက် နေထိုင်စရာ နောက်ဖေးမှာ ရှိပြီးသား..၊

"ဟိတ် .. မေးနေတာ ကြားလား၊ ဘယ်သူလဲ"

ဒုန်း ခနဲ ထပ်ထုကာ အသံက ပိုကျယ်လာ၏။ သူသာ ဒေါကန်နေ ရကာ အထဲမှာတိတ်နေသဖြင့် ဟိုကောင်မလေးတွေ လန့်ဖျန့် ချေးပြန်နေ ပြီတာ သေချာသွားသည်။

ထို့ရင် တံခါးဖွင့်လိုက်သံ ကြားလိုက်ရကာ ညင်ညင်သာသာလေး တံခါးလှပ်သွားပေမယ့် ပွင့်မသွားတော့ စိတ်တိုတို့နှင့် တွန်းပစ်လိုက်၏။

"အား..."

"ဟင်!..."

တံခါးသည် တစ်စုံတရာနှင့် ထိခတ်သလိုဖြစ်သွားကာ လဲပြိုသံနှင့် အော်သံ ကြားလိုက်ရ၏။ သူပင်တာ မှားသွားပြီမှန်း သိလိုက်ကာ ငုံ့ ကြည့်လိုက်တော့ အထဲမှာ ရမက် က ပတ်တီးအဖွေးသားနှင့် ခြေ ထောက်ကိုကိုင်၍ မျက်ရည်ဝေ့ပါ ကျနေ၏။

"မင်း!..."

သူ ရုတ်တရက်တော့ စိတ်မကောင်းဖြစ်သွားသလိုလို အားနာ သလိုလို လက်ပြင်လိုက်ပြီးမှ ရှေ့ကိုလည်း မတိုးဖြစ်ဘဲ...

"ဘာဖြစ်လို့ အသံမပေးဘဲနေလဲ၊ ဒီလောက် မေးနေတာ."





မေးဖြစ်တော့လည်း စိတ်မကောင်းသံနှင့်မဟုတ်ဘဲ အပြစ်တင် သလို ဖေါက်ဆက်ဆက်..၊

"အား..."

နာတာရော ဒီအသံကို ကြားနေ၊ ဒီရုပ်ကို မြင်နေရတာရော အားလုံး ပေါင်းကာ ရမက် အံကြိတ် ညည်းနေမိသည်။

ထရပ်ဖို့မပြောနှင့် ခြေထောက်က ပုံကျပြီးသည့်နေရာကနေ လှုပ် တောင် မလှုပ်နိုင်တော့ပေ..၊

"ကဲ .. ဘာလုပ်မှာလဲ၊ ဒီမှာ လုပ်စရာရှိတယ်"

တွဲထူပေးဖို့လည်း စိတ်ကူးမရှိပေ၊ ထူပေးမယ်ဆိုလည်း ဒီမိန်းမ ခိုသွားမှာကို သိပြီးသား..၊ ထို့ကြောင့် ဒီတိုင်းမေးဖို့အပြင် တခြားမရှိ..၊

"အ .. အား .. ကျွတ် .. ကျွတ် .."

ရမက် က နံရံကို လေးဘက်ထောက်ပုံစံနှင့် ခြေချွတ်တိုက် ရွှေ့ ကာ ကျောကပ်မှီလိုက်ပြီး ထရပ်နိုင်ဖို့ ကြိုးစား၏။

အခြေအနေက ထရပ်နိုင်ရင်တောင် အပြင်ထွက်ဖို့ သူ့ဘာသာ ဖြစ်နိုင်တာ၊ မဖြစ်နိုင်တာတွေ ထား၊ ဒီထဲက သူမ ထွက်သွားဖို့အတွက် အချိန်တွေ သွားပြီ..၊

"ကျွတ်!..."

"ဘုန်းမီးနေ."

"ဘာလဲ."

ဒုက္ခိတက လေသံကတော့ စစ်သူကြီးတွေက ဆရာ ခေါ်သွားနိုင် ထို့ပြင် သူ့ထက် မနိမ့်သော ရုံးရဲပြင်းထန်သည့်မျက်လုံးတွေ လက် တောက်လျှက်...

"နင် ငါ့ရှေ့က ထွက်သွား .. ခု ထွက်သွား .."

"အံမာ .. မင်း နင်ထုတ်တိုင်း သွားရအောင် မင်းကိုယ်ပိုင်း ဘာထင်

www.burmeseclassic.com



နေလို့လဲ"

"နင့်လို လူမဆန်တဲ့ကောင်ထက် အများကြီး သာတယ်၊ လူဖြစ်ပြီး လူစိတ်မရှိတဲ့ သတ္တဝါ."

"ဘာပြောတယ်"

တံခါးကို ဒိုင်းခနဲ ဆောင့်ကန်ပစ်လိုက်ကာ ဘုန်းမီးနေ သူမရှေ့ကို ရောက်သွား၏။ မျက်လုံးတွေ စူးစူးရဲရဲ ခံ့စည်းနေခြင်းသည် နေရောင်မှာ လက်နက်တွေ ပြိုးပြက်လက်နေတာနှင့် တူ၏။

"မင်း လမ်းပေါ်မှာ လဲကျသွားတာကို ဒီတိုင်းထားခဲ့လို့လား၊ ဟွန်း- အဲဒီနေရာမှာ ရမက်ဖြူ ဆိုတဲ့ မိန်းမမှန်း သိလိုက်တဲ့အတွက် ပွဲချင်းပြီး သေသွားရင်တောင် အလောင်းပြန်ကောက်ပေးဖို့ စိတ်မကူးဘူး"

"အဲဒီလို ရိုင်းစိုင်းတဲ့လူဟာ နင်ပဲဆိုတာ နင့်မျက်ခွက်ကြီး ပြန်လှည့်ပြဖို့ မလိုဘူး၊ ငါကလည်း သိပြီးသား၊ နင့်လိုလူဆီက လူနဲ့တူသော အပြုအမူတွေကို အရူးကပဲ တောင့်တမယ်၊ ငါအတွက် မလိုဘူး"

ဘုန်းမီးနေ မျက်နှာ ကွက်ခနဲ ပျက်၏။ မျက်ခုံးနှစ်ဖက် တွန့်ကုတ်သွားလျက် ရမက် ကို စိုက်ကြည့်နေရင်း...

"ဒါဆို မင်းနဲ့ ငါ့အတွက် ကောင်းတတ်တာ၊ မကောင်းတတ်တာ ဗာဟီရတွေ မလိုတော့ဘူး။ အခု အပြင်ထွက်၊ မြန်မြန်နော် .. ငါ မစောင့်နိုင်ဘူး"

သက်သက် ညစ်လိုက်တာမှန်း သိသည်။ နံရံကြွေပြားတွေမှာ ကျောကပ်မှီထားရင်း လွှတ်ထားရသည့်ခြေထောက်ကို ဘယ်လို သယ်မလဲ..၊

"မိညို .. မိညို လာဦး"

ရမက် လှမ်းခေါ် လိုက်တော့ ခါးထောက်လိုက်ပြီး သူက မဲ့သည်။ မိညို က ရောက်မလာ၍ ရေအိမ်ဘက်ကနေ လှမ်းခေါ် တာမျိုး





တော့ မရှိတတ်တာမို့ အားလုံးက အိမ်ရှေ့ အပေါ် ထပ်လိုနေရာမျိုးက ခေါ်သံကိုပဲ နားစွင့်ထားတတ်ကြတာ ဖြစ်သည်။

ပြီးတော့ အိမ်ကြီးက အကျယ်ကြီး..၊

"မိညို .."

အဲကြိတ်နေရင်း ခြေလှမ်းရွှေ့ဖို့ကြိုးစားကာ နောက်ထပ်ခေါ် တော့ ဘုန်းမီးနေ က ခါးထောက်ဖြည်လိုက်ပြီး..

"မစောင့်နိုင်တော့ဘူး၊ အဲဒီတော့ မင်း ဟိုဘက်လှည့်နေလိုက်"

"ဘာပြောတယ် .. နင် .. နင်နော် .."

"မင်းကို ပြောပြီးသား"

"အို!... မလုပ်နဲ့..၊ မိညို..."

သူ တံခါးပိတ်လိုက်တာကို စိတ်တိုတိုနှင့် တအား လှမ်းတွန်းလိုက်တော့ လူက ရှေ့ရောက်ပြီး ခြေထောက်ကမပါဘဲ ဘုန်းမီးနေ ရင်ခွင်ထဲ တစ်ကိုယ်လုံး ပြိုကျသွားလေသည်။

"ဖယ် .. လွှတ် .. ငါ့အသားကို မထိနဲ့"

"ဘယ်သူက လာထိတာလဲ .. ကြားကောင်းအောင် ပြော"

ဘုန်းမီးနေ ကလည်း ဖက်ထားတာ မဟုတ်ပေ၊ ရမက် ရုန်းနေသော်လည်း ကိုယ့်ဖာသာ နိုင်နိုင်မရပ်နိုင်သဖြင့် နှစ်ယောက်စလုံး ထပ်ကပ် ယိမ်းယိုင်သွားကြ၏။

"ဟယ် .. မမ"

မိညို ပြေးလွှားရောက်လာပြီး မျက်လုံးပြူးကာ ပါးစပ်ကို လက်ဝါးနဲ့ ဖက်ခနဲ ဖိကာပိတ်၏။

နောက်ထပ် ရှေ့မတိုးတော့ဘဲ ရပ်လိုက်သည့်နေရာမှာပဲ တောင့်ထသွားပုံက စက်ရုပ်လေးလို..၊

"ဘာကြည့်နေတာလဲ၊ ငါ ကန်ထုတ်လိုက်ရ"



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းမိုးနေ စိတ်တိုကာ ရမက် ကို ဗွေ့ခနဲ ပွေ့ပစ်လိုက်[illegible] အခန်း ပြင်ကို ခြေနှစ်လှမ်းလောက်နှင့် ထွက်ပစ်လိုက်သည်။

ပြီးတော့ ကြမ်းပေါ်မှာပဲ မညင်သာစွာ ချပစ်လိုက်ပြီး ငုံ့ကြည့်ကာ[illegible]

"ကြီးကြီးကျယ်ကျယ် စကားလုံးတွေနဲ့ ပစ်ပေါက်ဖို့ မကြိုးစား[illegible] မင်းခြေထောက်သာ ကျိုးမနေရင် အခန်းပြင်ရောက်သွားအောင် [illegible] ထုတ်လိုက်ရုံပဲ"

"ဂျိမ်း"

ရမက် ဘာမှပြောခွင့်မသာလိုက်ဘဲ တံခါးပိတ်သံကြီးက နားထဲ[illegible] စူးသွားသည်။ ပြောဆိုဖြစ်ပျက်နေတာတွေကို မြင်နေ ကြားနေပါလျှ[illegible] နှင့် တံခါးပိတ်လိုက်တာကိုလည်း မြင်လိုက်တာတောင် ဘုန်းမိုးနေ [illegible] ထိတ်လန့်နေသည့်စိတ်ကြောင့် မိညို တစ်ကိုယ်လုံး တုန်ခနဲ ဖြစ်သွာ[illegible] သည်။

ဒီအိမ်မှာ အစ်ကိုလေးကို ဘယ်လောက်ထိ ကြောက်သလဲဆိုရ[illegible] 'မိညို'လို့ အစ်ကိုလေး ခေါ်သံကြားလိုက်ပြီဆို ရှူးရှူးပေါက်ချင်သ[illegible] လို နောက်ဖေးသွားချင်သလိုလို..၊





အခန်း [၁၄]

"သူ ဝင်လာပြီ၊ ဟိုမှာ တွေ့လား .. အနက်ရောင်တွေနဲ့ မျက်နှာ ခင်ခင် .."

"သူက ဘုန်းမိုးနေ လား"

"ဟုတ်တယ်၊ အဲဒါ ဖက်ဖူးစိမ်း ရဲ့ဟာတ်ထဲ"

"ဖြစ်လောက်တယ်ဟာ..၊ ရေရေလည်လည် ဖြောင့်တယ်၊ အရပ် ဘယ်လောက်ရှိလဲ မသိဘူး။ တော်တော်မြင့်တယ်နော်။ သူ့ကိုယ်လုံးနဲ့ အရမ်းကြည့်ကောင်းတယ်၊ ချစ်သူတစ်ယောက်မှ မထားဘူးဆိုတာ ဟုတ်တယ်လား"

"သူ ဟိုကောင်တွေဝိုင်းကို သွားမှာ၊ သိချင် သွားမေးလိုက်ပါလား"

"မျက်နှာကြီးက တင်းနေတာ၊ သူ ဝင်ကတည်းကမှပဲ .."

"ဘယ်တော့မှ မကဘူး"

ကလပ်ထဲကို သူ ဝင်လာတာနှင့် စိတ်ဝင်စားဆုံးက မိန်းကလေး တွေပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရောင်စုံလှည့်ပြေးနေသည့် မီးရောင် ခပ်နုပ်နုပ်အောက်မှာ တောက်လျှောက် လှမ်းဝင်လာသော သူ့မျက်နှာက ဝင်းခနဲ ဖြစ်သွားလိုက် ရဲခနဲ ဖြစ်သွားလိုက်..၊

က,နေကြသည့် အတွဲတွေထဲက မိန်းကလေးတစ်ယောက် သူ့ဝမ်း တစ်ဖက်ပေါ် နောက်ပြန်ပြိုကျလာသည်။

"အိုး .. ဆောရီးနော်"

သူမကပဲ ချက်ချင်း မော့ကြည့်ပြီး ပြုံးပြတောင်းပန်သည်။ သူ တစ်ချက်ပဲ ငုံ့ကြည့်ကာ ဆက်လျှောက်ခဲ့၏။

"ဟယ် .. ဆောရီး"

တစ်ယောက်နဲ့ ရင်ဘတ်ချင်း တိုက်မိမလိုဖြစ်ကာ သူမလက်ထဲက အချိုရည်တွေ သူ့ရင်ဘတ်ကို အနည်းငယ် စင်ကုန်၏။

သို့မျက်နှာ တင်းသွားတာကို သူမက ခပ်တေ့တေ့ မော့ကြည့်ကာ..

"တို့က တောင်းပန်နေတာပါ။ မကျေနပ်ဘူးလား၊ အင့် .. ပြန်လုပ်လိုက်"

အချိုရည်ဖန်ခွက်ကို ကမ်းပေးသည်။ ထိုလက်ကို တွန်းဖယ်ပစ်လိုက်ပြီး သူ အထဲကိုပဲ ဝင်လာခဲ့မိသည်။

မရောက်တာ သိပ်မကြာသေးဘဲ မမြင်ဖူးသည့်မျက်နှာတွေ များနေတာကို အံ့သြမိသည်။ ဟိုကောင်တွေ ဘယ်ရောက်နေသလဲ..၊

"ရှီး.."

မတိုးမကျယ် အချက်ပေးသံက သူတို့ချင်းပဲ သိသည်။ လှည့်ကြည့်လိုက်တော့ ဟဲရီး နဲ့ လူစီ က ထိုင်နေကျမဟုတ်သော အတွင်းခန်းတံခါး ရှေ့က စားပွဲမှာ..၊

"နေကာ ရော.."

"လာနေပြီ .. ခဏကြာရင် ရောက်မယ်"





"ဟိုတစ်ယောက်နဲ့ မင်း သိလား"

လူစီ က လက်ညှိုးထိုးတော့ လှည့်ကြည့်လိုက်မိ၏။ အချိုရည် ခွက်နှင့် သူမက တလက်လက်တောက်နေသည့် အဖြူရောင်ဝတ်စုံနှင့် ထင်းနေလျက် သူ့ကို လှမ်းကြည့်နေဆဲ..၊

ဘုန်းမီးနေ က ရှေ့ပြန်လှည့်၍ ခေါင်းခါလိုက်ကာ အလိပ်လိုက်ချ ထားသည့် ဂျာနယ်ကို ယူဖွင့်လိုက်သည်။

"အဲဒီတစ်ယောက်က ဂျမ်း နဲ့ တစ်ခုခုပတ်သက်တယ်ကွ၊ မင်းကို တမင်ငြိဖို့ ကြိုးစားတာ ထင်တယ်"

လူစီ ကပဲ ထင်ကြေးတွေ ပေးနေကာ သူပဲဆက်၍..

"ဒီထဲမှာ ဆောင်းနှင်း လည်း ရောက်နေတယ်ကွ"

"လူစီ.."

"ဟမ်."

ဘုန်းမီးနေ မျက်နှာကိုကြည့်၍ ရာသီဥတုကို နားလည်ကာ လူစီ ပါးစပ်ပိတ်လိုက်၏။

"မင်းတို့ကို အဲဒီမိန်းမတွေ ဒီမှာ စုဆောင်းနေကြတဲ့အကြောင်း ငါ ရှာမမ်းခိုင်းထားသလား"

"မဟုတ်ပါဘူး။ ဂျမ်း နဲ့ပတ်သက်နေတယ်ဆိုရင်..."

"ဂျမ်း ဆိုတဲ့ကောင် သိကြားမင်းရဲ့ ခွေးမျိုးဖြစ်နေနေ အခု ငါ သိချင်တာကိုပဲ ပြော."

လူစီ က ခေါင်းညိတ်လိုက်ပြီး သူ့နားကို တိုးကပ်ကာ..

"ဂျာနယ်ကို ဖွင့်ကြည့်လိုက်၊ ငါ ခေါက်ထားတယ်"

ကလပ်ထဲမှာ ဆူညံမနေပေမယ့် ပြောသံဆိုသံတွေကိုတော့ ဖုံးလွှမ်းနေခဲ့သည်။ တချို့က ရိုးရိုးသားသား က,နေကြတာဖြစ်ပြီး တချို့ ကျတော့ ကိုယ့်လောဘနဲ့ကိုယ် လှုပ်ရှားနေကြတာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



လူစီ တို့က ဘီယာမှော့ရင်း ပိုကြည့်ဒီကြည့် ကြောင်သလို လုပ်နေကြတာ ဘုန်းမီးနေ က ဂျာနယ်ကို ဖုန်းစခရင်မီဖွင့်၍ ဖတ်နေ၏။

သတင်းက ဖတ်ပတ်ကျော်ကသတင်း ဖြစ်သည်။ သူတို့ကတော့ လူမရိပ်မိအောင် ဒီသတင်းကို နောက်ကျမှ ဘုန်းမီးနေ ဆီ အရောက်ပို့ပေးကြတာ ဖြစ်သည်။

ဂျမ်း ၏နာမည်ရင်းက သက်ထက်ဦး ဖြစ်ကာ ထိုညကဖြစ်သည့် အတွင်းကြေဒဏ်ရာနှင့် ဆေးရုံရောက်ပြီး မနက်ရှစ်နာရီမှာ စကားမေးမရလိုက်ဘဲ ဆုံးသွားသည်တဲ့..၊

နောက်နှစ်ယောက်က တစ်ယောက်သည် ခြေသလုံးရိုးတွေ ကျိုးကြေလျက် နံရိုးနှစ်ချောင်းကျိုးကာ အသံအိုး ပျက်စီးသွားခဲ့သည်။

တစ်ယောက်ကတော့ ကျောရိုးမကြီး ပျက်စီးသွားသဖြင့် ထိုင်နိုင်ဖို့တောင် အချိန်အတော်ကြာအောင် ကုသရမည်ဟု ရေးထားသည်။

မှုခင်းဆိုင်ရာ သုံးသပ်ချက်က ကျိုးပျက်နေသည့် လမ်းဘေးအုတ်ခုံနှင့် ဆိုင်ကယ်လ် ပါနေသဖြင့် သုံးယောက်စီးလာသည့် ဆိုင်ကယ်လ်နှင့်ကားနဲ့ တိုက်မိခဲ့၏။

ကားကြိတ်ခံရပြီးမှ ဤသို့ပစ်ထားခဲ့ပြီး မောင်းပြေးသည်ဟု အမှုကိုစုံစမ်းနေဆဲဖြစ်ကြောင်း...

"ဒီကောင်တွေ သစ္စာတော့ ရှိသားကွ၊ လုံးဝ မဖော်ဘူး"

"ရှိမှာပေါ့၊ သူတို့အပြစ် သူတို့ သိတယ်၊ ဖော်လို့မရလို့ မဖော်တာ"

"ဘာပဲဖြစ်ဖြစ် သူတို့ ခံရတာ သုံးယောက်လေ"

"သူတို့တွေအားလုံး ကျူးလွန်ခဲ့ကြတာ"

ဘုန်းမီးနေ ဘာမှမပြောရသေးခင် သူတို့ပဲ ခပ်ကြိတ်ကြိတ် ငြင်းခုန်နေကြ၏။

"မီးနေ .. ငါတို့ ပြဿနာတွေ ပြီးသွားပြီ မင်း ထင်လား ဘာလုပ်ဖို့





စိတ်ကူးရှိသေးလဲ"

"သူတို့က ပြီးရင် ပြီးပြီပေါ့၊ ငါ လိုချင်တာ ပြန်ယူပြီးပြီ"

"ဟုတ်တယ်၊ သူတို့တွေ ဒုက္ခတဖြစ်ကုန်ပြီဆိုတော့ ရှေ့ဆက်ဖို့လည်း မရှိတော့ပါဘူး၊ ဒါပေမယ့် ဂျမ်း ထက် ဟိန်းကျော် ဆိုတဲ့ကောင်က ပိုအကြောတင်းတာ၊ ဒီကောင် လုံးဝ ငါးစပ်ပိတ်နေတာ သိပ်တော့မရိုးသားဘူးကွ"

"ရိုးရိုး မရိုးရိုး"

ဘုန်းမီးနေ က ဂျာနယ်ကို ပြန်လိပ်လိုက်ပြီး လူစီ နားရောက်အောင် ရှုတ်နဲ့ တောက်ထုတ်လိုက်ကာ...

"ငါ ကြားတာ တစ်ခုရှိတယ်"

"ဘာလဲ"

"မြတ်ထွဋ် ယူသွားတဲ့ သိန်းတစ်ရာကို သူတို့မရောက်ခင် အလစ်အစားတွေနဲ့တွေ့ပြီး ငါးဆယ် ပါသွားတယ်"

"ဟင်!..."

"ဘယ်လို!.."

"မြတ်ထွဋ် က သူတို့နဲ့ ညှိနှိုင်းကြည့်မယ်ဆိုပြီး ငါးဆယ် နှစ်ထုပ်လုပ်သွားတာဖြစ်မယ်၊ အဲဒါကြောင့် တစ်ထုပ် ပါသွားပြီး တစ်ထုပ်ကျန်ခဲ့တာ၊ တစ်ထုပ်ပဲ ကျန်ခဲ့လို့ မပြည့်ရင် မယူဘူးဆိုပြီး ဟိုကောင်တွေက အသေရိုက်သတ်တာ.."

"မင်း ဒါတွေ ဘယ်လိုလုပ် သိလာတာလဲ"

ဘုန်းမီးနေ မျက်နှာက ကွက်တိကွက်ကျား ပြေးနေသည့် ရောင်ဖိုးရောင်အောက်မှာ မျက်မှောင်ကုတ်ကုတ် အံကြိတ်လျက်...

ဒေါသတွေနဲ့ ဘယ်လိုဖုံးထားထား အစ်ကိုတစ်ယောက်သုံး ကိုယ့်ကြောင့်ဖြစ်သွားရတာကို မခံစားရဘဲ နေမလား..၊



www.burmeseclassic.com

www.burmeseclassic.com



လူစီ တို့ မေးခွန်းတွေ မေးပြီးမှ စိတ်မကောင်းဖြစ်သွားကာ တိတ်ဆိတ်နေလိုက်ကြ၏။ မီးနေ ဟာ အစ်ကိုဖြစ်သူကိုလည်း အစ်ကိုတွေအညာ ခေါ်ရကောင်းမှန်း မသိပေမယ့် သူ့အစ်ကိုအတွက်တော့ စိတ်ပူရှာတာ သူတို့အသိ..၊

"မြတ်ထွန်း အဲဒီကို ရောက်သွားလိမ့်မယ်၊ ငါ မသွားလို့ မဖြစ်ဘူး"

"ဒီကောင်တွေ ငါ့ကိုမဟုတ်ဘဲ မြတ်ထွန်း ကို တစ်ဖက်လှည့် ခဲ နေတာ"

ဆိုပြီး တက်ခေါက်တာတွေ၊ အစ်ကိုအတွက် ကာကွယ်ဖို့ သေလု မြောပါး ပြေးသွားခဲ့တာတွေ..၊

အများတကာအမြင်မှာ မြတ်ထွန်း က ညီအတွက် စိတ်ပူတတ်သူ ဖြစ်ခဲ့သလို မီးနေ ဘက်က ဘယ်လို ကာကွယ်ဖို့ကြိုးစားခဲ့တာတွေလည်း သူတို့ပဲ သိသည်။

ဘုန်းမီးနေ က ဘီယာပုလင်းကို စိုက်ကြည့်နေရင်း အံကြိတ်သံနှင့် ဆက်ပြော၏။

"အဲဒီညက အိမ်ကထွက်သွားပြီး မြတ်ထွန်း သူ့ဆိုင်ကို ဝင်တယ်၊ အထုပ်နှစ်ထုပ်ဆွဲပြီး ကားထားခဲ့ပြီး ထွက်သွားတယ်လို့ အစောင့်သေချာ ပြောပြတယ်၊ ဘာအိတ်တွေလဲလို့ မေးတော့ မြဲဝတီဘဏ်လို့ ရေးထားတဲ့အိတ်တွေတဲ့၊ အဲဒီဘက်မှာ ညပိုင်းမောင်းတတ်တဲ့ တက္ကစီတွေထဲ ငါ လိုက်စုံစမ်းတယ်၊ သုံးသပ်ကြည့်လိုက်တော့ အဖြစ်က ငါ ပြောတဲ့ အတိုင်းပဲ"

"တောက် .."

လူစီ က တက်ခေါက်၏။ ဟဲရီး က ဖန်ခွက်ကို ဆောင့်ချလိုက်ကာ..

"ကျေနပ်နေတာလေးတောင် ဘယ်ရောက်သွားမှန်း မသိတော့ဘူး



...တော် ယုတ်မာတဲ့ကောင်တွေ..၊ အဲဒါ မင်း ဘယ်လိုမှ အရှိန်မ...ခေါက်မလာနိုင်မှန်းသိလို့ လုပ်တာ၊ လူမိုက်လုပ်စားချင်လည်း ...ဖြောင့် ဖြောင့်ပေါ့"

"ငါလည်း တစ်ခုပြောချင်တယ် မီးနေ.."

ဟဲရီး က စကားစလိုက်ပြီး...

"...ယ်စပ်က လက်ဝှေ့ပွဲတွေ မင်း မတက်နဲ့တော့၊ အဲဒီမှာ မရိုးသား...တွေ အရမ်းများတယ်၊ ငါတို့က ဂရုစိုက်လို့ပြောနေတာ မဟုတ်ဘူး၊ ...လိုကြွက်မနိုင်လို့ ကျီးနဲ့ရှိ တာမျိုးကျတော့ ငါတို့လိုကောင်တွေ နစ်နာ...ကျ၊ ပြီးခဲ့တဲ့ကိစ္စကိုပဲ ကြည့် ။ မင်းက စိတ်ထင်ရင် ထင်သလို ...လုပ်တာ၊ ငါတို့မှာ ဒီတိုင်း ကျန်ခဲ့ရတာ ဘယ်လောက် စိတ်ပင်ပန်း...တယ် မှတ်လဲ"

ထိုစဉ် နေကာ ရောက်လာကာ ပြုံးစိစိမျက်နှာနှင့် လူစီ တို့ကို ...ကပ်၍ ဘာတွေပြောနေသည် မသိ၊ ပြီးမှ မီးနေ ကို ကြည့်၍..၊

"မင်း ဝါသနာမပါတဲ့ကိစ္စကွ၊ ခဏလေး ထိုင်လိုက်ဦး။ ဆယ့်ငါး ...မိနစ်လောက်ပဲ၊ ဒီကောင့်ပြဿနာ ရှင်းချင်လို့"

သုံးယောက်သား ထွက်သွားကြတော့ သူ စီးကရက်ထုတ်သောက် ...သည်။ ဒီနေရာတွေကို မကြာခဏ ရောက်ပေမယ့် ကိုယ့်အကြောင်းနဲ့ ...ကိုယ်ပဲဖြစ်ကာ သူများတွေလို ပျော်မယ်၊ ကမယ်ဆိုသည့် ရည်ရွယ်ချက် ...တော့ မလာခဲ့ဘူးပေ..၊

သူ့စိတ်ကိုက သာယာစီးမျောနေချင်တာထက် ဆူပွက်လှုပ်ရှားနေ ...ည့်ဘက်မှာ ပိုများနေလို့လား မသိ၊ ဘယ်ကိုလှမ်းကြည့်ကြည့် သူ့စိတ် ...ဝင်သွားလောက်အောင် ဘာကိုမှ မမြင်..၊

"မီးနေ.."

ကြည့်နေတာက တစ်ဖက်၊ ခေါ်သံနှင့် ဘေးရှေ့လာသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့်လိုက်မိသည်။

ဆောင်းနှင်း က မိုးပြာရောင်အရော့သားဝတ်စုံကို တစ်ဆက်တည်း အသားကပ်ဂါဝန်ရှည်ပုံဖြစ်ကာ လည်ပင်းဟိုက်ထားတာ ဖူးဖူးစင်စင်..၊

ပခုံးကျော်ကျော် ကောက်ကွေးသည့်ဆံပင်တွေကို ရှေ့မှာချထားပြီး ကာကွယ်သလို လုပ်ထားပေမယ့် ဘာမှမထူး..၊

ရှည်လျားသော အပြာရောင်နားဆွဲတလှုပ်လှုပ်နှင့် မျက်ခွံကျယ်နှင့် မျက်စုံအစပ်တွေပါ ပြာလဲ့နေကြသည်။

ကျွန်းရောင်စိုလဲ့နေသည့် နှုတ်ခမ်းသားတို့ကို ခပ်ဟဟဖွင့်၍ သူ့ကို ရွှန်းရွှန်းစားစား ကြည့်နေပုံက တစ်စုံတစ်ရာကို တောင်းဆိုနေသလိုမျိုး..၊

တစ်ချက်တော့ ငူးစိုက်ကြည့်ဖြစ်ကာ သူ မျက်နှာလွှဲလိုက်သည်။ တစ်ဖက်မှာကိုင်ထားသည့် စီးကရက်ကို နှုတ်ခမ်းမှာ တပ်လိုက်ကာမှ..

"ဘာဖြစ်လို့ မျက်နှာလွှဲသွားတာလဲ မီးနေ၊ တို့ မလှလို့လားဟင်"

သူ့ပခုံးအကျီစကို ဆွဲလိုက်သဖြင့် စီးကရက်မသောက်ဖြစ်ဘဲ အကြည့်က သူမကိုင်လိုက်သည့်လက်ဆီကို ရောက်သွားသည်။

ပြီးတော့ သူမကို ငုံကြည့်လိုက်ကာ..

"မင်းလက်ကို လွှတ်လိုက်စမ်းပါ"

"မီးနေ က ဘာဖြစ်လို့ မျက်နှာလွှဲသွားတာလဲလို့"

လက်ကို လွှတ်လိုက်ပြီး နောက်ထပ်မေးခွန်းတစ်ခု ထပ်ရောက်လာသည်။ ဘုန်းမီးနေ က စီးကရက်တစ်ရှိုက်နှင့် မျက်နှာကို တစ်ဖက်မှာ လှည့်နေရင်း သူမကိုမကြည့်..၊

"မျက်နှာလွှဲထားကာမှတော့ မကြည့်ချင်လို့ပေါ့၊ မင်း ဘာလာ လုပ်တာလဲ"

"တစ်ခါတလေ အရမ်းစိတ်ပင်ပန်းရင် လာဖြစ်တယ်လေ၊ သူငယ် ချင်းတွေ ပါတယ်"





သူငယ်ချင်းတွေဆိုတာက ယောကျ်ားလေးတွေပဲ များမှာပါ၊ ဆောင်းနှင်း ဆိုတာလည်း ဘယ်လိုမိန်းကလေးမှန်းတော့ သူ မသိပေ မယ့် ကိုယ်တိုင် ကားမောင်း၍ ညသို့သော နေရာတော်တော်များများ မှာ ရှိနေတတ်တဲ့သူ..၊

သူမပဲ လာလာပြီး စကားတွေပြောတတ်ကာ တစ်ခါတလေ သောက်စားလာသလား ထင်ရလောက်အောင် သူမရဲ့မျက်ဝန်းတွေနဲ့ ပါးလုံးတွေက ရီဝေဝေ..၊

"မီးနေ .. ဘာဝါသနာပါလဲဟင်"

မေးပြန်ပြီ တစ်ခု..

"ဘာမှ ဝါသနာမပါဘူး"

"ဒါဆို ဒီလဲကို ခဏခဏ လာတာကရော .."

"လာဖို့အကြောင်းရှိလို့ပေါ့ ဒီမှာ ဆောင်းနှင်း .. ငါလည်း အနုပညာ သမား မဟုတ်ဘူး။ မင်းနဲ့လည်း မိတ်ဆွေတွေ မဟုတ်ဘူး။ အဲဒီတော့ အမေးအဖြေတွေ အာလာပသလ္လာပတွေ မင်းနဲ့ငါ့အတွက် မလိုဘူး ထင် တယ်"

"ယူ့ကို တို့က တကောက်ကောက် လိုက်ကြည့်နေချင်လောက် အောင် သဘောကျတာ"

ဘုန်းမီးနေ မျက်မှောင်တုတ်သွားသည်။ မျက်ကြောစင်းနှင့် ကြည့် နေမိရာကနေ သူမဘက်ကို ကိုယ်တစ်ခြမ်းလှည့်လိုက်မိတဲ့အထိ..၊

သေချာစိုက်ကြည့်လိုက်တော့ ဆောင်းနှင်း ရဲ့ မျက်လုံးတွေမှာ သူ့ ကို လှပသောကစားစရာအရုပ်တစ်ရုပ်ကို ပစ်စလက်ခတ် ဝေးမောရှိ သလိုမျိုး..၊

"မီးနေ က အမြဲတမ်း စိတ်တိုနေတာပဲနော်၊ အထူးသဖြင့် မိန်း ကလေးတွေကို အရေးမပေးတတ်တာ ချစ်ဖို့ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ တင်းခနဲ ဖြစ်၏။ ယောကျ်ားလေးတစ်ယောက်ကို တည့်တည့်ကိုင်ကြည့်ပြီး ဒီစကားမျိုးတွေ ပြောရဲနေတာ ပုံမှန်မဟုတ်နိုင်..၊

ပြီးတော့ ဆောင်းနှင်း က စားပွဲပေါ်မှာ လက်ရော မျက်နှာရော ခပ်စောင်းစောင်းလေး မှေးတင်လိုက်ပြီး သူ့မျက်နှာကို စိတ်ပြေနပြေ ကြည့်သည်။

တစ်ခန်းလုံးမှာ လူတွေ ပြည့်သိပ်စွာ ရှိနေတာကို အနည်းငယ်မှ ဂရုစိုက်ပုံမရှိ..၊ ဘုန်းမီးနေ မျက်နှာ တစ်စစ ရဲတက်လာ၏။ သူမက ပြုံးလိုက်ကာ..

"အမြဲတမ်း မျက်မှောင်ကုတ်ထားလို့ထင်တယ်၊ မျက်တောင်ကော့နေတာလေးတွေက မျက်ခုံးနဲ့ မျက်ခွံတွေအောက်မှာ ဒီတိုင်း မြင်နေရတယ်၊ ဒီလောက် ချောရဲ့သားနဲ့ကွာ..."

"ဒုန်း .."

သူ စားပွဲကို တအားထုပစ်လိုက်ကာ..

"မင်း ထွက်သွားလိုက်တော့ ဆောင်းနှင်း၊ အခု .. နော်"

လူတွေ လှမ်းကြည့်လာကြ၏။ ဆောင်းနှင်း က အထိတ်တလန့် ဖြစ်သွားပုံလေးနှင့် ဟိုဒီဝေ့ကြည့်ကာ ထသွားတဲ့ သူ့ကိုပဲ သည်းခံ စွာ ပေါင်းသင်းနေရသလိုမျိုး..၊

"တို့ကို အဲဒီလို ဝစ်ပစ်ခါခါ မပြောပါနဲ့"

"သွားတော့လို့ .. မင်း..."

"အဲ.."

လူကို မိန်းမလျှာသရပ် လုံးလုံးပေါက်အောင် ပုံဖော်ပြောနေသည့် အသံက ထိန်းသိမ်းနိုင်စွမ်းတို့ကို ပုတ်နှိုး ရန်စသွားသည့်နှယ်...

ထိုင်နေသည့်ခုံကို ဘယ်လိုအရှိန်နှင့် လွှဲကန်ပစ်လိုက်မှန်း မသိဘဲ





...င်းနှင်း သည် ခုံနှင့်အတူ ပါသွားခဲ့ပြီး...

"ဟိတ်ကောင် .. မင်း ဘယ်လိုလုပ်လိုက်တာလဲ၊ မိန်းကလေး ...ယောက်ကို.."

"အဲဒါ ဘုန်းမီးနေ.."

"သိပ်ရိုင်းတဲ့ကောင်"

အားလုံး ရုတ်ရုတ်သဲသဲတွေ ဖြစ်ကုန်စဉ် ဟဲရိုး တို့သုံးယောက် ပြေး...ကြ၏။ ဒီအချိန်မှာ ဘုန်းမီးနေ ဘာပြဿနာမှမဖြစ်အောင် သူတို့ ...တ်နိုင်ဆုံး ကာကွယ်ရမှာမို့..

"နေကာ .. မီးနေ ကို မင်း ခေါ်သွား"

"တောက်.."

နေကာ ဆွဲခေါ်ခဲ့တဲ့နောက်ကို ပါလာရင်း လက်ကို ခါချပစ်လိုက် ...တက်ခေါက်သည်။ ကိုယ့်အနေအထားကို သိနေလို့သာ ထွက်လာခဲ့ ...ယ့် ဒေါသက ပြီးသေးတာမဟုတ်..၊

"တဲ့ .. တက်စမ်းပါ မီးနေ ရာ..၊ မင်းကလည်း ဒေါသ မထိန်းဘူး"

"ထိန်းလို့မရအောင် အဲဒီမိန်းမ လာရစ်နေတာ၊ တောက် .. တစ်ခါ ...ည်း လည်မျိုကို ဖနောင့်နဲ့ပေါက်သတ်ပစ်ရမှာ"

နေကာ က ကားကို ပါကင်ထဲက ထွက်ခဲ့လိုက်ပြီးမှ...

"အဲဒါ ပြောတာပေါ့ကွ .. မိန်းကလေးပဲဟာ၊ အလိုက်အထိုက် ... ပြောပေးလိုက်ရင်..."

"မပြောနိုင်ဘူးကွာ၊ ဘာ အလိုက်အထိုက်လဲ .. အိမ်စီကာလီ ကျူနေ ...တွေကို အလိုက်အထိုက် ပြန်လုပ်ရင် အခြောက်ဖြစ်အောင် ပြော ...လား .."

နေကာ အံ့သြသွားသည့်မျက်နှာနှင့် လှည့်ကြည့်၏။ ဘာတွေ ... လာခဲ့မှန်းလည်း ရိပ်မိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တော်တော် ပါးစပ်ပေါ့တဲ့ မိန်းမ၊ လူကို ထိုင်ကြည့်ပြီးတော့ ချေ
ချင်သလို ပြောနေတယ်၊ မိန်းကလေးဖြစ်နေလို့ပေါ့"

နံရော လူရော လဲကျသွားအောင် ကန်ကျောက်ပစ်ခဲ့တာကို ကို
တော်က အံကြိတ်နေတုန်း၊ နေကာ ရှေ့ပြန်လှည့်ရင်း ပြုံးချင်ချင်ဖြစ်သွ
သည့်မျက်နှာကို တော်တော် ပြုပြင်နေရ၏။

ကြည့်နေချင်စရာကောင်းလို့ ကြည့်တာများ ကျေနပ်ရကောင်းမှ
လည်း မသိ၊ ခုလောက်ဆို သူမ လူပေါင်းမှားပြီဆိုတာ တောင်နေ
သိ သွားလောက်ပါပြီ..၊

မသိသေးရင်လည်း နောက်တစ်ခါဆို ပြောပြထားရမည်။

ဘုန်းမီးနေ ဆိုတဲ့ကောင်က မှန်ကြိုက်တတ်တာ မဟုတ်..၊





## အခန်း [ ၁၄ ]

ဒီဆိုင်ထဲမှာ ဘုန်းမီးနေ ရှိနေမှန်းသိရင် သူမ ဝင်ခဲ့မိမှာ မဟုတ်ပေ၊
ဘာ့ ဆိုင်မှာ နေ့တစ်ဝက် နေမည်။

သမီးလေးနဲ့ ညစောင့်ရဲ့သမီးလေးတို့ ဆော့ရမည် စသည် အစီ
ဉ်တွေနှင့် သမီးကလည်း ပျော်ရွှင်စွာ ပါလာခဲ့တာဖြစ်၏။

"မမ .. မနက်စာ စားမလား၊ လန့်ချုံအတွက် လုပ်ပေးရမလား"

ရောက်သွားတာက ဆယ်နာရီထိုးတော့မှာဆိုတော့ ဆိုင်က
င်လေးတွေက ဆောင်ရွက်ပေးနေကျအတိုင်း မေးသည်။

သမီးလေး မြတ်ဖြူ က ရောက်လာတာနှင့် နောက်ဖေးကို တန်း
သွားလေသည်။

"ဘာမှမလုပ်နဲ့ ဦးဇော်ဇော်၊ *ဟမ်ဘာဂါ နှစ်ခုလောက်နဲ့ အအေး
ခွ ယူပေး၊ သမီး သောက်နေကျ သိလား"

"ဟုတ်ကဲ့ပါ မမ"

အမြင်မှာ မှာခဲ့ပြီး ကိုယ့်အလုပ်ခန်းထဲကို ဝင်ခဲ့ကာမှ စားပွဲပေါ်မှာ
ထိုးဆွဲကြော်တစ်ပွဲနဲ့ ထမင်းဖြူပန်းကန်ကို မြင်လိုက်ရသဖြင့်...



www.burmeseclassic.com

www.burmeseclassic.com



"ညီမင်း ရေ..."

ခန်းဆီးစကို လက်နဲ့ဆွဲမ လိုက်ပြီး အပြင်က အနီးဆုံးရှိသည့်လှ လှမ်းခေါ် လိုက်သည်။

"ဗျာ .. လာပြီ မမ"

ညီမင်း က ကက်စတန်မှာ ပြန်ထွက်သွားသဖြင့် ပိုက်ဆံသိမ်းနေ ကနေ ချက်ချင်း ရောက်လာ၏။

"မမ ဘာခိုင်းမလို့လဲ"

"ဘာမှမခိုင်းဘူး၊ ဒါတွေ ဘယ်သူ မှာထားတာလဲ"

"တိုမီးနေ လေ မမ၊ အထဲမှာ ရေချိုးနေတယ်ထင်တယ်"

ဘုန်းမီးနေ ရှိနေတာကို သူမ အတွင်းထဲထိရောက်မှပဲ သိရ သည်။ ဖိနပ်ချွတ်မှာလည်း ဖိနပ်ကို သတိထားမကြည့်မိဘဲ...

ဆိုင်မှာ ကားပါကင်ပေးထားတာက ဘေးမှာမို့ ကိုယ့်ကားကို ရှေ့မှာပဲ ရပ်ခဲ့သည့်အတွက် ကားကိုလည်း မမြင်ခဲ့..၊

ကို ထိုင်နေကျ အရင်းမ်ဘက်ဒ်မှာ စိတ်ပျက်စွာ ထိုင်လိုက်မိ သူမ ဘာလုပ်ရမည်ကို စဉ်းစားနေမိသည်။

ဖုန်းဆိုင်မှာထိုင်ပေးဖို့ သူ့ကို အန်တီတို့ တိုက်တွန်းနေကြတာ ကြားသည်။ သူ လက်မခံနိုင်တာကိုလည်း ကြားခဲ့ပါသည်။ ခု ဘာ လုပ်တာလဲ..၊

ဒါက ကို ထူထောင်ခဲ့တာဆိုပေမယ့် "ဘုန်းရိပ်"စံအိမ်ကနေ ထွက်ရသေးတာမဟုတ်တော့ ဒီမိဘလက်အောက်မှာ မိဘကပဲ စီမံ ခွင့်ရှိသည်လို့ သူမ ခံယူထားခဲ့သည်။

ထို့ကြောင့် ဘုန်းမီးနေ ဒီမှာထိုင်တော့မည်ဆိုရင်လည်း သူမ ပေးလိုက်ရုံသာ..၊

လူကြီးတွေအမြင်မှာ ကိုယ်ဟာ သူ့သားငယ်ကို မုန်းတီးနိုင်လှ





ည် ကူညီရမှန်းမသိလေခြင်း ဆိုသည့် အထင်မြင်လွဲမှုတွေ မဖြစ်စေ လို့သာ ကို စခဲ့တဲ့အလုပ်ကို ကိုယ်တာဝန်လို့ယူဆပြီး မကြာမကြာ ကြည့်နေခဲ့တာ ဖြစ်သည်။

စဉ်းစားရင်း နေရာမှထကာ အပြင်ကို ပြန်ထွက်ခဲ့မိ၏။ မြတ်ဖြူ လိုက်ရာတော့ နောက်ဖေး ညစောင့်ဂိုဒေါင်လေးရှေ့က ကွန်ကရစ်ပြား ပေါ်မှာ မြေဖြူနဲ့ စက်ဝိုင်းလေးဆွဲထားပြီး နှစ်ယောက် အရုပ်လေးတွေ ရွှေ့ဒိုးရှေ့နှင့် ဆော့နေကြ၏။

"ဒီမှာ လှကားထည့်ဆွဲလေဟာ၊ ငါ့အိပ်ခန်းက ထွက်ရင် ဘယ်က ..ရမလဲ"

"အေး .. ဟုတ်တယ် .."

"ဟာ၊... အဲဒီက မထည့်နဲ့လေ၊ အဲဒီမှာ ငါ့ဦး နေတာ၊ လှကား ဆင်းတာနဲ့ ဦးဆီ ရောက်သွားရင် ဒေါသတွေထွက်ကုန်မှာပေါ့"

"နင့်ဦးက ဒေါသထွက်တယ်၊ ဟုတ်လား"

"ဟုတ်တယ် .. ဦးက မေမေနဲ့လည်း မခေါ်ဘူးဟ၊ ဘိုးဘိုးကြီးတို့ ည်း ရန်ဖြစ်တာပဲ၊ ဦးက ဘယ်သူ့ကိုမှ မချစ်ဘူး သိလား"

ရပ်ကြည့်နေရင်း ရမက် စိတ်မကောင်းဖြစ်သွားမိ၏။ ဒီအရိုင်းအစိုင်း အပြုအမူတွေကို သမီးလေး မျက်လုံးထဲ စွဲနေပြီလား..၊

ဒေါသတွေ .. အမုန်းတွေကို နားလည်တတ်နေသည်လား..၊

"နင်ကရော နင့်ဦးကို ချစ်သလား၊ ငါဆိုရင် ဖေဖေနဲ့ ဦးနဲ့ ရင် ဦးကိုလည်း မခေါ်ဘဲ နေလိုက်တယ်"

ကစားဖော်ပေမယ့် ညစောင့်ရဲ့သမီး မျိုးမျိုးအောင် က သမီးထက် နှစ်လောက်ပိုကြီးကာ လူကတော့ ပုပုသေးသေးလေး ဖြစ်၏။

"ဦးက ဖေကြီး အရက်သောက်တာကို ခဏခဏဆူလို့ ဦးကို ချစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ချစ်တယ်..၊ ဦးက ဖေဖေနဲ့လည်း တူတယ်ဟ၊

မေမေနဲ့ တည့်သွားရင် ကောင်းမှာပဲ သိလား"

"ဟဲ့ .. နင့်ဦး အထဲမှာ ရှိတယ်လေ၊ နင်တို့ အတူတူလာတာ မဟု

ဘူးမို့လား"

"ဟယ်!... ဦး ရှိတယ်.."

"အင်း"

"ဒါဆို ငါ သွားလိုက်မယ်၊ မျိုးမျိုး .. နင် အဲဒီပုံ ဆက်ဆွဲထားလို

"အေး .."

ရမက် တားဆီးချိန်မရလိုက်တဲ့ မြတ်ဖြူ က ဖျတ်ခနဲ ထကာ

လေး"မှ"၍ ပြေးထွက်သွား၏။

သူမ ရပ်နေတာက တံခါးပေါက်မှာဖြစ်ကာ မြတ်ဖြူ က ခြေ

လမ်းကြားလေးထဲကို လှည့်ပြေးသွားတာမို့ လှစ်ခနဲ ပျောက်သွားခဲ့သ

ဘုန်းမီးနေ ကို ဒီကလေး ဘာဖြစ်လို့ ခင်တွယ်နေတာလဲ..၊

ဖျက်ရွှပ်တွေးခြင်းများဖြင့် ရမက် နောက်ပြန်လှည့်ခဲ့မိ၏။

ပြန်မလှည့်စိတ်ကူးက သမီးကို ဘယ်လိုပြန်ခေါ် ရမလဲ စဉ်းစား

အချိန်ကုန်တော့မည် ထင်သည်။

မြတ်ဖြူ ကလည်း မေမေ မြင်မှာစိုးကာ လမ်းကြားထဲက တ

လှည့်ဝင်လာတာဖြစ်ကာ ဆိုင်ထဲပြန်ဝင်ပြီးမှ မေမေ့ကို လိုက်ရှာကြ

သေးသည်။ ပြီးတော့ အထဲကို လှစ်ခနဲ ပြေးဝင်လိုက်၏။

ခန်းဆီးစကို ဖွင့်ဝင်လိုက်တာနှင့် ဖေဖေ ထိုင်သည့်စားပွဲသော

ခေါင်းကို တဘက်နှင့်ရေသုတ်နေသည့် ဘုန်းမီးနေ ကို မြင်လိုက်ရ

ရေချိုးပြီးစမို့ ပုဆိုးနဲ့ပဲဖြစ်ကာ ရှပ်ကျယ်ချိုင်းပြတ်အဖြူကို

ထားသည်။ "ဦး..."လို့ ခေါ် လိုက်မိပြီး မြတ်ဖြူ မျက်လုံးလေး ဝိုင်း

အောင် ငေးနေမိ၏။





ဘုန်းမီးနေ ကို ပုဆိုးနဲ့ မမြင်ဖူးခဲ့သဖြင့် ခုလိုပုံစံမြင်လိုက်ရတော့

အဖေ့ကို မြင်လိုက်ရသလို ဖြစ်သွားကာ..

"ဦးက ဖေဖေနဲ့ အရမ်းတူတာပဲ"

ကလေးမို့ စိတ်ထဲရှိတာကို ချက်ချင်း ပြောချလိုက်၏။ ထိုအခါကျ

မှ တဘက်ကိုင်ထားသည့်လက်ကို ဖယ်ကာ ဘုန်းမီးနေ က လှမ်းကြည့်

သည်။

စာနားတွေပါသည့် ဂါဝန်ကားကားလေးနှင့် ဆံပင်လေးတွေကို

ထိန်းနှစ်ဖက်မှာ ကြက်တောင်စည်းလေး စည်းလျှက် ဆံမြိတ်လေးတွေ

ချထားသေးသည်။

ခေါင်းစည်းကွင်းတွေက အရုပ်လေးတွေ၏ မျက်လုံးပြောင်ပြောင်

လေးတွေက မြတ်ဖြူ ရဲ့မျက်ဝန်းလေးတွေ ပြူးဝိုင်းနေတာနဲ့အပြိုင်...

"နင့်အမေ ပါလာလား"

"ပါတာပေါ့ ဦးရဲ့..၊ မီးမီးက မေမေရယ် ဖေဖေရယ်နဲ့ပဲ ဒီကိုလာ

တာ၊ ဦးက ဘယ်တုန်းက ရောက်နေတာလဲဟင်၊ မီးမီးတို့ မရောက်ခင်

အကြာကြီးတုန်းကလား"

မေးခွန်းတွေ တစ်သီးကြီးနှင့် မြတ်ဖြူ သူ့နားရောက်လာတော့

တစ်ခုတလေကို ပြန်ဖြေမလို့ ဟာတောင် မဖြေချင်တော့ဘဲ

တိုဘက်လှည့် လိုက်ပြီးသား ဖြစ်သွားခဲ့၏။

မအေကို ကြည့်ရတိုင်း အဲဒီကောင်မလေးကိုလည်း မခေါ် ချင်၊

နေတာ တို့ကတော့ သူ့ကို ရေရေလည်လည် တဲ့ရဲ့၏။

'မင်းကလည်း ကလေးဆန်လိုက်တာ၊ ကလေးဟာ ကိုယ်သွေးသား

တဲ့၊ ကိုယ့်သွေးသားက သူ မွေးထားတာကြီးဖြစ်နေတာ ဘယ်လိုလုပ်

လဲ..၊

ကိုယ်က ကလေးဆန်တယ်ဆိုရင် ဒီမိန်းမ အပြုံးတွေကြီးပြီး

www.burmeseclassic.com



ကလေးကို မထိနဲ့၊ မကြည့်နဲ့ဖြစ်နေတာကျတော့ ရင့်ကျက်မှုတွေ
ခေါ်သလား..၊ ကိုယ့်အစ်ကိုရဲ့ ရင်သွေးပေမယ့် သူ့သမီးဆိုပြီး သူ ပြေ
တိုင်း ရနေတဲ့ကိစ္စ၊ ပတ်ပတ်သက်သက် သွားလုပ်နေဖို့ လိုသလား..၊

ကိုယ့်အမှန်တရားနဲ့ ကိုယ် ဘုန်းမီးနေ မျက်နှာက တင်းပြီးရင်
တင်းလျက်...

"ဦး ထမင်းစားမလို့လားဟင်"

စားပွဲမှာ ထိုင်လိုက်တော့လည်း ဘေးမှာကပ်လျက် ပါလာပြ
သည်။ ပြီးတော့ စားပွဲနားကို တိုးလိုက်ပြီး ခေါက်ဆွဲပန်းကန်ကို ခြေဖျား
လေးထောက်ကြည့်၏။

စားမလို့ ဇွန်းကိုင်ပြီးမှ မြတ်ဖြူ မျက်နှာလေးကို ပြန်ငုံ့ကြည့်
သည်။

"ထမင်း မစားရသေးဘူးလား"

"ဟင့်အင်း"

ခေါင်းလေးခါပြတာ ဆံမြိတ်ပါးလေးတွေပါ လှုပ်ခါသွား၏။ ကျေ
ချင်ပေမယ့် ဟိုမိန်းမမျက်နှာကို မြင်ယောင်ကာ မျက်ခုံးတွေက အလိုလို
တွန့်ရှုတ်သွားခဲ့သည်။

ကလေး ဒီထဲဝင်လာတာ သူမ သိတော့သိလိမ့်မည်။ သူ ရောက်
နေတာကို မသိလို့လား။ ဒါမှမဟုတ် အပြင်မှာ တစ်ခုခု အလုပ်ရှုပ်နေ
လို့လား..၊

ဘာပဲဖြစ်ဖြစ် နောက်တဝင်လိုက်လာလို့ ကလေးကို သူ
ကျွေးမွေး နေတာ မြင်လိုက်ရင်တော့...

"မိုက်ဆာရင် နင့်အမေကို သွားပြော၊ အပြင်ထွက်.."

"မဆာပါဘူး ဦးရဲ့..၊ ဦး စားတာကို ကြည့်နေချင်လို့ပါ"

"ဘာလို့ကြည့်ရမှာလဲ .. မကြည့်နဲ့၊ သွား .. နင့်အမေကို





ပြောလိုက်၊ ပြောစရာရှိတယ်၊ မပြန်နဲ့ဦးလို့.."

ပြောလိုက်ပြီး ခေါက်ဆွဲပန်းကန်ကို အနားထပ်ဆွဲယူလိုက်၏။
ဒါပေ မယ့် မစားဖြစ်လိုက်ပါ..၊

ခန်းဆီးစ ရုတ်ခနဲ ဖယ်သွားကာ အနက်နှင့် ငွေမှင်ရောင်စလွယ်
ဖြတ်ဆက်ထားသည့်ဝတ်စုံနှင့် ရမက် ၏ပုံရိပ် သူ့ရှေ့ ရောက်လာ၏။

သူမက မြတ်ဖြူ စားပွဲပေါ် တင်ထားသည့် လက်ကလေးကို ဆွဲကိုင်
လိုက်ကာ..

"နင် ရှိနေမှန်း မသိလို့ ငါလာတာ ဘုန်းမီးနေ အလုပ်ကို ပြန်ကြည့်
ခဲ့မယ့်သူ မရှိဘူး ဖြစ်မှာစိုးလို့၊ နောက်ဆို ပူစရာမလိုတော့ဘူးပေါ့"

"နေဦး..."

ကလေးကို ဆွဲထွက်သွားသည့် သူမကို တံခါးဆီးရင်း နေရာမှ ထရပ်
လိုက်မိကာ..

"အလုပ်ကိုလာတာ မဟုတ်ဘူး၊ မင်းနဲ့တွေ့ဖို့ စောင့်နေတာ၊ ပြော
စရာ ရှိတယ်"

"ငါ့မှာ မရှိဘူး"

"ဟိတ် .. နေဦးလို့ ပြောနေတာ၊ ရပ်နေလိုက်"

သူ့ကို ဂရုမစိုက်ပေမယ့် သမီးက ရမက် ကိုင်ထားသည့်လက်ကို
ပြန်ရုန်းပြီး ခြေကန်ရပ်လိုက်သဖြင့် သူမပါ ရှေ့ဆက်မရဘဲ ဖြစ်သွား၏။

ဘုန်းမီးနေ က ခဏကြည့်နေပြီးမှ သူ ရပ်နေသည့် စားပွဲခွန်းမှာ
ရှိနေသော အနက်ရောင်အိတ်ကြီးကို ဆွဲယူလိုက်သည်။

ဟိုဘက်အစွန်းကနေ ဒီဘက်အစွန်းကို ရွှေ့ချလိုက်တော့ အိတ်က
ရမက် နဲ့ နီးသွား၏။

"ဒီထဲမှာ သိန်းငါးဆယ်၊ အဲဒါ မြတ်ထွဋ် ဒီဆိုင်က ထုတ်ယူသွားတဲ့
ငွေပဲ"



www.burmeseclassic.com

www.burmeseclassic.com



ရမက် ချက်မှောင်ကုတ်သွားတာကို သူ မြင်သည်။ မြတ်ထွင်ရဲ့ လုပ်သွားတဲ့ လှုပ်ရှားမှုတွေကို ဘယ်သူမှ မသိလိုက်ကြတာမို့ သိန်းတစ်ရာ ယူသွားပြီး ငါးဆယ် ပျောက်နေသည့်ကိစ္စ၊ ငါးဆယ်ကို အလောင်းနဲ့အတူ တွေ့ရသည့်ကိစ္စတွေ၊ ဒါတွေကိုလည်း တခြားလူ နားလည်နိုင်ဖို့ မလွယ်ပေ..၊

သူကတော့ ပြိုင်လာလျှင် အရှုံးမပေးတတ်သည့်အကျင့်ကြောင့် ဒီငွေနောက်ကို မရမက ပြန်လိုက်ပြီး ရအောင် ပြန်ယူခဲ့တာဖြစ်၏။

ပြဿနာဖြစ်ကြသည့်ကြားထဲကနေ မဆိုင်သူ ကောင်းစားသွားတာကို မလိုချင်၍..

"ဒီငွေက ပြဿနာဖြစ်တုန်းက ပျောက်နေတဲ့ ငွေ အခု မေမေတို့ကို ဘာမှပြောမနေဘဲ ပြန်ထည့်ထားလိုက်ပါ"

"အဲဒါတွေ မသိဘူး၊ ပြဿနာတွေလည်း ပြီးသွားပြီ၊ နင် ရှာလာတဲ့ငွေ နင့်ဟာနင် ကြိုက်သလို လုပ်.."

"ရမက်ဖြူ .. မင်း သွားလို့ မရဘူးနော်"

သူ လှွားခနဲ ရောက်လာကာ ခန်းဆီးကို ကိုင်လိုက်သည့် ရမက်ရဲ့လက်ကို ပုတ်ချပစ်လိုက်၏။

"မင်းနဲ့ငါ မပြေလည်တာတွေ၊ ဒီခန်းဆီးရဲ့အပြင်ထိ ထုတ်ကြားချင်လို့လား"

"ကြားစရာ မလိုပါဘူး၊ နင် မိုက်ရိုင်းတာ အားလုံး သိတယ်"

"အေး .. မင်း အခု ထွက်သွားကြည့်လိုက်၊ မိုက်ရိုင်းဖို့တွေ ရှိသေး တယ်"

ရမက် သမီးလေးရဲ့လက်ကလေးကို ဖိဆုပ်ထားရင်း အံကြိတ်သည်။ ဘုန်းမီးနေ က စိုက်ကြည့်နေ၏။ ရှည်လျားတောနက်သည့် မျက်တောင်တို့ ဝန်းရံလျက် အပြာရောင်လဲ့သည့်မျက်ဝန်းထဲမှာ



ချက် နက်ဝန်းက စိုလက်နေ၏။

သူမနဲ့ လက်ထပ်စတုန်းက မြတ်ထွင် ပြောဖူးသည်။

"မင်း သူနဲ့ သေချာစကားပြောကြည့်ပါ၊ သူ့မျက်ဝန်းလေးတွေက ချစ်စရာကောင်းတယ်၊ မရယ်ဘဲနဲ့ ပြုံးနေရင် ပိုလှတယ်၊ မင်း ခင်ချင်သွားမှာပါ"တဲ့..။

သူကတော့ သေချာမကြည့်မိခင်ကလည်း ဒါပဲ၊ ကြည့်ဖြစ်တော့လည်း ဘာမှမထူးခြားပါ..၊

ရန်လိုမာန်ဖီနေတာမျိုးက လူ၊ တိရစ္ဆာန်၊ ဘဝသတ္တဝါဖြစ်ဖြစ် ဒီတိုင်း အတူတူပဲ ဖြစ်သည်။ မျက်လုံးဖြူးသလောက် ဒေါသတွေနဲ့ မရှုမဆန် မျက်စောင်းထိုးလိုက်သလို ဖျတ်ခနဲ လွှဲသွားသည့်မျက်ဝန်းတွေကြောင့် ရမက် မခံချိမခံသာ ဖြစ်သွား၏။

ကြည့်နေပုံက ရွံသလိုရှာသလို ယောကျ်ားတန်မယ့် မျက်စောင်းက ထိုးလိုက်သေးသည်။

"ဒီငွေတွေက ငါ ရှာလာတာ မဟုတ်ဘူး"

ဘုန်းမီးနေ က အိတ်ကို ပြန်ကြည့်လိုက်ကာ..

"အဲဒါတွေ ရှင်းပြမနေနိုင်ဘူး။ မင်း သိထားရမှာက ဒါ ဒီဆိုင်က ငွေတွေပဲ၊ ပြန်မယူနိုင်တော့တာကို စွန့်လွှတ်လိုက်ရပေမယ့် ယူနိုင်တာ ကို ပြန်ယူခဲ့တာ၊ ပြောချင်တာက မြွေပါလည်း ဆိုး၊ သားလည်း ဆိုးတော့ အဖြစ်မခံနိုင်တာကို ပြောချင်တာပါ"

ရမက်ဖြူ ဆိုတဲ့ မိန်းမမျက်နှာက ဘာပြောပြော နားလည်လက်ခံပုံလည်း မရှိ၊ ထို့ကြောင့်...

"ငါ သုံ့နိုးဂျပိုး မဟုတ်ဘူး၊ ဒီငွေက မြတ်ထွင် ထုတ်ယူသွားတဲ့ ငွေတွေ၊ မင်း ဒီငွေတွေကို မသက်သာရင် အဲဒါ မင်းယောကျ်ားပဲ"

"နင် ငါ့ယောကျ်ားအကြောင်း ဘာမှထည့်မပြောနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ပြောသင့်လို့ ပြောပြတာ၊ အဲဒါမှ နားမလည်သေးရင် ဘုန်းမီးနေ ဆိုတဲ့ကောင် ခိုးလာတဲ့ငွေတွေကို မကိုင်ချင်လို့ပြောပြီး အပြင်ထွက် ကြပစ်လိုက်တော့"

ပြောပြီးတာနှင့် သူ အထဲကိုလှည့်ဝင်ခဲ့သည်။ စားဖို့လည်း စိတ် မပါတော့သဖြင့် အကျီလဲပြီး ပြန်ထွက်တော့ဖို့ ဖြစ်သည်။ ဒါပေမယ့် ခပ်ချဉ်ချဉ်ဖြစ်နေသည့်စိတ်က မပြေသည်မို့ ပြန်လှည့်ကြည့်ကာ..

"ငါ ခိုးလာတဲ့ငွေကို မင်းကို လာအပ်တယ်ဆိုတော့ လူတွေ တွေး စရာရသွားတာပေါ့။ အဲဒီတိုင်းဖြစ်ချင်ရင် မင်း လုပ်လိုက်.."

"တောက်.."

ရမက် အိတ်ကို ပြေးယူပြီး အဲဒီမျက်နှာကို အားရှိပါးရှိ လွှဲပေါက် ပစ်ချင်၏။ ဒီသတ္တဝါရဲ့ စိတ်ဓာတ်ကို သိနေသားနဲ့ မတွေးတော၊ မဆင် ခြင်မိတာကိုက ကိုယ့်အမှား..၊

သူ ရှာလာတဲ့ငွေကို ကိုယ့်ကို လာအပ်စရာ ဘာအကြောင်းရှိလို့လဲ၊ မောင်နှမတွေလို ချစ်ခင်ရင်းနှီးကြတာလည်း မဟုတ်..၊

တခြားသောနည်းနဲ့ သက်ဆိုင်ကြတာလည်း ဘာမှမရှိ..၊

ညည်းပဲ ကြိတ်မနိုင်ခဲမရ ကျန်ခဲ့ရတာမို့လား ရမက်ဖြူ..၊

နောက်ကို သတိထား..၊ အဲဒီကောင်နဲ့ ဘယ်တော့မှ ထိပ်တိုက် မပြောဆိုမိစေနဲ့..၊





အခန်း [ ၀၅ ]

"မေမေ ဘွားဘွားကြီးလည်း လိုက်မှာလားဟင်"

"ဘွားဘွားကြီးက နေသိပ်မကောင်းဘူး မီးလေးရဲ့၊ နောက်အပတ် တမျှ လိုက်လည်မယ်လို့ ပြောတယ်လေ"

"ဟွန်း .."

မြတ်ဖြူ က ရမက် အကျီဝတ်ပေးတာကို နှုတ်ခမ်းစူစူလေးနှင့် လက်တွေမြှောက်ပေး၊ ခေါင်းလေးငုံ့ပေးနှင့် အရုပ်လေးလို အသံတိတ် နေ၏။

"မီးမီးရယ် .. တစ်ပတ်ကို တစ်ခါ အမြဲတမ်း လျှောက်လည်နေတဲ့ ဟာကို ဘွားဘွားကြီးက အခေါက်တိုင်း ဘယ်လိုက်နိုင်မလဲ၊ အသက်ကြီး တဲ့လူဆိုတော့ နေပူမိုးရွာ ရှောင်ရတယ်လေ"

"ညက မိုးလေဝသ မီးမီး ကြည့်ပါတယ်၊ ဒီနေ့ မိုးမရွာဘူးတဲ့"

သမီးလေးပါးလေးကို ငုံ့နမ်းပြီး ရမက် ရယ်လိုက်မိသည်။

"ဟုတ်ပါတယ်၊ ဒါပေမယ့် မိုးနဲ့ နွားသိုး အစိုးမရဘူးတဲ့"

"နွားသိုးဆိုတာ ဘာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အဲ .."

ပြောလိုက်မိတာ ကိုယ့်အမှား..၊

"နွားသုံ့ ဘိတာ နွား မဟုတ်ဘူးလား"

ထပ်မေးတော့ ပိုဆိုးသွား၏။

ထိုစဉ် ဒေါ်သက်လျာ အထဲဝင်လာ၏။ ဒီတော့မှ အသက်ရှူချောင်လေသည်။

"ဟယ် .. ဘွားမြေးက လှလိုက်တာ၊ ဂါဝန်အနီရဲလေးက ပခုံးချိတ်လေးဆိုတော့ လက်မောင်းလုံးလုံးလေးတွေ ဖွေးကျစ်နေတာ ကိုက်ပစ်ချင်စရာလေး။ နှုတ်ခမ်းနီလေးလည်း ရဲလို့.."

ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်ပြီး ပါးလေးနှစ်ဖက်ကို ဘယ်ပြန်ညာပြန် နမ်း၏။ မြတ်ဖြူ က ဘွားအေလည်ပင်းကို ဖက်ထားကာ..

"ဘွားဘွားကြီးက ဘာဖြစ်လို့ မလိုက်တာလဲ၊ ကိုယ်လည်း မပူဘဲနဲ့"

"ဟင် .. မြေးက ဘွားဘွားကြီး မလိုက်လို့ နှုတ်ခမ်းစူနေတာလား၊ လိုက်မယ် .. လိုက်မယ်၊ အခု ဘွားဘွားကြီး အကျီသွားလဲမယ် သိလား"

"အို .. မဟုတ်တာ အန်တီကလည်း ခုနကမှ ဆေးသောက်ထားရတာကို၊ မီးမီးက ပြောရင် နားလည်ရတယ်လေ"

ရမက် မျက်နှာတည်တည်နဲ့ ပြောလိုက်တော့ မြတ်ဖြူ မျက်လွှာချ သွားရှာသည်။ ဒေါ်သက်လျာ စိတ်မကောင်းပါ။

"ရပါတယ် သမီးရယ် .. အမေက ဒီလောက်မဟုတ်ပါဘူး၊ ဒီနေ့မှ အိမ်ကကားတွေ မအားလို့ မလိုက်တော့ဘူးလို့နေတာ၊ သားငယ် အပြင် ထွက်တော့မှာ၊ သူ့ကို ပို့ခိုင်းမယ်လေ"

"မဟုတ်တာ.."

"ဟာ!... ဦးနဲ့ သွားရမှာလား"

ရမက် စကားမဆုံးလိုက်ဘဲ မြတ်ဖြူ လက်ခုပ် ဖျတ်ခနဲတီး၍ ထခုန်





ပြီးတော့ ဘယ်သူမှ ပြောချိန်မရလိုက်မီ ပြေးထွက်သွားလေသည်။

ဂျင်းဘောင်းဘီနက်ပြာ၊ ဂျင်းဂျက်ကက်နှင့် အပေါ်ထပ်က ဆင်းလာသည့် ဘုန်းမီးနေ ကို တန်းမြင်လိုက်သဖြင့် လှေကားရင်းတနေ သွားဆောင့်နေလျက်..

"ဦး .. ဦးနဲ့ မီးမီးတို့ လိုက်မှာ"

"ဘာ!..."

"မီးမီးရယ် .. မေမေ .."

"ဘယ်ကို လိုက်မှာလဲ၊ ဘယ်သူက ပို့မယ်ပြောလို့လဲ"

ရှင်းလန်းတက်ကြွနေသည့် မြတ်ဖြူ မျက်နှာလေး ပျက်သွား၏။ အနားက ကပ်ထွက်သွားသည့် သူ့ကို လိုက်မော့ရင်း ဘာမှဆက်မပြောဘဲ အသံလေး တိတ်ကျန်ရစ်တာကို သတိထားမိပေမယ့် လှည့်ကြည့်ဖြစ်..၊

"သားငယ်.."

ကားသော့ဖြုတ်ပြီး ပြန်လှည့်လိုက်တော့ မေမေက မျက်နှာတင်းရှုလျက်..

"မင်း ကလေးကို အဲဒီလို မဆက်ဆံဖို့ မေမေ ပြောခဲ့တာတွေ မင်း နားထဲမှာ ခွေးဟောင်သလောက်တောင် အရာမထင်ဘူးလား"

"ဟား!... ကျွတ်.."

ဘောင်းဘီအိတ်ထဲ လက်တစ်ဖက်ထည့်၍ ဖျတ်ခနဲ ကျောခိုင်းလိုက်၏။ ဒီသားအမိနဲ့ ဘာဖြစ်ဖြစ် မေမေကိုယ်တိုင် အဲဒီလို ဖြစ်သွားတတ်တာကို မယုံချင်၊ ဒါ ဖြစ်စရာလား..၊

သူတို့လည်း သူတို့ဘာသာနေ .. ကိုယ်လည်း အစကတည်းက ဒီတိုင်းနေခဲ့တာ..၊

"မင်း မခေါ်ချင်ရင် ဖြစ်တယ်၊ ကလေးကို ဒီလိုစကားတွေနဲ့ ပစ်



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ထားခဲ့ဖို့ မလိုဘူး"

"မတတ်နိုင်ဘူး မမေ၊ ကလေးဖြစ်ဖြစ် ခွေးဖြစ်ဖြစ် ချစ်ကို မချစ်တတ်တော့ ရှောင်လည်း မရှောင်တတ်ဘူး။ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ဖြူဖြင့်ချင့်တဲ့စိတ် ဖြစ်လာလို့ အိမ်မှာပဲနေတာ၊ ဒီလိုစကားတွေပဲ ပြောနေရမယ်လို့ ထင်ကိုမထင်ဘူး"

"မင်းက မေမေ့ကို ခြိမ်းခြောက်နေတာလား"

"အဲဒါ နောက်ထပ် ကျိုင်း"

ဘုန်းမီးနေ ဟိုဘက်လှည့် ဒီဘက်လှည့်နှင့် စိတ်တိုတတ်သည့် အကျင့်က ဒုက္ခပေးနေတုန်း မြတ်ဖြူ မတ်တတ်လေးရပ် ငေးနေတာကို ကြည့်မိကာ...

"အဲဒီကောင်မလေး ဖယားရှုပ်ရှုပ်နေလို့၊ ဟိုတစ်ယောက် မတူသလို မတန်သလို ပြောတာတွေလည်း ခံရပြီးပြီ၊ ကလေးကို ကိုင်ပေါက်ရမလား။ လူကြီးကို ရိုက်သတ်ရမလား"

"ကြည့်စမ်း .. သားငယ် .. မင်း .."

"ပြောပြတာ .. နည်းနည်းလေးသာ စိမ်းရင် မေမေတောင် သိလိုက်မှာ မဟုတ်ဘူး၊ ဒီက လက်က မြန်ပြီးသား"

"အဲဒီလိုစိမ်းနေရင် နင့်လို လူစိတ်ပျောက်တဲ့သတ္တဝါနဲ့ ငါတို့က လည်း တစ်အိမ်တည်း မနေဘူး.."

ရမက် က ပြောရင်း ထွက်လာကာ ကလေးကို ဆွဲချီလိုက်၏။

"နင့်လိုပဲ ပြောတတ်တယ်၊ ကြိမ်းဝါးတတ်တယ် ဘုန်းမီးနေ၊ ကလေးရှေ့မှာမို့ သည်းခံနေတာ၊ ငါ့သမီးနဲ့ နင် ဘာမှ သွေးမတော်ဘူးလို့ ဒီနေ့ကစပြီး ကလေး နားဝင်အောင် ငါ ပြောပြမယ် ကြည့်နေ.."

"ကောင်းတာပေါ့၊ စောစောကတည်းက လုပ်သင့်တာ"

ရမက် ကလေးချီပြီး လှည့်ဝင်သွားတော့ ဒေါ်သက်လျှာ ဘုန်းမီး





ရှက်နှာကို မျက်ရည်လည်နေသည့် မျက်ဝန်းများနှင့် စိန်းစိန်းကြီး ကြည့်နေခဲ့၏။

ဘုန်းမီးနေ ကိုယ်တိုင် သူ့ အပြစ်ရှိတာကို သိသည်။ ထို့ကြောင့် မှာ ခပ်လွဲလွဲလုပ်ပစ်မိ၏။ ဒါပေမယ့်...

"ဘုန်းမီးနေ.."

အမြဲတမ်း 'သားငယ်'လို့သာ ခေါ်တတ်သည့်အသံကို နားကြား သွားသလို သူ လှည့်ကြည့်လိုက်မိစဉ်...

"လူမိုက်.."

ပါးတစ်ဖက် ဖြန်းခနဲ မီးပွင့်သွား၏။ မျက်နှာငိုက်ဆင်းသွားပြီး ပြန် ကြည့်လာတော့ ဒေါ်သက်လျှာ ရိုက်သည့်လက်ဝါးကို ဖိဆုပ်ထားလိုက်

"တော်တော် ခံပြင်းသွားလား .. မင်းက မြွေပေါက်လို ထိပ်ပုတ်တဲ့သူပဲ၊ ငါ မင်းအမေဆိုတာ မေ့ထားလိုက်လို့ ရတယ်၊ ကဲ .. ဘာလုပ် မလဲ"

နီရဲနေသည့် ပါးတစ်ဖက်နှင့် သူ ပြန်လှည့်ကြည့်၏။ ပြီးတော့ ခဲ့ပြုံးကာ...

"မီဘကို ပြန်ပြန်သတ်ပုတ်တဲ့အထိ ကျွန်တော် မမိုက်ရိုင်းဘူး ။ ဒါပေမယ့် တစ်ခုတော့ ရှိတယ်၊ အဲဒီနှစ်ယောက်ကြောင့် မေမေ ပေါ်ကို ပါးရိုက်တတ်လာပြီ၊ ကျေးဇူး င်ပါတယ်"

ဘုန်းမီးနေ က ပါးတစ်ဖက်ကို ပွတ်လိုက်ပြီး အထဲကို ပြန်ငုံ့ကြည့်

"မေမေ ပေါက်ကွဲတတ်သွားပြီဆိုတော့ အပေးအယူတွေ မှုသွား ပြီ"

"မင်း .. ဘာပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ကလည်း ဒီတိုင်းပဲ ပြောနေမှာဆိုတော့ ပြောလိုက်
မေမေ အပြစ်ပေးလိုက်ရင် ကြွေးမတင်ဘူးပေါ့၊ ကျွန်တော် တာ
မိုက် ရှိုင်းရင် မေမေက ပါးတစ်ချက်ရိုက်ဖို့လိုအပ်ရင် ဒီပါးတွေ
ကျွန်တော် ထိုးထိုးပေးထားမယ်"

ကြည့်စမ်း .. ပြောသွားလိုက်တာ..၊

ဝေါ်သက်လျှာ ရင်တွေပါ တုန်သွား၏။

ဒီလောက်ထိ မုန်းတဲ့အမုန်းမျိုးတွေကို မြင်လည်း မမြင်ဘူး၊ ကြ
လည်း မကြုံဘူးခဲ့ပါ..၊

အဆုံးမရှိတဲ့ အမုန်းတွေလား..၊





## အခန်း [ ၀၆ ]

"ပုံပြင် ပြီးသွားပြီလေ၊ မီးမီးက မအိပ်ချင်သေးဘူးလား"

"မေမေ .."

"ဟင် .."

"မီးမီး မေးချင်တယ်"

"မေးလေ .. ဘာလဲ"

"မေမေက ဆူမှာလား"

သမီးလေး ဘာမေးတော့မှာလဲဆိုတာကို တွေးမိလိုက်သဖြင့် ရမက်
တာရက် မပြေနိုင်..၊ ညစဉ်ညတိုင်း ပုံပြင်ပြောပြပြီး သိပ်နေကျမို့
း ကလည်း ပုံပြင်ပြီးသွားတာနှင့် အသံလေး တိတ်သွားနေကျ..၊

ပုံကြည့်လိုက်တာနှင့် နှစ်မြိုက်စွာ အိပ်နေတတ်တာပါ၊ သမီး အိပ်မှ
င်ထောင် ချ၊ စောင်လေးနဲ့ လိုက်ဖိပြီး သမီးလေးကို ဖက်၍
လည်း အိပ်လို့ပျော်သည်။

သမီးက မအိပ်ခင် စောင်ခြုံပေးလို့ မရ ပြီးတော့ အဲကွန်းလည်း
သည်မို့ ခြင်ထောင်လည်း ထောင်ထားရ၏။



www.burmeseclassic.com

www.burmeseclassic.com



မြတ်ဖြူ သည် ခြင်ထောင်အမိုးကိုငေးနေရင်း နားစွင့်ပေမယ့် ဘာမှ မဖြေသံမကြားတော့ ရမက် ဘက်ကို တစောင်းလေး လှည့်လာပြီး—

"မေမေ.."

"ဘာမေးမလို့လဲ သမီးရယ် .. မအိပ်ခင် စကားတွေ အများကြီး မပြောရဘူး၊ အများကြီးလည်း မတွေးရဘူး၊ အိပ်မက်တွေ မက်နေတတ်တယ် မီးလေးရဲ့"

"အိပ်မက်မက်တော့ ဘာဖြစ်လို့လဲဟင်"

"အိပ်ရေးမဝဘူးပေါ့၊ လူက အိပ်နေပေမယ့် ဦးနှောက်က မနားရတော့ ကြာရင် မကောင်းဘူးလေ"

"ဒါဆို မီးမီးဦးနှောက် ပင်ပန်းနေတာ နှစ်ခါရှိသွားပြီ မေမေ"

မြတ်ဖြူ က ဖောင်းပြည့်ဖြူနုနေသည့် လက်ချောင်းလေးနှစ်ချောင်း ထောင်ပြသည်။ ရမက် ထိုလက်ကလေးတွေကို ဆုပ်ကိုင်လိုက်ပြီး နှုတ်ခမ်းမှာ ကပ်ထားမိကာ...

"ဘာဖြစ်လို့လဲ .. ပြောပါဦး မေမေ့ကို.."

"မီးမီးရယ် .. မေမေရယ် .. ဦးရယ် ကားစီးကွင်းထဲမှာ လျှောက်လည်ကြတယ်လို့ အိပ်မက်မက်နေတာ"

နူးညံ့ပြုံးရယ်နေသည့် ရမက် မျက်နှာ ချက်ချင်း တစ်မျိုးပြောင်းသွားသည်။

"ဦးက အိပ်မက်ထဲမှာ ရယ်နေတယ် သိလား၊ မေမေနဲ့ ရန်မဖြစ်ဘူး၊ မီးမီးတို့လည်း ရိုတ်ထားတယ်၊ မီးမီးတို့နဲ့ ဖေဖေနဲ့ လျှောက်လည်တုန်းက အတိုင်းပဲ မေမေ"

"ဟင်!..."

မြတ်ဖြူ က အသံတိတ်နေသည့် သူမ မေးဖျားကို လက်ဖဝါးလေးနဲ့ ဖိကပ်လှုပ်ကာ...





"အိပ်မက်တွေနဲ့ မနက်မိုးလင်းသွားတာနဲ့ ဘာဖြစ်လို့ မတူတာလဲဟင်.၊ အိပ်မက်ထဲမှာလို မီးမီးကို ဦးက ချစ်ရင် သိပ်ကောင်းမှာပဲ"

"သမီးရယ်.."

သမီးလေးကို မဆူရက်တိုင်း ဒ..ဘြိတ်နေရတာ ဒီလိုစကားတွေ ကြားရတိုင်းပါပဲ၊ ဘုန်းမီးနေ ကို သူမ ဘယ်လောက်မုန်းသလဲဆိုရင် သမီးတိုကောင် ဘယ်သူတွေ ဘယ်လိုခေါ် ခေါ် ကိုယ်ကတော့ သမီးလို့ပဲ ခေါ်ခဲ့သည်။

သမီးကိုယ်တိုင် သူ့ကိုယ်သူ 'မီးလေး၊ မီးမီး'နှင့် ပြောတတ်တာတွေ ကြားရလွန်းပါမှ အမှတ်တမဲ့ ခေါ်ဖြစ်ရင်းကနေ မီးမီး ဆိုတာ ပါးစပ်ထဲမှာ ရှိသွားခဲ့တာဖြစ်သည်။

'မီး'ဆို နာမည်ဆင်ဆင်တူတာတောင် မခေါ်ချင်တဲ့အထိ၊ သမီးလေး ဘာဖြစ်လို့ ဒီလူကို ခင်တွယ်နေတာလဲ..၊

ကြာလာလျှင် ဒါဟာ စိတ္တဇလို စွဲကပ်လာနိုင်၏။ သူ့အဖေသာ ပြန်ရောက်လာနိုင်ခဲ့လျှင် ဒီပြဿနာ-အေးချမ်းသွားမှာပေမယ့်...

"ဖေဖေက ဘယ်တော့ ပြန်လာမှာလဲဟင်၊ မေမေ."

တွေးနေတုန်းမို့ သမီးရဲ့ မေးသံက နားထဲမှာ အကျယ်ကြီး မြည်ဟီးသွား၏။

"မေမေ့.."

"ဟင်.."

"တီချယ်ဆိုရင် မီးမီးဆီ မလာတဲ့နေ့ဆို သူ့သားလေးရဲ့ ဖေဖေနဲ့ ရှိန်း အမြဲတမ်း ပြောတာတဲ့"

သမီးကို မူကြို မထားဘဲ သုံးနှစ်မပြည့်တတ်ခင်တည်းက ဒီဆရာမ နဲ့ပဲ အိမ်မှာ သင်စေခဲ့တာ ဖြစ်သည်။

ဆရာမရဲ့ ခင်ပွန်းက နိုင်ငံခြားမှာပဲ နေတာများကာ တစ်နှစ်မှ တစ်



www.burmeseclassic.com

www.burmeseclassic.com



ခေါက်၊ နှစ်ခေါက်ပဲ ပြန်လာတတ်တာဟု ပြောပြခဲ့ဖူး၏။

ငွေတွေပို့ပေးနေပေမယ့် ယောကျ်ားတွေဆိုတာ ကွယ်ရာမှာ စိ မရှုရတဲ့အကြောင်း၊ တစ်နေ့နေ့မှာ တစ်မျိုးပြောင်းသွားခဲ့လျှင် ကိုယ့်ဘ မှာ ရုပ်ပျက်ဆင်းပျက် မကျန်ခဲ့ရအောင် ကျောင်းမှာလည်း စာသင်သ

သမီးလေးကိုလည်း အချိန်မှန် စာလာသင်တဲ့အကြောင်း...

"အစ်မယောကျ်ားက ရှိနေသေးပေမယ့် မရှိသလိုပါပဲ ညီမရ တို့တွေက ဘဝတူတွေပါ။ သမီးလေး မြတ်ဖြူ က အဘိုးအဘွား က ချမ်းသာ၊ ချစ်လည်း ချစ်ကြတော့ တို့သားထက် အများကြီး သာ တယ်"တဲ့..၊

ဒါ .. ဆရာမနဲ့ ပြောဖြစ်တုန်းက ကြားရတဲ့အကြောင်းတွေ ဖြ သည်။ သမီးလေးနဲ့ နှစ်ယောက်တည်းရှိနေချိန်တွေမှာ သမီးက ဘ လောက်ထိ မေးခဲ့ပြီး ဆရာမ ဘယ်လို ပြန်ဖြေခဲ့တယ်ဆိုတာ မသိနိုင်

ကို မဆုံးခင်ကတည်းက ဒီအိမ်မှာ စာသင်ပေးခဲ့တာမို့ ခုချိန်မှ ဘာတွေကို ထိမ်ချန်ပြီး ဘာကိုတော့ ဖြေသင့်တယ်ဆိုတာ ဆရာမ သ မှာပါ..၊

ခဏအတွင်းမှာ အဖက်ဆယ်မရအောင် နောက်ကျိရှုပ်ထွေးသွာ သည့်စိတ်က ကိုယ့်ကိုယ်ကိုယ် အိပ်စက်ဖို့ အိပ်ရာထဲရောက်နေတာကို တောင် မေ့ချင်၏။

မြတ်ဖြူ သည် မျက်တောင်ဖျားလေးတွေ မှေးစင်းကျနေတာ တောင် ပြောချင်တာတွေကို တဖွဖွ ပြောနေခဲ့သည်။

"မီးမီး ဖေဖေနဲ့ ဖုန်းပြောချင်တယ် မေမေ၊ မေမေက ဘာဖြစ်လို့ ဖေဖေနဲ့ ဖုန်းမပြောတာလဲ၊ တီချယ့်ကိုပြောတော့ တီချယ်ကလေ မီးမီး မသိလိုက်လို့ပါတဲ့၊ ဖေဖေနဲ့ မေမေတော့ ဖုန်းပြောကြမှာပေ့ါတဲ့၊ မေမေ ဘာဖြစ်လို့ မီးမီး မသိအောင် ဖေဖေနဲ့ ဖုန်းပြောတာလဲ"





"မီးလေးရယ် .. ဟိုလေ .. ဖေဖေက အရမ်းအရေးကြီးတဲ့ အလုပ် လုပ်နေတာဆိုတော့ မေမေလည်း တစ်ခါတစ်ခါကျမှ ခဏလေးပဲ ရတာ၊ တော်ကြာ သူ့သမီးလေးအသံကြားပြီး လွမ်းတာနဲ့ ဟိုမှာ ထိခိုက်သွားရင် အလုပ်တွေ ပျက်မှာပေါ့"

ညာနေရတာကိုလည်း စိတ်မကောင်း၊ ကို့ကိုလည်း သတိရကာ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာသည်။

ဘယ်လိုမှ ထိန်းမရသည့်အချိန်မှာ ရှိုက်သံတွေပါ စွန်းထင်သွားခဲ့ မြတ်ဖြူ မျက်လုံးဝိုင်းလေးနှင့် မော့ကြည့်လာပြီး...

မေမေ.."

"မီးမီး .. မီးမီးလေး အိပ်တော့နော် .. အိပ်နော် သမီး"

မြတ်ဖြူ ခေါင်းလေးညိတ်ရှာသည်။ ထို့နောက် အသံတစ်စက်မှ တော့ဘဲ အိပ်ပျော်သွားရှာ၏။

သမီး အိပ်သွားပြီမို့ အသာလေးထ၍ စောင်ခြုံပေးစဉ် မျက်တောင် လေးတွေအောက်မှာ စိုလက်လက်လေးတွေ မြင်လိုက်သဖြင့် ရခက် ရသွား၏။

လက်နဲ့တို့လိုက်တော့ ထင်သည့်အတိုင်း မျက်ရည်တွေပါ..၊

"သမီးလေးရယ်.."

ရမက် သမီးကိုယ်လေးကို သိမ်းကျုံးဖက်ကာ တအင့်အင့် ရှိုက်ငို သည်။ ကလေးရှေ့မှာ မဆင်မခြင် ငိုခဲ့မိသည့်အပြစ်အတွက် ကိုယ့် ကိုယ် ဒေါသထွက်ချင်သည်။

မဖြစ်သင့်မှန်း သိနေလျက်နှင့် မျက်ရည်ကလည်း မတိတ်ခဲ့ တာတံခါးကိုဖွင့်၍ အပြင်ကို ထွက်မလို့ပေမယ့် တံခါးဖွင့်လိုက်သည် မိုးကြောင့်အေးနေသည့်လေက စိမ့်ခနဲ စွတ်ဖျန်းသွားသဖြင့် ရုတ် မထွက်ဖြစ်..၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်သောကနဲ့ကိုယ် မိုး ဘယ်အချိန် ရွာသွားလိုက်မှန်းတော
သတိမထားမိပါလား..၊

ဝတ်ထားသည့် အပြာရောင်လက်ရှည် ညဝတ်အင်္ကျီမှာ လက်
ပိုက်ပြီး အပြင်ကိုထွက်ခဲ့လျှင် မိုးရေစိုနေသည့် ကျောက်ပြားက ခြေ
တို့ကို မိတ်ဆက်၏။

မိုးစက်မှုန်တို့ ကျနေဆဲသေးသလိုလို၊ လေက အေးနေတာ
ဝရန်တာမှာ စိမ့်အေးနေလေသည်။ ရင်ထဲက အပူတွေတောင် လျော့
သွားသလိုပင်..၊

ပြီးတော့ အိမ်ထဲက အလင်းရောင် စွန်းထင်းသည့်နေရာမှလွဲ
ဝရန်တာမှာ မှောင်မိုက်နေခြင်းက လွတ်လပ်ခြင်းကို ပေးစွမ်းခဲ့၏။

"ဘယ်လိုလဲ .. ကမ္ဘာကြီးက သာယာနေလား"

"ဟင်!..."

လန့်ဖျန့်ကာ နောက်လှည့်ကြည့်လိုက်မိလျှင် ဒရင်းမ်ဘက်ဒ်
စားပွဲပုလေးတစ်လုံးရယ် ..၊

စားပွဲပေါ်မှာ ဘာတွေမှန်းမသိပေမယ့် ဒရင်းမ်ဘက်ဒ်ပေါ်
ဘုန်းမီးနေ..၊ မိုးရွာပြီးစ ဒီလိုအချိန်မျိုးမှာ တံစက်မြိတ်အောက်
တည့်ကိုရွေး၍ လေညှင်းခံဖို့ ထိုင်နေတာတော့ မဖြစ်နိုင်..၊

"ဒါပေမယ့် .. အအေးပတ်ပြီး ငါက မစန့်သေးဘူး၊ မသာ
နဲ့ဦး"

သူ့စကားကို ပြည့်စုံအောင် ထပ်ပြောပြီး ထရပ်လိုက်သည်။

ဘာတွေပြောနေမှန်း မသိဘဲ တစ်ခုခုကို ဖွပ်စွဲလိုက်တာမှန်းသ
သိကာ ရမက် ဒီတိုင်း ရပ်ကြည့်နေမိ၏။

ဘုန်းမီးနေ က ရှေ့ကို တိုးလိုက်ပြီးမှ ဆံပင်တွေနဲ့ သူ့ရဲ့
အင်္ကျီကို ပွေ့ထုတ်ပစ်နေသဖြင့် ရေတွေ သူမဆီကို တဖျောဖျော ပြေ





တုန်ကြ၏။

"အို .. ဘယ်လိုလုပ်တာလဲ.."

ရမက် လက်နဲ့ကာ နောက်ဆုတ်ရှောင်ရင်း ဒေါသဖြစ်ဖြစ်နှင့်
အော်သည်။ ပြီးတော့ တက်တစ်ချက်ခေါက်ကာ အထဲပြန်ဝင်မလို့..၊

"ဘယ်ကိုလဲ .."

"အား!.."

လက်မောင်းကို ဖိဆုပ်ခြင်း၊ ဆောင့်ဆွဲပစ်လိုက်ခြင်းက ကြမ်းတမ်း
လွန်းကာ ရမက် အဆမတန် နာကျင်သွား၏။

"ဖယ်စမ်း .. လွှတ် .. ဘုန်းမီးနေ .. နင် .."

နောက်ထပ် လက်မောင်းကို ဖိဆုပ်ဖစ်လိုက်သဖြင့် ပါးရိုက်လို့
လည်း မဖြစ်တော့ရ..

သူ့ကိုယ်ကို ထိသမျှ မိသမျှ ထုရိုက် တွန်းထိုးပစ်မိသည်။

သူကလည်း ရမက် ကို စိစိညက်ညက်ကြေအောင် ရိုက်သတ်ချင်
နေသည့် ဒေါသများနှင့် ဆောင့်ခါ အံကြိတ်လျက်...

"ကြည့် .. ငါ့မျက်နှာကို သေချာကြည့်စမ်း ရမက်ဖြူ၊ မင်း သေ
ကြောင်းကြံစည်ချင်လောက်အောင် မုန်းနေတဲ့ မျက်နှာ .. ဘုန်းမီးနေ
ဆိုတဲ့ကောင်လေ .. အခု မိုးရေထဲမှာ အအေးမပတ်ပြီး မသေသေးဘူး၊
မင်း ဘာထပ်လုပ်မလဲ"

"ဘာတွေ လာပြောနေတာလဲ၊ လွှတ် .. ငါ့ကို.."

"မင်း ဝရန်တာတံခါး လာပိတ်သွားတာ၊ ငါ ဒီမှာ ထိုင်မလို့
အအေးဘူး ယူတာ၊ ဂစ်တာ ပြန်ထယူတာ၊ မင်း အကုန်မြင်တယ်၊ မိုး
ရွာလာတာမှ တံခါးကို တမင်တကာ လာပိတ်တာ၊ မင်း..."

"ထွက်ပိတ်တာ မြင်ရင်လည်း လှမ်းအော်ပေါ့၊ နင် အ နေလို့လား၊
ခုကိုတာလား .."



www.burmeseclassic.com

www.burmeseclassic.com



"ငါ အိပ်ပျော်သွားတုန်း မင်း ဘာမင်လုပ်တာလေ"

ရမက် စိတ်တိုလွန်းလို့ စကားရှာမရတော့ဘဲ သူ့ရင်ဘတ်ကို အားကုန် ဆောင့်တွန်းပစ်လိုက်၏။ ပြီးတော့ မျက်နှာကို မုန်းတီးစွာ လက်ညှိုးထိုး၍...

"မမြင်လိုက်ဘဲနဲ့ စွပ်စွဲနေတာပေမယ့် ငါ မငြင်းဘူး၊ အေး .. တစ်ခု ထပ်ပြောလိုက်ဦးမယ် မှတ်ထား၊ နင့်လိုကောင်ကို သတ်ချင်လာရင် အဲဒီလိုအခွင့်အရေးလေးရဖို့ ကျားချောင်းချောင်းမနေဘူး၊ တစ်ချက်တည်းနဲ့ အသေသတ်နိုင်တဲ့နည်းကို သုံးမယ်၊ ပြီးတော့ မကျေနပ်မချင်း နှပ်နှပ်စဉ်းနေမယ်.."

"ဟုတ်လား .. ဒါဆို အခု သတ်ချင်နေပြီ ထားလိုက်၊ လုပ်လေ .. လုပ်ကြည့်ပါ"

သူ ရှေ့ထပ်တိုးသည်။ ရမက် နောက်မဆုတ်ဘဲ သူ့ရင်ဘတ်ကို တစ်ကိုယ်လုံးနဲ့ ပစ်တိုက်ပစ်လိုက်ပြီး အားကုန် သုံး၏။

ဒီနည်းနဲ့ တုံ့ပြန်လာမည်မထင်သောကြောင့် ဘုန်းမီးနေ ပစ်စလက်ခတ် လန့်ထွက်သွားကာ နံရံမှာ အင့်ခနဲ ကျောကပ်မိသည်။ ဒါပေမယ့် အကျင့်ပါနေသည့်ကိုယ်က အရှိန်နောက်မှာ ဝိပြားမနေခဲ့ဘဲ ရမက် ပြေးထွက်သွားသည့်ဘေးကို ချက်ချင်း ပြန်ရောက်သွားကာ ...

"ရမက်ဖြူ .."

"အား!..."

ပခုံးကို နှစ်ချက်၊ သုံးချက် ဆွဲခါပစ်လိုက်ပြီး ဒေါသက မသေဘဲ သူမကိုယ်ကို နံရံမှာ ဖိကပ်ချုပ်လိုက်သည်။

"မင်း .. မင်း... သေတော့မယ် .. မင်းကို ငါ သတ်မိတော့မယ်၊ သိလား.."

မိန်းမတစ်ယောက်ဆိုသည့် အသိက ဖျတ်ခနဲ ဝင်၏။ ဒုတိယ





အကြိမ် လည်ပင်းမညှစ်မိဖို့ကို သတိရသည်။ ဒါပေမယ့် ဒေါသကို ဘယ်လိုမှ ထိန်းမရဘဲ ပခုံးကို ဆွဲခါမိလိုက်၊ နံရံနဲ့ ဖိကပ်ပစ်မိလိုက်...

"ဘုန်းမီးနေ ကို ငါ့မိဘကလွဲရင် ဘယ်သူမှ 'ဟိတ်ကောင်'လို့ ခေါ်ရဲဘူး၊ 'ကောင်'ဆိုတဲ့အသုံးနဲ့ မပြောရဲဘူး။ မင်းယောကျ်ားတောင် ငါ့ကို အဲဒီလို မဆက်ဆံခဲ့ဘူး၊ သိပ်မောက်မာတဲ့ မိန်းမ၊ မင်း ငါ့ကို တိရစ္ဆာန်တစ်ကောင်လို ဆက်ဆံ ပြောဆိုနေတာ လျှာဖြတ်ပစ်မယ်၊ လုပ်ဘူး မထင်နဲ့"

"ပြောမယ် .. လျှာဖြတ်ရုံမကလို့ သတ်ဝစ်ပစ်၊ နင့်မျက်နှာကို မြင်တိုင်း တစ်နေ့ အခါရှစ်ဆယ်လောက် အော်နေမယ်၊ လူမဆန်တဲ့ သတ္တဝါက နင်ပဲ .."

"တိတ်စမ်း .."

"သားငယ် .. သား .. လွှတ်လိုက်"

ဒေါ်သက်လျှာ ပဲ ရှေ့ကရောက်လာကာ ဦးဘုန်းသာ မျက်နှာကြီး နီရဲလျက် နောက်က ပါလာ၏။ ည ကိုးနာရီခွဲပဲ ရှိသေးတာမို့ မိုးလည်း အေးလို့ အိပ်ရာဝင်ခဲ့ကြပေမယ့် ဘယ်သူမှ မအိပ်ကြသေးပေ..၊

ဘုန်းမီးနေ ဖိဆုပ်ထားသည့်လက်ကို ဆတ်ခနဲ ဖြုတ်ခါပစ်ကာ ထိုလက်က ဆံပင်တွေထဲ ရောက်၍ တက်ခေါက်၏။

တစ်ကိုယ်လုံး ရေတွေ စိုရွှဲနေသော ဘုန်းမီးနေ နှင့် ပခုံးနှစ်ဖက်ကို မီဆုပ်ထားပြီး မျက်ရည်တွေကျ၊ အံကြိတ်နေသည့် ရမက်ကို နားမလည်စွာ ကြည့်ရင်း ...

"ဘာတွေ ဖြစ်နေကြတာလဲဟင်၊ မြေးလေး နိုးသွားပါ့မယ်ကွယ် အေးအေးကို ပြောကြပါဦး"

ရမက် အင့်ခနဲ ရှိုက်ကာ ခေါင်းတွင်တွင်ခါ၏။ ပြီးတော့ နေရာမှ ပြေးထွက်သွားသည်၊



www.burmeseclassic.com

www.burmeseclassic.com



"သမီး .."

ဒေါ်သက်လျာ ခြေလှမ်းပြင်လိုက်ပေမယ့် ဘုန်းမီးနေ ဘက်ကို
ပြန်လှည့်မိကာ ...

"သားငယ် ပြောစမ်း"

"ပြောလည်း ကျွန်တော်ပဲ လွန်တယ်ဖြစ်ဦးမှာ၊ ဘာက စပြော
မလဲ"

"အခု မင်း သတ်မယ် .. ပုတ်မယ် ဖြစ်နေတဲ့အကြောင်း ပြောပေါ့
မှန်တဲ့တိုင်း ပြောလိုက်၊ ကိုယ်လွန်ရင် လွန်တယ်ပြောတာ ခံရမှာပဲ"

ဦးဘုန်းသာ က သူ့ရှေ့ထိ လျှောက်သွားကာ ရေတွေ စိုနေသည့်
ပုံစံကို ခြေဆုံးခေါင်းဆုံး ကြည့်၏။ ဒါပေမယ့် ရေစိုနေရသည့်အဖြစ်
စိတ်ဝင်စားလို့ မဟုတ်ဘဲ...

"မင်း ဒီပုံစံ၊ ဒီလောက် ခက်ထန်နေတာတောင် ဘာဖြစ်လို့
ယောကျ်ားမပီသတာလဲ"

ဘုန်းမီးနေ မျက်လုံးတွေ ဝင်းခနဲ အရောင်ထွက်သွားသလိုပင်
ဦးဘုန်းသာ က ဂရုမစိုက်..၊

"ယောကျ်ားဆိုတာ မိန်းမနဲ့ပြိုင်ပြီး ရန်မဖြစ်ရဘူး။ မိန်းမထ
ပိုပြီး သည်းခံစိတ် မွေးရတယ်၊ အထူးသဖြင့် မိန်းမတစ်ယောက်အပေါ်မှာ
ခွန်အားသုံးပြီး အနိုင်မယူရဘူး"

"သူက ကျွန်တော့်ကို သတ်ချင်လောက်အောင် မုန်းနေတာ
စကားပြောလာတိုင်း တိရစ္ဆာန်တစ်ကောင်လို နှိမ်နှိမ်တယ်၊ မစင်
တစ်ပုံလို ကြည့်တယ်"

"အဲဒါ သူ့မှာ အကြောင်းရှိတယ်လေ၊ မင်းကြောင့် သူ ဒီဘ
ရောက်ခဲ့ရတယ်"

"ဘာဆိုင်လဲ.."





"မင်း ခံမပြောနဲ့"

ဦးဘုန်းသာ ဒေါသနှင့်အော်ပစ်လိုက်တော့ ဘုန်းမီးနေ နှုတ်ခမ်း
တွေ စေ့ထားလျက် အသံတိတ်၏။

"သူကလေး .. ကိုယ့်အစ်ကိုရဲ့ ရင်သွေးလေးကိုတောင် မင်း
အနားညှာတာရမှန်း သိလား .."

"ဖေဖွေးချွေးမ ဘယ်လိုပုံစံ ခွဲခြားထားတယ်ဆိုတာရော ဖေဖေ
သိလို့လား"

"နေပါဦး .. နေကြပါဦး၊ သား ပြောလိုက်တာ သမီးက မင်းကို
သတ်ချင်လောက်အောင် မုန်းနေတယ် ဟုတ်လား၊ အခု အဲ့ဒါတွေ
နေကြတာလား၊ ဒီရေတွေ စိုနေတာက..."

"ဟုတ်တယ် .. ကျွန်တော့် ဝရန်တာမှာ ထွက်ထိုင်နေရင်း အိပ်
ပျော်သွားတာ၊ မိုးတွေရွာလာလို့ ပြန်ဝင်မယ်လုပ်တော့ တံခါးကို အထဲ
က ပိတ်ထားတယ်"

"အို .. သားငယ် မိုးရေထဲမှာ .."

"ဟုတ်တယ် .. အဲဒီမိန်းမ အဲဒီလောက် အပြုံးကြီးတာ"

"နေပါဦး ... သူ တံခါးပိတ်သွားတာလို့ မင်း ဘာလို့ ပြောနိုင်တာလဲ"

ဖေဖေ ဝင်ပြောလာတိုင်း သူ့ရင်ထဲမှာ ခံပြင်းစိတ်တွေ ဖြစ်ခဲ့
ရသည်။ မေမေ့လို အားလုံး သင့်မြတ်ပြေလည်စေချင်တာမျိုးလို့ စိတ်က
ခံစားမိဘဲ သူ့ကိုသာ ပြစ်တင် ရှုံးမယ်ဖွဲ့ ချင်နေတာမျိုးလို့ မြင်သည်။

"ဟုတ် ဟားပဲ သားငယ် .. သမီးက ..."

"သူ မြင်တယ် .. ကျွန်တော် ဒီကို ထွက်လာတာ မြင်တယ်၊
အိပ်ပျော်နေတာသိလို့ တမင် လာပိတ်သွားတာ၊ ဒီနေရာမှာ ကျွန်တော်
နေတာတဲ့လို့ ဒီတံခါးကို တစ်ခါတလေ သန့်ခေါင်ကျော်မှ ပိတ်တာ၊
ကျင်းကြီး.."



www.burmeseclassic.com

www.burmeseclassic.com



"ဒုအေး .. မရှင်းတာက မင်း တစ်ကိုယ်လုံး အနက်တွေဝတ်ပြီး မီးရောင်အကွယ်မှာ ရောက်နေတာကြောင့် ဖြစ်မယ်၊ မီညို ပြန်မအိပ်ခင် မိုးသက်လေတွေ တိုက်နေလို့ အပေါ် ထပ်တံခါးတွေ ပိတ်ခဲ့တယ်လို့ ငါ့ကို ပြောသွားတယ်"

ဘုန်းမီးနေ တင်းနေသည့် မျက်နှာကြီး တစ်မျိုးပြောင်းသွား၏။

"အဲဒီလို ဖြစ်ပါလိမ့်မယ် သားငယ်ရယ် .. သူ့ယောက်ျားကြောင့် ခံစားရလွန်းပြီး မင်းအပေါ် မှာသာ သူ မုန်းတီးနေတာ ရှိရင် ရှိမယ် လူတစ်ယောက်လုံးကို ဒီလိုလုပ်ကြံရလောက်အောင် သူ မကြမ်းတမ်း ဘူး၊ ရမက် ရဲ့ စိတ်ကို မေမေ နားလည်တယ်"

သားတစ်ယောက်လုံးရဲ့ စိတ်ကိုတော့ နားလည်မပေးဘူးလား ဒီကိစ္စ ရမက် လုပ်တာ မဟုတ်ဘူးဆိုတာကို သူ လက်မခံနိုင်..၊ သူ့ ကိုယ်တိုင် ဝန်ခံပြီး စိန်ခေါ်သွားခဲ့တာ ခုနကမှ...

ပြောနေပြန်ရင်လည်း မင်းပဲ လွန်တယ် ဖြစ်ဦးမည်။

ရမက်ဖြူ ဆိုသည့်မျက်နှာကို သတိရတိုင်း မုန်းနေရတာကို တောင် မုန်းလာမိခဲ့၏။

မျက်နှာမြင်တိုင်း မုန်းနေချင်အောင် ဘယ်လို ကောင်းမှုတွေ ကြောင့် ရင့်သန်ခဲ့တဲ့ ပါရမီတွေလဲ..၊





## အခန်း [ ၀၅ ]

"မစီးပါနဲ့ မီးမီးရယ် .. အဲဒါကြီး မေမေ မစီးရဲဘူး၊ မီးလေး တစ် ယောက်တည်း စီးလို့လည်း မရဘူးလေ"

"မေမေကလည်း ကားပေါ် မှာပဲဟာ၊ ဘာမှလည်း မဖြစ်ဘဲနဲ့"

တစားနေကြတာပေမယ့် 'ခုန်းခနဲ' ပစ်ဆောင့်၊ 'ဒိုင်းခနဲ' တိုက်မိနှင့် သမီးလေးက အရမ်းငယ်သေးလို့ စိုးရိမ်တာဝါ..၊

ထို့ပြင် သူမကိုယ်တိုင်လည်း တစ်ခါမှ မစီးဖူးခဲ့ပေ..၊

"မီးမီးက တိုက်ကားစီးချင်လို့လား .."

"ဟင်!..."

အနားကို မိုးကျရွှေတိုယ်လို ရောက်လာသည့်လူကို ရမက် တို့ ညီကြည့်လိုက်မိကြ၏။

ဂျင်းဘောင်းဘီရှည်၊ စပို့ရှပ်အပြာရောင် အဖြူစင်းနှင့် ဆံပင် ညှပ်ယ်ရှည်သဖြင့် ပခုံးထက်မှာ ခွေဝိုက်နေတာတွေ ရှိသည်။

အရုပ်သိပ်မချောင့်ပေမယ့် လူပုံက ခပ်တောင့်တောင့် လူငယ် ဆိုင်လည်...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က အောင်မိုးခြိမ့် ပါ၊ မိုးခြိမ့် လို့ ခေါ်ရင် ရပါတယ်၊ ကလေးက တိုက်ကားစီးချင်တယ်ဆိုတာ ကျွန်တော့်နဲ့ စီးပေးလိုက်မယ်လေ၊ ဖြစ်တယ်မို့လားဟင်"

"ဟင့်အင်း .. မဖြစ် ..."

"မီးမီး စီးချင်တယ် မေမေ .."

"အစ်မရဲ့မျက်စိရှေ့မှာပဲဗျာ၊ ကလေး သနားပါတယ် .. ကျွန်တော် ကူညီပါရစေ"

ရမက် ခေါင်းညိတ်လိုက်ရသည်။ သမီးလေးကို ဘေးမှာထားတာလည်း ရှိသည်။ ရင်ခွင်ထဲမှာလည်း ထား၏။

ဒီနေရာက ဟိုနေရာ ပြောင်းတော့လည်း သူပဲ ချီထားခဲ့သည်။

"အောင်မိုးခြိမ့်"

လူပုံကို အကဲခတ်ပြီး အသက်ကို မှန်းလို့မရပေမယ့် သူက ကိုယ့်ထက်တော့ ငယ်မှာပဲလို့တွက်ကာ ဒီတိုင်းပဲ ခေါ်မိပြီး...

"ရပါပြီ .. မီးမီးကို အောက်ချလိုက်ပါ၊ ကစားကွင်းမှာဆိုတော့ သူလည်း လွတ်လွတ်လပ်လပ် ပြေးလွှားလို့ရအောင်လေ"

"ရပါတယ် အစ်မကလည်း၊ သမီးက အရမ်းငယ်ပြီး နုနုဖက်ဖက်လေးရယ်၊ ပြေးလွှားရင်း ထိခိုက်မိသွားမှာ စိုးလို့ပါ"

အောင်မိုးခြိမ့် ၏ စေတနာတွေ ပိုနေတာကို မိန်းမတို့ တတ်အပ်သော အကဲခတ်နိုင်စွမ်းဖြင့် ရမက် ခံစားမိနေသည်။

ဒါပေမယ့် သူဟာသူ ရိုးသားသည်ဖြစ်စေ၊ မရိုးသားဘူးဖြစ်စေ ဒီမှာပဲ တွေ့၊ ဒီမှာပဲ ပြီးဆုံးကြမှာလို့ တွက်သည်။

ဘာမှကို ဂရုမစိုက်မိသလို နေခဲ့လိုက်၏။

မြတ်ဖြူလေး ကို ဒန်းလွှဲပေးနေရင်း စကားတွေပြောနေသည်။ ပြီးတော့ ရယ်နေကြ၏။ ဒန်းပေါ်က ဆင်းတာနှင့် သူက ပွေ့ချီပြီးသား





တာ...

"ကလေးလည်း ဆာမှာပေါ့၊ မမဖြူ တစ်ခုခု စားပါလားဟင်၊ ဆိုင်မှာ လူလည်း ရှင်းတယ်"

ရမက် ခေါင်းခါပို့ ကြိုးစားသမျှ သမီးလေးက ခေါင်းညိတ်ပြီးသား နေသဖြင့် ပြောရခက်တာတွေ ရှိလာခဲ့၏။

လာနေကျရက် မဟုတ်ဘဲ ဒီနေ့ကျမှ သမီးလေးကို ဆိုင်ခေါ်လာ ခြင်း စေ့စေ့ပြန်ပြီး ကစားကွင်းဝင်ခဲ့မိတာ မှားပြီလား..၊

သုတ်ဆုံးယောက်၏ လှုပ်ရှားသွားလာသမျှကို မကြည့်ချင် မြင် ယုံသားမို့ မျက်မှောင်ကုတ်နှင့် စူးစိုက်ကြည့်နေမိတာ ဒုန်းမိနေ..၊ သုံ့ဘေးမှာ နေကာ လည်း ရှိနေလျက်...

"ဒီကောင် ဘာသဘောလို့ မင်း ထင်လဲ"

ဟိုကိုကြည့်နေရင်း သူ့ကို ကပ်မေးသည်။ မဖြေဖြစ်ခဲ့ဘဲ ဆိုင်ထဲ သွားကြသည့် သုံးယောက်ကိုပဲ မျက်လုံးတွေက စွဲကပ်သွားခဲ့၏။

ထိုင်လိုက်တဲ့အထိ သူ့မြင်ကွင်းထဲမှာပဲဖြစ်ကာ ကလေးကလည်း ..င်မိုးခြိမ့် ရင်ခွင်ထဲမှာပဲ ဖြစ်သည်။

ရမက် ကို ဘေးတစောင်းအနေအထားနှင့် မြင်နေရသဖြင့် အနက် ..မှာ အနီရဲရဲ နှယ်ပုံစံ ကောက်ကွေ့ကြောင်းများနှင့်ဝတ်စုံက သူမ ..ယ်ပေါ်မှာ ချပ်ချပ်ကပ်ကပ်လေး ရှိနေသည်။

လည်စည်းထည့်ထားသလိုလို၊ ပဝါစည်းထားသလိုလို လည်ပင်း ..အနီရောင်လည်ကပ်ဖြစ်ကာ ဝတ်စုံက လက်ပြတ်ကိုယ်ကျပ်၊ ဖွေးနု ..သည့် လက်မောင်းသားသွယ်သွယ်ကို ဒီလောက် အကွာအဝေး ..တောင် ပုံအတိုင်း မြင်နေရသည်။

"ရမက်ဖြူ ကလည်း တော်တော်လှတာကွ၊ ဒီကောင် တသသယ် ..နေတာလည်း ဖြစ်နိုင်တယ်၊ ယောင်းခင်းနေတာလည်း ဖြစ်နိုင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာမှပြန်မပြောပေမယ့် ကုန်းမြင့်ထက်တနေ နှစ်ယောက်
ထိုဆီကိုပဲ ကြည့်နေမိကာ နေကာ ထင်ကြေးတွေ အမျိုးမျိုး ပေးနေ

"အဲဒီညက ဒီကောင် ဘာဖြစ်လို့ မပါတာလဲ မင်း သိလား"

"သူ မလာသေးလို့ စောင့်နေကြတာပဲ"

"တကယ့် သတ္တိခဲပဲနော်၊ ဟိုကောင်တွေ ဆေးရုံရောက်၊ သော
ကုန်တယ်ကြားတာနဲ့ ရာဇ ဆိုတဲ့ကောင် ဘန်ကောက်ကို လစ်
တော့တာပဲ၊ ဒီကောင် ကျန်ခဲ့တဲ့ ရမက်ဖြူ ကို ကြံဖို့တော့ မဖြစ်နိုင်
ထင်တယ်၊ မင်း ဘယ်လိုထင်လဲ.."

နောက်ထပ် မေးတော့မှ ဘုန်းမီးနေ က တစ်ဝက်ထိ တိုနေပြီ
သည့် စီးကရက်ကို ပစ်ချလိုက်ပြီး ခြေထောက်နဲ့ ဖိနင်းကာ..

"ဘာကြောင့်ဖြစ်ဖြစ် သူထိုက်နဲ့ သူကံ.."

"ဟာ!... ဒီလို မပြောနဲ့လေ၊ သူ မရှိးသားရင် အဲဒါ မင်းကို ထ
တုံ့ပြန်ဖို့ ပြင်ဆင်တာပဲ၊ ဒါကို မဆိုင်သလိုနေလို့ ဖြစ်မလား၊ ပြီး
မင်းတုမကို လက်ပေါ်က မချဘူး တွေ့လား၊ ကလေးက စည်
လွယ်တဲ့ အရွယ်လေး၊ ပုံစံကြည့်ရတာ ရမက်ဖြူ နဲ့ အစတည်
သိနေတာ ဟုတ်ပုံမရပါဘူး"

သူတို့ မြင်တာက တိုတ်ကားစီးပြီး ထွက်လာမှဖြစ်သည်။ သို့
မိန်းကလေးတစ်ယောက်နဲ့ ယောကျ်ားလေး တွဲသွားပြီဆို ဘယ
ပတ်သက်ကြသည်၊ ဘယ်ပုံစံ အနေအထား ရှိနိုင်သည်ဆိုတာ အကဲ
ရ လွယ်ပါသည်။

သူတို့လည်း အနီးကပ် မြင်ရတာ မဟုတ်ပေမယ့် အနီးစပ်ဆုံး
ခန့်မှန်းနေမိကြသည်။ ရမက် က ပတ်ဝန်းကျင်ကို မကြည့်မိပေ၊
ကို သတိထားကြည့်ရင်း ခြေလှမ်းတွေ ကျဲနေသဖြင့်...

"မမဖြူ ဘယ်မှာနေတာလဲဟင်"





ကားပေါ် တက်ကြတော့ မြတ်ဖြူ ကို ချမပေးသေးဘဲ မေးခွန်း
တစ်ခု ထွက်လာသည်။ ရမက် က မဖြေဘဲ သမီးကိုပဲ လက်ကမ်း၍..

"မီးမီး .. လာ .. ပြန်ရအောင်.."

သားအမိ့ လက်ချင်းချိတ်မိကာမှ သူက လွှတ်မပေးသေးဘဲ ပြုံး
ထိုက်ရင်း...

"ကျွန်တော် မေးတာ ဖြေပဦး မမဖြူ.."

"ဗဟန်းမှာ.."

"မီးမီးက ရွှေတောင်ကြားမှာလို့ ပြောတယ်၊ ဘယ်လိပ်စာက
အမှန်လဲဟင်"

သူမျက်နှာက ခနဲ့ခနဲ့ပုံတော့ မရှိပါ၊ ရမက် မပြောချင်တာကို
နားလည်ပြီး တကယ် သိချင်လို့ မေးနေတာမျိုး..၊

ဒါပေမယ့် ရမက် ရဲ့ မျက်နှာကတော့ သိသာစွာ တင်းသွားကာ..

"အမှန်ကို မပြောချင်ဘူးဆိုတာ မင်း သိမယ်ထင်တယ်၊ သမီး
လေးအတွက် ကူညီပေးတာ ကျေးဇူးတင်တယ်"

"မမဖြူ .."

ရမက် က သမီးကို ဆွဲယူလိုက်ပြီး ကိုယ်ပေါ်မှာ မွေ့မထားတော့
ဘဲ သူဆီက ဆွဲခေါ်လိုက်ခြင်း၊ တစ်ဖက်က တံခါးဖွင့်၍ ကားထဲကို
ဝင်စေခြင်းတို့ကို တစ်ခါတည်း လုပ်ပစ်လိုက်သည်။

မလိုလားမှုတွေ ဖြန့်ခင်းထားသည့်မျက်နှာနှင့် အပြုအမူက တစ်
ဖက်လူကို ထိခိုက်စေနိုင်သော်လည်း အောင်မိုးခြိမ့် က မျက်နှာတစ်ချက်
သာ ပျက်သွားပြီး...

"ကျွန်တော်က မမဖြူ သားအမိကို တကယ် ခင်သွားမိတာပါ"

ရမက် က တံခါးကို အသံမြည်အောင် ပိတ်လိုက်ပြီး ပြောင်းလဲမှု
မြင်းမရှိသောမျက်နှာနှင့် ဖျတ်ခနဲ လှည့်ရင်ဆိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တို့ဒီအထဲကိုလာတာ ခင်မင်စရာကောင်းမယ့်သူ ရှာဖို့ မဟုတ်ဘူး အောင်မိုးမြိုင့်၊ တို့က အိမ်ထောင်သည်၊ ဘာဖြစ်ဖြစ် အသွားအလာ အနေအထိုင် ဆင်ခြင်ရတာယ်၊ လမ်းမှာတွေ့တာတောင် ပြုံးပြ နှုတ်ဆက်ချင်စိတ် မရှိအောင် မင်း မလုပ်ပါနဲ့"

သူ မရိုပြုံးနှင့် ခေါင်းညိတ်သည်။ မျက်ခုံးနှစ်ဖက်ကိုရော ပခုံးတွေ ကိုပါ ပင့်ပစ်လိုက်ပြီး ခါးဆန့်သည်။ ပြီးတော့ ဘောင်းဘီးခါးစပ်မှာ လက်မနှစ်ဖက် ချိတ်၍ သက်ပြင်းရှိုက်လိုက်ရင်း...

"ဟုတ်ပါပြီ .. ကျွန်တော် မမေးတော့ပါဘူး။ လမ်းတွေ့ရင်တော့ နှုတ်ဆက်ခွင့်ရှိတယ်ပေါ့နော်"

ရမက် ဘာမှမပြောတော့ဘဲ ကားပေါ် တက်လိုက်သည်။ စက်နိုး ရင်း သမီးနဲ့ သူ လက်ပြနှုတ်ဆက်နေကြတာကို မှန်ထဲမှာ မြင်နေရ အဖေရယ် .. အမေရယ် ဒါမှမဟုတ် အဘိုးအဘွားတွေနဲ့အတူ သိုက် သိုက်ဝန်းဝန်း လာချင်ခဲ့သော သမီးလေးမှာ တစ်ယောက်ထက် ပို သော တခြားအဖော်အလျော်တစ်စုံတစ်ရာကို စက်မော မှုမင်နေရှာသည်။

ပြီးတော့ ဘုန်းမီးနေ ကို တကောက်ကောက်လိုက်ကြည့်နေခြင်း အောင်မိုးမြိုင့် ကို ချက်ချင်းကြီး ရင်းနှီးသွားခဲ့ခြင်းတွေဟာ မသိစိတ်က ဖအေကို တမ်းတနေခြင်းသော ဖြစ်မှန်းလည်း သူမ ရိပ်မိသည်။

ဒီလိုဆို ဘယ်တော့မှ ပြန်မလာနိုင်တော့မှန်း သိသွားခဲ့လျှင် သူ့ အဖေအတွက် သမီးလေး ဘယ်လို ခံစားသွားရရှာမလဲ..၊

အနာဂတ်ဆိုတာ မနက်ဖြန်ကစနေ အစပြုသည်ဆိုလျှင် သူမ ကတော့ မနက်ဖြန်ကိုတောင် ဘာမှမသိနိုင်ပါလား..။





## အခန်း [ ၀၈ ]

"မမ .. အပြင်မှာ ကက်ရေတာနီမာတစ်ယောက် သရီးအိုပိုးတွဲကို ပေါက်သွားတာ လျော်မပေးနိုင်ဘူးလို့ ပြောနေတယ်"

"ဟင်!... ဘာဖြစ်လို့ မီးပေါက်သွားတာလဲ"

"သူက စီးကရက် လက်ကြားညှပ်ပြီး ကိုင်နေတာ"

"အဖော်နဲ့လာတာ မဟုတ်ဘူးလား"

"တစ်ယောက်တည်း.."

ခေါင်းခါပြီး တစ်ယောက်တည်းလို့ ပြောလိုက်တော့ ရမက် မျက် မှောင်ကုတ်သွားသည်။ ပိုးထည်ဆိုင်ကို မိန်းကလေးတွေပဲ လာကြတာ များသည်။ ဒါမှမဟုတ် စုံတွဲတွေ..၊

"သပ်သပ် အလျော်တောင်းမနေနဲ့တော့လေ၊ ဒါဒီဟာ သူ့ကို ရှုနိုင်းပေါ့"

ပြောနေတုန်း ကောင်မလေးတစ်ယောက်ထပ်ဝင်လာကာ ပိုးထည် ကို စားပွဲပေါ်မှာ တင်လိုက်ပြီး...

"မမ ဟိုလူက ပြန်မယ်လုပ်နေတယ်၊ အထဲကို လွှတ်လိုက်မယ်နော်"

www.burmeseclassic.com



ရမက် လုပ်လှက်စကို သိမ်း၍ လက်ပ်တော့ပ်ကို ပိတ်ကာ..

"လွှတ်လိုက် .. နိုင်ဝါ .."

"ဟုတ် .."

နိုင်ဝါ ချက်ချင်း ပြန်ထွက်သွားကာ အရင်ဝင်လာသည့် မေလှင်သူ က ထွက်မသွားဘဲ နောက်ဆုတ်ရပ်လိုက်၏။ မီးပေါက် သိပ်မကြီးပေမယ့် အထပ်လိုက် မီးသင့်သွားသည့် အမည်းကွက်ကြီးကို ရမက်ကြည့်သည်။

ထိုစဉ် မှန်တံခါးကိုတွန်း၍ ပေါ်လာသည့် မျက်နှာတစ်ခုကြောင့် စိုက်ကြည့်နေခဲ့သည့် ရမက် မျက်လုံးတွေ ကျဉ်းမြောင်းသွားသည်။

သူကတော့ ရမက် ကို သိနေသလိုမျိုး ခပ်အမ်းအမ်းမျက်နှာတစ်ချက်ဖြစ်သွားကာ မျက်လွှာချပြီး ဆက်လျှောက်လာ၏။

ရှေ့မှာ ခြေစုံရပ်၍ မျက်နှာမထားတတ်သလို တစ်ဖက်ဖက်ကို လွှဲပစ်တော့မလို ဖြစ်နေပြီးမှ..

"ကျွန်တော် ဆိုင်ရမလား မမဖြူ"

"ထိုင်ပါ .."

ရမက် မျက်နှာက တင်းနေလျက် သူ့မျက်နှာကိုပဲ စိုက်ကြည့်နေကာ..

"တမင် လုပ်လိုက်တာလား"

အရင်းအဖျားမရှိသည့် မေးခွန်းပေမယ့် သူက ချက်ချင်းခေါင်းခါ၏

"မတော်တဆပါ"

ရမက် က နှုတ်ခမ်းနဲ့မဟုတ်ဘဲ မျက်ဝန်းတွေချည်း အေးစက်စက်မှိုပစ်လိုက်တာကို သိသာအောင် လုပ်ပစ်၏။

ပြီးတော့ နောက်မှာ ခါးမတ်မတ်လေးမှီကာ လက်ပိုက်လိုက်ပြီး..

"ထားလိုက်ပါ၊ မင်းကို ကက်စတန်မာတစ်ယောက်အနေနဲ့ ဒီကိစ္စ အဖွက်.."





"ကျွန်တော် လျော်ပေးပါ့မယ်"

ဒါပဲလာမယ်ဆိုတာ သိပြီးသားဆိုသည့် မဲ့ပြုံးတစ်ချက် ခဏလေးသွားကာ ရမက် က ခေါင်းညိတ်၍..

"ဒါက သရီးအိုဆိုတော့ တစ်စုံစာကို နှစ်သိန်းခွဲ"

"ကျွန်တော့်မှာ အဲဒီလောက်တော့ မပါတော့ဘူး မမဖြူ"

ပြောလိုက်ပြီး သူ့ပိုက်ဆံအိတ်ပြားလေးကို ထုတ်ကာ ရမက် မှာပဲ ပိုက်ဆံပါသမျှကို ရေတွက်ပြ၏။ အားလုံးမှ ရှစ်သောင်းပဲ ရှိသည်။ သူက အားနာသလို တောင်းပန်တာလို ရယ်ကာ ပိုက်ဆံကို နည်းနည်းတိုးဖေးရင်း...

"ကျွန်တော်တို့ မိတ်ဆွေတွေပဲနော်၊ ဒါလေးကိုတော့ ယုံကြည်ပေး ဒီငွေရှစ်သောင်းကို ယူထားမလား၊ ဒါမှမဟုတ် နောက်မှ တစ်လုံးတည်း လာပေးရမလား၊ ဒီမှာ ကျွန်တော့်ရဲ့ လိပ်စာကဒ်.."

ရမက် က ကဒ်ကိုတစ်ချက်ပဲကြည့်ကာ သူ့မျက်နှာဆီ ပြန်ရောက်၍..

"ကဒ် မလိုပါဘူး၊ ပြန်ယူသွားပါ"

ယုံကြည်သည့်သဘော ဆောင်သွားသဖြင့် သူ့မျက်နှာ ပြုံးကြည်သည်။ သို့သော်..

"အခု ဒီငွေကို ထားခဲ့ပြီး လိုတဲ့ငွေအမောက်နဲ့ ဘောင်ချာလုပ်လိုက်မယ်၊ အိမ်ရောက်လို့ မင်း ငွေအကျေချေလိုက်တာနဲ့ ကြွေးပြီးဘောင်ချာ မင်းကို ပေးခဲ့လိမ့်မယ်၊ ဒါဆို ပြီးသွားပြီ"

"မမဖြူ က ကျွန်တော့်အိမ်ကို တစ်ယောက် ထည့်လိုက်မယ်လို့ ပြောတာလား"

"ဟုတ်တယ် .. အလုပ်လုပ်တဲ့အခါ မျက်နှာသိရုံနဲ့တော့ ရောင်းပြီး ထိုင်စောင့်မနေနိုင်ဘူးလေ၊ ငွေကြောင့် မဟုတ်ရင်တောင် နောက်က အခြေအနေတစ်ခုခု အရေးကြီးနေလို့ ဒီဘက် ပြန်မလာညည့်



www.burmeseclassic.com

www.burmeseclassic.com



အားရင် တို့က သိန်းနဲ့ချီပြီး မြှုပ်နှံထားရမှာ"

"ဟာ!... မမြို့ ကလည်းဗျာ"

သူ မချိမဆန့်ပုံ ဖြစ်သွားတာကိုကြည့်ပြီး ရမက် က ပြုံးလိုက်

"အဲဒီလို ချက်ချင်း ပြန်လာမပေးဖြစ်ရင်တောင် အလွန်ဆုံး ရက် သုံးရက်ပေါ့၊ ကျွန်တော်လည်း လိပ်စာပေးထားတာဘဲဗျာ၊ လူ လိုက်မှာကြီးက..."

"ဒီမှာ အောင်မိုးမြိုင့်.."

ရမက် က မိုနေရာကနေ စားပွဲပေါ်မှာ လက်နှစ်ဖက်တင်၍ လေးတောင့်ထားတော့ သူမျက်နှာနဲ့ ပိုနီးသွားသည်။

နက်ပြာရောင်ပေါ်မှာ အပြာနုနု စာနားလေးတွေကွက်တင်ထ သည့် လည်စေ့ရင်ဖုံးအင်္ကျီက ရင်ဖုံးပေမယ့် ဒီဇိုင်းလေးက ဆန်းနေသ

ထိုပြင် ပလက်တီနမ်ကြိုးပျော့ရှည်နှင့် စိန်လော့ကတ်က ရင်ဘ လေးအောက်မှာ တဖျပ်ဖျပ် လွဲခါနေ၏။

တင်းပြည့်နေသည့် ရမက်ရဲ့ မျက်နှာလေးနဲ့ ကိုယ်ဟန်ကို ကပ် သွားမိကာ အောင်မိုးမြိုင့် မျက်လုံးတွေ ပြန်သိမ်းဖို့ မေ့နေခဲ့သည်။

"စီးပွားရေးလောကမှာ 'ငွေလှည့်' ဆိုတဲ့ ဈေးကွက်မှု ရှိတယ်၊ လ ပတ်နေတဲ့ငွေ အလျင်မမီတဲ့အခါ သုံးရက်၊ တစ်ပတ် ဒါမှမဟုတ် ဆ ရက်လောက် ခဏလေး လှည့်သုံးကြတာ ရှိတယ်၊ အဲဒီလို ငွေချေးလိုက် တစ်သိန်းကို အတိုးနှစ်သောင်း၊ ဆယ်သိန်းဆိုရင် နှစ်သိန်း အတိုးရမ သိန်းတစ်ရာဆိုရင်..."

"မမြို့ က..."

"ပြောပြတာလေ၊ တို့က ငွေတိုးချေးနေတဲ့သူ မဟုတ်ဘူး၊ ဒီ ဖြစ်ရင် အတိုးပေးမယ်လို့ မင်း ပြောလည်း အခုက မင်းနဲ့တို့ အကြေ အရာမှာ ခုကို ဖြေရှင်းနေကြတာ၊ ဒါ ရှင်းသွားဖို့ပဲ လိုတယ်"





"မဟုတ်ဘူး၊ ကျွန်တော် ပြောချင်တာက အခု မမြို့ အလုပ် သမားတစ်ယောက် ထည့်လိုက်ပြီး အိမ်လိုက်ယူလည်း အိမ်မှာ ငွေ အဆင်သင့် ရှိမနေဘူးဆိုရင်..."

"ဖြစ်ပါတယ် .. မင်းနာမည်၊ လိပ်စာအပြည့်အစုံရေးပြီး ငွေ ဒီလောက် ချေးကျန်ခဲ့တဲ့အကြောင်း ဆိုင်ရှေ့မှာ ဘုတ်ထောင်ထား လိုက်မယ်"

အောင်မိုးမြိုင့် မျက်နှာ ရဲခနဲ ဖြစ်သွား၏။

"မင်း လာပေးတဲ့နေ့ ဘုတ်ပြန်သိမ်းပေးမယ်လေ၊ ဘယ်နည်းနဲ့ အဆင်ပြေမလဲ မင်း စဉ်းစားပေါ့"

အောင်မိုးမြိုင့် အံ့သြသည့်မျက်ဝန်းများနှင့် ရမက်မြို့ ကို သေချာ ငေးနေခဲ့မိ၏။ သူ ဒီကို တမင်တကာ ရောက်အောင်လာခဲ့တာ မှန်သည်၊ သူမနဲ့တွေ့ရဖို့အတွက် အပြင်မှာ တမင်ပြဿနာရှာခဲ့တာလည်း မှန်ဝါ သည်။ နောက်ထပ် ဤကဲ့သို့ ပြတ်သားသော ရှည်လျားခြင်းများနှင့် ကျစ်လျစ်ခက်ခဲစွာ ဖြေရှင်းရလိမ့်မည်ဆိုတာတော့ မတွေးမိခဲ့ပေ..၊

အကယ်ဆို ဤပြဿနာနှင့်ပတ်သက်ပြီး နောက်ထပ် တွေ့ဆုံ ခင်မင်ခြင်းတွေဖြစ်ဖို့မရှိတာ မဟုတ်ဘူးလား..၊

ရမက်မြို့ ၏မညှာတာစွာ ဆုံးဖြတ်လိုက်ခြင်းရှေ့မှာ သူ ငုတ်တုတ် မေ့ခဲ့၏။ ကိုယ့်အတွက်အလင်းရောင်ဟာ လက်တစ်ကမ်းမှာထင်ပြီး လှမ်း ကိုင်လိုက်တာပေမယ့် မမီ..၊ နောက်ထပ် ပြန်လှမ်းတော့လည်း မရ..၊

ရှေ့ဆက်တိုးရင်း လှမ်းမမီရင်နှင့် ထိုအလင်းရောင်လေးဟာ ဝိုး၍ ဝါးမှေးဝါးမတင်ဖြင့် ဖြစ်ခဲ့ရပြီး သူမသည် သူ့အတွက်..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၉ ]

သူ ထမင်းစားနေတုန်း မေမေနဲ့ မြတ်ဖြူ ဝင်လာကြသည်။

မြတ်ဖြူ က သူ့ကိုမြင်တော့ မျက်နှာလေး ပြုံးသွားကာ သူ့မျက်နှာကတော့ တင်းပြီးသား ဖြစ်၏။

ဒီကလေးလေးကို မြင်လိုက်တိုင်း သူ့အမေမျက်နှာက 'သတိ'ဆိုသည့် ဆိုင်းဘုတ်ကြီးနဲ့ ကြားဖြတ်ပေါ်လာခဲ့သည်။

ထို့ကြောင့် မြင်လည်း မမြင်ချင်၊ တွေ့လည်း မတွေ့ချင်..၊

"သားငယ် .. ထမင်းစားနေတာလား။ တစ်ယောက်တည်း တိတ်တိတ်ဆိတ်ဆိတ်"

"တစ်ယောက်တည်းပဲ ကောင်းတယ်"

ကိုယ့်သားဖြေသံကြောင့် သက်ပြင်းချလိုက်မိ၏။

ဘယ်နှယ် လူကြီးလုပ်တဲ့လူက စူစူအောင့်အောင့်၊ ကလေးလေးက တကောက်ကောက် သည်းခံ..၊ ဒီသားနဲ့တော့ ခက်ပါ၏။

"မီးမီးတို့ ဘွားဘွားကြီး ထမင်းခွံ့မယ် .. ခဏထိုင်နော်"

"ဒီအရွယ်ရှိနေပြီ သူ့ဟာသူ စားနိုင်ပါလား"





ဘုန်းမီးနေ ပြောလိုက်တာကို ပန်းကန်ထဲကို ထမင်းထည့်နေရင်း ဒေါ်သက်လျှာ ပြန်ငုံ့ကြည့်သည်။

"ဒီအရွယ်က ကလေးလေးဥစ္စာ သားရယ် .. မေမေတို့မှာ မြေးသား ဒီတစ်ယောက်ပဲ ရှိတာ၊ ဒီအရွယ်လေးကနေ မြန်မြန်ဆန်ဆန် ကြီးပြင်းသွားမှာတောင် စိုးရိမ်နေရသေးတယ်"

ဒေါ်သက်လျှာ တ ပြောနေရင်း မြတ်ဖြူ ထိုင်နေသည့် ခုံမြင့်လေးကို စားပွဲနဲ့နီးရာ ဂရုတစိုက် ရွှေ့တိုးပေး၏။

ကလေးအတွက် စားပွဲနဲ့မီအောင် ခုံမြင့်လေး လုပ်ပေးထားတာမို့ အငယ်များတိုင်း ဒီလိုပဲ နေရာချပေးရသည်။

မြေးဖြစ်သူကို ဘွားအေက လုပ်ကိုင်ပေးနေသမျှ ဘုန်းမီးနေ တစ်ချက်မှ ဝင်ကူရမှန်း မသိ၊ ထမင်းစားနေရင်း မျက်ကြောစင်းနှင့် ကြည့်တတ်သည်က မြတ်ဖြူ ကိုပဲ ဖြစ်၏။

နောက်ထပ် အတွေးတစ်ခု ဝင်လာတော့ ထမင်းနဲ့ ပါးစပ်ထဲ ညှိတော့မည့်ဖွန်းက တန့်ခနဲ ဖြစ်သွားသည်။

"ဟိုကောင် ရမက်ဖြူ ရဲ့ပိုးထည်ဆိုင်ထဲ ဝင်သွားတယ်ကွ၊ တော်တော်ကြာတယ် .. အဆင်ပြေနေကြလား မသိဘူး၊ အလွှန်အကျွံတွေ ကြိုးခင် ငါတို့ချင်း အရင်းရှင်းလိုက်မှ ထင်တယ်၊ ဘာအကြံနဲ့လဲဆိုတာ ကြောင်းမေးမယ်ကွာ"

'နေဦး'လို့ သူ တားဆီးခဲ့သည်။ ပြဿနာတွေ ဆက်တိုက် ဖြစ်ချင်ခြင်း ကိုယ်ထင်သလိုမဟုတ်ဘဲ ရမက်ဖြူ ကိုယ်တိုင်က ကြည်ဖြူနေ ရင်ဆိုရင် ကိုယ့်ဘက်ကို ပုဒ်မတွေ အများကြီး တပ်လာနိုင်၏။

"မြေးလေး၊ ကြက်သားကြော်နဲ့ စားမယ်နော်၊ ငါးခေါင်းချဉ်ပေါင်း သား ဆမ်းဖြီးတော့လေ.."

"ဟင့်အင်း .. ငါးကြော်နဲ့ စားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို .. မြေးရယ် .. ရေတ်သီးစပ်မှာပေါ့၊ ပြီးတော့ အရိုးထွင်ပေး
ဘွားဘွားကြီးက မျက်မှန်သွားယူရဦးမှာ၊ ရေတ်သီးစပ်ရင် ချီးပူတာ
တယ် မြေးရဲ့၊ လိမ္မာတယ်နော် .. ငါး စားချင်ရင် ညနေကျမှ ငါး
သလောက် ပေါင်းခိုင်းလိုက်မယ်"

မြေးပြရင်တော့ မြတ်ဖြူ က တစ်ခွန်းကနှစ်ခွန်း စောဒက
မတက်ရှာပါ။ ဒါပေမယ့် စားပွဲပေါ်မှာရှိသမျှ ဟင်းတွေကို မကြည့်ဘဲ
ဘုန်းမိုးနေ လှမ်းကိုင်လိုက်သည့်ဟင်းတွေကိုပဲ မျက်လုံးလေးက မတ်
မတ်မောမော လိုက်ကြည့်နေတတ်သည်။

"ရော့ .. ဟုတ်ပြီ .. မြေးလေးက လိမ္မာလိုက်တာ၊ ဒီနေ့လေ
မြေးလေးမေမေက မြေးကြိုက်တဲ့ ရေခဲမုန့် ဝယ်လာမယ်လို့ ဖုန်းဆက်
ထားတယ်မို့လား၊ ဘွားဘွားကြီးကိုလည်း ကျွေးရမယ်နော်"

"ကျွေးမယ် .. ဘွားဘွားကြီးက ရင်မကျပ်တော့ဘူးလား"

"အဟွန်း .. အခု သက်သာနေတုန်း မြေးလေး ကျွေးတဲ့ ရေခဲမုန့်
ကိုတော့ စားပစ်လိုက်မှာပဲ၊ မြေးက မကျွေးချင်လို့လား"

"ကျွေးချင်တာပေါ့၊ ဟိုတစ်ခါ မေမေ ဝယ်လာတုန်းကလည်း
ဘွားဘွားကြီးကို ကျွေးမလို့ မီးမီး လာသေးတယ်"

"ဟုတ်လား .."

မြတ်ဖြူ က ထမင်းတွေကို ပါးစောင်တစ်ဖက်မှာ ကပ်ထားလိုက်
ပြီး နှုတ်ခမ်းလေးတွေ စူပြီး ဝါးလိုက်၊ စကားပြောလိုက်...

ပြီးတော့ ဘုန်းမိုးနေ ကိုလည်း ကြည့်တတ်သေးသည်။

"မေမေက ဘွားဘွားကြီး ရင်ကျပ်နေတယ်၊ ရေခဲမုန့်နဲ့ မတည့်
ဘူးဆိုပြီး မီးမီးကို ပြန်ခေါ်သွားလို့..."

"ဪ..."

"မီးမီးက ပြောသေးတယ်၊ စားပြီးရင် ဆေးသောက်လို့ရတာပဲ





ဘွားဘွားကြီး သနားပါတယ်လို့..."

"ဟုတ်လား .. အဲဒီတော့ မြေးလေးမေမေက ဘာပြောလဲ"

"တကယ်သနားရင် ဘွားဘွားကြီး ရောဂါခံစားရအောင် မလုပ်ရ
ဘူးတဲ့၊ ဘွားဘွား ..."

"ရှင်..."

"ရောဂါခံစားရတယ်ဆိုတာ ဒီလို .. ဒီလို ဖြစ်နေတာကို ပြော
တာလား"

ပါးတစ်ဖက်မှာ ထမင်းတွေ ဖောင်းလျက်နှင့် နှုတ်ခမ်းလေးကို
စူထားကာ မေးနေသလို ရင်ဘတ်လေး မောက်ကြွမောက်ကြွဖြစ်
အောင် အသက်ရှူပြ၏။

ဒေါ်သက်လျာ မြေးလေး နဖူးလေးကို ငုံ့နမ်းရင်း သဘောကျစွာ
ရယ်နေမိသည်။ ကြည့်လိုက်တော့ ဘုန်းမိုးနေ တို့ မျက်လုံးတစ်ချက်
တောင် မွေကြည့်ဖော်မရ၊ ထိုစဉ်..

"မေမေကြီး .. ဘဘကြီးဆီက ဖုန်းလာနေတယ်"

"ဪ .. အေး .. အေး .."

ဒေါ်သက်လျာ ခွန်းကို မန်းတန်ထဲ ပြန်ချလိုက်၍..

"မြေးလေး ခဏနော် .. ဘွားဘွားကြီး ဖုန်းပြောလိုက်ဦးမယ်"

"ဟုတ် .."

ဘေးစင်မှာ လက် ဒပြီးဆေး၊ လက်သုတ်ပဝါကိုင်ရင်း ထွက်လာခဲ့
သည်။

ကျန်သည့် ဝေယျာဝစ္စတွေမှာ ကောင်မလေးတွေကို ခိုင်းခဲ့ပေ
သည့် မြတ်ဖြူ ကို ထမင်းကျွေးလျှင်တော့ မေမေနဲ့ သူ့အခမကိုယ်တိုင်ပဲ
ကျွေးတတ်တာ သူ သတိထားမိသည်။

ထမင်းဝါးလက်စနှင့် ပုတ်ကုတ်ကုတ်လေးထိုင်နေသော မြတ်ဖြူ ကို



www.burmeseclassic.com

www.burmeseclassic.com



မသိမသာ ငုံကြည့်မိသည်။ ထိုစဉ် သူမလေးက ဖျတ်ခနဲ မျက်မှ ပင့်ကြည့်လိုက်သဖြင့် ခပ်တည်တည်နဲ့ပဲ မျက်နှာပြန်လွှဲရ၏။

"ဦး .."

"ဘာလဲ.."

"မီးမီး ငါးစားချင်တယ်"

"မစားရဘူးလို့ ပြောသွားတယ်မို့လား"

"မီးမီး ရေတ်သီး စားနိုင်ပါတယ်၊ ဘွားဘွားကြီးက အရိုးမထွင် လို့ မစားရဘူး ပြောတာ၊ ဦးက အရိုးထွင်ပေးပါလား"

"အံ.. မှာ.."

သူ စိတ်တိုသွား၏။ ဒီလောက် မျက်နှာမပေးခဲ့တာတောင်မှ ကလေးက..၊

ဒေါသဖြစ်သွားတာကိုလည်း သိပုံမပေါ်၊ ပါးဖြင်လေးတွေ ဖောင်းဖောင်း၊ မျက်လုံးဝိုင်းဝိုင်း၊ မျက်တောင်ရှည်ကြီးတွေ ကော့ သည့် မျက်နှာလေးက သူ့အဖြေကိုပဲ အလိုက်ကမ်းဆိုးမသိ စော သေးသည်။ စိတ်က နောက်တစ်ထစ် ပြန်ဆုတ်သွားခဲ့ပေမယ့်..

"မထွင်ပေးနိုင်ဘူး။ ကိုယ့်ပါးစပ်ထဲ ကိုယ် သွင်းနေရတာ စိတ်ရှည်တာ မဟုတ်ဘူး"

မြတ်ဖြူ အသံလေး ခဏတိတ်သွား၏။ ပြီးမှ စားပွဲစွန်းမှာ ဘတ်လေး ကပ်လိုက်ပြီး ငါးပန်းကန်ကို ကြည့်၍..

"ဒါဆို မီးမီးဘာသာ စားမယ်၊ ဘွားဘွားကြီး လာရင် မချ ပြောပေးနော်"

ကြည့်စမ်း .. 'မစားနဲ့'လို့ အော်ပစ်လိုက်ပြီး ထိပ်ကို ခေါက် ခေါက်ပစ်ချင်၏။

ဒါမှမဟုတ် ငါးတုံးကို ကိုင်လိုက်သည့် လက်ကိုပဲ ပုတ်ချပစ်လို





ချင်သည်။ သူ တစ်ခုမှမလုပ်ဖြစ်လိုက်ဘဲ ငါးတုံးက ပန်းကန်ထဲ ရောက် သွား၏။ ပြီးတော့ ဇွန်းနဲ့ ငါးကြော်ကို ဖိထိုးနေပြီး ရအောင် ဖွဲ့သည်။

ဘွားအေ ဝင်လာမည့်တံခါးကို လှည့်ကြည့်လိုက် .. သူ့မျက်နှာကို မော့ကြည့်လိုက်နှင့် ငါးတုံးက ပြဲတော့ ပြဲသွားကာ အရေခွံနဲ့ တွဲနေတော့ အသားချည်းပဲ ပါမလာ..၊

မြတ်ဖြူ ခါးလေးပိုမတ်ပြီး စားပွဲစွန်းမှာ ဗိုက်ပြားနေအောင် ထပ် ထပ်သည်။

ငါးတုံးထဲက ထိုးထိုးထောင်ထောင် အရိုးတွေကို လက်ချောင်း ဖောင်းဖောင်းလေးတွေနဲ့ ဟိုဆွဲ ဒီဆွဲ..၊

ထို့နောက် တံခါးကို လှည့်ကြည့်လိုက်ပြီး ဖွဲ့ထားတာကို ပါးစပ်ထဲ ထည့်ပစ်လိုက်လျှင်..

"ချလိုက်စမ်း"

ဘယ်လိုမှ ကြည့်နေလို့မရတော့သဖြင့် ပါးစပ်ထဲ မရောက်ခင် လက်ကို ပုတ်ချပစ်လိုက်သည်။ အရိုးထောင်လျက်သားနှင့် ငါးဖတ်က ပန်းကန်ထဲကို ပြုတ်ကျသွား၏။

"မြင်လား .. ဟိုမှာ အရိုးထောင်နေတာ"

ငါးရိုးကို လက်ညှိုးထိုးပြလိုက်ပြီး သူ ဆူတော့ မြတ်ဖြူ ငါးရိုးကို ကြည့်ပြီး သူ့မျက်နှာဆီ ပြန်ရောက်၏။

"ဟင် .. ဒီလောက်တောင် ငါး စားချင်နေရသလား။ မစားရရင် သေသွားနိုင်လား"

"မီးမီး စားကြည့်ချင်လို့ပါ"

"စားကြည့်လိုက်လေ၊ အဲဒီအရိုး ကန့်လန့်ခံပြီး လည်ချောင်း ခွဲ ထုတ်ရအောင်.."

သူ ပြောဆိုနေတုန်း မျက်တောင်မခတ် ငေးနေသည့် မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းလေးတွေမှာ မျက်ရည်တွေ တစိမ့်စိမ့် ပြည့်တက်လာတာကို ရုတ်တရက် သတိမထားမိ..၊

သူ မြင်လိုက်သည့်အချိန်မှာ မိညို က အထဲဝင်လာကာ...

"ဟယ် .. မြတ်ဖြူလေး ငါးတွေ စားနေတာလား၊ နေဦး.. မညို အရိုးထွင်ပေးမယ်နော်၊ လက်ဆေးလိုက်ဦးမယ် သိလား"

မိညို ဘေစင်ကို ပြေးသွားတော့ သူ လှမ်းကြည့်ကာ ...

"မမေကရော.."

"မမေကြီး ဖုန်းပြောနေရင်း ခေါင်းမူးလာလို့တဲ့၊ ဇော လှဲနေချင်တယ်တဲ့၊ အခု ဆေးသောက်ပြီး အထဲဝင်သွားလို့.."

လက်ကို သေချာဆေးနေရင်း ပြောနေပြီး ပြန်လှည့်လာတော့..

"ထားခဲ့တော့"

"ရှင်!..."

"နင့်ကို သွားခိုင်းနေတာ နားမပါဘူးလား"

"ဟုတ် .. ဟုတ်ကဲ့ အစ်ကိုလေး"

မိညို အံ့ဩပြေပုံမရှိဘဲနှင့် အပြေးတစ်ပိုင်း ထွက်သွား၏။

ဘုန်းမိုးနေ ထမင်းစားခြင်းကို လက်စသတ်၍ မြတ်ဖြူ နဲ့ နီးအောင် ခုံရွှေ့ထိုင်လိုက်သည်။ ပြီးတော့ တစ်သက်လုံးက မလုပ်ဘူးခဲ့သည့် အလုပ်တစ်ခုကို လုပ်ကိုင်ဆောင်ရွက်နေရရင်း ကိုယ့်ကိုယ်ကိုယ်လည်း မကျေနပ်..၊

ငါးအသားလေးတွေချည်း မှဲ့ယူ၊ အရိုးကို တစ်ဖက်နဲ့ဖယ်၍ အသားထဲမှာ အရိုးကျန်မကျန် ဖိညှစ်စမ်းရသည်။

မတွေ့မှ ထမင်းခပ်ထားသည့် ဇွန်းပေါ်မှာတင်ကာ..

"စား .."

မျက်မှောင်ကုတ်ကုတ် ပေါက်ဆတ်ဆတ်အသံက မညင်သာ





သော်လည်း မြတ်ဖြူ မျက်နှာလေးက ကျေနပ် ကြည်လင်နေ၏။

ပါးပြင်ထက်မှာ မျက်ရည်ကြောင်းလေးတွေ ရှိနေပေမယ့် 'စား' လို့ပြောလိုက်သည်နှင့် ဇွန်းလေးကိုင်ပြီး ပါးစပ်ထဲ ထည့်လိုက်တာ ထက်ကြွစွာ..၊ ထိုပြင် ကလေးမို့ မမေးသင့်မှန်းမသိ မေးသင့်မှန်း မသိ..၊

"ဦးက မီးမီးကို ချစ်သွားတာလားဟင်"

"ဘာ!..."

"မီးမီးက ဦးကို ချစ်တယ်"

မျက်နှာကို တင်းသထက်တင်းလိုက်မိကာ ဘာပြောရမှန်းမသိ၊ ဒါပေမယ့်...

"မမေ နေမကောင်းဘူးဆိုလို့ လုပ်ပေးနေတာ၊ နင့်အမေကို သွားပြောရင် နားရင်းအုပ်ခံရမယ်၊ နားလည်လား .."

"နားရင်းအုပ်တာ ဘယ်လိုအုပ်တာလဲ"

ဒီလိုလုပ်တာဆိုပြီး လက်တွေ့ပြလိုက်လို့ကတော့ ကြည့်ကောင်းဦးမည်၊ စိတ်တိုတာတွေ၊ ဘယ်ရောက်ကုန်မှန်းမသိဘဲ ရယ်ချင်သွားသည်။

ကလေးတွေနဲ့ တစ်ခါမှ မနေဘူးခဲ့သည့် နားတွေ၊ မျက်စိတွေက ရိုင်းနေကာ မြင်ရကြားရတော့ အားလုံးပဲ ခံစားချက်တွေက ဆန်းပြားနေ၏။

'မြတ်တွင် ရဲ့သမီးလေး'ဆိုသည့်အကြည့်နှင့် စူးစိုက်ကြည့်မိတာ ထာဝရဆုံး ဖြစ်သည်။ အစ်ကိုဖြစ်ပေမယ့် ကိုတွပ်ပြီးတော့တောင် ခေါ်ခဲ့သဖြင့် မြတ်တွင် လို့ သူခေါ်တိုင်း တချို့က ရိုင်းတယ်ပြောသည်။

တချို့ကတော့ သူငယ်ချင်းလားလို့ မေးဖူး၏။ သူ ငယ်စဉ်ကတည်းက ယုယ အလိုလိုက်ခဲ့ကြသဖြင့် 'မိဘက မဆုံးမတာ' ဆိုသည့် အပြောမျိုးတွေလည်း ရှိခဲ့ဖူး၏။



www.burmeseclassic.com

www.burmeseclassic.com



မေမေက ပြောဆိုစည်းရုံးနိုင်စွမ်းရှိတဲ့ မိခင်ကောင်းတစ်ယောက်ပါ၊ ငယ်စဉ်ကတည်းက သူ့စိတ် ပြင်းထန်တတ်တာတွေကို လျှော့ပေး...ရရင်း ဒီလိုဖြစ်လာခဲ့သည်ဆိုတာလည်း သူ သိထားသည်။

စရိုက်ထိ သူ့ဘက်က မှားယွင်းခဲ့တာတွေကိုလည်း တဖြည်းဖြည်းနားလည်နေပါပြီ၊ ဒါကြောင့် ဘယ်သူ တိုက်တွန်းလို့မှမဟုတ်ဘဲ သူကိုယ်သူ အသွားအလာ၊ အနေအထိုင် ဆင်ခြင်နေခဲ့တာ ဖြစ်၏။

အကယ်၍ ရမက်ဖြူ ဆိုသည့်မိန်းမသား ဒီလိုပုံစံ ဒီအချိုးမျိုးနဲ့ရောက်လာ တည်ရှိနေခဲ့ခြင်း မဟုတ်ခဲ့လျှင် မြတ်ထွဋ် ရဲ့သမီးလေးထိုသူ..၊

သေွးသားအရင်းကြီး..၊

သံယောဇဉ်ဆိုတာ မရှိဘဲ နေပါ့မလား..၊





## အခန်း [၂၀]

"ဟာလို.."

"မမဖြူ .. ကျွန်တော်ပါ"

အောင်မိုးမြင့် မှန်း သိလိုက်တာနှင့် စိတ်ထဲမှာ တင်းသွားသည်။

"မင်း ဘယ်က ဖုန်းနံပါတ် ရလဲ"

"ဒီလိုပဲ စုံစမ်းရတာပေါ့၊ မမဖြူ က တွန့်တိုလိုက်တာဗျာ"

ရုမက် ဆိုင်ကပြန်ရောက်လို့ ရေချိုးပြီး အိမ်နေရင်း အဝတ်...တောင် လဲပြီးနေပြီဖြစ်၏။

ဒီအချိန်လေးမှာပဲ စိတ်ကြည်လင်ရကာ သမီးလေးနဲ့ ခြံထဲဆင်း...င် ထိုင်၊ ဒါမှမဟုတ် ညစာမစားခင် သမီးလေး စိတ်ဝင်စားတတ်...ကစားနည်းလေးတွေကို အတူ ကစားပေးမည်။

...တစ်ခါတလေလည်း သမီး စားချင်သည့် သွားရည်စာလေးတွေ...ယ်ကျွေးဖြစ်၏။ ခုတော့ ဖုန်းကိုင်လိုက်တာနှင့် စိတ်က နောက်...ငြိတွေးသွားခဲ့သည်။

...ဖုန်းနံပါတ်တွေ ဘယ်နှစ်ခုတောင် သိထားခဲ့သလဲ..၊



www.burmeseclassic.com

www.burmeseclassic.com



အိမ်ဖုန်းကို ခေါ်ပြီးတော့များ 'မမဖြူ နဲ့ စကားပြောချင်လို့' တစ်ယောက်ယောက်ကို ပြောလိုက်ရင် သွားပြီ..၊

ယောက်ျားဆုံးပြီးတာ တစ်နှစ်မပြည့်သေး ရှုပ်ရှုပ်ယှက်ယှက် လုပ်နေပြီလို့ မဟုတ်ဘဲ နဲ့ အထင်မြင်သေး ခံရတော့မည်။

"ဒီမှာ အောင်မိုးခြိမ့်.."

"ဗျာ .. ပြောပါ မမ"

'ဖြူ'တစ်လုံး ထပ်ပြုတ်သွားတော့ 'မမ'ဆိုတာက နား... ကန့်လန့်ကြီးဝင်၏။

"မင်း ငါ့ဆီကို လုံးဝ ဖုန်းမဆက်ပါနဲ့"

"မဟုတ်ပါဘူး .. မမကို ကျွန်တော့်မွေးနေ့ ဖိတ်ချင်လို့ပါ... ဦး .. အပြတ်အသတ်ငြင်းဖို့ စကားတွေ မပြောပါနဲ့ဦး။ ကျွန်တော်... ကို မဟုတ်ဘူး။ 'တူဂဲသား'မှာ မမ တစ်ယောက်တည်းကို သီး... ကျွေးချင်တာ၊ နေဦး .. မမ"

ရမက် ဒီဘက်က ဒေါသနှင့် ပါးစပ်တပြင်ပြင် ဖြစ်နေတာကို... မြင်နေရသလိုမျိုး ပြောချင်ရာကို ပြောခွင့်ရဖို့ သူမ တိုးမဝင်နိုင်အော... တရစပ် ပြောနေတော့သည်။

"ဒီညနေ ငါးနာရီခွဲကနေ ခုနစ်နာရီအထိ ကျွန်တော် စောင့်..."

"အောင်မိုးခြိမ့်.."

"ကျွန်တော် တောင်းပန်နေတာပါ မမရာ၊ မမ အခု မလာဘူး... မမ မကြိုက်တာတွေ ကျွန်တော် လျှောက်လုပ်မှာ၊ အဲဒီထဲမှာ ... ပတ်ဝန်းကျင်မှာ မမ မျက်နှာပျက် ...ရာခဲတွေ၊ ရှင်းရခက်စေမယ့် ... အမူတွေလည်း ပါနိုင်သလို "မမရဲ့ သမီးလေးကို..."

"ပေးစမ်း .."

ကိုယ့်ဒေါသနဲ့ကိုယ်တောင် အငြိမ်မနေရဘဲ ရမက် လက်...





...ကို ဘုန်းမီးနေ ဆွဲယူသွား၏။ ဟိုကပြောနေတာတွေကို နားစိုက် ...င်နေသည်။

"နင် ဘာလုပ်တာလဲ"

ရမက် သူ့ကို ဆောင့်ဆွဲကာ ဖုန်းပြန်လုတော့ လက်ကိုလည်း ...ချပစ်သည်။ ပခုံးတစ်ဖက်ကိုပါ တွန်းပစ်လိုက်ခြင်း ခံရကာ...

"တောက်.."

အထဲက ကြာကူလီကောင်က တစ်မျိုး၊ အပြင်မှာ တစ်ယောက် ...ည်း ရှင်းမရဖြစ်ကာ ဘုန်းမီးနေ တက်ခေါက်၏။

...ပြီးတော့ ညှိနှိုင်းဘက်ကို ထွက်သွားကာ..၊

"ဟိတ်ကောင် .. မင်း အချိုးမယားတွေ ခင်းမနေနဲ့၊ ဘာဖြစ်ချင် ...သဲ ပြော.."

"ဘုန်းမီးနေ."

ရမက် အတင်းပြေးသွားကာ ဖုန်းကိုမဲ့လုနေသဖြင့် နောက်ထပ် ...ပ်ခေါက်သံနှင့်အတူ ဖုန်းသည် နံရံဆီကို ခွမ်းခနဲ ပြေးမှန်သွား၏။

"ဘာတွေ ကမ္ဘာပျက်နေတာလဲ၊ တော်တော်ကို ပြောချင်နေလား.. ...လား"

"ပြောချင်လို့ မဟုတ်ဘူး။ နင် ဝင်ရမ်းကားပုံက ဟိုဘက်က ဟိုလိုလို ...လို ထင်သွားရင် ဘယ်လိုလုပ်မလဲ"

"သြော် ဟိုက နှူကလီးယားတွေကျတော့ အရေးသာရှိနေတယ်ပေါ့"

"နင် မမိုက်ရိုင်းနဲ့.."

"ရိုင်းရုံတင်မကဘူး အဲဒီကောင်ကို မင်းကြိုက်နေတာ သေချာရင် ...ာက်စလုံး ကြိုးနဲ့ပူးချည်ပြီး အရှင်လတ်လတ် မြေမြှုပ်သတ်ပစ်မှာ"

ဘုန်းမီးနေ သည် ရမက် ၏ပခုံးတစ်ဖက်ကို ခပ်ဆတ်ဆတ်တွန်းပစ် ...ကာ ရမက် နောက်ကိုယိုင်သွားတော့ သူ့ ရှေ့ကို ထပ်တိုးလိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကောင်ကို ဘယ်သူ ထင်နေလဲ ရမက်ဖြူ .. အဲဒီ
ဘယ်သူလဲ မင်း သိလား .."

မျက်နှာကြီး နီရဲ ပြူးပြဲ၍ ရှေ့တိုးလာတော့ ရမက် နော
ထပ်ဆုတ်၍ ရူးစိုက်ကြည့်နေမိသည်။

"အဲဒါ မင်းလင်ကို သတ်သွားတဲ့အုပ်စုထဲကကောင်.."

"ဟင်!..."

ရမက် ကိုယ်လေး တောင့်သွား၏။

"ဒီကောင်တွေကို ချိ ဆွဲစေလိုက်တာ အဲဒီတစ်ယောက်ပဲ
တယ်၊ မင်းကို ဘာအကြောင်းကြောင့်ချဉ်းကပ်တာလဲဆိုတာ မင်း သိရဲ့လား
သူရှိန်းတာကို မင်း မလာရင် မင်း ဖုံးဖိထားတဲ့ကိစ္စတွေ က
ပြောပြလိုက်မယ်တဲ့၊ ကဲ .. မင်း ဘာလုပ်မလဲ.."

ရမက် မျက်လုံးအဝိုင်းသားနှင့် တောင့်မတ်စွာ ရှိနေခဲ့၏။
ဒိတ် ဆောင့်ခုန်လာသည် နှလုံးခုန်သံဟာ နားထင် ပါးရင်
တိုက်ရိုက် တိုးဆောင့်နေသလို နားထဲမှာ တအုန်းအုန်း မြည်နေ

ကြောက်မက်ဖွယ် တင်ရှိခဲ့သော ရန်ငြိုးတွေက ခုချိန်ထိ
ဘူးလား .. ရင်ထဲမှာ နာသွားသည်။

သားသမီးနဲ့ပတ်သက်လာတော့ ထိုနာကျင်မှုက ဘယ်လို
ချက်ဝေဒနာနဲ့မှ မတူဘဲ ချက်ချင်းကြီး တခမ်းတနား ဖြစ်သွား

ဘာလုပ်မှာလဲ တဲ့..၊

ဘာလို့ မလုပ်နိုင်ရမှာလဲ..၊





## အခန်း [၂၀]

"ဘာမှမစားတော့ဘူး မင်းကို လက်ဆောင်ပေးပြီးရင် ပြန်မှာ"

"မမကလဲဗျာ .. ရောက်လာလို့ ဝမ်းသာသွားတဲ့စိတ်လေးတွေ
တောင် ပြန်ငုတ်သွားပြီ၊ ကျွန်တော် မှာလို့ စီစဉ်ထားတဲ့ စားစရာတွေ
ကိုလည်း ကြည့်ပါဦး"

သူက စာအုပ်ဖွင့်ပြီး ရမက် က မထိုင်တော့ ချွေပါ ထ,ရပ်
လိုက်တာ...

"ခဏလေးဖြစ်ဖြစ် ထိုင်ပါ၊ ကျွန်တော့်ကို စိတ်ဆိုးလို့လား"

ရမက် ဖျော်ခနဲ လှည့်ကြည့်တော့ သူက လက်ကာလိုက်ရင်း...

"ဟုတ်ပါတယ် .. ကျွန်တော် မှားသွားတဲ့အတွက် တောင်းပန်ပါ
တယ် မရေယ်၊ အဲဒါ မမ မလာဘူးဆိုတာ သိနေလို့ မဖြစ်မနေ ထည့်ပြော
လိုက်တာပါ၊ တကယ်လို့ မမ ရောက်မလာရင်လည်း ကျွန်တော် ဘာမှ..."

"ကဲ .. တော်ပါတော့၊ ဒီမှာ ယူ .. မင်းအတွက် လက်ဆောင်"

လက်ဆောင်ပေးပုံက ဘာနဲ့တူနေမှန်း မသိ၊ စားပွဲပေါ်မှာ ဒိုင်း
ခနဲ ချလိုက်သည့် အနီရောင်ဘူးလေးကို ပြန်ငုံ့ကြည့်ပြီး အောင်မိုးငြိမ်
မှုန်မှုန်ပျက်လျက်...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မမကို လက်ဆောင်လိုချင်လို့ မရမကခေါ်တာ မဟုတ်ဘူး မမ"

"လိုချင်ချင် မလိုချင်ချင် မင်းအတွက် ယူလာတာ မင်း ယူရမှာပေါ့"

ရမက် က သူ့မျက်နှာကို စူးစိုက်ကြည့်ပြီး လက်ပိုက်သည်။

"ဘာမှမဟုတ်ဘူး၊ အဲဒီထဲမှာ ဓားတစ်ချောင်းပဲ"

"ဘယ်လို!..."

"မင်းအတွက် လိုအပ်မယ်ထင်တာ ဝယ်တာ၊ ဒါပဲစဉ်းစားမိတာလေ"

"မမ.."

"မင်းက ငါ့ရဲ့နှလုံးသည်းပွတ်ကို ခွဲထုတ်ဖို့ ကြိုးစားတဲ့သူဆိုတော့ မင်းနဲ့ ငါ့အတွက် အမှတ်တရက ဒါမျိုးပဲ ဖြစ်သင့်တာပေါ့"

"မမ .. မမကို ဘုန်းမီးနေ ဘာတွေ ပြောလိုက်လဲ .."

ရမက် က ပြန်မဖြေဘဲ သူ့မျက်နှာကို အထင်မြင်သေးသလိုကြည့်ပြီး မဲ့ပြုံးနှင့် မျက်နှာလွှဲ၏။

"မမ.."

"မင်းနဲ့ အဲဒါတွေကို ဒီမှာ မပြောချင်ဘူး။ မင်းလည်း ဖြေရဲတယ်ဆိုရင် ငါ့နောက်က လိုက်ခဲ့လေ"

ရမက် က ဆလင်းဘက်ခ်ကို ပခုံးပေါ် ထပ်ဆွဲတင်ပြီး လှည့်ထွက်သွား၏။

အနက်ရောင်အဖျော့သွားဝတ်စုံကို စကက်ရှည်ရဲ့အနားမှာ ဇာနှစ်ထပ် တွန့်ထားသဖြင့် ကိုယ်မှာ ကပ်ကာစ်ချပ်ချပ် ပျော့တွဲသွားသည့်ဝတ်စုံက ခြေလှမ်းလိုက်တိုင်း နွဲ့ခါလှုပ်ယမ်းနေသည်။

တောင့်ခြင်း၊ နွဲ့ခြင်း မမည်သော ရမက် ၏ လမ်းလျှောက်ပုံနှင့် နောက်ပိုင်းအလှက အောင်မိုးခြိမ့် ၏ မျက်လုံးတွေကို လွှဲဖယ်မရအောင် ဆွဲခေါ်သွားခဲ့၏။



ကိုယ့်ဘက်က မကောင်းမှုပြုခဲ့တာ မရှိပါဘဲ ဘာကြောင့် မလိုက်ရမှာလဲ..၊ သူ လက်ဆောင်ဘူးလေးကို ကောက်ယူလိုက်ပြီး နောက်က ချက်ချင်း လိုက်ထွက်သည်။

ရမက် ၏ အဖြူရောင် ဆလွန်းကားလေးက ရှေ့သွားနေလျက် အောင်မိုးခြိမ့် ၏ မာစီးဒီးအနီရောင်က နောက်က..၊

လူရှင်းသည့် တစ်နေရာသည် လမ်းနံဘေးမှာပဲဖြစ်ကာ ရမက် ရဲ့ကားနားကို သူပဲသွား၍..

"မမကို ကျွန်တော် အဲဒီကိစ္စတွေနဲ့ပတ်သက်ပြီး ရှင်းပြပါရစေ"

"ဘုန်းမီးနေ ဆိုတဲ့နာမည် မင်း ခေါ်လိုက်ကတည်းက မင်းတို့ရဲ့ နောက်စလုံး ပြည့်စုံသွားပြီ၊ ငါ မေးတာကို မင်း တစ်ခွန်းပဲ ဖြေ.."

နှစ်ယောက်ကြားမှာ ခဏလေး တိတ်ကျသွားခဲ့၏။ ပြီးမှ...

"ငါ့ယောက်ျားကို သတ်ခဲ့တဲ့အဖွဲ့ထဲက တစ်ယောက်ဆိုတာ ဟုတ်သလားမို့လား"

"အဖွဲ့ထဲကဆိုတာ ဟုတ်တယ်၊ ဒါပေမယ့် သတ်ခဲ့တဲ့ထဲမှာ..."

"ရပြီ အောင်မိုးခြိမ့် .. ငါ ဒီလောက်ပဲ သိချင်တာ"

"ဒီလောက်ပဲသိပြီး မမ ကျွန်တော့်ကို အထင်လွဲနေရင် ကျွန်တော် ဘယ်လောက် နစ်နာသလဲ မမ"

"ငါ မုဆိုးမဖြစ်ခဲ့ရတာကျတော့ အမြတ်တွေ ရသွားတာလား"

"မမ အဲဒီကောင် .. သူလုပ်ခဲ့တဲ့ မကောင်းမှုတွေကိုကျတော့.."

"အဟွန်း .. ငါ လုံးဝကို မထင်ခဲ့ဘူး။ အတုံ့အလှည့် ရန်ငြိုးတွေကြီးကြီးမားမား ရှိခဲ့ရင်တောင် မင်းတို့ရှိခဲ့ကြတာ ငါ့ယောက်ျားနဲ့ ဘာဆိုင်သလဲ"

"ဟုတ်တယ် .. မဆိုင်ဘူး၊ မမနဲ့လည်း မဆိုင်ပါဘူး၊ မမကို ကျွန်တော် ကလေးနဲ့ အကျပ်ကိုင်တဲ့စကားလေး ပြောလိုက်မိတာနဲ့

www.burmeseclassic.com



ဘုန်းမီးနေ ဆိုတဲ့ကောင် ခင်းတဲ့အကွက်ထဲ တန်းဝင်မသွားပါနဲ့ဗျာ တကယ်ဆို မမနဲ့ ကျွန်တော်က ဒီပြဿနာနဲ့ မဆိုင်တဲ့လူတွေပါ ဒါ တွေကို အစအဆုံး ကျွန်တော် ပြောပြမယ်"

"မင်း ပြောပြလည်း ငါ နားလည်မှာ မဟုတ်ဘူး၊ ငါ့ယောက်ျား ခွေးကိုက်လို့ သေသလား၊ မြွေကိုက်သွားတာလားတောင် ငါ ဘာမှ ရေရေရာရာ မသိခဲ့ရဘူး၊ ဘာမှန်းမသိတဲ့ ရှိတ်ဆက်ရုန်ပြိုးတွေနဲ့ ဘုန်း မီးနေ ရဲ့ဇာနက်မီးတွေ တောက်လျှောက် ကူးစက်မကုန်အောင်ဆိုတဲ့ အနားသတ်မျဉ်းတစ်ကြောင်းရဲ့ အတွင်းတစ်ဖက်မှာ ဘုန်းမြတ်ထွဋ် ထား တိတ်ဆိတ်စွာ အသက်ပေးပြီး နှုတ်မဆက်ဘဲ ငါတို့ကို ထားခဲ့တယ်"

ရမက် မငိုပါ..၊ ဒါပေမယ့် မျက်ရည်တွေ မျက်ဝန်းထဲမှာ ပြည့်အိုင် လာခဲ့၏။ ထို မျက်ဝန်းများနှင့် အောင်မိုးခြိမ့် ကို စိုက်ကြည့်ကာ..

"အခု မင်း ဘာထပ်လိုချင်သေးလဲ အောင်မိုးခြိမ့်၊ ဘုန်းမီးနေ ကို မကျေနပ်တာအတွက်ပဲလား၊ သူ့နဲ့ပတ်သက်သမျှကို ငါတို့လင်မယား ကပဲ ပေးဆပ်သင့်နေတာလား"

"မမကလည်းဗျာ.."

"မင်း ငါ့သမီးလေး စိတ်ထိခိုက်အောင် လုပ်မယ်လို့ ကြိမ်းဝါး လိုက်တာ အရမ်းကို မှားသွားပြီ"

ရမက် က ဆလင်းဘက်စ်ကို ရင်ခွင်ထဲမှာ ပိုက်ထားလိုက်ပြီး မဲ့ချင်သည့်လောင်ပြုံးနှင့် သူ့မျက်နှာကို ကြည့်သည်။

အောင်မိုးခြိမ့် ဖြေရှင်းမရခြင်းကို စိတ်ပျက်သည့်မျက်နှာနှင့် ခေါ ကို တိုးလိုက်ကာ..

"အဲဒါ ကျွန်တော် မမကို တွေ့ချင်ရသက်သက်နဲ့ ပြောစရာတာပါ တကယ်တမ်း..."

"ဘာဖြစ်လို့ တွေ့ချင်တာလဲ"





မျက်ခုံးခပ်ပင့်ပင့်နှင့် အေးစက်သောမျက်ဝန်းတွေကြောင့် မဖြေ တတ်တာမဟုတ်ဘဲ အောင်မိုးခြိမ့် ဆွံ့အသွားခဲ့၏။

ဘယ်လိုဖြစ်စေချင်တာလဲ၊ ဘာဖြေလိုက်ရင် ဘာလုပ်မှာလဲ..၊

"ကျွန်တော် မမကို..."

"ဘာဖြစ်လဲ ပြော .. ပြောလိုက်စမ်း"

ဘာပြောတော့မယ်ဆိုတာ သိလိုက်ပြီး နားထဲမှာ ခါးသွားသည်။ ကိုယ့်ယောက်ျားကို သတ်ခဲ့တဲ့လူဆိုသည့်အမုန်းက ဘုန်းမီးနေ အပေါ်မှာ ရှိသိပ်ခဲ့ရသမျှ ရုပ်ပြု ပေါက်ကွဲချင်၏။

ထို့ကြောင့် အောင်မိုးခြိမ့် ရဲ့ပါးကို လက်လွန်လွှဲရိုက်ပစ်လိုက်မိ သည်။ စိုက်ကျသွားသည့်မျက်နှာကို ဒီဘက် ပြန်ပါလာအောင် ပခုံးက ဆွဲလိုက်၊ ရင်ဘတ်ကို ဆွဲလိုက်နှင့် အားရှိသမျှ ထုနက်ပစ်တာတွေ စုံသွားသည်။

"မမ .. လွှန်မယ်နော်၊ မဟုတ်ဘဲနဲ့ ကျွန်တော် သည်းခံနေတာ"

"သည်းမခံတော့ မင်းက ဘာလုပ်ချင်လဲ .. လူမိုက်လူရမ်းကား တွေ၊ လူယုတ်မာတွေ၊ တစ်ယောက်ကိုမနိုင်ရင် နိုင်တဲ့လူကို မတရား သဖြင့် လုပ်ပြီး သူ့ထက်ငါ လူစွမ်းကောင်းလုပ်နေကြတာ"

"ခင်ဗျား .. အား .."

သည်းခံနိုင်စွမ်းက ဒီထက်ပိုလို့မရတော့ဘဲ တုံ့ပြန်ဖို့စိတ်က ဖြစ်ရုံ ခဲ ရှိသေးသည်။ လက်မောင်းတစ်ဖက်မှာ ပူခနဲ ဖြစ်သွား၏။

"ခင် .. ခင်ဗျား .."

ရမက် ရဲ့လက်ထဲမှာ ခလုတ်နှိပ်ဓားလေးက ပြူးပြက်လက်နေ ပြီး...

"အဲဒါ .. ငါ့သမီးကို တည်ချက်လုပ်ပြီး အကျပ်ကိုင်ဖို့ ကြိုးစား ခဲ့တဲ့အတွက်ပဲ၊ နှင့်ရင်ဘတ်ကို မထိုးရဲလို့ မဟုတ်ဘူးနော်၊ ငါ့သမီးလေး



www.burmeseclassic.com

www.burmeseclassic.com



မိဘနှစ်ပါးစလုံး မဲ့သွားမှာစိုးလို့"

ရမက် ရဲ့မျက်လုံးတွေ ဝင်းဝင်းလက်လက် တောက်နေလျက် နှုးညံ့ခြင်းတွေ ပျောက်ဆုံးနေပုံက စိတ္တဇဆန်နေ၏။

အောင်မိုးမြိမ့် ကလည်း သွေးထွက်သံယိုဖြစ်အောင် ခံစားလိုက်ရပြီမို့ အံကြိတ်ပြီး ကြည့်သည့်အကြည့်က တောင်စွယ် ခံနေကွယ်ချိန်ကို စောင့်ကြည့်ပြီး ဓားကိုင်လိုက်သော အာဏာပါးကွက်သား သွေးအေးရက်စက်မှုများနှင့်...

"ကျုပ်က ခင်ဗျားနဲ့တွေ့မှ အစွယ်ကျိုးခဲ့ရတာ ဒေါ်ရမက်ဖြူ၊ အစတုန်းက ခင်ဗျားပြောနေတာထက် အများကြီး ဆိုးတဲ့ကောင်မျိုးပဲ"

ပြောပြီးသည်နှင့် အကောင်းရှိနေသေးသည့်လက်က ရိပ်ခနဲ လှုပ်ရှားသွားကာ...

"အား.."

ယောကျ်ားတစ်ယောက်၏ ပြင်းထန်သောရိုက်ချက်ကြောင့် ရမက်ချာခနဲ လည်ထွက်သွားကာ ကားရဲ့ဘက်ခ်မှန်ပေါ် ကို ခေါင်းက အရှိန်နဲ့ ဝစ်တိုက်၏။ ပြီးတော့ တစ်ကိုယ်လုံး ခွေကျသွားလေသည်။

"အဲဒါပဲ .. ကျားဆိုတာ ပုတ်မရှိုးသင့်တဲ့သတ္တဝါမှန်း ခင်ဗျားအမြဲ မှတ်လိုက်တော့"

သူလက်မောင်းမှာ ချင်းချင်းနီနေသည့်သွေးတွေကို ပြန်ငုံ့ကြည့်လိုက်ပြီး အင်္ကျီလက်စကို လက်မောင်းရင်းထိ လိပ်တင်ပစ်လိုက်သည်။

လမ်းပေါ် မှာ ခွေခေါက်ကျနေသည့် ရမက် လက်ထဲမှာ ဓားကိုဆုပ်ကျစ်ထားဆဲမို့ ဖြုတ်ယူပြီး သစ်ပင်တွေကြားထဲ ပစ်ထည့်လိုက်၏။

ထို့နောက် သူမကို ပွေ့ယူပြီး ကားထဲကို ထည့်သည်။

ကိုယ့်ကားကို ထားခဲ့တာက ပြဿနာမရှိပေမယ့် သူမရဲ့ကားကျန်ခဲ့လို့ မဖြစ်။ ထို့ကြောင့် ကားအဖြူလေးကိုပဲ သူ မောင်းထွက်ခဲ့သည်။





လမ်းပေါ် မှာ ကားတွေကျဲပေမယ့် တစ်စီးစ နှစ်စီးစတော့ အဆက်မပြတ် သွားနေကြတာ ရှိ၏။

ဒါပေမယ့် ကားတွေဖြတ်သန်းသွားတဲ့အချိန်မှာ သူတို့ရဲ့ဆိုးဝါးတဲ့ မြင်ကွင်းတွေ မဖြစ်ခဲ့တော့ ရာသီဥတုက ဘယ်ဘက်ကိုပါမှန်း မသိ..၊

ခုချိန်မှာ ရမက် ကို သူ ပိုင်ခဲ့တာတော့ သေချာလေသည်။ ဘေးမှာ ခွေခွေလေးခေါက်ခေါက်လေးပါလာသည့် ရမက် ရဲ့ မျက်တောင်ကော့လေးတွေကို မကြာခဏ ငုံ့ကြည့်ဖြစ်သည်။

ပြီးတော့ နှာတံချွန်ချွန်နှင့် နှုတ်ခမ်းသားလေးတွေ..၊ လက်ကအထိရှာက တဆစ်ဆစ် ကိုက်နေသဖြင့် အလှတရားတွေကို ငုံ့ကြည့်မိတိုင်း သူ့နှုတ်ခမ်းမှာ မဲ့ပြုံးတွေ ဖြစ်နေခဲ့သည်။

သူငယ်ချင်းတွေနှင့် မိုက်ခဲ့၏။ ညီအစ်ကိုဝမ်းကွဲတွေမို့ ညီညီညွတ်ညွတ်လည်း ရှိခဲ့ကြသည်။ ဒါပေမယ့် ဒီထဲမှာ သူဟာ စိတ်ပျော့သူအဖြစ် အားလုံးက သတ်မှတ်ထားခဲ့၏။

မြဝတီဘက်က တရားလွန် လက်ဖက်ရည်ပွဲတွေမှာ အလောင်းအစားတွေနှင့် ပျော်မွေ့ရင်း သူတို့အုပ်စုတွေမှာ တခြားလူငယ်တွေလို စီးပွားရှာရှာ မလို..၊ ဘာမှလည်း မပင်ပန်းဘဲ အချိန်ပြည့် လက်ထဲမှာ ရေလျှံနေခဲ့၏။

ဘုန်းမီးနေ နှင့် ဂျမ်း ကတော့ ကျောင်းတော်ကရန်စ ဖြစ်သည်။ ထိုရန်စသည် ဘုန်းမီးနေ ကို ဘယ်တော့မှမနိုင်ခဲ့သော ဂျမ်း ဘက်ကပဲ စတင်ထုံးဖွဲ့ခဲ့ခြင်း ဖြစ်သည်။

မြဝတီမှာ ဆုံဖြစ်ကြတိုင်းလည်း အမြဲတမ်း ပြိုင်ဘက်တွေဖြစ်ကာ ထိုအခေါက်က ဟိုဘက်ဒီဘက် အလောင်းအစားကိစ္စတွေ ရှုပ်ထွေးတုန်းက ဟိုဘက်ကနေ ပါဝင်ဖြေရှင်းသည့်သူက ဘုန်းမီးနေ ဖြစ်နေ၏။

လက်ထဲရောက်နေပြီးသား သိန်းနှစ်ရာကို ဘုန်းမီးနေ က တစ်ရာ



www.burmeseclassic.com

www.burmeseclassic.com



ရအောင် ပြန်ယူ၏။ ပြီးတော့ တစ်ဖက်မှာ မသေမရှင် ဆေးရုံပေါ် ရောက်နေသည့် လက်ဖွေ့သမားရဲ့ မိသားစုအတွက် ပေးသင့်သည့်ငွေလို့ သူဟာသူ သတ်မှတ်ချက်ထား၍ သွားပေးပစ်လိုက်၏။

ထိုညမှာ ဂျမ်းနဲ့အတူ သူတို့အားလုံး ဘုန်းမီးနေ တို့နဲ့ ချိန်းပွဲဖြစ်ကြ၏။ ဒါက လက်ဖွေ့နဲ့မသက်ဆိုင်သော နယ်စပ်တစ်နေရာမှာ လွတ်လွတ်လပ်လပ်ကြီး ဖြန့်ခင်းခဲ့ကြတဲ့ မကျေပွဲ..၊ ဂျမ်း က လက်စမြင်း သလောက် သူ့အစ်ကို ဂျင် က ဒေါသကြီးတတ်၏။

ငွေတွေကို မျက်စိရှေ့မှာတင် ယူသွားတုန်းက ခံလိုက်ရပြီးမှ တနုံ့နုံ့ဖြစ်နေရသည့်ဒေါသများနှင့် ဘုန်းမီးနေ ကို ယှဉ်ပြိုင်ဖို့ ကြိုးစား ခဲ့သည်။

ဒေါသသည် အမြဲတမ်း သွေးဆေးနေတတ်သည့် ဘုန်းမီးနေ ၏ လက်ထဲမှာ ကျရှုံးသွားခဲ့ပြီး ထိုညမှာပဲ ဂျင် သေဆုံးသွားခဲ့၏။

ဖြစ်တာကတော့ ကိုယ့်ဒေါသနဲ့ကိုယ် ကိုယ့်လက်နက်နဲ့ ပြန်ထိပြီး ခြေလှမ်းမှားခဲ့တာဖြစ်ပေမယ့် ဂျမ်း က မကျေနပ်ပေ..၊

နှစ်ဖက်စလုံး ထိခိုက်ဒဏ်ရာကိုယ်စီဖြစ်ခဲ့ပြီး၊ သူကတော့ အစ်ကို တစ်ယောက်လုံး သေရတာကို လက်တုံ့ပြန်ဖို့ အမြဲတမ်း ကြိုးစားနေ ခဲ့သည်။

ဘုန်းမြတ်ထွဋ် ကို သတ်ပစ်ဖို့ ကြံစည်မှုတွေ လုပ်ကြတော့ သူ တားဆီးခဲ့သည်။ တကယ်က ဘုန်းမီးနေ ကိုယ်တိုင် ဂျင် ကို သတ်ခဲ့ တာ မဟုတ်..၊ သူ့အစ်ကိုကို သွားလုပ်ဖို့ မသင့်ကြောင်း၊ နောက်ထပ် ရန်ငြိုးမပွါးသင့်တာကို ပြောပြမိသည့်အတွက် ထိုညကကိစ္စမှာ သူ့ကို ဖယ်ကြဉ်ထားခဲ့ကြ၏။

သူဟာ လူကောင်းတစ်ယောက် မဟုတ်ခဲ့ပေမယ့် ယုတ်မာတဲ့ စိတ်မျိုးကိုတော့ တစ်ခါတလေ မကောင်းဘူးဆိုတဲ့အသိနှင့် ထိန်း





ချုပ်ခဲ့သူပါ..၊

ဒါကို ရှင်းပြတာလည်း မရ ..၊ ဘယ်တော့မှလည်း လက်ခံမှာ မဟုတ်တော့ မကောင်းခဲ့သည့်စိတ်က ဆိုးမိုက်ဖို့တိုပဲ တွန်းပို့နေခဲ့၏။

ကားကိုအရှိန်လျှော့၍ ဘယ်ဘက်အတိုင်း ကွေ့ခဲ့ရင်း ရမက် ရဲ့ ပခုံးကျနေသည့် မျက်နှာလေးကို ပါးလေးတစ်ဖက်ကပင့်၍ ကြည့် လိုက်မိသည်။

သူ ထင်သည့်အတိုင်း သူမရဲ့ နဖူးစောင်းမှာ ဒဏ်ရာက သွေး ယိုထွက်နေ၏။ သူ့မှာလည်း လက်မောင်းက သွေးစက်စက်ကျလာတဲ့အထိ နာကျင်နေတာပါ။

ရင်ဘတ်ထဲကို ထိုးချရဲသည်ဆိုတာ အပိုပြောတာ မဖြစ်နိုင်မှန်း ထိမှန်းသည့်ဒဏ်ရာကို ကြည့်တာနှင့် သိနိုင်၏။

တကယ်ကို ဒေါသ အမုန်းတရားများနှင့် ပက်ပက်စက်စက် ထိုး ခဲ့တာဖြစ်ကာ မိန်းမတစ်ယောက်၏ မရဲတရဲ ကြောက်ကန်ကန်တာ မျိုး မဟုတ်..၊

မင်း ကျေနပ်မှာ မဟုတ်ဘူး ရမက်ဖြူ၊ မင်းက ငါ့ကို သတ်ချင် တာဆိုတော့ နီးလာရင်လည်း မုန်းနေဦးမှာပဲ..၊

အဲဒီတော့ မင်းနဲ့ငါ ပေးရ ယူရတာတွေ ကာန်အောင် ညှိမှုခြင်း ပါရမယ်၊ ရမက်ဖြူ ဆိုသည့်မိန်းမရဲ့ တစ်ကိုယ်လုံးအလှကို ကား မောင်းရင်း ငုံ့ကြည့်၍ သိုသိပ်စွာ ပြုံးလိုက်မိစဉ်...

"ဟာ!..."

မျက်လုံးထဲမှာ မည်းမဲ့ ပြေးဝင်လာသလိုဖြစ်သွားကာ ဘရိတ် ကို သတိလက်လွတ် နင်းပစ်လိုက်မိသည်။

"ကျွီ..."

ကားက ထိုးရပ်သွားပြီးမှ ဖင်ပိုင်းတစ်ပတ်လည်ကာ ယိမ်းသွေး



www.burmeseclassic.com

www.burmeseclassic.com



အနိမ့်ထဲကို တစ်ဝက်ကျသွားသည်။

စတီယာရင်နှင့် ပစ်ဆောင့်မိပြီး သူလည်း စက္ကန့်များစွာ သတိလ
သွားခဲ့၏။

"ဟိတ်ကောင်.."

"ဟင်!..."

သူ့ကိုယ်ကြီး လေထဲမှာ လွင့်ပျံနေသည်လား ဒါမှမဟုတ် ချောက်
နှုတ်ခမ်းပေါ်က သစ်ပင်ကိုင်းဖျားမှာ တွဲလောင်းကြီးဖြစ်နေခဲ့သလား။

ခြေလွတ်လက်လွတ် လွှဲခါသလို ဖြစ်နေပြီးမှ မာကျောသည့်မြေ
ကို ပစ်ကျသွားပြန်၏။

"အောင်မိုးမြိမ့် .."

"ဟင်!..."

ခေါ်နေတာကို သိသည်။ မျက်လုံးတွေ ဖွင့်နိုင်ဖို့ ကြိုးစားရင်း
ခေါ်နေသည့်အသံဟာ ဘုန်းမီးနေ မှန်း သိလိုက်၏။

ထို့နောက် သူ့ကားရှေ့မှာ ခေါင်းထိုးခံပြီး ကန့်လန့်ပုံစံ ပိတ်ရ
ထားသည့် ကားနက်ကြီးကို မြင်လာရသည်။

သူ့ရှေ့မှာ နီးကပ်စွာ ရှိနေသူကတော့ ဘုန်းမီးနေ ပဲ ဖြစ်၏။

"မင်း မိန်းမလျှာလား..၊ ထစ်မ်း .. ကားဆောင့်မိလို့ နံရိုးကျိုးသွား
တာလောက်နဲ့ မသေနိုင်ဘူး။ ဟိတ်ကောင် .. ငါ့ကို ကြည့်..."

"ဘုန်း .. ဘုန်းမီးနေ .. မင်း ငါ့လက်ကို လွှတ်.."

"လွှတ်မလို့ မဟုတ်ဘူး။ မိန်းမတစ်ယောက်ကို အရှက်မရှိ က
ကကျစ် ချဉ်းကပ်တဲ့ မင်းလိုကောင်ကို သတ်ချင်လို့ အမီလိုက်
တာ၊ ဒဏ်ရာရနေလို့ အခု ချမ်းသာပေးလိုက်မယ်၊ ဒီမှာ ဟိတ်ကောင်.."

ဘုန်းမီးနေ သည် အောင်မိုးမြိမ့် ၏ကိုယ်ကို ပစ်ချလိုက်၊ ဆွဲ
လှုပ်ခါလိုက်နှင့် အားမလိုအားမရ တက်ခေါက်သံက အံကြိတ်သံ





စွက်လျက်...

"မင်းက ဘာ့ကို မကျေနပ်တာလဲ..၊ ဘာဖြစ်ချင်တာလဲ..၊ အခု
မက်ဖြူ ကို ခေါ်လာတာ၊ နာဘူးထချင်တာသက်သက်လား၊ ငါ့
ကြောင့်လား.."

"ငါ့ကို သူ အရင် စေနဲ့ထိုးတာ"

"ဟုတ်တယ် .. မင်းလိုကောင်ကို လည်မျိုကိုမထိုးဘဲ လက်
ခေါင်းပဲထိုးလိုက်တာ ဒီမိန်းမချိုး ရိုက်သတ်ပစ်ဖို့ ကောင်းတယ်"

ဘုန်းမီးနေ အောင်မိုးမြိမ့် ရဲ့ကိုယ်ကြီးကို ကားဘီးမှာ မှီချလိုက်
သည်...

"မင်းနဲ့ ဘယ်နှစ်ကောင် ကျန်သေးသလဲ၊ ငါ့ကို လက်တုံ့ပြန်ဖို့
ကောင်းပြီးသားရှိရင် ပြောလိုက်၊ မိန်းမတွေကို ဆွဲမထည့်နဲ့ .. ကြိုက်
တဲ့အချိန်ကို ပြောလိုက်၊ မင်းတို့ စမလာရင် ငါ ငြိမ်နေမယ်၊ နောက်တစ်
ခါ ဒီမိန်းမနဲ့ ဒီကလေးကို ထိကြည့်၊ မျိုးကန်းအောင် လုပ်ပစ်မယ်"

"ဘုန်းမီးနေ .. ဘုန်းမီးနေ .."

သူ့ကားဆီ လှည့်ထွက်သွားတာမြင်လိုက်သည်နှင့် ရမက်ဖြူ ကို
ခေါ်တင်သွားပြီမှန်း သိကာ အောင်မိုးမြိမ့် အသံမထွက်နိုင်ဘဲ အားတင်း
ခေါ်မိသည်။

အသက်ဝဝရှူတိုင်း မအောင်မြင်ဘဲ မျက်လုံးတွေ ပြာနေသည်။
ဘုန်းမီးနေ ဆိုတဲ့ကောင် သူ့ရှေ့ရောက်နေသည်ဆိုသည့်အသိသာ မရှိခဲ့
ရင် သူ သတိလစ်သွားနိုင်၏။

ဒါပေမယ့် ရန်ငြိုးတွေကို သူ မလိုချင်သည့်ထဲမှာ ဘုန်းမီးနေ နဲ့
ငြိလိုတာ အဓိက၊ အသားနာကာ သွေးကြွသွားသဖြင့် ရမက် ကို
ကြည့်ဖို့ စိတ်ရိုင်းတွေဖြစ်ခဲ့တာကာ ခုချိန်မှာ ကြက်ပျောက်ငှက်ပျောက်

"ဘုန်းမီးနေ .. ဒီ .. ဒီကားကို .. ဒီကားက ရမက်ဖြူ .."



www.burmeseclassic.com

www.burmeseclassic.com



သူ အော်ပြောနေရသဖြင့် ပြီးဆုံးအောင် မပြောနိုင်..၊ ဘုန်းမီးေ
က တစ်ဖက်နဲ့ တံခါးဖွင့်ထားပြီး မဝင်သေးဘဲ သူ့ကို ပြန်ကြည့်ကာ–

"အဲဒီကား မင်း ပြန်ပို့ရမယ်၊ ပြဿနာဖြစ်လာရင်လည်း မင်း
ရှင်းပေါ့"

"မဟုတ်ဘူး .. နေပါဦး .."

ကားက ထွက်သွားပါပြီ၊ အောင်မိုးခြိမ့် ကားအဖြူလေး ရဲ့ဘီးမှာ
မှီလျက်သားနှင့် တဖြည်းဖြည်း ပျော့ခွေကျသွားလေသည်။

လွင့်မျောသွားသည့်စိတ်တို့က ကိုယ့်ဟာကိုယ် ဆေးရုံကို ပြေးလွှာ
သွားနေခဲ့သည်။ ဒီကားနားမှာ သူ ရှိနေလို့ မဖြစ်တာ သိပေမယ့် ကား
ပြန်ပို့ဖို့အတွက်က ထားခဲ့လို့လည်း မရဘဲ ဒဏ်ရာကို ဖုံးဖိ အားတင်း
ရသည်။

ကားပြန်ပို့မည်၊ ဆေးရုံသွားမည်။

ပြေးလွှားနေရင်း ဘယ်ကိုမှလည်း မရောက်နိုင်..၊

မောလည်း မမောသည့် သူ့စိတ်တွေဟာ လေထဲမှာပဲ လွင့်မျော
လျက်..၊





## အခန်း [ ၂၂ ]

'ဘာဖြစ်လာကြတာလဲ'လို့ မေးတာလည်း ဘယ်သူကမှ မဖြေ..၊
ဆရာဝန်ပြန်သွားတော့ ဘုန်းမီးနေ့ အပြင်ပြန်ထွက်ဖို့ လုပ်နေသဖြင့်
ဘုန်းသာ ကိုယ်တိုင် ထွက်လာပြီး...

"လူကြီးတွေကို မင်း နည်းနည်းမှ ဂရုမစိုက်တာ အမြဲတမ်း ဒီလို
လို့ ထားလိုက်နိုင်တယ် သား။ အခု ရမက် ပါလာပြန်ပြီ၊ ဘာတွေ
လာတာလဲ .. မင်းရဲ့ပြဿနာတွေပဲလား။ အဲဒါတွေက မပြီးနိုင်သေး
သား။ ငါတို့ကို ပြောပြစမ်းပါ"

နူးနူးညံ့ညံ့သာ ပြောဆိုဆုံးမတတ်ခဲ့ပေမယ့် သားအပေါ်မှာ မချင့်
ရဲ့ ဒေါသများနှင့် စကားလုံးတွေလည်း ကစဉ့်ကလျား ဖြစ်ကုန်ပါပြီ..၊

ဒီနေ့ကျမှ သူ အလုပ်မသွားဖြစ်ခဲ့သဖြင့် ရမက် ကို ဘုန်းမီးနေ
ထားပြီး အိမ်ပေါ်တက်လာတာ သူ့ရှေ့တင်..၊

ဒီနှစ်ယောက်ဟာ ဤသို့ ဖေးမကူညီကြမည့် ဆက်ဆံရေးမျိုး
တုန်းကမှ မရှိခဲ့တာမို့ ဒါ ပြဿနာတစ်ခုဆိုတာ တန်းသိလိုက်၏
ထို့ပြင် ရမက် ရဲ့နဖူးမှာ သွေးထွက်သံယိုဒဏ်ရာနှင့် မအေးမြစ်သို့
သွားပါသွားပြီး မေးတာ ဘယ်လိုမေးမေး မရ..၊



www.burmeseclassic.com

www.burmeseclassic.com



"သူ သတိရလာရင် ပြောလိမ့်မယ်"

လို့ မိဘကို မထီလေးစား ဖြေသည်။ ရမက် ကိုတော့ အိပ်ခ
ထဲထိ ဝင်ပို့ခဲ့ပြီး အခန်းထဲဝင်နေခဲ့တာ၊ ပြန်ထွက်လာတော့ အပြင်သူ
မည့်ပုံစံနှင့် နောက်တစ်ရှိန်..၊

"မင်း အစ်ကိုတစ်ယောက်လုံး သေတဲ့အဖြစ်ကို ကျိုးထိုး၊ ချွေးေ
ခံပြီး ဖျောက်ဖျက်ထားခဲ့ရတာ မင်းကြောင့်နော် ဘုန်းမိုးနေ.."

ဦးဘုန်းသာ ထပ်ပြောလိုက်တော့ ဘုန်းမိုးနေ ကားသော့ယူလို
ပြီးမှ လက်နှစ်ဖက် စုံချရင်း ရပ်နေ၏။

ဦးဘုန်းသာ က သူ့မျက်နှာရှေ့ကို တမင် သွားရပ်ကာ..

"အဲဒါ ပထမဆုံးနဲ့ နောက်ဆုံးဖြစ်မယ်လို့ ငါတို့ မျှော်လင့်ခဲ့ကြတ
အခု .. ရမက် က ဘာဖြစ်တာလဲ၊ မင်းရဲ့ပြဿနာတွေနဲ့ ဘယ်လို
ကုန်တာလဲ"

ဘာအကြောင်းမှ မပြောရသေးဘဲ ဒီလိုပုံစံဖြစ်လာမှန်း ဖေဖေ
သိနေတာကို သူ စိတ်ပျက်သွားမိသည်။

ရမက်ဖြူ သတိရလာမှ ဘယ်သူ့ကို ပုံချပြီး ဘယ်လိုဖြေဖြေ
မစိုက်ပါ၊ အဲဒီလိုမေးလာတိုင်း မဖြေချင်သည့်ပါးစပ်က ဝက်အူ
ထားတာထက် နိုင်၏။ ဘယ်လိုမေမေး ဖြေကို မဖြေချင်၊ ဒါပေမယ့်

"နောက်ထပ် ဘာမှမဖြစ်စေရဘူး ဖေဖေ၊ ကျွန်တော်..."

"ဘာကို ကတိပေးနေတာလဲ သား၊ ရမက်ဖြူ ရဲ့ လုံခြုံရေး
လား .."

သူ မဖြေပါ။ ဦးဘုန်းသာ ကလည်း ဖြေဖို့ မေးတာမဟုတ်..၊

"ချွေးမအတွက် ပူပန်နေတာတစ်ခုတည်းလို့ မင်း တွက်ပြီး ပြေ
လိုက်တာလား၊ မင်းက ငါတို့ရဲ့ တစ်ဦးတည်းကျန်ရစ်တဲ့ သား၊ 'ဘု
ရိပ်'စံအိမ်ရဲ့ မျိုးဆက်၊ မင်းအတွက် မပူရတော့ဘူးလား"





"အခု ကျွန်တော် ဘာတွေ ဖြစ်နေလို့လဲ ဖေဖေ"

"ဘာမှမဖြစ်တာကို မြင်နေပေမယ့် ဘာတွေလုပ်နေလဲဆိုတာ
သိရဘူးလေ၊ မင်းမှာ အပေါင်းအသင်းတွေ ရှိတယ်၊ ဒါပေမယ့် ဒီနေ့ထိ
ဒီအပေါင်းအသင်းတွေကို သဲသဲကွဲကွဲ ငါတို့ မမြင်ဖူးဘူး၊ ဘယ်လိုလူ
တွေနဲ့ ပေါင်းနေသလဲ၊ ဘယ်သူတွေနဲ့ မသင့်မတင့် ဖြစ်နေသလဲ၊ သတ်
ကြသေကြတဲ့အထိ မင်း မိုက်ရဲနေတာတောင် ဘာတွေလုပ်နေလို့
လာက်ထိ ဖြစ်သလဲဆိုတာ ငါတို့ လုံးဝ မသိရဘူး"

ဘုန်းမိုးနေ စိတ်ပျက်သည့်မျက်နှာ မှန်ကုတ်ကုတ်နှင့် ဦးဘုန်းသာ
ကို ကွေ့ရှောင်ထွက်သွားချင်သည့်ပုံစံတွေပဲ ပြနေကာ..

"ကျွန်တော် ဘယ်သူ့ကိုမှ စပြီး မတော်မတရား မရမ်းကားဘူး"

"ရေပြင်ကို ငုံ့ကြည့်ပြီး ဒေါင်းတွေ မာန်တက်နေတာ အဲဒါပဲကွ၊
တော်မှာ ဖင်ပြောင်နေတာ ကိုယ့်ကိုယ်ကိုယ် ပြန်မမြင်ရတော့ လှလိုက်
တလို့ ထင်နေတာ."

ဘုန်းမိုးနေ မျက်နှာ ရဲတက်သွားသည်။ ဘာတွေဖြစ်နေနေ သူ
တွေလုပ်ခဲ့သည်ဆိုတာတော့ ပြောဖို့ မလိုအပ်တော့သည့် ကိုယ့်ရဲ့
တ်မှတ်ချက်နဲ့ကိုယ် ဘယ်တော့မှ ပြောဖြစ်လိမ့်မည် မဟုတ်ပေ..၊

အမှတ်တမဲ့ ကိုယ် ဖြတ်သန်းခဲ့သမျှမှာ တစ်ခုဖြစ်ပြီး နောက်
ခု ပြဿနာဖြစ်ဖို့ဆိုတာ သူ့ဘက်မှာ ဘယ်တုန်းကမှ မရှိခဲ့..၊

သူတို့ဖာသာ ပြိုးမယ်ဖွဲ့၍ တုံ့ပြန်တိုက်ခိုက်လာတာကို ကိုယ်
ပြန်ခဲ့တာ မှားသလား..၊ မှားတာရှိခဲ့ရင်လည်း ပြိုင်လာလျှင် အရှုံး
ပေးတတ်တဲ့ သူ့ရဲ့ အကျင့်ပဲ ဖြစ်မည်။

အမှုကြီးကြီးသေးသေး ဒေါသဖြစ်ပြီဆို ဖြစ်လာတဲ့အတိုင်း..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၂၃]

BURMESE CLASSIC

အမှန်အတိုင်း မပြောလျှင် ဒါက ကိုယ့်ရဲ့သိက္ခာတရားမို့ အေ
မိုးခြိမ့် နဲ့ ဘုန်းမီးနေ ဘယ်လိုပတ်သက်ခဲ့တယ်ဆိုတာလောက်
ကိုယ် သိတဲ့အတိုင်း ပြောပြလိုက်ရ၏။

ပြီးတော့ ကိုယ့်ကို ချဉ်းကပ်ခဲ့ပုံ အနည်းအကျဉ်းနှင့် ထို
ဖြစ်ခဲ့တဲ့အတိုင်း ပြောလိုက်တော့ ဒေါ်သက်လျှာ ဘုရား'တ'၏

အိမ်မှာ ဆူညံမှုတစ်ခုခု ဖြစ်တတ်တိုင်း မြေးလေး အိပ်နေတ
တာ၊ စာသင်နေတတ်တာတွေနဲ့ တိုက်ဆိုင်နေတာကိုပဲ အဆ
ကျေးဇူးတင်နေမိ၏။

သားအမိ ညနေပိုင်းမှ ဆုံဖြစ်ကြတာမို့ မြေးလေးရဲ့ စာသင်
နေ့လယ်ပိုင်းမှာ နှစ်ချိန်ခွဲထားခဲ့သဖြင့် စာသင်ခန်းထဲ ရောက်နေ
အိမ်ကြီးထဲက အသံတွေကို တော်ရုံနှင့်မကြားနိုင်ပေ..၊

အခြေအနေအရ ထိန်းကျောင်းထားပေးဖို့ ဆရာမကိုလည်း
ထားရ၏။ ဒေါ်သက်လျှာ ရမက် ရဲ့ခေါင်းက ပတ်တီးလေးကို
သည့်မျက်လုံးများနှင့် ငေးရင်း တယုတယ တို့ထိ ပွတ်သပ်ကာ





"အန်တီ တောင်းပန်ပါတယ် သမီးရယ် .. သမီးတို့သားအမိ
သားငယ်ကြောင့်..."

"ထားလိုက်ပါ အန်တီ၊ အဲဒီအဖြစ်တွေ ကြုံရတိုင်း ဒီစကားတွေ
ကို ကြားနေရရင် ရမက် ကြာရှည်ခံနိုင်မှာ မဟုတ်ဘူး"

"ဟင်!..."

"ဘာတွေဖြစ်နေနေ သမီးလေးနဲ့ အန်တီတို့ရဲ့သံယောဇဉ်ကို
မှက် ဖြတ်တောက်မသွားနိုင်ခဲ့ဘူး။ သွားနိုင်တဲ့တစ်နေ့ကျရင်တော့.."

"အို!.... မသွားပါနဲ့၊ အဲဒီလို မကြံစည်ပါနဲ့ သမီးရယ်..နော်..၊
သမီးရဲ့မေမေ ဖုန်းဆက်တိုင်း သမီးတို့အတွက် အန်တီ ကတိတွေ
ပေးနေခဲ့တာ၊ မုသားတွေ ဖြစ်ကုန်အောင် မလုပ်ပါနဲ့ကွယ်၊ အန်တီတို့ကို
သနားပါနော်၊ သမီး ဒီက သွားဖို့မဟုတ်ဘဲ ဘာဖြစ်ဖြစ် လိုချင်တာ အကုန်
ပြောပါ။ ဖြစ်ချင်တာအားလုံး ဖြစ်ရပါစေ့မယ်၊ အန်တီတို့နဲ့ မြေးလေးကို
ခွဲလိုက်ပါနဲ့.."

ဒေါ်သက်လျှာ ၏ မျက်ရည်တွေကိုမြင်တော့ တစ်ဖက်သက်
တောင်းဆိုရက်လေခြင်းလို့ တွေးမိသေးသည်။

ဒါပေမယ့် တကယ်တမ်းကျတော့ သမီးလေး တွယ်တာနေတာ
ကိုလည်း မခွဲရက်ပါ။ အတူနေတာများသည့် ဒီက အဘိုးအဘွားတွေကို
အမေ့ထက် သမီးလေးက ပိုပြီး ခင်တွယ်သည်။

ချစ်ခင်ယုယမည့်သူတွေ ဝိုင်းနေသည့်လက်ထဲကနေ ဘယ်လို
ခွဲထုတ်သွားမလဲ၊ ဒဏ်ရာနှင့်မို့ ဘယ်မှလည်း မထွက်ဖြစ်ဘဲ နှစ်ရက်
သုံးလုံး အခန်းအောင်းနေမိ၏။

သူမ ဒဏ်ရာ ဒီလောက်မဟုတ်လှပေမယ့် ဦးဘုန်းသာ ည်း
အလုပ်မသွားတော့တဲ့ အိမ်မှာပဲ နေသည်။ ဒေါ်သက်လျှာ ဆို ရမက်
ရှာန်နာကိုပဲ ကြည့်နေခဲ့တာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ပျာယာခတ်နေကြတော့ ရင်ထဲမှာ ကျန်ရှိနေဆဲ တင်းကျပ်မှုတွေကို ကိုယ့်ဟာကိုယ်ပဲ ဖြေနိုင်အောင် ဖြေရသည်။

ဒါပေမယ့် ည ဆယ်နာရီလောက်မှာ ဘုန်းမီးနေ ရှိနေတတ်သည့် နေရာတွေကို သွားရှာမိသည်။

ဟိုနေ့က ပြဿနာကို ဘယ်လို အဆုံးသတ်ပစ်ခဲ့သလဲဆိုတာ သိချင်နေ၏။ နေရာတွေ စုံနေခဲ့ပြီး အောက်ထပ်အလယ် စာကြည့်ခန်းထဲမှာ သူ့ကို တွေ့လိုက်၏။

စာဖတ်နေတာမဟုတ်ဘဲ စာအုပ်စင်ရှေ့မှာရပ်၍ စာအုပ်တစ်အုပ်ကို ဟိုလှန်ဒီလှန်နဲ့ ဘာရှာနေမှန်း မသိ..၊

အခန်းတံခါးဟ,နေသည့်ရှေ့မှာ ရပ်နေပြီးကာမှ တံခါးကို တွန်းဖွင့်လိုက်တော့ စာအုပ်ကြားထဲက လျှောခနဲ ထွက်ကျသွားသည့် အစိမ်းရောင်ကဒ်လေးတစ်ခုကို ဘုန်းမီးနေ ငုံ့ကောက်လိုက်တာနှင့် တိုက်ဆိုင်သွား၏။

ကဒ်ကိုကောက်ရင်း ခြေထောက်အစုံကို သတိထားမိကာ ဆတ်ခနဲ မော့ကြည့်သည်။ ရမက် ကို မြင်လိုက်တော့ အံ့ဩရိပ် ထင်သွားသည့်မျက်နှာနှင့် မတ်မတ်ပြန်ရပ်၍...

"ဘာလဲ.."

"မေးစရာရှိလို့"

"မေးခွန်းတွေ ဖြေတာ ငါ ဝါသနာမပါဘူး။ မမေးနဲ့"

"မမေးလို့ မရဘူး"

ညဝတ်အင်္ကျီပွပွပေါ်မှာ ဆွယ်တာလက်ရှည်လေး ထပ်ဝတ်ထားကာ ဆံပင်တွေအားလုံး ဖြန့်ချထားလျက် ပတ်တီးဖြူဖြူလေးက ဝတ်တီးစည်းထားတာနဲ့ မတူ..၊

ရမက် က ကပိုကရိုပုံလေးနဲ့အတိုင်း သူ့ရှေ့ကို ဆက်လျှောက်သွားကာ...





"ဂျမ်း ဆိုတာ ဘယ်သူလဲ .. သူ့သေတဲ့ကိစ္စ ငါ သိချင်တယ်"

ဘုန်းမီးနေ က မဖြေဘဲ နောက်ထပ် စာအုပ်တစ်အုပ် ထပ်ဆွဲထုတ်ကာ လှန်လှော်နေ၏။

"ဂျာနယ်ထဲမှာ နာမည်တစ်ခုရဲ့နောက်က ကွင်းစကွင်းပိတ်နဲ့ 'ဂျမ်း' ဆိုတဲ့နာမည်ကို ငါ မှတ်မိနေတယ်၊ အဲဒီသတင်းကို ဖတ်ရတုန်းတည်းက ငါ့စိတ်ထဲမှာ ထင့်နေတာ၊ လက်စသတ်တော့ ဒီကိစ္စတွေကို ခွေနောက်ပြီး ကားတိုက်မှုလို့ ထင်ချန်ခဲ့တဲ့သတင်းက နင့်လက်ချက်ဆိုး .."

"အဲဒီတော့ ဘာဖြစ်သလဲ.."

ဘုန်းမီးနေ က စာအုပ်ကို စားပွဲပေါ် လှမ်းပစ်ချကာ သူမရှေ့မှာ လာထောက်ရပ်၏။

"ဟိုကောင် ဒါပဲ ပြောလိုက်တာလား၊ ဘာကြောင့် ဖြစ်ရတယ်ဆိုတာ မပါဘူးလား"

"ဘာကြောင့်ဖြစ်ဖြစ် နင်တို့ရဲ့ အသွားအပြန်တွေမှာ မြေစာပင်လို ဖြစ်သွားခဲ့ရတာ ငါတို့မိသားစုလေ၊ နင်တို့ မပြီးဆုံးသရွေ့ ငါတို့က ပေးဆပ်နေရမှာလား၊ အခု ငါနဲ့ ငါ့သမီးလေး အလှည့်..."

"ပူမနေနဲ့ .. မင်းတို့ ဘာမှမဖြစ်စေရဘူး"

"နင်က ဘာမို့လို့ ဒီစကား ပြောနေတာလဲ၊ ဖြစ်သွားပြီ.. သေကုန်ကြဆိုမှ အက်ရှင်ကားထဲကလို တစ်ယောက်မကျန် လိုက်သတ်မှာလား၊ ဒါဆိုတော့ ငါ့သမီးလေး ကိုယ်ကျိုးနည်းတဲ့အထိ စောင့်ကြည့်မနေနိုင်ဘူး အခု အောင်မိုးခြိမ့် ကို နင် ဘာလုပ်ခဲ့သလဲ"

ဘုန်းမီးနေ ၏ သရော်သလိုအကြည့်က အသည်းယားစွယ်..၊

"စိုးရိမ်နေတာလား၊ အကြောင်းတွေ ပြနေတာလား"



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



"စိုးရိမ်တာ..၊ နင် တစ်ယောက်ကိုလုပ်ရင် ဟိုကလည်း တစ်ယောက် ပြန်လုပ်မှာပဲ၊ အဲဒီနောက်တစ်ယောက်က ငါတို့သားအမိပဲလေ"

"ဘာမှမဖြစ်ဘူး ပြီးပြီ၊ မပြီးရင်လည်း မင်း အေးအေးနေ၊ ဘုန်းမြတ်ဖြူ က ငါတူမ၊ သူ့ရဲ့ကိုယ်မှာ ခြင်ကိုက်ရာတောင် မထင်စေရဘူး မင်းကတော့ ဟိုနေ့ကလို အနေအထိုင်မတတ်တာတွေ လုပ်ခဲ့ရင် ကိုယ့်ထိုက်နဲ့ကိုယ်ကံ"

"နင် လိုက်လာမှာပဲဆိုပြီးတော့များ သွားတယ် မှတ်နေသလား"

"ဘယ်သိမလဲ.."

မျက်နှာက မချိုမချဉ်နှင့် မဲ့လိုက်သေးသည်။ မီးရောင်အောက်မှာ ခပ်နွဲ့နွဲ့ရပ်နေပြီး ပါးရိုးနဲ့ မေးဖျားလောက်သာ မြင်ရသောမျက်နှာ တစောင်းက အမှတ်တမဲ့ကြည့်လျှင် ကို့ပုံစံအတိုင်းပဲ ဖြစ်၏။

မျက်နှာနဲ့ စိတ်ဓာတ်တွေ ဒီလောက် ကွာခြားနေပါလျက်နှင့် ဘာ ဆင်တူနေမှန်း မသိ၊ ရမက် ထိုမျက်နှာကို ကုတ်ဖဲ့ပစ်ချင်စိတ်တွေနဲ့စိုက် ကြည့်မိရင်း...

"နင် အဲဒီလို နောက် ဘယ်တော့မှ မလိုက်နဲ့၊ ငါ တတ်နိုင်တယ် ထင်လို့ ကိုယ့်ဟာကိုယ် ရှင်းနေရင် မနိုင်လို့ သေသွားသွား..."

"ဟား!... တော်ကီတွေ ရင့်လှချေလား"

သူ့မျက်နှာ တည့်တည့်လှည့်လာပြီး...

"ခင်ဗျား သေသွားမှာ စိုးရိမ်လွန်းလို့ မဟုတ်ဘူးနော်၊ မဟုတ် တမ်းတရားတွေနဲ့ အရသာခံ ပြောမနေနဲ့၊ အဲဒီ အတွဲအလှည့်တွေက ငါနဲ့ တိုက်ရိုက်သက်ဆိုင်နေတာမို့လို့ ငါကိစ္စ ငါလိုက်ရှင်းတာ၊ မင်းကို ဖြ သယ်လာတာက နောက်မှာ ငိုရမယ့်မျက်နှာတွေကြောင့်..."

"ငိုရမယ့်မျက်နှာတွေကိုတော့ နင် သိသားပဲ၊ ဒါဆို အောင်မိုးခြိမ် ကို ဘာလုပ်ခဲ့သလဲ"





"သိပ်သိချင်ရင် သူ့လိပ်စာ သိတယ်မို့လား၊ သွားကြည့်လိုက်"

ပြောပုံက ဘုဆတ်ဆတ် မာကျောကျော..၊

"အဲဒီအိမ်မှာ နာရေးဖြစ်နေတာ တွေ့ရင် သွားပြီ၊ မတွေ့သေးဘူး ဆိုရင် မသေသေးဘူး၊ ဒါပဲ.."

ပစ်ချထားသည့်စာအုပ်ကို ပြန်ကောက်ပြီး သူ ထွက်သွား၏။ ရမက် တစ်ယောက်တည်း ကျန်ခဲ့ရင်း အောင်မိုးခြိမ် မျက်နှာကို မြင်ယောင် နေ၏။ ပြီးတော့...

"ကျုပ်က ခင်ဗျားနဲ့တွေ့မှ အစွယ်ကျိုးခဲ့ရတာ ဒေါ်ရမက်ဖြူ၊ အစတုန်းက ခင်ဗျား ပြောနေတာထက် အများကြီး ဆိုးတဲ့ကောင်မျိုး ပဲ"တဲ့..၊

သူ ပြောသွားတာတွေ..၊'

အကယ်၍ သူ မသေခဲ့ရင်တောင် ဘုန်းမီးနေ က ညှာညှာတာ တာ လုပ်ခဲ့မှာ မဟုတ်တာ သေချာသည်။ ပြီးတော့ ကိုယ်က ဓားနဲ့ ထိုးခဲ့သေးသည်။ ဒါကို ကျေနပ်ပါ့မလား..၊

သေသွားပြီဆိုရင်ကော သူ့ဘက်က နောက်ထပ် ကလဲ့စားချေလို သူတွေ ထပ်ရှိလာဦးမလား၊ ကိုယ့်ရဲ့ သွားလာရေးတွေ၊ သမီးလေးရဲ့ ရှေ့ရေးတွေအတွက် ရင်ထဲမှာ ပူလောင်နေ၏။

တကယ်ပဲ သူ့အိမ်ကို သွားကြည့်ရတော့မလို ဖြစ်နေပြီးမှ တစ်စုံ တစ်ခုကို သတိရလိုက်ပြီး ရမက် ဘုန်းမီးနေ ကို ထပ်ရှာမိပြန်သည်။

နောက်ထပ် တွေ့တော့ ရေအိမ်က ထွက်လာတာနှင့် မျက်နှာ ချင်းဆိုင်မိကာ...

"ငါကား အိမ်ပြန်ရောက်နေတာ နင် မောင်းလာတာလား"

ရမက် ဘာကို သိချင်နေမှန်းသိကာ ဘုန်းမီးနေ က စိတ်မရှည် သည့်အကြည့်နှင့်...



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ သူဟာသူ ပြန်လာတာ.."

"ဘာ!..."

ရှောင်တဲ့သူက ရှောင်၏။ ရမက် က ရှေ့ကနေ လိုက်ပိတ်ကာ..

"ဘုန်းမီးနေ .. သူ သေသွားသလား၊ မသေဘူးလား ငါ သိချင်တယ်၊ နင် ခုပြော.."

"ဘာကို ဖြေရမှာလဲ၊ သူ အသက်ထွက်မထွက် ထိုင်ကြည့်နေပြီး ပြန်လာတာ မဟုတ်ဘူး၊ သေလောက်တဲ့ဒဏ်ရာ ရရင် သေမယ်၊ မသေ ရင် မသေဘူးလို့ မှတ်.."

ဒီတစ်ခါ သူ ထွက်သွားတာကို ရမက် မတားခဲ့ပါ..၊

သူလက်နဲ့တော့ ဘာမှ မလွန်ကျူးခဲ့လောက်ဘူးလို့ ကိုယ့်ဖာသာ အဖြေထုတ်ရင်း နေရာမှာပဲ ရပ်နေခဲ့မိသည်။

မနက်ဖြန်တွေအတွက် သူမ ရင်မောတတ်ခဲ့ပြီ..၊





## အခန်း [၂၄]

"ဆိုင်ထဲကို ဝင်လာတာ ကြည့်လိုက်၊ မယ်ပန်းချီရှုံးလောက်တဲ့ ယ်လုံး"

"မင်းကလည်း ဂန္ဓဝင်စာသားကြီးတွေကွာ၊ လန်းနေသလား.. င်းနေသလား .. ဒါပဲ ပြော.."

"မငြိမ်းဘူးကွ၊ လန်းလို့လည်း မရဘူး၊ သူက ကလေးအမေ.."

နေကာ တို့ကို စောင့်နေရင်း တစ်ယောက်တည်း ထိုင်နေတုန်း ာက်ဝိုင်းက အသံတွေက နှောင့်ယှက်လာ၏။

"မင်း ဒါပဲသိလား၊ သူ့အကြောင်း .."

"သိတာပေါ့ .. နာမည်က 'ရမက်ဖြူ'၊ အရပ်အမြင့် ငါးပေခုနစ်၊ ှန်တာတွေက ဖိုးဖိုးဆစ်(ဇ်)ပဲ၊ အဝတ်စားရောင်ဆို အဖြူစွတ်စွတ် ုတ်ရင် လုံးဝ အရောင်ရင့်တာပဲ ဝတ်တယ်"

"ဟား!... တကယ့် အတိအကျပါလား၊ ဘယ်လိုတွေ ငြိသွား လဲ"

"မငြိပါဘူး၊ သူက ရယ်ဒီမိတ်တွေ မဝတ်ဘူးလေ၊ ငါ့အမေရဲ့ ်ရှင်ရှော့က သူ့ရဲ့လက်စွဲ၊ ဒါကြောင့် သူ့ရဲ့ဘော်ဒီဖစ်ကို သိနေတာ"

www.burmeseclassic.com



"ဒါကြောင့်လား၊ ဟား .. ဟဲ.. ဟား အထင်ကြီးတော့မလို့"

"မင်းက ရင်ခုန်နေတာလား"

"ဟုတ်တယ် .. ဒါပေမယ့် ရင်ခုန်ခွင့်လေးပါပဲ"

"သနားစရာပဲ၊ ဟား .. ဟား .."

ပုလင်းသံ၊ ခွက်သံတွေနှင့် ရယ်သံတွေက နားထဲမှာ အကြီးအကျယ် နှောင့်ယှက်နေသည်။ ပတ်ဝန်းကျင်ကို ငဲ့ကြည့်လိုက်တော့ ရမက်ဖြူ က ရွှန်းတောက်နေသော နက်ပြာရောင်ဝတ်စုံနှင့် လည်ပင်းအဟိုက်ပေါ်မှာ အဖြူအပြာတွေ ရောထားသည့် လည်ကပ်ကြိုးတစ်ကုံးကို ဆွဲထား၏။ ပြီးတော့ ခုံမြင့်ဖိနပ်ကလည်း အဖြူရောသည့် နက်ပြာရောင်မို့ တစ်ကိုယ်လုံးက ဆွဲဆောင်မှုအပြည့်နှင့် လင်းနေ၏။

စားပွဲတစ်လုံးမှာ တစ်ယောက်တည်း ထိုင်နေကာ စာအုပ်လေးတစ်အုပ်ကို ဖွင့်ထားလျက် Calculator နှင့် ဘာတွေ ပေါင်းနုတ်ဖြည့်စွက်နေသည် မသိ..၊ သူမကို ပတ်ဝန်းကျင် ဘယ်လောက် ဂရုစိုက်နေသလဲဆိုတာကို ဂရုမစိုက်တာလား .. မသိတာလား..၊

ဆလင်းဘက်ခ်ကို ခြေချင်းချိတ်ထားသည့် ရင်ခွင်ထဲမှာထားကာ ရုံးခန်းထဲမှာ တစ်ယောက်တည်းရှိနေသလို အလုပ်ကိုပဲ အာရုံစိုက်နေ၏။

"မီးနေ .. ဟိုမှာ ရမက်ဖြူ မို့လား"

သူ ဒီဘက်ပြန်လှည့်လိုက်သည်နှင့် ဟဲရီး နဲ့ နေကာ တို့ ရောက်လာကြကာ မိတ်ဆက်စကားက ရမက်ဖြူ အကြောင်း..၊

"မင်းတို့ ဘယ်သူ အရင်လာတာလဲ၊ မင်းရှိမှန်း သူ သိလား"

"သူ့ခေါင်းကဒဏ်ရာ သက်သာသွားလို့လား၊ ဒီက မြင်ရတာတော့ ဘာဒဏ်ရာမှ မရှိတော့သလိုပဲ"

"ငါက ဘယ်သူ မေးတာကို ဖြေရမှာလဲ"

"ငါ မေးတာ ဖြေ .."





"ငါက အရင်မေးတာ .."

ဘုန်းမီးနေ က ဝိုင်တစ်ခွက် ထည့်နေရင်း ခပ်ချဉ်ချဉ် နှုတ်ခမ်းနှင့် ဘယ်သူမေးတာကိုမှ မဖြေ..၊

သူတို့ကလည်း ထိုအကြောင်းအရာတို့ကို ထားခဲ့လိုက်ကာ..

"တစ်ဆိုင်လုံး မျက်လုံးတွေက သူ့ဆီမှာပဲလို့ မင်း မထင်ဘူးလား"

ဟဲရီး က စားပွဲအသီးသီးကို မျက်လုံးဝေ့ကာ..

"ဟိုဝိုင်းကဘဲတွေ သူ့အကြောင်းပြောနေကြတာကွ၊ လုံးဝ သိသာတယ်"

နောက်မှရောက်လာကြပြီး စောစောက စကားတွေကို မကြားလိုက်တဲ့နှင့် နေကာ က ခန့်မှန်းခြေတွေ လုပ်နေသည်။

"ယောကျ်ားတွေကလည်း ခက်ပါတယ်၊ ပျိုမှန်း မသိ၊ အိုမှန်း မသိ"

"မင်းလည်း ယောကျ်ားပဲ"

ဘုန်းမီးနေ က တည့်တည့်ရှိတော့ နေကာ က ပခုံးတွန့်ကာ..

"နီးပါ .. အဲဒီလို လှတာမြင်တိုင်း ဟိုဟာကြီး အောက်သွားမရှိနေတာမျိုး လုံးဝ ကင်းတယ်"

ယောကျ်ားလေးတွေထဲမှာမှ အချစ်နဲ့အကင်းနိုင်ဆုံးသော သူတို့ယောက်ပါ။ ဒါ တကူးတက ကြိုးစားထိန်းချုပ်နေရတာ မဟုတ်ဘဲ နှလုံးသံကိုက အလိုအလျောက် စိမ်းသက်ခဲ့တာ ဖြစ်သည်။

ဟဲရီးက ရမက် ထိုင်နေသည့်ဘက်ကို မျက်နှာမူပြီး နေရာယူထားသို့ သူပဲ လှမ်းကြည့်ကာ..

"ပျိုမှန်းအိုမှန်း မသိနိုင်အောင် နဂိုနေ မယွင်းတဲ့အတိုင်း လှနေတာတော့ သေချာတယ်ကွ၊ အောင်မိုးခြိမ့် မီးနေ လိုကောင်နဲ့ ငြိပြီး ဂရုမစိုက်နိုင်အောင် ဖြစ်သွားတာ ကြည့်ပါလား၊ ငါတို့ အတွေ့အကြုံပြီ၊ ဒီကောင် ရမက်ဖြူ ကို ကိုမြတ်ထွဋ် ရဲ့ဇနီးမှန်း နောက်မှ



www.burmeseclassic.com

www.burmeseclassic.com



သိတာ၊ သိတော့လည်း နောက်မဆုတ်နိုင်တော့ဘူးလေ”

ဘုန်းမီးနေ ဝိုင်ခွက်ကို နှုတ်ခမ်းမှာ တော့လိုက်စဉ် ဖော့ဘူးလေး ပါဆယ်ထုပ်တစ်ထုပ်ဆွဲကာ ရမက် ကားပေါ် ပြန်တက်သွားတာ မြင်လိုက်ရသည်။

ရယ်ဒီမိတ် မဝတ်တတ်ဘူးဆိုတာ ကိုယ်တိုင် ချုပ်ချုပ်ယပ်ယ ချုပ်ပြီး ဒီကိုယ်လုံးပေါ် အောင် ဇာမင် ဖန်တီးတာလို့ တွေးလိုက်မိ ကြိုက်တော့လည်း ထင်းနေတဲ့အရောင်တွေမှ ချုပ်ဝတ်တဲ့ ဒီဇိုင်းအ မျိုးက ဒီဇိုင်နာကောင်းတစ်ယောက်က စိတ်ကြိုက်၊ ဆင်ယင် ခြယ် ထားတာနှင့် တူ၏။

ကလေးအမေဖြစ်ပြီး အလှအပတွေကို ဘာဖြစ်လို့ ဒီလောက် အချိန်ကုန် အပင်ပန်းခံပြီး ထုဆစ် ပုံဖော်နေရတာလဲ..၊

ယောက်ျားတွေ အာသာငမ်းငမ်း ဝိုင်းကြည့်ကြတာကို လိုချင်တာ လား၊ ထွက်သွားသည့်ကားကိုကြည့်ပြီး ဖန်ခွက်ကို မသောက်ဖြစ် ခေါက်ခနဲ ပြန်ချမိသည်။

သူမျက်နှာပေးက အပူပိုင်းခြောက်သွေ့ရာသီဦးကို မြင်လိုက် သဖြင့် သူတို့ ထိုအကြောင်းအရာကိုလည်း ထားခဲ့ရပြန်၏..

“အောင်မိုးခြိမ့် ဆေးရုံမှာ အတွင်းလူနာအဖြစ် ကြာဦးမယ် မင်း ဘာလုပ်ချင်လဲ”

“နေပါစေ..”

ဒါပဲပြောကာ ဖန်ခွက်ကို ပြန်ကိုင်မိပြန်သည်။ ဟဲရီး က ခေါ ညိတ်ရင်း အခေါက်ကင်တစ်ဖတ် နှိုက်စား၍..

“ဟုတ်တယ် .. ဒီကောင်က ငါတို့နဲ့ တစ်ခါမှ ထိပ်တိုက် မဆုံ သေးတဲ့ကောင်၊ အဲဒါ သေချာတယ်၊ ကြည့်ရတာ ခပ်ပျော့ပျော့ကောင် လို့ သူ့ကို ပယ်စာရင်းထဲ ထည့်လိုက်တာ ဖြစ်မယ်”





“ဒါပေမယ့် ဒီလိုကောင်မျိုးက မိန်းမလို မိန်းမရ ကြံတတ်တယ်”

“ကြံပေါ့ .. ကြံရင် ပြန်လှန်ပြီး အမြစ်ပါ ဖြုတ်လိုက်ရုံပဲ”

သူတို့ ပြောနေကြတာကို ကြားပေမယ့် ဘုန်းမီးနေ ဒေါသမစင် ထော ရမက် ကိုပဲ ဖြစ်၏။ အသွားအလာ ဆင်ခြင်ရမှာက မိန်းကလေး ယောက်ရဲ့အပိုင်း မဟုတ်ဘူးလား၊ သူ ဘယ်လိုနည်းလမ်းတွေနဲ့ပဲ ခေါ်နေနေ ဒီလူ ဘယ်လိုလူစားလဲဆိုတာ သိနေပြီးမှ သွားသင့် သွားသင့် စဉ်းစားပါလား..၊

ခဲတံချွန်တဲ့ဓားလောက်ကို ယူသွားပြီး ကိုယ် သတ်ရမယ့်သတ္တဝါ ယ်လိုသတ္တဝါလဲဆိုတာ မစဉ်းစား..၊

“မွေးနေ့ရှင်ကလည်း ဘယ်အချိန်ကျမှ လာမှာလဲ မသိဘူး၊ ဒီမှာ ့ဟာကိုယ် မှာစားနေရတာ စားပွဲတစ်လုံး ပြည့်နေပြီ”

နေကာ က ဘုန်းမီးနေ မှာထားတာတွေကို စားရင်း လူစီ ကို ထိရသွားပုံနှင့် ရှုံ့မဲ့တဲ့ရဲ့သည်။

သူတို့တွေ စားသောက်ဆိုင်မှာ ဆုံပြီဆို ဘီယာ သို့မဟုတ် ဝိုင် သက်တော့ စားသောက်ရင်း အာစွတ်၊ လျှာစွတ် သောက်ဖြစ်ကြ၏။ ယ်တွေပီပီ ‘ယောက်ျားပဲ’ ဆိုသည့် တလွဲမာနလေးတွေတော့ ရှိနေ ာမို့ ‘သောက်ပြီး မမူးရ’ တားမြစ်ချက်လေးထားပြီး မူးတဲ့အထိ ်တော့မှ မသောက်..၊

“ကဲ .. မွေးနေ့ရှင်ကို ငါတို့ပဲ ပြန်ကျွေးမယ်၊ မှာကွာ ..”

ဟဲရီး က သူကြိုက်တာ မပါသေးတော့ ထပ်မှာသည်။ နေကာ စာအုပ်လှန်နေရင်း..

“မီးနေ .. ငါတို့ကို မဖိတ်စဖူး အိမ်လာခဲ့ဖို့ ဖိတ်တာ ဘာဖြစ်လို့လဲ၊ အပြင်ထွက်ချင်စိတ် မရှိလောက်အောင် အိမ်မှာ ဘာတွေဖြစ်နေ လဲ”



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ပါဘူး၊ ဖေဖေ သိပ်နေမကောင်းတော့ ခါတိုင်းလို ဘာ... ကွိစတွေ ပြောမိမှာစိုးလို့ ငါကိုယ်တိုင် ဆင်ခြင်နေတာ"

နောက်တစ်ခုက 'ဘယ်လိုလူတွေနဲ့ ပေါင်းနေမှန်း ငါတို့ မ... ဘူး'လို့ ပြောခဲ့သည့်စကားကြောင့်ဆိုတာ သူ မပြောဖြစ်လိုက်..၊

သူတို့ အုပ်စုဖွဲ့ပြီး မှောင်ခိုတွေ လုပ်နေကြတာလည်း မဟု... လူစီ တို့ သုံးယောက်ကလည်း ဂျူလေဘီတွေ မဟုတ်ပေ..၊

ထင်တိုင်းကြဲချင်တဲ့စရိုက်တူတွေ စုဝေးမိကြသော်လည်း သူ... အားလုံးမှာ မိဘနဲ့ စည်းစိမ် ခြွေရံတွေနဲ့..၊

ထို့ကြောင့် မိဘနဲ့ ပေးမတွေ့ရဲစရာ အကြောင်းမရှိဘူးလို့ သ... မှတ်၍ အိမ်လာဖို့ ခေါ် လိုက်ခြင်းဖြစ်သည်။

"မင်းနဲ့တောင် သိပ်အဆင်မပြေတာ မင်းအိမ်က ငါတို့ကို ကြ... ပ့်ါမလား"

"မလာရဲလို့လား"

"မဟုတ်ဘူး၊ မင်း စိတ်ညစ်မှာစိုးလို့ပါ၊ အန်ကယ်လ်လည်း ... မကောင်းဘူးဆို.."

"ရတယ်"

ဒီတစ်ပတ်ထဲမှာ တစ်ရက်တော့ အိမ်မှာ တစ်နေကုန် စုဝေး အ... ဖြုန်းဖို့ ဆုံးဖြတ်ပြီးသားမို့...

"လာမယ် ဖရိုက်ဒေးနော်"





## အခန်း [၂၅]

လူစီ က မာစီးဒီနဲ့လာကာ နေကာ က ဟဲရီး နဲ့အတူတူ ဆပ်ဖ်... အနက်ရောင်လေးနဲ့ ဖြစ်သည်။

သူတို့ ရောက်လာတော့ ဖေဖေ ညှိခန်းမှာ သတင်းစာဖတ်လျက်... မေမေက ဖေဖေ့အတွက် နို့နဲ့ ဆေးတစ်ခွက်စာကို ဗန်းကလေး... တင်၍ ကိုယ်တိုင် ယူထွက်လာတာနှင့် ဆုံမိကြသည်။

ဖေဖေ့ မျက်နှာက မတည်မပြုံးနှင့် တစ်ယောက်စီနဲ့ မိတ်ဆက်... တာကို ခေါင်းညိတ်ရုံပဲရှိကာ မေမေကတော့ ဖော်ရွေပျူငှာပါ၏။

"သားငယ်ရဲ့သူငယ်ချင်းတွေကို အန်တီက ခုမှ သေချာမြင်ဖူး... လွတ်လွတ်လပ်လပ် နေကြနော် သားတို့.. တစ်ခါတလေ လာတာ... တော့ ညစာပါ စားပြီးမှ ပြန်ကြ အန်တီ အားလုံး စီစဉ်လိုက်မယ်"

"ဟုတ်ကဲ့ပါ အန်တီ"

ပုံစံလေးတွေက ခပ်ချောချော ရည်မွန်ပုံလေးတွေပါ..၊ ဒါပေမယ့်... ...ခန်းမှာ မာနတွေနဲ့ အရောင်လက်နေတာ သားငယ်အတိုင်းပါပဲ။ ...ခန်းထဲဝင်၍ စားသောက်စရာတွေ စီစဉ်ညွှန်ကြားနေရင်း ရင်ထဲ... ...



www.burmeseclassic.com

www.burmeseclassic.com



အလိုလိုကာမှ သားအဖ စကားပြောကြတာ အဆင်ပြေ မဟုတ်၊ တော်ကြာ ကလေးတွေကို အစ်ကို တစ်ခုခု မဖွယ်မရာ လိုက်မိလျှင် ခက်မည်၊ ဒေါ်သက်လျာ မိညိုကို မှာတာတွေလည်း ရောက်ဒီရောက်နှင့် တော်တော်နဲ့ကို မပြီးနိုင်တော့ပေ..၊

ထို့ပြင် လူငယ်တွေ ဘယ်မှာရှိနေသလဲ၊ ဖအေက ဘယ်မှာ ခဏခဏ လိုက်ကြည့်ရလွန်းလို့ ဖင်ပူအောင်လည်း မထိုင်နိုင်..၊

မြေးလေးကို သွားကြည့်တော့ သူ့ဆရာမနဲ့ စာသင်နေတာ မောမပျက်မို့ တော်သေးသည်။

တကယ်တော့ ဒေါ်သက်လျာ လာချောင်းကြည့်ပြီး ပြန် သွားတာကို မြတ်ဖြူ မှန်ထဲကနေ မြင်လိုက်၏။

ဒီအခန်းထဲကနေ အပြင်ကို မထွက်စေချင်ဘူးဆိုလျှင် ဒီလို ရောက်လာပြီး တီချယ့်ကို တိုးတိုးကပ်ပြောသွားတတ်တာတွေ မြတ် သတိထားမိနေခဲ့သည်။

ထို့ကြောင့် ဘွားဘွား ပြန်လှည့်သွားကတည်းက ဒီထဲက မထွက်စေချင်သည့်အဖြစ်ဆီမှာပဲ စိတ်က ပျံ့လွင့်နေ၏။

"တီချယ် မီးမီး ရေသောက်ချင်တယ်"

"သောက်လေ.."

"ရေဘူးထဲမှာ ရေကုန်နေပြီ"

တီချယ်က သူမအတွက် မေးခွန်းလေးတွေ ရွေးထုတ်ပြီး နေတာမို့ ရေဘူးကို လှမ်းကြည့်၍..

"ခဏလေးနော် .. တီချယ် သွားယူပေးမယ်"

"မီးမီးပဲ သွားယူလိုက်မယ်၊ မီးမီး ရှူးရှူးပေါက်ချင်လို့"

"ဒါဆိုသွားလေ၊ ပြီးရင် ဘွားဘွားကြီးရင်ခွင်ထဲ ဝင်တိုးမနေနဲ့ ချက်ချင်း ပြန်လာ၊ ဒီမှာ မေးခွန်းတွေ ဖြေရမယ်"





"ဟုတ်.."

မြတ်ဖြူ ဆံပင်လေးတွေ ခါသွားအောင် ခေါင်းညိတ်ကာ နေရာမှ ထလိုက်၏။

"မီးမီး ရေသောက်ပြီးရင် ရေဘူး ဒီကို ယူခဲ့နော်၊ နောက်တစ်ခါ ဆာနေရင် သွားယူနေရဦးမယ်"

"ဟုတ်.."

မြတ်ဖြူ ဝမ်းသာအားရ လစ်ထွက်လာခဲ့သည်။ အိမ်ကြီးက ကြီး ကျယ် အခန်းတွေများကာ အလယ်လှေကားကြီးတစ်ခု ဆင်ထားပြီး လမ်းကလေးတွေလည်း ရှိနေသေး၏။

မြတ်ဖြူ ဟိုပြေးဒီပြေး ဖြစ်နေပြီးမှ သတိရလို့ ကြည့်လိုက်တော့ ရှေ့မှာ ကားကြီးတွေနှင့် ဖိနပ်ချွတ်မှာ ဦး စီးတဲ့ဖိနပ်မျိုးတွေ၊ ပြီး တော့...

"လူငယ်တွေပဲ အစ်ကိုရယ်၊ နေကြပါစေ .. သားငယ် အပြင် ထွက်တဲ့ သူတို့ ဒီကိုလာကြတာ ပိုမကောင်းဘူးလား"

"မင့်သား ငါ့ကို တမင်ခေါ်ပြီး မိတ်ဆက်ပေးတာ၊ သိန်းထောင် ချီတန်တဲ့ကားတွေ စီးနိုင်တဲ့သူတွေဆိုပြီးတော့..."

"အစ်ကိုကလည်းနော်.."

"ဟုတ်တယ် .. ပုံစံလေးတွေကိုက ခပ်ရိုင်းရိုင်း ဂျစ်ကန့်ကန့်တွေ"

"အစ်ကို့သားလိုပဲ နေမှာပေါ့၊ ခုတ်တူနံ့တူတွေမို့ ပေါင်းလို့ရကြ တာ"

"သူတို့ အခု ဘယ်မှာလဲ"

"သားငယ် အိပ်ခန်းထဲမှာ.."

မြတ်ဖြူ ခြေထောက်လေးတွေ ဦး ရဲ့အိပ်ခန်းဆီ ပြေးခဲ့မိပြန်သည်။ ဒီမှာ မေမေ မရှိတဲ့အချိန်ဆို ဦးက မေးလျှင် ပြန်ဖြေသည်။ အနားမှာ



www.burmeseclassic.com

www.burmeseclassic.com



သွားထိုင်နေလည်း စကားသိပ်မပြောဘဲ နေချင်နေမည်။ အော်ဝေ မလွှတ်..။

မေမေကလည်း ဦး အိမ်မှာမရှိလျှင် ဦးအကြောင်း မေးလျှ ပြောသည်။ ဦးနဲ့ မြတ်ဖြူ စကားပြောဖြစ်တဲ့အကြောင်းတွေ ပြန်ပြော တာလည်း မဆုပေ..။

နှစ်ယောက်စလုံး လူစုံတက်စုံရှိနေချိန်ဆို မြတ်ဖြူ ဦး ရှိတ တဲ့နေရာတွေကို လိုက်ချောင်းကြည့်နေကျ..။

ခုလည်း တီချယ် မသိအောင် အချိန်မီ ပြန်ပြေးရဦးမယ်မို့ ဦး ခဏပဲ ချောင်းကြည့်ရမှာ ဖြစ်သည်။

သူငယ်ချင်းတွေ ရောက်နေသည်ဆိုတော့ လူသစ်တွေကိုပါ ကြ ချင်စောနှင့် မြတ်ဖြူ ပြေးတာ ခလုတ်တိုက်လဲ၏။

"အား .. နာလိုက်တာ"

ကိုယ့်ဖာသာ မြန်ထ၍ အိပ်ခန်းနားကိုကပ်တော့ ခြေသံမကြ အောင် ဖွဖွလေး ကပ်သွားခဲ့သည်။ ဒါပေမယ့် တံခါးက နည်းနည် ဟနေတာမို့ အသံတွေပဲ ကြားနေရပြီး ဘာမှမမြင်ရ..။

"ကလေးကိုတော့ မင်း ကြင်နာသင့်တယ် မီးနေ၊ အခု ပြတ်ပြတ်တောက်တောက်နေတာက ပြဿနာမရှိသေးပေမယ့် အဖေ ဆုံးသွားပြီဆိုတာ သိတဲ့နေ့မှာ မင်းရဲ့ရက်စက်မှုတွေပါ သူ ခံ ရတော့မှာ၊ ခြေလွှတ်လက်လွှတ်ပြုတ်ကျသွားမယ့်အဖြစ်ထက်စာ တစ်ဖက်ကို ကိုင်ထားနိုင်သေးရင် တော်သေးတယ်မို့လား"

"ဟုတ်ပါတယ်ကွာ .. သူ့အမေကို မင်း ကြည့်မရတာ သဘာ ကျသေးတယ်၊ ကလေးက ကိုယ့်တူမအရင်း၊ ပြီးတော့ ဒီလောက် စရာကောင်းတဲ့ ကလေးလေးကို..."

နားမလည်သည့်စကားတွေ ပါလာတော့ ပြန်သွားရမှာကို မေ့





တ်ဖြူ အပြင်နံရံနားမှာပဲ လက်ကလေးနှစ်ဖက် စုံချရင်း တောင့် တောင့်လေး ရပ်နေမိ၏။

"မီးမီး.."

"ဟင်!..."

အဝတ်လျှော်သည့် စာဥ က မြတ်ဖြူ လက်မောင်းလေးကို ဆုပ် ိုင်လိုက်ပြီး အခန်းထဲကိုလည်း ကြည့်ကာ..

"ဘာလုပ်နေတာလဲ မြတ်ဖြူ လေးရယ် .. ဦး တွေ့ရင် ဆူဦးမယ်၊ ားရအောင်နော်"

မြတ်ဖြူ က လက်မောင်းလေးကို ရုန်းပစ်လိုက်ပြီး သူ့ဖာသာ ထွက်လာခဲ့သည်။ ရေဘူးလေးကိုင်၍ ဝင်လာတော့ တီချယ်က ကြည့်ပြီး ရေဘူးကို ကပျာကယာ ထယူသည်။

"ရေတွေအပြည့်နဲ့ ဘူးကို ပိုက်လာရသလား မီးလေး ရယ်၊ အကျႌ တွေ စိုကုန်ပြီ ကြည့်ဦး၊ ကျူရှင်ချိန်ပြီးတော့မှာ ဥစ္စာ၊ မီးမီး သောက်ဖို့ ည်းနည်းပဲ ယူခဲ့ရင် ရတာပဲ"

ရေစက်ငွေ့တွေ ထွက်အောင် အေးနေသည့် ရေဘူးကို ထားနေကျ ထိုင်း ငွေဖလားထဲမှာ အသာလေး ထည့်ထားလိုက်သည်။

ဒီဘက်ကို ပြန်လှည့်လိုက်တော့ မြတ်ဖြူ က ရပ်နေဆဲမို့..

"မီးမီး ထိုင်လေ .. ဘာလုပ်နေတာလဲ"

"တီချယ်.."

"ဟင်!... ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား"

တီချယ်က အနားရောက်လာကာ မြတ်ဖြူ ဘေးမှာ ငုံ၍ လက် လေးကို ဆုပ်ကိုင်သည်။

"ဆီးသွားပြီး ဘီးတွေဘာတွေများ အောင့်ကျန်ခဲ့လို့လား၊ ဗိုက်နာ လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

မြတ်ဖြူ ခေါင်းခါ၍ တီချယ့်မျက်နှာကို မော့ကြည့်ကာ...

"ဆုံးတယ်ဆိုတာ ဘာလဲဟင်"

"ဩော် .. ဆုံးတယ်ဆိုတာ အမျိုးမျိုး ရှိတာပေါ့ မီးမီးရဲ့..၊ ပစ္စည်းတွေ ပေါင်ပြီး ဆုံးတယ်၊ ကျပျောက်ရင်လည်း ဆုံးတာပဲ၊ ရေထဲကျသွားတာလည်း ဆုံးတာပဲ၊ မီးမီး နားလည်အောင် ပြောရရင် ဆုံးပြီဆိုရင် ပြန်မရနိုင်တော့ဘူးပေါ့"

ဆရာမဖြစ်တဲ့သူက ဆရာမပီပီ စိတ်ရှည်လက်ရှည် ရှင်းပြသည်။ မြတ်ဖြူ မျက်ဝန်းလေးတွေ ပို၍ ပြူးဝိုင်းလာတာကို သတိမထားမိဘဲ စားပွဲမှာထိုင်ဖြစ်အောင် လက်လေးကိုဆွဲသွားပြီး ထိုင်စေလျက်...

"မီးမီးက ဘယ်လိုဆုံးတာကို သိချင်တာလဲ"

"လူတွေကျတော့ ဆုံးသွားပြီဆို ဘာဖြစ်တာလဲဟင်"

"သေသွားတာကို ပြောတာပေါ့၊ မြန်မာစကားက ဝေါဟာရကြွယ်တယ်၊ အဲဒါတွေ နောက်ဆို မီးမီး အများကြီး သိလာမှာပါ။ ကဲ.. ဒါတွေဖြေရမယ်၊ စာအုပ်ကို ပြန်လှန်မကြည့်ရဘူးနော်၊ တီချယ် ရေအိမ် ခဏသွားဦးမယ်"

မြတ်ဖြူ တီချယ် ချပေးခဲ့တဲ့ စာရွက်လေးကို ငုံ့ကြည့်နေသည်။ ဒါပေမယ့် တုတ်တုတ်မှ မလှုပ်ဘဲ စာရွက်ပေါ်ကို ခုန်ဆင်းသွားကြသည့် မျက်ရည်နှစ်စက်က လက်ခနဲ ပေါက်ခနဲ..၊





**အခန်း [ ၂၆ ]**

"မီးမီး .. ဒါလေး ကြိုက်လား၊ မေမေ ဝယ်ပေးမယ်"

ပလာဇာကို ခေါ်သွားပြီး ကစားစရာတွေ ခေါ်ပြ၊ လက်ကောက်၊ ဆံကြိုးလေးတွေ လိုချင်မလားလို့ မေး..၊

ဘာတွေမြင်မြင် မြတ်ဖြူ က လိုက်လှဲမက်မောသွားတဲ့ပုံ ဖြစ်မလာခဲ့ပေ၊ ဒီရက်ပိုင်းမှာ သမီးလေး ငိုင်တိုင်တိုင်ဖြစ်နေတာကို တစ်အိမ်သားလုံး သတိထားမိကြသည်။

ဘာဖြစ်တာလဲဆိုတာ ဘယ်လိုမေးမေး မပြော၊ ခေါင်းလေးပဲ ခါနေကာ စားချိန်တန်လျှင် စားသည်။ ခါတိုင်းထက် တစ်ဝက်လောက်ပဲ ဖြစ်လျက် အိပ်ချိန်ရောက်တော့လည်း အိပ်သွားသည်။

အရင်လို တီတီတာတာ မေးတာလေးတွေ၊ ပူဆာသံလေးတွေ အားလုံး ပျောက်ဆုံးသွားခဲ့သဖြင့် လူကြီးတွေ ဘာလုပ်ပေးရမှန်း မသိတော့ဘဲ ဗေဒင်ဆရာဆီ ရောက်၊ ဆရာဝန်ဆီ ရောက်..၊

ဒီကြားထဲ ဦးဘုန်းသာ မကျန်းမာသည်မို့ ဒေါ်သက်လျာမှာ နှစ်ဆောက်အတွက် ပူပင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပလာအောကို ကိုယ်တိုင် လိုက်လာဖို့ကလည်း မအောင်မြင်ပါ။ ရမက် မြတ်ဖြူ ရဲ့ လက်ကလေးကိုဆွဲလာပြီး လျှောက်နိုင်းလိုက်၏ လက်ပေါ်မှာပဲ ချိတ်ထားခဲ့လိုက်နှင့် မျက်နှာလေးကိုပဲ ကြည့်နေမိသည်။

"မီးလေး ရုပ်ရှင်ကြည့်မလားဟင်၊ စက်ရုပ်လို သတ္တဝါကြီးတွေ ပါတဲ့ ကားလေ၊ မီးမီး ကြိုက်တယ်ဆို၊ အဲဒီကားမျိုး နေပြည်တော်ရုံမှာ ပြနေတယ်"

"ဟင့်အင်း"

ခေါင်းညိတ် ခေါင်းခါနှင့် သမီးလေးကိုကြည့်ရင်း ရမက် မျက်ရည် မလွယ်တတ်ဘဲ ငိုချင်လာခဲ့သည်။

သမီးလေး ဘာဖြစ်သွားတာလဲ..၊ အရင်လို ဘုန်းမီးနေ ကို တကောက်ကောက် လိုက်ချောင်းကြည့်နေလို့ ဆွဲရ တားရတာတွေ လည်း မလုပ်ရတော့ဘဲ ငြိမ်ငြိမ်လေးပဲ ဖြစ်နေခဲ့၏။

"မေမေ.."

"ဟင်!... ဘာလဲ သမီး၊ ပြောလေ .. ဘာလိုချင်လို့လဲ"

မျက်ရည်လည်နေတာကို မျက်တောင်တွေနဲ့ ပုတ်ခတ်ကာကွယ် လိုက်ရင်း ရမက် ပျာပျာသလဲ မေးမိသည်။

"ဟိုမှာ ဖေဖေ့ဓာတ်ပုံထဲက အင်္ကျီ"

"ဟာင်!..."

အဖြူပေါ်မှာ အပြာနုရောင် ကန့်လန့်စင်းနှင့် စပို့ရှပ်ကို လက်ညှိုး ထိုးပြတော့ ရမက် အံ့အားသင့်သွား၏။

ဟုတ်သည်..၊ မိသားစုသုံးယောက် ဓာတ်ပုံထဲက သမီးကို ချီထားသည့် ကို့ရဲ့ကိုယ်ပေါ်မှာ ဒီလိုစပို့ရှပ်မျိုးနဲ့...

"အဲဒီအင်္ကျီ ဝယ်ပေး"

"အို!... သမီးကလည်း၊ ဟို .. အဲဒါ ဖေဖေ ပြန်လာမှ ဝယ်ရမှာ





လေ..နော်၊ အိမ်မှာလည်း ဒီအင်္ကျီဒီဇိုင်းက ရှိပြီးသားဥစ္စာ၊ ဖေဖေ ပြန် လာတော့ မီးလေးကိုယ်တိုင် ဖေဖေ့အတွက် တခြားဒီဇိုင်း ရွေးပေးပေါ့"

"ဖေဖေက ပြန်လာမှာလား"

"ဘယ်လို!.."

ရင်ထဲမှာ ဒိန်းခနဲ မြည်သွားသလား မသိ..၊

အရင်ဆို ဖအေကို သတိရတိုင်း 'ဖေဖေ ပြန်လာရင်'လို့ အစချီ ပြီး ဘာလုပ်မယ်၊ ဘယ်သွားမယ်ဆိုတာတွေ မိုးမွှန်အောင် ပြောတတ်ခဲ့ သည်။ ဒီလို သံသယစကား မဆိုတတ်ခဲ့ပါ..၊

"ပြောလေ မေမေ .. ဖေဖေက ပြန်မလာဘူးမို့လား"

"သမီးရယ် ဘာတွေ မေးနေတာလဲ၊ ဖေဖေ ပြန်လာမှာလေ.."

"အဲဒီအင်္ကျီ မီးမီးကို ဝယ်ပေးပါ မေမေ၊ ဦးကို မီးမီး ဝတ်ခိုင်းချင်လို့"

"ဟင်!..."

သမီးလေး စိတ်ထဲမှာ သူ့အဖေနဲ့ပတ်သက်သည့် ထိရှမှု တစ်စုံ တစ်ရာရှိနေပြီကို ရမက် နားလည်လိုက်၏။

သမီး ဘာတွေ သိသွားတာလဲ..၊ ဘယ်က ဘာစကားတွေ ကြား လိုက်လို့လဲ..၊

"မေမေ ဝယ်ပေးလေ"

ထပ်ပြော၍ ကိုယ်ပေါ်ကနေ အတင်းလျှောဆင်းတော့မှ ရမက် အပျာကယာခေါင်းညိတ်ကာ သမီးလေးကို အသာလေး ချပေးလိုက်၏။

"မေမေ ဝယ်ပေးမယ်နော်၊ လာ.."

လက်ကလေးကိုဆွဲ၍ ရှပ်ဆိုင်ထဲ ဝင်ခဲ့တော့ သမီး ပါလာခဲ့သည်။

နောက်မှာ ရပ်ကျန်ခဲ့လို့ ကြည့်လိုက်တော့လည်း ဘေးက အရုပ် ဆိုင်ကို ကြည့်နေတာမြင်တာနှင့် ရှပ်အင်္ကျီဝယ်ဖို့ အထဲကို ဝင်ခဲ့မိ၏။

အင်္ကျီကို ဖြုတ်ခိုင်းပြီး ကိုင်ကြည့်တာ၊ ဈေးကြည့်တာ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မကြာလိုက်ပေ၊ နားထဲမှာ ဆူညံသံတွေ အုန်းခနဲဝင်လာသဖြင့် ရမက် လန့်သွားသည်။

"ဟေ့ .. ဘာလဲ"

"အောက်ထပ်က မီးလန့်တာ"

"မဟုတ်ဘူး .. ရန်ဖြစ်နေကြတာ"

လူတွေ ဟိုပြေးဒီပြေးဖြစ်ကုန်ကြ၏။ ပြောနေကြတာ အမျိုးမျိုး။ ရမက် ကိုင်ထားသည့်အကျီကို လွှတ်ချပစ်ခဲ့ပြီး အပြင်ကို ပြေးထွက်ခဲ့သည်။

"သမီး .. သမီးလေး ဘယ်မှာလဲ .. သမီးလေး.."

ဆူညံနေသည့်ထဲမှာ သမီးကို အော်ခေါ်ရင်း ရမက် သွက်သွက်ခါ ရူးသွားသလို မျက်လုံးတွေက ပတ်ဝန်းကျင်ကို မမြင်တော့ပေ..၊

"သမီး .."

ဘယ်တို့ လှည့်ပတ်ပြေးလွှားရှာရှာ မတွေ့၊ ရမက် အဝေးကြီး ရောက်အောင် ပြေးလိုက်၊ ဒီနေရာကို ပြန်လာလိုက်နှင့် မျက်ရည်တွေ အဆက်မပြတ် ကျ၏။

သမီးလေး လန့်ဖျန့်ပြေးသွားမိပြီး မအေဆီ ပြန်ပြေးလာလျှင် လမ်းလွဲသွားမလား တွေးမိပြီး ...

မဟုတ်ဘူး ... ကလေးက ထွက်သွားပြီဆိုရင် ဒီနေရာကို ပြန်လာတတ်မလား..၊

"ဘာမှမဟုတ်ဘူး ပစ္စည်းခိုးပြေးလို့ ဖမ်းတာ"

ဆိုသည့်အသံတွေ ပြန်ကြားရပြီး လူတွေ ရယ်မောကုန်ကြသည်။ ကိုယ့်နေရာ ကိုယ် ပြန်လာကြ၏။

ရမက် ပြေးလွှားနေရတုန်း...

"သမီးလေး .."





စက်လှေကားကို မစောင့်နိုင်ဘဲ အတင်းပြေးတက်လိုက်မိစဉ်...

"အား!..."

"ဟား!... တောက် .."

ခွပ်ခနဲ ပစ်တိုက်သွားသည့်အသံကို ကြားလိုက်သည်။

ပြီးတော့ လှေကားပေါ်ကနေ နောက်ပြန်လန်ကျတော့မည့် သူ့မ ကိုယ်ကို ပြန်ဆောင့်ဆွဲလိုက်ခြင်း ခံရ၏။

"ဘာတွေ ဖြစ်လာတာလဲ"

"ဟင်!... ဘုန်းမီးနေ.."

မြင်နေကျအတိုင်း ဘုန်းမီးနေ ၏ မျက်လုံးတွေက မီးတောက်တော့ ညှို့နေယ်..၊ ပြီးတော့ နာကျင်သွားပုံရသည့် သူ့နှုတ်ခမ်းပေါ်ကို လက်ခုံနှင့် ဖိကပ်ထား၏။

"ဘုန်းမီးနေ .. ငါ့သမီး .. ငါ့သမီးလေး ပျောက်သွားပြီ၊ လုပ်ပါဦး.. ရှာပေးပါ .. ရှာပေးပါ .. ငါ့ကိုနော် .."

"ဘာ!..."

"ဟာ!... ကလေးပျောက်သွားတယ်တဲ့"

ဒီဘားက စကားသံတွေကြားမှ ကြည့်မိတော့ ဘုန်းမီးနေ ၏ အပေါင်းအသင်းတွေ ဖြစ်လိမ့်မည်။

"ကျွန်တော်တို့ သွားရှာပေးမယ်၊ ခင်ဗျား ဒီနားမှာပဲ စောင့်နေ။ မင်းတို့ ဟိုဘက်ကို ပတ်လိုက်၊ ငါ အောက်ဆင်းမယ်"

တစ်ယောက်က ပြောပြီး ချက်ချင်း လူခွဲပြေးကြ၏။ ဘုန်းမီးနေ ကတော့ အသံတိတ် ပျောက်သွားခဲ့လေသည်။

ရမက် ဟိုဘက်ပြေးလိုက်ရမလို ဒီပြေးရမလိုနှင့် တဆတ်ဆတ် တုန်ယင်နေသည့်လက်များတွေကို ဖိဆုပ်ထားရင်း ခေါက်တုံ့ခေါက်ပြန် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့သမီးလေးကို ပြန်တွေ့ပါမေ၊ သမီးလေး ဘာမှမဖြစ်ပါစေနဲ့" ဆုတောင်းနေရင်း ရှိုက်ငိုမိ၏။

လူတွေကြည့်သွားကြတာကိုလည်း ဂရုမစိုက်နိုင်ဘဲ လက်ဖဝါး နှစ်ဖက်ကို ထပ်ဆုပ်၍ ရင်ဘတ်ရှေ့မှာ ကပ်ထားမိလိုက်၊ နှုတ်ခမ်းပေါ် မှာ ကပ်ထိရင်း ကြိတ်ရှိုက်နေမိလိုက်..၊

ရင်ထဲမှာ မီးတွေ လောင်နေသလား..၊ အရေပြားတွေပဲ ခုချက် ချင်း တအိအိ အရည်ပျော်ကျတော့မှာလား၊ အဲဒီလောက်ထိ ချောက် ချားနေခဲ့၏။

စိတ်လှုပ်ရှားလွန်းပြီး မျက်လုံးတွေထဲမှာ မြင်ကွင်းအားလုံး ပျောက် ဆုံးနေသည့်နယ်...

"ရမက်ဖြူ .. ဟိုမှာ .. ကလေး ပါလာပြီ"

"ဟင်!..."

ဘုန်းမီးနေ ရဲ့သူငယ်ချင်းတစ်ယောက် အနားကို ဘယ်လိုရောက် လာသလဲဆိုတာ မသိလိုက်..၊

ဟိုမှာလို့ ပြတာကို ကြည့်လိုက်ပေမယ့် မျက်ရည်တွေ ကာဆီးနေ တော့ ရုတ်တရက် မမြင်၊ မျက်ရည်စက်တို့ ပါးပြင်ထက်သို့ မာန်ချ၍ လျှောကျသွားပြီးမှ...

"သမီး .."

မီးမီး .. မေမေ့သမီးလေး၊ တစ်ခွန်းသာ လှိုက်လှဲစွာ ခေါ်နိုင်ပြီး ကျန်တဲ့စကားတွေဟာ ကတုန်ကယင် ဝမ်းသာခြင်းတို့ကြားမှာ ပျောက် ကွယ်ကုန်သည်။

ကလေးကို တစ်ယောက်က ချီလာကာ ဘုန်းမီးနေ က ဘေးမှာ ပါလာ၏။ ပုံရိပ်တွေ သူမရှေ့ကို တကယ်ရောက်လာတော့ သမီးဆီကို လည်း လက်လှမ်းမိသည်။





ဘုန်းမီးနေ ကိုလည်း မျက်ရည်တွေ ပြည့်ပြည့်သိပ်သိပ်နှင့် ကြည့် မိ၏။ ဒီအချိန်မှာ သမီးလေးကို ပြန်ခေါ် ပေးလာသူဟာ သူမအတွက်...

"ကျေးဇူးတင်ပါတယ် .. ဒါ .."

ရမက် သမီးလေးရဲ့လက်ဖဝါးလေးကို ဆုပ်ကိုင်လိုက်မိသည့် အချိန်တွင် မျက်လုံးတွေ ပြာသွားခဲ့၏။

ပြီးတော့ လူဘုံအလယ်မှာပဲ တအိအိ ခွေခေါက်ကျသွားလေ သည်။ သူမ ကြမ်းပြင်ပေါ် မရောက်မီ ဖမ်းဆွဲလိုက်သူက ဘုန်းမီးနေ..၊

ဒေါသတွေ တစ်လုံးကြီးနဲ့ သယ်ချလာတဲ့ ပြောဖို့စကားတွေက အဓိပ္ပါယ်အကြိမ် သူမကို ပွေ့ယူလိုက်ရခြင်းဖြင့် အဆုံးသတ်ပြန်သည်။

ရင်ဘတ်ထဲနဲ့ အပြင်က တစ်ထပ်တည်း မကျ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၂၇]

"သမီး .. သမီးရေ"

"မေမေ.."

"ဟင်!..."

ရမက် လန့်အော်လိုက်တဲ့အသံ ကိုယ့်ကိုယ်ကိုယ် ပြန်ကြားလိုက်ပြီး သမီးလေးရဲ့ ခေါ်သံလေး..

"သမီး.."

မျက်လုံးတွေ ဖွင့်လိုက်တော့ မျက်ရည်တွေ တပြင်လုံးရွှဲနေသည့် သမီးရဲ့ မျက်နှာလေးက သူမရှေ့မှာ..

"မေမေ.."

"သမီး .. သမီးလေး ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့လဲဟင်"

အခန်းပြင်က တစ်စုံတစ်ယောက်ကို မေးလိုက်သလို အော်လိုက်မိသဖြင့် ဒေါ်သက်လျှာ တို့ အခန်းထဲ ပြေးလွှားဝင်လာကြသည်။

အခန်းပြင်မှာပဲ ရှိနေကြပုံရကာ ရမက် သတိရလာတာကို ဝမ်းသာသွားသည့်မျက်နှာနှင့်...





"သမီး .. သတိရလာပြီလား"

ဒေါ်သက်လျှာ အနားမှာ လာထိုင်ပြီး ကလေးကို ဆွဲခေါ်သည်။ မြတ်ဖြူ က ရမက် ကိုပဲ အတင်းဖက်ထားပြီး ရှိုက်ငိုနေကာ..

"မလိုက်ဘူး .. မလိုက်ဘူး"

"သမီး ဘာဖြစ်တာလဲ အန်တီ၊ ဘုန်းမီးနေ ဆူထားလို့လားဟင်၊ ရမက် တို့ ဘယ်လိုပြန်ရောက်လာတာလဲ"

"သမီးက သတိလစ်နေတယ်လေ၊ ပလာဇာနဲ့က နီးနီးလေးဆိုတော့ သားငယ်က ဆေးခန်းကိုမသွားဘဲ အိမ်တန်းခေါ်လာတာ၊ ကလေး ပျောက်သွားလို့ သမီး လန့်ပြီး သတိလစ်သွားတာ ဆို.."

ဘုန်းမီးနေ က ပြီးစလွယ်ပြောပြထားတာ ထင်သည်။ ရမက် ခေါင်းပဲညိတ်ပြမိကာ သမီးရဲ့ခေါင်းလေးကို ရင်ခွင်ထဲမှာ ဖိကပ် ဖက်ထားရင်း...

"ဒါဆို သမီး ဘာဖြစ်လို့ ဒီလောက် ငိုနေတာလဲ"

ဒေါ်သက်လျှာ မျက်နှာမကောင်း ဖြစ်သွား၏။ အလွန်အမင်း ပျော်ရက်သည့်စကားအတွက် ကြိုးစား အားတုတ်နေရပုံရှိလျက်...

"မြေးလေးက သမီးကို စိတ်ပူလို့ ငုတ်တုတ်ထိုင်စောင့်နေတာ"

ဒါတင်မကသေးသည့် အကြောင်းအရာတွေ မျက်နှာထက်မှာ ထင်ကျန်နေခဲ့တာကို မြင်ပေမယ့် ရမက် နားလည်လိုက်သည်။

"မြေးလေး .. လာ .. မေမေ နားပါစေနော်"

ရင်ခွင်ထဲကနေ မြတ်ဖြူ က ခေါင်းလည်း ခါသည်။ မအေကို လည်း တိုး၍ဖက်ကာ...

"မလာဘူး..၊ မေမေ သေသွားရင် ဘယ်လိုလုပ်မလဲ၊ မီးမီး မမြင်လိုက်ရင် မေမေ မသေဘူး ရှိသေးတယ်လို့ ဘွားဘွားကြီးတို့ ပြောပြောနေတာ.."



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း ရှိုက်နေရင်းနှင့် မြတ်ဖြူ ငိုနေတာ တက်မတတ်
မတတ်..၊

"မြေးရယ်.."

ဒေါ်သက်လျာ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာ
နေရာမှ ထထွက်သွား၏။ ရမက် သမီးပြောလိုက်ရတာကို ကြားပါ
နှင့် မယုံနိုင်..၊

"မေမေ .."

"ဟင်!... သမီး"

မြတ်ဖြူ သည် ပခုံးလေးတွေ တုန်နေအောင် ရှိုက်နေရင်း သူ
မော့ကြည့်ကာ..

"မေမေ့ကို မီးမီး ချစ်တယ်"

"မေမေလည်း ချစ်ပါတယ် သမီးရယ်၊ မေမေလေ.."

"ဖေဖေ့ကိုလည်း ချစ်တယ်"

ဘုရား .. ဘုရား ..

ရမက် မျက်ရည်တွေ ပြည့်တက်လာသဖြင့် မျက်နှာမော့
မျက်တောင်တွေ ခတ်နေရ၏။

"ဖေဖေ သေသွားပြီမို့လားဟင်..၊ ဆုံးပြီဆိုတာ ဘယ်
ပြန်မလာတော့တာတဲ့၊ ဖေဖေ ဆုံးသွားပြီလို့ မီးမီး ကြားတယ်"

"ဘယ်သူက ပြောတာလဲ သမီးရယ်၊ သမီးဖေဖေက..."

"ဖေဖေ သေသွားပြီ .. မီးမီး သိတယ်၊ ဖေဖေ မီးမီးဆီ ဘယ်
မှ ပြန်မလာတော့ဘူး"

"သမီး .. သမီးလေး အဲလောက် မငိုပါနဲ့ .. မငိုပါနဲ့ .. သမီး

ဖျတ်ခနဲ ကြည့်လိုက်တာပေမယ့် အိပ်ရာထက်မှာ သားအ
ယောက် နှစ်ကိုယ်တစ်စိတ်ဖြစ်အောင် ဖက်တွယ်၍ မျက်ရည် ပြို





နေကြတာက မျက်လုံးထဲမှာ စွဲသွားသည်။

ပြီးတော့ စကားသံတွေ..၊

ဘုန်းမီးနေ အခန်းရှေ့က မဖြတ်တော့ဘဲ နောက်ပြန်လှည့်လာခဲ့
ခြံထဲအရောက် တောက်လျှောက်ဆင်းလာခဲ့ပြီး ဘာလုပ်ဖို့မှ
သည်း မဟုတ်..၊

သစ်ပင်ရိပ်နဲ့ ထိုင်ခုံ အဆင်သင့်နေရာမှာ ခဏရပ်သည်။ ရပ်ပြီးမှ
တက်လျှောက်ခဲ့ကာ ပြန်လှည့်လာမိတော့ ခုံနားမှာပဲ ခေါက်တုံ့ခေါက်ပြန်
ဘယ်နှစ်ခေါက်မှန်း မသိ..၊

"ကျွတ်!..."

သူ ဘာဖြစ်တာလဲ..၊ ဆံပင်တွေကို ရှေ့က ဖွလိုက်၊ နောက်က
သိလိုက်နှင့် မျက်နှာကို လက်ဝါးနဲ့ ပွတ်ပစ်လိုက်မိသည်။

ပလာဇာမှာ ကလေးကို ပြန်တွေ့လိုက်ရသည့်အချိန်လေးအတွင်း
မြင်မျက် ပြောင်းလဲသွားသော ရမက် ရဲ့ မျက်ဝန်းတွေက အစပြု၍
သူ့စိတ်တွေ ကစဉ့်ကလျား ဖြစ်ကုန်ခဲ့၏။

မျက်ရည်တွေအပြည့်နှင့် ပြုံးပြက်လက်နေသော မျက်ဝန်းများ
သည် ငိုမဲ့မဲ့နှုတ်ခမ်းသားတို့ကို တော်လှန်၍ ရယ်နေကြ၏။

မိခင်တစ်ယောက်က သားသမီးအတွက် စုနှင်းမုံအပ်၍ ချစ်တတ်
သော မေတ္တာတရားရဲ့အကြောင်း၊ သူမ၏ ငိုခြင်း၊ ရယ်ခြင်း နှစ်မျိုး
လုံး ဖြစ်ပေါ်နေသည့်မျက်ဝန်းတွေမှာ ဖော်ပြနေကြသည်။

ပြီးတော့ ဘုန်းမြတ်ဖြူ..၊

ပလာဇာမှာ သူ့ကိုမြင်လိုက်၍ မအေကို ထားခဲ့ပြီး ပြေးလိုက်ခဲ့
သည်လို့ ဆိုသည်။ မအေ သတိလစ်သွားတော့လည်း ဘယ်သူခေါ်လို့
ရတော့ဘဲ ဘေးမှာ တအင့်အင့် ရှိုက်နေရင်း ငုတ်တုတ်ထိုင်စောင့်၏။

ဒီလို ချစ်ခြင်းတရားတွေ ရှိနေခဲ့ကြသလား..၊ သူဟာ သံယောဇဉ်



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းတွေကို နားမလည်ခဲ့တဲ့ကောင်ပါ..၊

တစ်ခုတစ်ယောက်အပေါ်မှာ ကိုယ်က ပြန်ပြီး လိုက်လျော လည်ပေးရတာကို မလိုချင်၊ ငဲ့ညှာစာနာတာတွေကို ကိုယ့်အ မလိုချင်သလို၊ သူများကိုလည်း မပေးချင်တာမျိုး..၊ ခုကျမှ သူ့ကို ဘာမှရှိမနေခဲ့တာကို သိလာခဲ့၏။

အပြင်မှာ မေမေလည်း ငိုနေသည်။ ဖေဖေကတော့ အပေါ် ဒါတွေကို မသိသေးပါ..၊

"ကလေးက သူ့အဖေ မရှိတော့တာကို သိသွားပြီ သားရဲ့"

အခန်းထဲက ထွက်လာပြီး ငိုနေသည့် မေမေ့မျက်နှာကို မြင် ဒီအဖြစ်ကို သူ တုန်လှုပ်ခဲ့မိ၏။

ရမက် တို့သားအမိရဲ့ မျက်ရည်တွေကို မြင်ရပြန်သော်...

"တောက်.."

ယူကျုံးမရဖြစ်ခြင်းကို ခံစားနေရသော်လည်း စာနာပေး ဝညာ သူ မတတ်ပေ။

"ကျွန်တော်က ကြမ်းတမ်းတယ်ဆိုရင် လူကြမ်းလို့ ခေါ် စေ"ဆိုပြီး မေမေ့ကို အရွဲ့တိုက် ပြောဖူးသည်။

ဘုန်းမြတ်ထွဋ် ကို "ကိုကိုလို့ ခေါ်ပါလား သားရယ်"လို့ သင် ကအစ...

"ဘာလုပ်ဖို့လဲ မေမေရာ နနနဲ့နဲ့နဲ့"ဆိုတာတွေ သူပဲ ပြော ခုတော့ မနေတတ်၊ မရွံ့တတ်တာတွေနှင့် သူ့ရဲ့ရင်ဘတ်တစ်ခြမ်း ပကျတွေ ဖြစ်ကုန်ပြီထင်သည်။

နားထဲမှာ ကလေးရဲ့ငိုသံတွေကို ကြားနေသည်။

မျက်လုံးထဲမှာ ရမက် ရဲ့မျက်ဝန်းတွေက စွဲထင်နေ၏။ သူ အားလုံးရဲ့မျက်ရည်တွေဟာ ကိုယ်နဲ့သာ ပတ်သက်သည်ဟု နားလ





ထ နေရခက်လာလေ..၊

ဖအေ မရှိတော့ဘူးဆိုတာ သိသွားသည့်ကလေးကို မေမေတို့ လို ချော့မလဲ..၊ သူ့ကိုတောင် ဒီလောက်ထိ တကောက်ကောက် ပြီး ခင်တွယ်နေတာ..၊

ရှေ့ဆက်ပြီး ဘုန်းမြတ်ဖြူ ဘယ်လိုပုံစံ ဖြစ်လာမလဲ..၊ ဒီပြဿနာ မှာ သူ ဝင်ပါသင့်သလား၊ မပါဘဲနေလို့ ရမလား..၊

ခေါင်းတွင်တွင်ခါရင်း မျက်နှာကို လက်ဖဝါးနှစ်ဖက်ထဲမှာ ဖိနှစ် ထိုက်မိသည်။ ထိုစဉ် ဖုန်းခေါ်သံကြောင့် စိတ်အနှောင့်အယှက် သွားခဲ့၏။

"မီးနေ .. ရမက်ဖြူ ဘယ်လိုနေလဲ၊ ကလေးလည်း တော်တော် သွားတယ် ထင်တယ်"

နေကာ့ အသံကြောင့် မောတာကနေ ကျုပ်သိပ်သွားခဲ့ပြီး...

"မသိဘူး၊ ဘာတွေ ဖြစ်ကုန်မှန်းကို မသိတော့ဘူး၊ ကျွတ်!..."

"ဟင် .. ဘာဖြစ်လို့လဲ၊ ပြောစမ်းပါ အခြေအနေ"

"ကလေးက မြတ်ထွဋ် ဆုံးသွားပြီဆိုတာကို သိနေတယ်"

"ဟင်!..."

"သူ့အမေကို သေမှာစိုးလို့တဲ့ကွာ .. သတိမရသေးတာကို ဇွတ် ထိုင်စောင့်ပြီး ငိုနေတာ၊ ဘယ်သူမှ ခေါ်လို့မရဘူး"

"အဲဒါ မင်းမှာ တာဝန်ရှိတယ်လေ၊ ငါတို့ ဒီလောက် ပြောထား ပြီကွာ၊ ကလေးက မင်း ရက်စက်ခဲ့တာနဲ့ ဖအေမရှိတော့တာကို ခံစားသွားနိုင်တယ်၊ မင်း အစားဝင်ပြီး ချော့မော့ ဖြေသိမ့်ပေး ပါ"

"ဘာကွ .."

"အခိုက်အတန့်တော့ လုပ်သင့်တယ် မီးနေ"



www.burmeseclassic.com

www.burmeseclassic.com



"နေကာ .. ရမက်ဖြူ ဆိုတဲ့မိန်းမအကြောင်း မင်းက ငါ့ထ
ပိုသိနေလို့လား"

"ကလေးကို ရှာပေးလိုက်ကတည်းက မင်းကို မီးစိမ်းပြသွား
သူ့မျက်လုံးတွေကို ငါ တွေ့လိုက်တယ်"

မဟုတ်ဘူး .. အဲဒါ ကလေးကို ပြန်ရလိုက်လို့ ဝမ်းသာလှိုက်
သွားခဲ့တဲ့ ခဏတာ ကျေးဇူးတင်တဲ့စိတ်..၊

စိတ်ထဲမှာ သိနေတာကို ပြောလည်း မပြောချင်..၊

သူနဲ့ ရမက်ဖြူ ဟာ အများသူငါလို မရိုးနဲ့ မတ် တော်စပ်နေ
တာ မဟုတ်ဘဲ အမုန်းများနဲ့ တွန်းဟာန်ချိတ်ဆက်မိနေခြင်းသာ..၊

အေးစက်ခြင်းဟာ အထုံအကျင့်စွဲလောက်အောင် တရားလွန်
ကျက်ခဲ့ပြီ ဖြစ်၏။

ဒါကို ကိုယ်ကစပြီး နွေးထွေးစေဖို့ဆိုတာ မဖြစ်နိုင်..၊

နှးညံ့မှုတစ်စုံတရာကို ခံစားတတ်ခဲ့ပေမယ့်..၊





## အခန်း [ ၂၈ ]

ကလေးက အဖျားမရှိဘဲ တမှိုင်မှိုင် တငိုင်ငိုင်ဖြစ်နေသဖြင့်
ကြီးတွေ အလုပ်ပျက် အကိုင်ပျက် ဖြစ်ခဲ့ကြ၏။

ဘုန်းမီးနေ မှလွဲ၍ အားလုံး အိမ်ထဲမှာ အချိန်ပြည့်ရှိနေခဲ့ကြပြီး
လေး ပြုံးရယ်ရွှင်လန်းလာအောင် ဘယ်သူမှလည်း မစွမ်းဆောင်
၊ စာသင်သည့် ဆရာမကိုတောင် နားခိုင်းခဲ့ရသည့်အဖြစ်..၊

"အဲဒါ ကျွန်မအပြစ်လည်း ပါပါတယ်၊ ကလေးက လာမေးတာကို
ကြောင့်မေးတာလဲဆိုတာ မတွေးမိလိုက်ဘဲ အဆုံးထိကို ပြောပြ
မိတာ"

ပြဿနာရှိနေတာကိုသိတော့ ဆရာမက တောင်းပန်ခဲ့သေး
ည်။ တကယ်တော့ ကလေးကမေးရင် ရှင်းပြရမယ့်ဝတ္တရားအတိုင်း
ကာ တာဝန်ကျေခဲ့တာပါ..၊

ဘယ်သူမှ မထင်မှတ်လိုက်တဲ့ တိုက်ဆိုင်မှုတွေ ဖြစ်ခဲ့တာကတော့
ကြမ္မာ လက်ဦးသွားခဲ့ခြင်း ဆိုရမည်လား..၊

ဒီအကြောင်းတွေကို ကလေး ဘာဖြစ်လို့ သိသွားခဲ့တာလဲ ဆို
သည့် ဇာစ်မြစ်ကို ရှာဖွေကြတော့ ဘယ်သူမှာမှ အပြစ်မရှိ..၊



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သက်လျှာ ကွယ်ရာမှာ တောတော မျက်ရည်ကျတာ ရမထ် ကတော့ မျက်ရည်တွေတက်ခြင်းနည်းကာ တဖြည်းဖြည်း မျက်နှာလေး ရှောင့်လာတာ သိသာ၏။

ဦးဘုန်းသာ သက်ပြင်းတချချ ဖြစ်နေကာ ဒီအဖြစ်တွေကို အနည်း ဆုံး ပေါ့ပါးသွားအောင် ပြုပြင်ပြောင်းလဲနိုင်သူဟာ ကိုယ့်သားပဲဆိုတာ သိပေမယ့် ပြောမထွက်ခဲ့။

ဘုန်းမီးနေ က မယဉ်ကျေးတတ်သူ၊ ရမက် တ မုန်းတီးနေခဲ့၏

ဒီနှစ်ယောက်ကြောင့် ကလေးက နှစ်လက်ကြားမှာ ခိုစီးခွင့်မရဘဲ လက်တစ်ဖက်လွှတ်၍ တိုးရိုးကားရား ဖြစ်ရှာသည်။

"ဘယ်လိုလုပ်ရမလဲ"

"မင့်သားရော..."

"ထမင်းစားနေတယ် ထင်တယ်၊ ဘာလုပ်မလို့လဲ အစ်ကို"

ဦးဘုန်းသာ စာကြည့်စားပွဲက ထတော့ ရိပ်ခနဲ မူးသွားသဖြင့် လက်ထောက်ထားလိုက်ရ၏။ ဇနီးဖြစ်သူ မသိလိုက်အောင် ဟန်မပျက် ထိန်းရင်း စားပွဲနဲ့ တင်ပါးစောင်း ကပ်ထိထားလိုက်ကာ...

"မင့်သားကို နည်းနည်းပါးပါး ပြောထားရဲ့လား၊ ကလေးကို အရင်လို မဆက်ဆံဖို့ မအေကို ဘယ်လိုသဘောထားထားကွာ"

"ပြောထားပါတယ် အစ်ကိုရယ်၊ သားငယ် အရင်လိုတော့ မဟုတ် တော့ပါဘူး"

ဒေါ်သက်လျှာ က ဦးဘုန်းသာ အတွက် သောက်ဆေးနဲ့ ရေခွက် ကို စားပွဲပေါ်မှာ ချထားလိုက်ပြီး မျက်နှာကို မော့ကြည့်သည်။

"အစ်ကိုရော နေရဲ့ထိုင်ရတာ သက်သောင့်သက်သာ ရှိရဲ့လား"

"ငါ ဘာမှမဖြစ်ဘူး၊ ဝန်းတလေးလို ညှိုးလွှယ်၊ ကြေလွယ်တဲ့ ကလေးရဲ့သောကကိုပဲ ပြေပျောက်စေချင်တာ၊ အဲဒီစိတ်က ရောဂါ





ထ် ဆိုးတယ်ကွာ"

ဦးဘုန်းသာ ရှုံ့မဲ့ညည်းရင်း ခုံမှာပဲ ပြန်ထိုင်သည်။ ဒေါ်သက်လျှာ လည်း ခုံဆွဲထိုင်လိုက်ကာ...

"အားလုံးက အရေးကြီးနေတာပါပဲ အစ်ကိုရယ် .. 'ကိုယ့်ကိုယ် ယ်လည်း ဂရုစိုက်ပါဦး၊ သားကို ကြည့်ရတာ အပြင်ကို သွားလာ ျက်ပေမယ့် မျက်နှာမကောင်းရှာဘူး၊ အိမ်ထဲမှာ ဘာတွေဖြစ်နေ ယ်၊ သူနဲ့ ဘယ်လို သက်ဆိုင်နေတာဆိုတာ သူ သိနေမှန်း သိသာ ယ်၊ တဖြည်းဖြည်း ပြောင်းလဲလာမှာပါ"

"အဲဒီအချိန်က ကလေးရဲ့အခြေအနေကို အများကြီး ပြောင်းလဲ ်လို့ ရတယ် သက်၊ ဒီအချိန်မျိုးမှာ အရင်လို ပဋိပက္ခတွေ ထဖြစ်ကြ ာ ငါ့ အရမ်း စိုးရိမ်တယ်"

လူကြီးတွေ သောကပွားနေကြတာကို ဘုန်းမီးနေ မသိသလို နေခဲ့ပေမယ့် တီးတိုးပြောနေကြပြီဆို ဒီအကြောင်းပဲ ဖြစ်မယ်မှန်းတော့ သိနေပါ၏။

• ဂစ်တာကို တစ်ဖက်ကကိုင်ကာ စီးကရက်တစ်ဖက်နှင့် အပြင်ကို ွက်ဖို့ တံခါးဖွင့်လိုက်ပြီးမှ ပြန်စေ့ထားလိုက်၏။

ပြီးတော့ စီးကရက်ကို ဖိရှိုက်ရင်း အကြာကြီး ရပ်နေမိသည်။ နောက် ဆုံးဖြတ်ချက်တစ်ခုက အခန်းထဲမှာပဲ အောင်းနေဖို့ ဖြစ်သွား တာ ခုတင်ခြေရင်းမှာ နောက်ပြန်ထိုင်မိရင်း ဂစ်တာကို ပိုက်လိုက်သည်။

သူ တစ်ခုခုကို စိတ်ရှုပ်တိုင်း ဂစ်တာကိုင်ဖြစ်ကာ တီးလည်းမတီး ွစ်၊ ဆိုလည်း မဆိုဖြစ်ဘဲ တစ်ချက် နှစ်ချက် ဆွဲခတ်ပြီး ပြန်ချထား လိုက်တာတွေ ရှိ၏။

ခုလည်း ရင်ခွင်ထဲမှာ ပိုက်ထားရင်း စီးကရက်ကို တစ်ခါကျ အောင် သောက်နေမိသည်။ ပြီးမှ ခုတင်တိုင်မှာ မှီချေပစ်လိုက်၍ ဂစ်တာ



www.burmeseclassic.com

www.burmeseclassic.com



ကို နေရာတကျ ပြင်တိုင်၏။

ဆိုဖြစ်တော့ အင်္ဂလိပ်သီချင်းတွေ ဘယ်နှစ်ပုဒ် ဖြစ်နေပြီမှန်း မသိ..၊ ထိုစဉ် စေ့ထားသည့်တံခါးက ညင်ညင်သာသာလေး ပွင့်သွားကာ ပန်းနုရောင် ညဝတ်ဂါဝန်လေးနှင့် မြတ်ဖြူ က တံခါးဝမှာ ရပ်လျက်...၊

ရုတ်တရက် ရှေ့မတိုးဘဲ သူ ဂစ်တာတီးပြီး ဆိုနေတာကို ခြေရပ်၍ ငေးနေသည်။ ထို့နောက် မရဲတရဲလေး တိုးလျှောက်လာ၏။ သူ့ဘေးမှာ ပုံပုံလေးထိုင်ချလိုက်ကာ မျက်နှာကို မော့ငေးသည်။

သူ သီချင်းဆိုရင်း ငုံ့ကြည့်လိုက်တော့ မျက်လွှာချသလို မျက်တောင်ဖျားလေးတွေ ဖျတ်ခနဲ လှုပ်သွားပြီး ခဏလေး ငုံ့ပစ်၏။

သူ ပြန်လှည့်တော့ ပြန်မော့လာပြီး ထပ်ငေးသည်။

"နားထောင်လို့ ကောင်းလိုက်တာ"

တီးတိုးပြောသံလေး ထွက်လာပြီး လက်ကွက်တင်ထားသည့် သူ့လက်မောင်းကို ဖက်ထားလိုက်လေသည်။

သီချင်းဆိုခြင်းဟာ စိတ်ရှုပ်လို့ ညည်းနေတာမဟုတ်ဘဲ ကလေးအတွက် ဖြစ်သွားမှပြီး မြတ်ဖြူ ကိုယ်လေး ပျော့ဖတ် ခွေခေါက်လာကာမှ ရပ်လိုက်ရ၏။

ဂစ်တာကို အသာချကာ ကလေးကို ပွေ့ထားရင်း ရုတ်တရက် ဘာလုပ်ရမည်ကို စဉ်းစားမရ..၊

လောလောဆယ် အိပ်ရာပေါ်မှာပဲ ခဏသိပ်ထား၍ မေမေ့ကို သွားခေါ်ဖို့ စိတ်ကူးမိလိုက်ပြီး ဒီတိုင်းပဲ လုပ်ခဲ့သည်။

သူ အိပ်ရာပေါ်မှာ ကလေးကို ညင်သာစွာ ချသိပ်ပြီး ပခုံးပေါ်ထိ စောင်လေး တင်ပေးလိုက်၏။

နဖူးကို စမ်းကြည့်လည်း ကိုယ်ပူမရှိပါ၊ အိမ်ကို ဆရာဝန် နေ့





တိုင်း လာနေရကာ ဖေဖေ့ကိုရော ကလေးကိုပါ ကြည့်ပေးနေသည်ဟု ကြားသည်။

ဖျားနာတာလည်း မဟုတ်..၊ မျက်ကွင်းလေးတွေ ညိုနေသဖြင့် မျက်တောင်ရှည်တွေ ကော့ညွတ်နေတာက ခါတိုင်းထက်ပို၍ သိသာ၏ ပါးလေးတွေ ဖောင်းနေတာလည်း သိသာစွာ လျော့ကျသွားခဲ့သည်။ သူ ခုတင်ဘေးမှာ တင်ပါးလွှဲထိုင်ရင်း ကလေးရဲ့ နဖူးဆံစလေးတွေကို ဖွဖွလေး တို့ထိ ပွတ်သပ်နေမိ၏။

ကလေးကို သူ ညာတာချင်သည်။ ဒါပေမယ့် သူပိုင်တာ မဟုတ်၊ ဆိုင်သာဆိုင်၍ မပိုင်သည့်အနေအထားမှာ မကြည်ဖြူသည့် လက်ထဲတနေ့ မျက်နှာငယ် အောက်ချပြီးတော့လည်း ကြင်နာခွင့်ကို မတောင်းခံချင်..၊

"မာနကြီးချင်ယောင်ဆောင်နေတာ မဟုတ်ဘူးဆိုရင် ကလေးကို ဒီလိုနည်းနဲ့ သိမ်းသွင်းဖို့ မကြိုးစားသင့်ဘူး"

ဟင်!...

စကားသံကြောင့် လှည့်ကြည့်လိုက်လျှင် ရမက် က တံခါးကို ထပ်ဖွင့်သွားအောင် လက်တစ်ဖက်နဲ့ တွန်းပစ်လိုက်ပြီး ဝင်လာ၏။

သူမ မျက်နှာမှာ အမုန်းတရားတွေ မွန်းတည့်နေလို ပူပြင်းလျက်၊ ရှုံ့ရဲနေသည့် မျက်ဝန်းတွေက ဓားသွားနှင့်တူ၏။

"မင်း ဘာစကားပြောလိုက်တာလဲ"

"နင့်ကို အံ့သြလို့လေ၊ မာနကြီးသလိုလို အကြင်နာတရား မရှိသလိုလိုနဲ့ သွေးသားမှန်း မသိ၊ မိဘမှန်း မသိခဲ့တာ၊ အဲဒီအတိုင်းပဲ နေသွားပါလား၊ ဘာဖြစ်လို့ ဒီသမီးလေးကို စည်းရုံးဖို့ ကြိုးစားတာလဲ"

ရမက် ခပ်တိုးတိုး ခပ်ကြိတ်ကြိတ် ပြောနေရင်းကနေ ဒေါသကြောင့် အသံက တစစကျယ်လာတာ ကိုယ့်ကိုယ်ကိုယ် သတိမထားမိ..၊



www.burmeseclassic.com

www.burmeseclassic.com



"ငါ့သမီးလေးကို ငါ သနားပေမယ့် နင် အကြင်နာတရား မရှိခဲ့တာကို ငါ ကျေနပ်နေခဲ့တာ၊ အဲဒီလိုပဲ အမြဲတမ်း ရှိနေဖို့လည်း ဆုတောင်းခဲ့တယ်၊ ဘာဖြစ်လို့လဲ သိလား .. နင် ဘာကောင်လဲဆိုတာ ငါ သိနေလို့ မသိတဲ့ကလေးက ဘုရားလို ကိုးကွယ်နေမှာကို မမြင်ချင်ဘူး၊ မတွေ့ချင်ဘူး၊ နင်နဲ့ ငါ့သမီးက ဘယ်တော့မှ သင့်မြတ်ခွင့် မရှိတဲ့ သူတွေ.."

"ရမက်မြူ .. မင်း .. မင်း စကားပြောတာ .. ခေါင်းကြီး.."

ရင်ဘတ်ချင်း ထိကပ်တော့မလိုလို၊ ကိုင်ဆောင့်ပစ်တော့မလို ရှူးရှူးရှားရှား ကပ်သွားမိပြီးမှ ကိုယ်ရှိန်သတ်သည်။

ပြီးတော့ တက်ခေါက်၍ မပြေသည့်ဒေါသကို ဘယ်လိုမှ ထိန်းလို့ မရဘဲ ခုတင်မှာ မှီထောင်ထားသည့်ဂစ်တာကို တအား လွှဲကန်ပစ်လိုက်၏။

"ဒုန်း .. ခွမ်း"

"အား!..."

ထိခိုက်ကွဲရှသံတွေနှင့် ရှေ့ဆင့်နောက်ဆင့်မှာ မြတ်မြူ ၏ အော်သံလေး ထွက်လာကာ..

"မေမေ .. မေမေ မီးမီး ကြောက်ပါပြီ ဦးနဲ့ ရန်မဖြစ်ပါနဲ့ ဘွားဘွားကြီးရေ .. ဟီး .. ဟီး .."

"မြေးလေး .. မြေးရေ.."

"ဘာတွေ ဖြစ်ကုန်ကြတာလဲဟေ့ .. ဟင် မင်းတို့ တလေး နေမကောင်းတာကို ဆင်ခြင်ရမှန်း မသိ..."

ဦးဘုန်းသော တို့ ပြေးဝင်လာကြသည်။ ကလေးက ရမက် ရင်ခွင်ထဲမှာ အသားဆတ်ဆတ်တုန်နေလျက် ဒေါ်သက်လျှာ ဝင်လာတာ မြင်သည့်နှင့် လက်လှမ်း၍ တအားငို ရှိုက်ငို၏။





ဒေါ်သက်လျှာ မြေးကို ချီပွေ့လိုက်ပြီး မျက်ရည်ပေါက်ပေါက်ကျလေသည်။ ဦးဘုန်းသော ဒေါသကြီးနေပေမယ့် ဘယ်သူ့ကိုမှ ဆက်မဆူနိုင်တော့ဘဲ...

ရင်ဘတ်ကို ဖိထားပြီး အသက်ရှူ ပြင်းနေ၏။ အားလုံးသော ဖြစ်ပျက်ခြင်းတွေကို ငေးကြည့်ကာ သူမ မှားသွားပြီကို သိလိုက်၏။

ဘုန်းမီးနေ ကို မုန်းနေသမျှ သူမ ပြုမူပြောဆိုသမျှဟာ တခြားလူတွေအပေါ်မှာ ရက်စက်ရှိုင်းစိုင်းနေခဲ့မှန်း အစကတည်းက ကိုယ့်ကိုယ်ကိုယ် သိသည်။

ဒါပေမယ့် ဒီမျက်နှာကို မြင်လိုက်ရတိုင်း ကြမ်းရှသည့် နာကျင်မှုတ အမြဲတမ်း မနေ့တစ်နေ့က အတိုင်း..၊

သူ့အဖေကို သတ်ခဲ့သူအပေါ်မှာ သမီးလေး ခယယ ကပ်တွယ်မျှော်လင့်နေတာကို မမြင်ချင်ပေမယ့် သင့်မြတ်ကြင်နာသွားမည့်အဖြစ်ကို ပို၍ မလိုချင်ခဲ့ပေ..၊

ထို့ကြောင့် သတိလက်လွတ် ဖြစ်သွားမိသည်။ သမီးလေး၏ ရှိုက်သံတွေ ပွဲတင်ထပ်ကျန်ရစ်လေမှ ပထမဆုံးအဖြစ် နောင်တစိတ်တို့ ဝင်လာခဲ့သည်။

သမီးလေးရှေ့မှာ မဆင်ခြင်မိလို့ပါ..၊

ဘုန်းမီးနေ ကို ပြောဆိုမိလေခြင်းဆိုတာမျိုး မဟုတ်..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၂၉]

"ကလေး ကိုယ်ဝှတွေကြီးပြီး ဖျားနေတယ် သားငယ်"

မေမေ ရှေ့ကို ရောက်လာတော့ အကျီလဲနေရင်းကနေ လှည့်ကြည့်မိ၏။

"ဖေဖေရေ .. ဖေဖေရေ လာပါ နဲ့ ယောင်ယောင်အော်နေတယ်"

"အဲဒါ ကျွန်တော် ဘာလုပ်ရမလဲ .မေမေ၊ မေမေ့ချွေးမ ဘာရှေ့ ပြောပြော၊ ဘယ်လိုနေနေ မေမေတို့ ကျေနပ်နေနိုင်တယ်၊ ကျွန်တော့် ကိုလည်း လွတ်လွတ်လပ်လပ် နေခွင့်ပေးပါ"

"သားရယ် မေမေ ကျေနပ်နေနိုင်တာက သူ ချစ်နေတာလည်း မေမေ့သား၊ မုန်းနေတာလည်း မေမေ့သားပဲလေ၊ သားအစ်ကို ဒီ ဖြစ်ခဲ့တာလည်း..."

"လာပြန်ပြီ .. မေမေ"

သူ စိတ်ပျက်လက်ပျက်နှင့် ဂျာကင်ကို မဝတ်ဖြစ်ဘဲ ခုတင်ပေါ် ပစ်တင်လိုက်မိကာ...

"ဘာမှမဆိုင်ဘူးလို့ ကျွန်တော် ပြောတိုင်းလည်း လက်မခံဘူး သူ အသက်ပေး ကယ်တင်ရလောက်အောင် ဘုန်းမီးနေ ကျဉ်းထဲကျ





ထဲ ရောက်ခဲ့ရတာ တစ်ခါမှ မရှိခဲ့ဖူးဘူး၊ သူ အဲဒီလို ဝင်ပါခဲ့တိုင်းလည်း ကျွန်တော် သူ့ကို ကျေးဇူးတင် ဝမ်းမြောက်ကြောင်း ဘယ်တုန်းကမှ မပြောခဲ့ဘူး၊ ကြင်နာတတ်လွန်းလို့ဆိုရင်တောင် ဘာမှတွေ ဖြစ်လာနိုင်သလဲ စောင့်ကြည့်ပါလား၊ ကျွန်တော် ဘယ်ရောက်နေမှန်းတောင် မသိဘဲနဲ့ ဖွတ်တိုးဝင်ပြီး အသေခံတာ.."

"သားငယ် မင်း ဒီလိုစကားတွေ ပြောနေတုန်းလားဟင်"

"မပြောစေချင်ရင် ကျွန်တော့်ကြောင့်ဆိုတာလည်း ထည့်မပြောနဲ့ပေါ့"

ဘုန်းမီးနေ ဂျာကင်ကို ပြန်ကောက်လိုက်ပြီး တံခါးဖဆီ လျှောက်သွားရင်း...

"သူ လုပ်လိုက်လို့ ဖေဖေ့ အခု အိပ်ရာထဲလဲနေပြီ၊ ကလေးလည်း ဖုတ်လိုက်ဖုတ်လိုက် ဖြစ်သွားတယ်၊ အဲဒါ နောင်တရသင့်တာ ဘယ်သူလဲ..၊ အခန်းထဲထိ ဝင်လာပြီး စော်ကားမော်ကား ပြောခဲ့တဲ့လူကျတော့ ကောင်းတယ်၊ ခံလိုက်ရလို့ ပေါက်ကွဲမိတဲ့ကောင်ကျတော့ 'မင်း လွန်တယ်'တဲ့၊ မေမေတို့ ဘက်လိုက်တာ မသိမသာ မဟုတ်ဘူး"

"သားငယ် .. ညဉ့်နက်နေမှ ဘယ်လဲ"

"သွားမယ် မေမေ၊ ဖေဖေ့ကျန်းမာရေး တစ်ခုခု မှားယွင်းရင် ဖုန်းဆက်လိုက်၊ ကျန်တဲ့ကိစ္စနဲ့ လုံးဝ မခေါ်နဲ့၊ ဒီည ပြန်မလာဘူး"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၄၀]

"မပြန်လို့ မဖြစ်ဘူးလေ၊ ကိုယ့်အမေ ဒီလောက်ဖြစ်နေတ... အနိုတီ တစ်ယောက်တည်း မင်း စဉ်းစားကြည့်ဦး"

"ငါ သိတယ်၊ ဒါပေမယ့် ဖေဖေ့ထက် မြတ်ဖြူ က ပိုအရေးကြီ... နေတာ၊ ငါ ရှိနေရင် နားပူရမယ်၊ စိတ်ညစ်စရာတွေနဲ့ တစ်ည... ငုတ်တုတ်မေ့မှာ.."

သူ မသိဘဲ နေမလား၊ ညဘက်ဆို ကိုးနာရီခွဲကျော်တာနဲ့ အိ... အကူတွေလည်း နောက်က တန်းလျားမှာ ပြန်အိပ်ကုန်ကြပြီ..၊ မနေ... လေးနာရီမကျော်ချင်း အိမ်မှာ လူစိမ်း ဘယ်သူမှမရှိ..၊ စီးကရက်... ရှည်းသောက်နေလျက် သူ့အိပ်ရာပေါ်မှာ ခေါင်းအုံးတွေဆင့်ခုံပြီး လှဲ... သည့် ဘုန်းမီးနေ ကို လှစီ က ကြည့်ရင်း ခြေရင်းနားမှာ ထိုင်လိုက်...

"မင်းပဲ ကလေးကို 'ငါ သနားပါတယ်' ဆို.."

"အခု မသနားတော့ဖို့ ဆုံးဖြတ်လိုက်ပြီ"

"မင်းကလည်း သံယောဇဉ်ကို ဘူးဆို့တစ်ခုလို ဖွင့်လိုက်၊ ပိတ်... လိုက်လုပ်လို့ ရမလား။ ကလေးကို မင်း ချစ်တယ်ဆိုတာ ငါတို့အားလုံ... သိတယ်၊ ပြီးတော့ ရမက်ဖြူ ပလာဇာမှာ သတိမေ့သွားတုန်းကလည်း...





"လှစီ .. မင်း ဘာပြောမလို့လဲ၊ ငါ့ကို မင်းဆီမှာ ညအိပ်မှာ စိုး... လား"

"ဟာ .. ပြဿနာပဲ မီးနေ ရာ"

လှစီ ခေါင်းကုတ်၍ ညည်း၏။

နေကာ နဲ့ သူက မိဘတွေမှာ မြေကြီးဝန်းကြီးတွေနဲ့ တခမ်းတနား ...ပေမယ့် အတူမနေကြတာချင်း တူသည်။ သူက အိမ်မှာ မောင်နှမ ...ွေများပြီး အိမ်ထောင်တွေ ကျ၊ တစ်မိမ်းတွေဖက်လာကြတာကို မျက်စိ ...ကက်လို့ဖြစ်ကာ...

နေကာ ကတော့ တစ်ဦးတည်းသောသား ဖြစ်ပေမယ့် ဖအေက ...ကက်အိမ်ထောင်ပြုလိုက်သဖြင့် မိတွေးနဲ့ မနေလိုသူ..၊

ဟဲရိုး တစ်ယောက်ပဲ မိဘနဲ့လည်း နေသည်။ ဘန်ကောက်က ...လေးဆီမှာလည်း နေကာ သူငယ်ချင်းတွေ စုရုံးကြဖို့ဆို ချိန်းသာချိန်း ...တ်..၊ ဘယ်ဆီဘယ်ဝယ် ရောက်နေနေ အတိအကျ ရောက်အောင် ...၏။

ဘုန်းမီးနေ ခဏခဏ ရောက်လာပြီး ညအိပ်နေတတ်တာက ...တော့ သူ့ဆီမှာပဲ ဖြစ်လေသည်။

နေရာချင်းလည်း သိပ်မဝေး အပေါ်ဆုံးထပ်မှာလည်း ဖြစ်တော့ ...ဘက်ဆို ဝရန်တာကနေထိုင်ပြီး ရန်ကုန်မြို့ရဲ့ညကို ကြည့်ကြသည်။

ဂစ်တာတီး၊ ပိုးလိုးပက်လက်လှဲရင်း ဘယ်အချိန် အိပ်အိပ်၊ ဘယ် ...ရာနေနေ တစ်ယောက်တည်း အိပ်ရမည့်ညမှာ အပေါင်းအသင်းနဲ့ ...အားပြောရင်း အိပ်ရတာ ဘယ်သူ မကြိုက်ဘဲ ရှိမှာလဲ..၊

ဘုန်းမီးနေ ဒေါကန်သွားပြီမှန်း သိကာ ပြောချင်တာလည်း ဒီ ...ကြောင်းပဲမို့ စကားစ ပြန်ဆက်ဖို့ စဉ်းစားရင်း ခေါင်းက ...သားဘဲ ...တ်ပြီးရင်း ကုတ်နေမိတာ မပြီးနိုင်..၊



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းမီးနေ က စီးကရက် နောက်တစ်လိပ်ထုတ်၍ မီးညှိရင်း

"သူ့အကြောင်း ငါ့ကို ဘာမှမပြောနဲ့၊ ဒီလောက် ကမ္ဘာမ
မုန်းနေတဲ့ မိန်းမကို ပြေလည်ဖို့ ဘယ်တော့မှ မစဉ်းစားဘူး"

ပြေလည်ချင်စိတ်လေးတော့ ရှိနေသည်လား..၊ ကိုယ့်စိတ်ထဲ
ကြိတ်တွေးမိတာတောင် မရဲတရဲ..၊

စကားပြော ထပ်မှားသွားလျှင် ရုတ်ခနဲ ထပြန်သွားနိုင်တာမို့

"သူ့စိတ်ထဲမှာ ငါက သူ့ယောကျ်ားကို အကြိမ်ကြိမ်အခါခါ
ပေးခဲ့တယ်၊ သေတဲ့အထိ ဒုက္ခပေးထားတယ်၊ ငါ့လိုကောင်ကို က
က အကောင်းထင်ပြီး မရင်တွယ်စေရဘူး။ အဲဒါတွေနဲ့ ပန္နက်ရှထား
ငါ့ကို ဒီတိုင်း လက်ညှိုးထိုးပြောသွားတာ ရိုက်သတ်ပစ်ရရင် တစ်
တည်းပဲ"

မီးနေ လိုလူ ဒီလောက်ထိ အပြောခံလာခဲ့သည်ဆိုတော့
စိတ်မကောင်းတော့ ဖြစ်သွားမိ၏။

ရမက်ဖြူ ကလည်း ရမက်ဖြူ ပါပဲ..၊ သူ သက်ပြင်းတောင်
ဖြစ်လိုက်ဘဲ ဖုန်းဝင်လာ၏။

ဘုန်းမီးနေ စီးကရက်ကိုင်ထားရင်း ဖုန်းထုတ်ပြီး ဖွင့်လိုက်

"မေမေ ပြောလေ .. ဘာဖြစ်လို့လဲ"

မေမေ့အတွက်နဲ့ဆိုမှ ခေါ်ပါလို့ ပြောထားခဲ့တာမို့ မေမေ့ကို
ပူသွားခဲ့၏။ ဒါပေမယ့် မေမေ မဟုတ်..၊

"ဘုန်းမီးနေ .. ငါ ခေါ်တာ"

သူ့မျက်နှာတွေ တွန့်ခါက်သွားတာကို လူစီ ကလည်း သေ
လိုက်ကြည့် အကဲခတ်၏။

"ဘာကိစ္စလဲ"

"ငါ့သမီးလေး အရမ်းဖြစ်နေတယ်၊ နင် ဓာလောက် ပြန်





"မလာနိုင်ဘူး"

"ဟာ!.."

ဖုန်းကို ပြတ်သားစွာ ပိတ်ပစ်လိုက်သဖြင့် လူစီ 'ဟ'ခနဲ အသံ
ထွက်အောင် အံ့ဩသွားမိသည်။ ပြီးတော့ ဖုန်းပြန်ထည့်မည့်လက်ကို
ဆွဲထားကာ..

"မင်းကလည်း .. ဘာလဲ .. ရမက်ဖြူ မို့လား"

"ဟုတ်တယ်"

"သူကိုယ်တိုင်တောင် ခေါ်တာဆိုတော့ ကလေး တော်တော်
ဖြစ်နေဆိုးနေလို့လားမှ မသိတာ၊ ကိုယ့်တူမလေးပဲကွာ မင်းက
ညီး.."

"ဖယ်စမ်းပါ"

လက်ကို ပုတ်ချလိုက်ပြီး ဖုန်းကို အိပ်ရာပေါ် ဒီတိုင်းထားလိုက်

"သူ ပြောတဲ့စကားတွေ ငါ့နားထဲမှာ ခုချိန်ထိ စွန်ပေါက်နေတုန်း။
ဘာမှမသိဘဲ တနေခြင်းတရားတွေ ပြနေနဲ့ ဒီကလေးကို ငါက
ကိုနဲ့ပစ်မှ တူမ တော်ရမှာ၊ သူက ကိုယ်တိုင်မွေးထားတဲ့ အမေ
ဖြစ်လာမှာကို ဂရုမစိုက်ဘူးလို့ သူ ပြောခဲ့တာ သူ တည်ရမှာပေါ့"

"အေသအမှားဆိုတာ ရှိပါတယ်ကွာ.."

လူစီ ပြောနေတုန်း ဖုန်းက ပြန်ဝင်လာသည်။ ဘုန်းမီးနေ က
..၊ မကိုင်မချင်း ခေါ်ခေါ်နေပြီး ပြန်ခေါ်တာ သုံးကြိမ်မြောက်

"ပြော .."

"ဘုန်းမီးနေ .. ငါ့သမီးအတွက် ငါ့ရဲ့သိက္ခာ၊ မာနတွေကို နင်



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်သလို နင်းချေပါ၊ ကျေနပ်လောက်တဲ့စကားတွေနဲ့ ပစ်ပေါ လိုက်ပါ၊ သမီးလေး ကျန်းမာရေး ပြန်ကောင်းတဲ့အထိတော့..."

"ဒီမှာ ရမက်ဖြူ .. မင်းကိုယ်တိုင် လှမ်းခေါ်လိုက်ရင်တော့ ကောင် ရောက်လာမှာပဲလို့ မင်း တွက်ထားတာလား၊ မင်း ပြောခဲ့သ အကြင်နာတရား မရှိဟန်ဆောင်နေတာ မဟုတ်ဘူးဆိုတာ ငါ လက်တွေ့ပြမယ်"

"နေဦး .. ခဏ နေပါဦး .. သမီးလေး အခြေအနေ ဆိုးနေလို့ နင့်ကို ငါကိုယ်တိုင် ခြေသလုံးဖက် တောင်းပန်ပါ့မယ်၊ နင် ဘယ်မှာ အဲဒါလေး ပြောပြပါ"

"မလိုဘူး ယင်တယ်၊ ငါ ဘယ်မှာဖြစ်ဖြစ် နောက်ဆုံး ငါ့အိမ် ထဲမှာ ရှိနေရင်တောင် အဲဒီကလေးကို လာကြည့်မှာမဟုတ်ဘူး၊ နော ထပ် မဆက်နဲ့"

ဒီတစ်ခါ ဖုန်းကို တစ်ခါတည်း ပိတ်ပစ်လိုက်ပြီးမှ ချထားလို ၏။ ဘာတွေ ပြောကြဆိုကြတာမှန်း လူစီ ရိပ်မိနေသည်မို့ ဘယ် ပါဝင်ပေးရမလဲဆိုတာကို အပြေးအလွှား စဉ်းစားနေမိ၏။

နောက်တော့ ကလေးအတွက်ကိုပဲ မနေနိုင်၊ မထိုင်နိုင် စိတ် လာသဖြင့် ကိုယ့်ဖုန်းကို ဆွဲကာ နောက်ဖေးဝရန်တာထိ ထွက်၍ သူ့ရဲ့ ကွန်ဒိုတည်နေရာကို ပြောပြလိုက်သည်။

ပြောပြီးမှ ဖုန်းကို ပိဆုပ်ထားရင်း ဘုန်းမီးနေ အထင်လွဲမေ လို့လည်း တွေးပူမိ၏။ ဒါပေမယ့် သူ အကဲခတ် မညံ့ဘူးဆိုလျှင် ဘုန်း မီးနေ မှာ ရှိနေတာ အမုန်းတွေဖြစ်ဖို့ထက် ခေါသမာနတွေသာ ဖြစ် နေ၏။

ဘာဖြစ်ဖြစ် ကိုယ့်ဘက်က စေတနာသက်သက်ပါ..၊

စိတ်ခုံးဒုံးချ၍ အခန်းထဲ ပြန်ဝင်ခဲ့တော့ ဘုန်းမီးနေ မရှိတေ





စိတ်ပူသွား၏။ သူ့နောက် မယောင်မလည်လိုက်လာပြီး ထိပ်စ ပြောလိုက်တာ သိသွားလို့ ပြန်လစ်သွားတာလား..၊

ဒါ မဖြစ်နိုင်ပေ..၊ အလယ်အိပ်ခန်းတံခါးပိတ်ခဲ့ပြီးမှ နောက်ထိ ထွက်ပြောနေတာ ဖြစ်သည်။ ဒီတံခါး အပြင်ကနေတော့ ဘယ်လိုမှ ကြားနိုင်..၊ ခြေလှမ်းတွေ တလွှားလွှားနှင့် လိုက်ရှာရင်း အိမ်ရှေ့ ရှိတာကိုရောက်မှ ဘုန်းမီးနေ က တန်းမှာ လက်နှစ်ဖက်ထောက်၍ ဘက်ကို ငုံ့ကြည့်နေကာ..

"သတင်း ပို့ခဲ့ပြီလား"တဲ့..၊ တန်းခနဲမေးလိုက်တော့ လူစီ အံ့အား သွား၏။ ဘုန်းမီးနေ က သူ့နဲ့ မျက်နှာချင်းဆိုင် လှည့်ရပ်လိုက်ကာ..

"သူ လာခေါ်မယ်လို့ မင်း ထင်နေလား လူစီ"

"သူ ရောက်လာရင် မင်း နောက်ထပ် ရင့်ရင့်သီးသီး မရာပ်လိုက် ငါ တောင်းပန်ချင်တယ် မီးနေ ရာ..၊ ခုလို ငါ လုပ်လိုက်တာကို နားလည်ပေးပါ၊ မင်းကို ရမက်ဖြူ နဲ့ ချစ်စေ၊ မုန်းစေဖို့တွေ မပါပါဘူး၊ ကလေးအတွက် စိတ်ပူတာသက်သက်ပဲ၊ မင်းတုမကို ချစ်ပါတယ်၊ အဲဒီအချစ်တွေက မင်းတို့လူကြီးချင်း ထားခဲ့တဲ့ တရားတွေကြောင့် ပျက်စီးဆုံးရှုံးသွားမယ်ဆိုရင် သူက အိမ် ပြုလိုက်တာနဲ့ သားသမီးဆိုတာ ထပ်ရလာမှာပဲ၊ မင်းပဲ မင်း ကိုရဲ့ ရင်သွေးလေးကို ထာဝရ ဆုံးရှုံးရမှာ.."

သူ့ရင်ထဲမှာ ပူလောင်သွားသည်။ နူးညံ့ခြင်းတရားတွေ သူ ခံစား ခဲ့ပေမယ့် ဒီလောက်ထိတော့ တွေးမပူခဲ့ဘူးပေ..၊

သူ့မေးထားတာ၊ သူ့ထက် ငါ ပိုပြီး ပူပန်ဖို့ မလိုဘူးဆိုသည့် မာန ဖြတ်သားနိုင်ခဲ့၏။ ခုလည်း ဖြတ်သားချင်နေတုန်း..၊

"မီးနေ .. သူ လာခေါ်ရင် မင်း .."

"သူ မလာဘူး၊ ဖုန်းတစ်ချက်ဆက်ပြီး ငါ နူးညံ့ပြလိုက်တာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြီးသွားမှာပါလို့ သူ တွက်ထားတာ၊ ဒီမိန်းမကို မင်း လျှော့မတွက်

"မိခင်တစ်ယောက်ရဲ့မေတ္တာကွ .. မင်း ထင်သလို တစေ ခုံးရှုံးခံပြီးတော့ မာနကြီးနေမှာ မဟုတ်ဘူး၊ အဲဒါ ငါ ယုံကြည်တယ်

ထိုစဉ် ကြယ်မှုန်တွေ ဟိုတစ်စု ဒီတစ်စု ဖြန့်ခင်းနေသည့် ကောင်း ကင်ကြီးက မိန်းပိတ်အောင် မှောင်မည်းသွား၏။

ဟူးခနဲ တိုးဝှေ့သွားသည့် မိုးသက်လေကြောင့် သူတို့ ဆံပင် ပါ ဖျတ်ဖျတ်လူးသွား၏။

"မီးနေ.."

ခဏတိတ်နေပြီးမှ လူစီ က သူ့ပခုံးကို ဆုပ်ကိုင်လိုက်ကာ—

"ကလေးကို မင်း တကယ် စိတ်မပူဘူးလား"

ဘုန်းမီးနေ က သူ့လက်ကို ဖယ်ချပစ်လိုက်ပြီး မျက်နှာတစ်ရှေ့ ပြန်လှည့်သည်။ လူစီ က ခေါင်းကို ထပ်တိုးသွားခဲ့ပြီး အတူတူ မခုံ ယှဉ်ရပ်ကာ..

"မင်း ပြောသလို သူ တကယ်လာမှာမဟုတ်ဘူးဆိုရင်ရော သွားဖို့ စိတ်ကူးမရှိဘူးလား၊ ယောကျ်ားတစ်ယောက်က အရှုံး သလိုကြီး ဖြစ်နေတာ မကောင်းပါဘူးကွာ"

သူ ဖျတ်ခနဲ လှည့်ကြည့်၏။ လူစီ က မှောင်ရိပ်ကျနေသည့် မျက်နှာကို စိုက်ကြည့်ရင်း..

"မင်းကို ငါ ပြောတာ မဟုတ်ဘူး၊ ကလေးကို မင်း ချစ်နေတာ နောက်ထပ် စော်ကားမခံနိုင်လို့ ကာင်းနိုင်အောင် ကြိုးစား ဖိနှိပ် ထားလည်း ငါ သိတယ်၊ ဟိုက တကယ့်အခြေအနေကို မင်း သိ ဒီလို မင်း နေနိုင်မှာ မဟုတ်ဘူး၊ သွားရမှာချင်း အတူတူ လာပေါ်မှ ရင် အဆင်ချိုးသွားနိုင်တယ်"

နောက်ထပ် စိမ့်အေးသွားသည့်လေနှင့်အတူတူ မိုးစက်တွေ





၏။ ပြီးတော့ တဖေါ်ဖေါ် သွန်ချလာသဖြင့် သူတို့ အထဲပြန်ဝင်ခဲ့ကြ ကာ..

"ညှို့နက်နေပြီ၊ မင်း သွားမယ်ဆို ငါ လိုက်ခဲ့မယ်"

သူ့စိတ်တွေ ရှုပ်ထွေးနေသလောက် ကုတ်ချီထားသည့် မျက်နှာ က ထိဆက်လုလု ဖြစ်နေခဲ့သည်။

ရင်ထဲမှာ ဘယ်တုန်းကမှ မထည့်ခဲ့ဘူးသည့် သံယောဇဉ်ချစ်ခြင်း ၊ ဒေါသမောဟတွေနှင့် လုံးထွေးရစ်ပတ်နေတာ ရုတ်တရက် ဖြည် မလွယ်..၊

တီတီဆီတီခြင်းကို ဖုန်းသံက ဖျက်ဆီးလိုက်၏။ လူစီ ကိုင်ထား ည့်ဖုန်းကို ငုံ့ကြည့်ကာ..

"ရမက်ဖြူ .."

လို့ ပြောလိုက်ပြီး စပီကာဖွင့်ပြီးမှ နားထောင်လိုက်၏။

"ကိုလူစီ .. ကျွန်မ ကွန်ဒိုရှေ့ကို ရောက်နေပြီ၊ ဘုန်းမီးနေ ကို မ ပြောပါရစေ"

'သူ ရောက်နေပြီတဲ့'လို့ ပြောရင်း ဖုန်းကို သူ့လက်ထဲ ထည့်ပေး ည်။ နားထောင်လိုက်တော့မှ အပြင်မှာ မိုးသည်းနေသည့် ဆူညံသံ ရော စကားသံ မပီမသကိုပါ ကြားလိုက်ရသည်။

"ဘုန်းမီးနေ လား၊ ဟုတ်လား .. နင် တစ်ခုခုပြောရင် ငါ ကြား မဟုတ်ဘူး၊ အဲဒီက ကြားတယ်ဆိုရင် ဆင်းလာခဲ့ပါ၊ ငါ့တစ်ကိုယ် ရေတွေစိုနေလို့ နင် ဆင်းခဲ့ပါနော် .. ငါ့သမီးလေးအတွက် အရေး ကြီး ဖြစ်နေလို့ အခု ဆင်းလာခဲ့ပါ၊ ငါ နင် ကျေနပ်တဲ့အထိ တောင်း ပါမယ်"

ဖုန်းကိုင်ထားမှန်း သိနေသဖြင့် ရမက် တအား အော်ပြောနေမှ ည်။ ကားထွက်လာကာမှ မိုးရွာလာတာမို့ ထီးက မပါ..၊

www.burmeseclassic.com



ပါ့ကင်ထဲထိ ကားဝင်လာလို့ရတာတောင် ပါ့ကင်ကနေ ကွ
ခြေရင်းအထိ အကွာအဝေးက နီးနီးလေး မဟုတ်..၊

ထို့ကြောင့် တစ်ကိုယ်လုံး ရွှဲစိုကာ ချမ်းလည်း ချမ်းနေသည်
မိုးသံကို ထွင်းဖောက်အောင် အော်ပြောနေရသဖြင့် လည်ချောင်းမှ
ပါ နာလာ၏။ ဒါပေမယ့် နားထောင်နေသည်ဆိုတော့ မျှော်လင့်ချက်
တတွတ်တွတ် တောင်းပန်နေမိသည်။

သမီးလေးကို ဆုံးရှုံးလိုက်ရတော့မည့်အဖြစ်ဆိုးနှင့် ကြုံလာပြီ
ရမက်ဖြူ ဆိုသည့် သူမ ဘာနဲ့တူနေသလဲ..၊

"ဘုန်းမီးနေ .. ငါ ပြောနေတာ ကြားရဲ့လား၊ ငါနဲ့ ပြန်လိုက်

ခဏလေး နားထောင်ကြည့်ပြီး သူ ကိုင်ထားတဲ့ဖုန်းဆိုတာ သိ
ထပ်ပြောမိစဉ် သူမ ဖုန်းကို တစ်စုံတစ်ယောက်က ဆွဲယူသွား၏။

ကြည့်လိုက်တော့ ဘုန်းမီးနေ ..၊

"သွားမယ်"

သူလည်း ထီးမပါ။ နှစ်ယောက်စလုံး မိုးရေထဲကို ဖြတ်လျှောက်
ရင်း ကားဆီ လာကြတော့ ဘုန်းမီးနေ က သူ့ကားဆီကိုပဲ ဦးတည်
သွား၏။ ရမက် ကိုယ့်ကားဆီ သွားရမလား .. သူ့နောက် လိုက်ရမလား
တွေဝေကာ ခြေလှမ်းတုံ့သွားစဉ် လက်တစ်ဖက်ကို ဘုန်းမီးနေ က
ဆွဲခေါ်သွားခဲ့သည်။

နောက်ခန်းတံခါး ဖွင့်ပေးကာ ရမက် ဝင်ထိုင်လိုက်ကာမှ ရှေ့မှာ
သူ သွားထိုင်၏။ ဘေးခုံမှာ ပစ်ချလိုက်သည့် ဖုန်းနှစ်လုံးကတော့ ဖွင့်
လျှက်သားနှင့်မို့ စကရင်မ်တွေ လင်းနေခဲ့ပြီး..၊





## အခန်း [ ၃၀ ]

သူ နောက်သွားတော့ ဆရာဝန် မပြန်သေးပေ၊ ဖေဖေတို့အပြင်
ခိုသို့ လည်း ခပ်လှမ်းလှမ်းမှာ မတ်တတ်လေး ရပ်နေ၏။

မြတ်ဖြူ သည် ခုတင်ပေါ်မှာ ပိုက်တွေတို့လို့တန်းလန်းနှင့်၊ နဖူး
ပေါ်မှာ အုပ်အုပ်လေးကျနေတတ်သည့် ဆံမြိတ်တို့က ဖရိုဖရဲ ကျိုးတိုး
ကျဲတဲ ဖြစ်နေသည်။ ပိန်ကျသွားသဖြင့် နှာခေါင်းရိုးလေးက သိသာစွာ
ထင်းနေလျှက် မျက်လုံးမှိတ်ထားသောတဝိုက်မှာ ညိုနေ၏။

"သားငယ်.."

သူ ဝင်လာတာမြင်သည်နှင့် ကလေးလက်ဖဝါးလေးကို ဖွဖွလေး
ကိုင်ရင်း ထိုင်နေသည့် ဒေါ်သက်လျှာ က နေရာမှ ထရပ်၏။

ဖေဖေသည် စားပွဲဘေးမှ ကုလားထိုင်မှာ ထိုင်လျှက် တင်းမာ
သည့်မျက်နှာနဲ့ ကြည့်သည်။ သူ အားလုံးကို တစ်ချက်ပဲ ဝေ့ကြည့်ပြီး
မေမေ ထိုင်ခဲ့သည့်ခုံမှာ ဝင်ထိုင်လိုက်ကာ..

"အိပ်နေတာလား"

မေမေ့ကို မော့ကြည့်မေးတော့ မျက်ရည်သုတ်ရင်း ခေါင်းခါပြ၍..

www.burmeseclassic.com



"သား ထွက်သွားပြီးမှ မေမေ လို့ တစ်ခါပဲ ခေါ်တယ်၊ အဲဒီကတည်းက ဒီတိုင်းဖြစ်သွားတာ၊ ခေါ်ကြည့်တာ မထူးတော့ဘူး"

"ဒီတိုင်း ထိုင်ကြည့်နေလို့ ဖြစ်မလား မေမေ၊ ဒေါက်တာ .."

တဆက်တည်း ဒေါက်တာ့ကိုပါ လှမ်းကြည့်ကာ..

"ကလေးကို ဆေးရုံတင်ရမှာ မဟုတ်ဘူးလား"

"မှန်ပါတယ် .. ဒါပေမယ့် အန်ကယ်လ်က မိသားစုဆရာဝန် ဖြစ်နေလို့ မိသားစုရဲ့အခြေအနေကို သုံးသပ်ပြီး ကိုဘုန်းသော် ကိုကို မေကြည့်ထားတာပါ။ ဒီဝေဒနာမျိုးက စိတ်နောက်ကိုယ်ပါ ဖြစ်သွားတာမျိုး ရှိတတ်တယ်၊ ပြီးတော့ ကလေး ဒီလိုဖြစ်သွားတာ ရောဂါဝေဒနာ တစ်ခုခုတစ်ခုတာ မဟုတ်ဘူးလေ၊ ပွင့်ပွင့်လင်းလင်းပြောရရင် မောင်မင်းနေ ရဲ့အသံကို သူ ကြားချင်မှာပါ၊ အရမ်း စိုးရိမ်နေတဲ့စိတ်ကို ခဏလေး ထိန်းချုပ်ပြီး မင်း သူ့ကို စကားပြောကြည့်စေချင်တယ်၊ သူ့စိတ်တွေ မင်းရဲ့စကားသံနောက် ပြန်လိုက်မှာပါ"

"အစီမှာယ်မရှိတာ ဒေါက်တာ"

ဆရာဝန်ကို ရိုင်းစိုင်းသလို ပြောမိတာလည်း သူကိုယ်သူ သတိမထားမိ၊ အစကတည်းက နူးညံ့တာ၊ ယဉ်ကျေးတာတွေ မရှိတတ်ခဲ့သည့် ရင်ထဲမှာ ဆရာဝန်ပြောသည့် စိတ်ပိုင်းဆိုင်ရာနှင့်ပတ်သက်သည့် သဘောတရားတွေကိုလည်း လက်မခံနိုင်..၊

"ဒီမှာ .. ကိုယ်ထင်ရာ ကိုယ်လုပ်နေကြမှုမှာ ကလေး တစ်ခုခု ဖြစ်သွားရင် ဘယ်လိုလုပ်မလဲ၊ ဆေးရုံကို အမြန်ဆုံး ပို့နိုင်မှ သေချာမှာ.."

"သား .."

သူ ကလေးကို ရွှေ့ချီဖို့လုပ်ပြီးမှ ပြန်လှုတ်တာ လက်က ဗိုက်တွေကို မြှုတ်ဖို့ ဖြင်၏။ ခေါ်သက်လျှာ သူ့လက်ကို အမြန်ကတကန်း ဖိဆုပ်ထားလိုက်ကာ..





"မြေးလေးက သူ့ဦးလေးကို မျှော်လင့်မရနိုင်တော့နိုင်း သူ့အဖေ အဖြစ်ကို သိသွားပြီး တက်မရဲ့ ရှက်မပါဖြစ်သွားတော့ ဒေါက်တာ ပြောသလို နားထောင်လိုက်ပါ၊ ခဏလေး သည်းခံလိုက်ပါကွယ်"

"သမီးလေး .."

ရေစိုဝတ်လက်နှင့် အံကြိတ်ပေးကြည့်နေရင်း ဘယ်လိုမှ ဖြေမရနိုင်တော့သဖြင့် ရမက် ဟိုတက်နုတင်စပ်မှာ မြေးထိုင်ကာ ဆေးဝက်နေသည့် ကိုယ့်လက်တွေနဲ့လည်း မကိုင်ရဲတဲ့ မွေ့ရာခင်းကို ဖိဆုပ်ရှုမိလျက်...

"သမီးလေး .. မြတ်မြို .. သမီးရဲ့ဦး ရောက်နေပြီ .. သိလား၊ သမီးရဲ့ဘေးမှာလေ.."

"ရမက်မြို .. သမီး .."

ကိုယ့်ကိုယ်ကိုယ် တုန်ယင်နေမှန်း မသိအောင် ဖြစ်နေသည့် ရမက် ရဲ့ဝစ်းလေးကို လာဖက်ကာ ဒေါ်သက်လျှာ ချော့ရပြန်သည်။

"တစ်ကိုယ်လုံး စိုရွှဲနေတာပဲ၊ အကျီတွေ သွားလဲလိုက်ပါဦးကွယ်၊ ရကယ်လို့ မြေးလေးကို ဆေးရုံတင်ကြရမယ်ဆိုရင်လည်း အဆင်သင့် ဖြစ်အောင်လို့လေ"

ခေါင်းခါနေသည့် ရမက် ကို မီညို ပါ နှစ်ယောက်တွဲထူ၍ မရမက ခေါ်ထုတ်သွားခဲ့ကြသည်။

ဦးဘုန်းသော ခေနရာမှ ထလာတာ ဘုန်းမီးနေ ရှေ့ ခုတင်ဘေးမှာ ဝင်ထိုင်၍..

"မြေးလေးကို နိုးလေ .. မင်း ဘာလုပ်နေတာလဲ"

လူက လက်တွေ့သမားမို့ စာသံပေသံတွေနဲ့ တမ်းတကာရှာတွေ ရှက်ချင်၊ ဒါပေမယ့် စိုးရိမ်ခြင်းက တစ်ခုခုကို မဖြစ်မနေ လုပ်ရဖို့ပဲ ခွင်းပြနေတာမို့...



www.burmeseclassic.com

www.burmeseclassic.com



"မြတ်ဖြူ .. ဦး ရောက်နေပြီ သမီး."

ရင်ထဲက အလိုလို နူးညံ့သွားခဲ့ခြင်း ဖြစ်သည်။ နုတင်နှားကို ပိုတိုးလိုက်ပြီး ကလေးမျက်နှာနားမှာ နီးသွားအောင် ငုံ၍ ဆံပင်တွေကို လည်း သပ်တင်ပေးမိ၏။

ပခုံးလေးနှစ်ဖက်ကို ဖိဆုပ်၍ လှုပ်နိုးမိမလိုဖြစ်လိုက်၊ ပါးလေး တစ်ဖက်ကို ပွတ်နေမိလိုက်၊ လှုပ်ခါမိလိုက်..၊

"မြတ်ဖြူ .. ဦး ရောက်နေတာ သိရဲ့လား။ မျက်လုံးတွေ ဖွင့် လိုက်စမ်း။ မြတ်ဖြူ .. ဦး ခေါ်နေတာ ကြားလား။ ညည်းကို ဦး ဂရုစိုက် တီးပြီး သိချင်းဆိုပြမလို့ .. နားမထောင်ဘူးလား"

နိုးနေရင်း စိတ်က လှုပ်ရှားလာတာ မေးဖျားလေးကို ခပ်ဆတ် ဆတ် လှုပ်နေမိသည်။ ပြီးတော့ ပခုံးလေးနှစ်ဖက်ကို ဆွဲထူပစ်လိုက် ချင်သည့်စိတ်တွေ ဖြစ်နေမိစဉ်...

"မေမေ..."

"ဟော!..."

ရင်ဘတ်လေး မောက်ခနဲ လှုပ်ခါသွားပြီး မျက်လုံးမဖွင့်ဘဲ ခေါ်၏။

"မေမေ ရန်မဖြစ်ပါနဲ့..၊ ဦးကို မပြောရဘူး ဟီး .. ဟီး"

"သမီး .. သမီး မြတ်ဖြူ .. ဦး ရှိတယ်၊ ဦးကို ကြည့်စမ်း"

သူ စိတ်ထိန်းလို့မရတော့ဘဲ ကလေးရဲ့ ခေါင်းမှာ ခြေခြင်းထိုင်လိုက် ကာ မျက်နှာချင်းထိမတတ် ငုံ၍ တတွတ်တွတ် ခေါ်မိ၏။

"မြတ်ဖြူ .. မျက်လုံးတွေ ဖွင့်ကြည့် .. ဦး ရှိတယ်၊ ညည်း မေမေနဲ့ ဦး ရန်မဖြစ်ဘူးလေ"

သူ ပြောနေတာတွေကို မြတ်ဖြူ ကြားသွားပြီ ထင်သည်။ မျက် လုံးတွေ ဖွင့်ကြည့်လာခဲ့၏။ သူ့မျက်နှာကို မြင်နေလျက်နှင့် အကြာကြီး ငေးနေသည်။





ပြီးတော့မှ လက်ကလေးတစ်ဖက် ကြွတက်လာပြီး သူ့လည်ပင်း ကို ဖက်ထားလိုက်ကာ..

"ဦးကို မီးမီး ချစ်တယ်"

ရင်ထဲမှာ ဆူးတစ်ချောင်းလို နင့်ဝင်သွား၏။ ဖြူစင်စွာ တွယ်တာ နေခဲ့တဲ့ ကိုယ့်တူမအရင်းလေးကို မဟုတ်သည့်မာနတွေနှင့် သူ ဥပေက္ခာ ထားပြီး ကွယ်ရာမှာ သွားနေခဲ့မိသည်။

အကယ်၍ သူ နောက်ကျသွားခဲ့လျှင်...

ကလေးရဲ့ လက်ဖဝါးလေးကို လက်နှစ်ဖက်ထဲမှာ ထည့်ဆုပ်ထား ရင်း သူ့စိတ်တွေ ဘာကို ချောက်ချားနေခဲ့မှန်း မသိ..၊ မြတ်ဖြူ သည့် ဆရာဝန် လုပ်ကိုင် ညွှန်ကြားနေသမျှကို အရုပ်လေးတစ်ရုပ်လို ငြိမ် သက်စွာနေခဲ့လျက် မျက်ဝန်းလေးတွေက သူ့မျက်နှာထက်ကမခွာ..၊

ပြီးတော့ မျက်တောင်ဖျားလေးတွေ မှေးစင်းသွားလိုက် .. ပြန် ဖွင့်လာလိုက်နှင့် သူ့မရှေ့ကနေ ဘုန်းမီးနေ ပျောက်သွားမှာကို စိုးရိမ် နေမှန်း ဦးဘုန်းသာ သိနေ၏။

"မေမေရော .."

"သမီးလေး"

ရမက်ဖြူ အဖြူရောင်ဆွယ်တာလေးနှင့် ပြေးဝင်လာကာ ဘုန်း မီးနေ နှင့် မျက်နှာချင်းဆိုင်ဘက်မှာ ထိုင်လိုက်၏။

မြတ်ဖြူ ရဲ့မျက်နှာလေးကို ကိုင်မိပြီးမှ ဖျတ်ခနဲ လက်ပြန်ရုတ် ကာ ကိုယ့်ဖာသာ လက်ဖဝါးချင်းပဲ ထပ်ဆုပ်ထားလိုက်ပြီး...

"မေမေ ဝမ်းသာလိုက်တာ၊ သမီးလေး သတိရလာပြီ၊ နောင် ကို .. နောက်ကို အဲဒီလို မျက်လုံးတွေမှိတ်ပြီး မေမေ့ကို အကြာကြီး စိတ်ဆိုးမနေပါနဲ့ သမီးရယ်၊ သမီးလေး စိတ်ဆင်းရဲအောင် မေမေ မလုပ်တော့ဘူး... နော်.."



www.burmeseclassic.com

www.burmeseclassic.com



"မေမေ.."

"ဟင် .. သမီးလေး ဘာစားချင်လဲ .. မနက်ကျရင် မေမေ ဝယ်ကျွေးမယ်"

"ဦးနဲ့ မေမေနဲ့ ရန်မဖြစ်တော့ဘူးလား"

ထင်တာက တခြား၊ မေးတာက တခြား..၊

ဘုန်းမီးနေ နဲ့ ရမက် မျက်လုံးချင်းဆုံသွား၏။ ဘုန်းမီးနေ ၏ မျက်ဝန်းထဲမှာ ညှို့သက်ခြင်းတချို့ ဖြစ်တွန့်ချက် ထူးဆန်းစွာ မျက်နှာလွှဲ၏။

အမြဲတမ်း ရူးရူးရဲရဲ စိုက်စိုက်ရှိန်းရှိန်း ကြည့်တတ်သည့် မျက်လုံးတွေမို့ ရမက် အံ့ဩသွားမိသည်။

"မေမေ.."

"ဟင်၊... အင်းလေ .. မဖြစ်တော့ဘူး၊ သမီး စိတ်ချမ်းချမ်းသာသာ နေ၊ သမီး နေကောင်းလာရင် မုန့်တွေစားမယ်၊ လျှောက်လည်မယ်"

"ဦးကိုရော ခေါ်ခဲ့မှာလား.."

နောက်ထပ် လှည့်ကြည့်မိမလိုဖြစ်သွားသည့် မျက်လုံးတွေကို ဖြန့်ထိန်းကာ ရမက် မပီပြင်တော့သည့် အပြုံးလေးတစ်ချက်နှင့်...

"အင်းပေါ့ သမီးရဲ့.."

လေသံသာသာ ပေါ့ထွေးယဲ့ သမီးရဲ့အသံလေးကို သူမ မငြင်းရက်နိုင်..၊ တကယ်ဆို သူမရင်ထဲမှာ ဘုန်းမီးနေ ဟာ အမြဲတမ်း မီးတောက် တစ်ခု..၊





## အခန်း [၄၂]

"သားငယ် စောင့်ပါလိမ့်မယ်၊ သမီး ပင်ပန်းလှပါပြီ၊ ဟိုဘက်က တစ်ယောက်အိပ်ခုတင်မှာ သက်သောင့်သက်သာ သွားလှဲပါကွယ်"

"သက်သောင့်သက်သာ နေလို့လည်း ရမှာ မဟုတ်လို့ပါ အန်တီ၊ ဒီမှာ ရမက် တို့ သားအမိ အတူအိပ်နေကျပါ၊ ဒီမှာပဲ အိပ်ပါ့မယ်"

သိစေချင်တာက သူ စောင့်ဖို့မလိုဘူးဆိုတာပဲ ဖြစ်၏။ ဒေါ်သက်လျှာ က ရိပ်မိပေမယ့် ကလေးအတွက်ကိုပဲ ဦးတည်၍..

"မြေးလေးက ဆေးရှိန်နဲ့ ငြိမ်ငြိမ်နေတာလေ၊ နိုးလာရင် သူ့ဦးကို ခေါ်မှာပဲ၊ သမီး အကူများနေမှာပေါ့၊ သားငယ်က ဒီဘက်တံခါးနားမှာ ခုံဘက်ခံနဲ့ စောင့်လိမ့်မယ်"

သူ့ဆီကနေ ငြင်းသံမကြားရတော့ ရမက် ဒီအစီအစဉ်အတိုင်းပဲ သဘောတူခဲ့ရ၏။ နေ့ရော ညရော ပင်ပန်းနေခဲ့ရတာက ည သန်းခေါင်ကျော်တော့ ဒေါ်သက်လျှာ လည်း ဝင်လာမကြည့်နိုင်တော့ဘဲ အိပ်ပျော်သွားခဲ့၏။

ဟိုမဖြစ် ဒီမဖြစ် အနေအထားနှင့် ကျန်ခဲ့သူက ဘုန်းမီးနေ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကလေးအတွက် သူ နည်းနည်းတော့ ပြန်ပေးချင်သည်။ ထို့ကြောင့် ရမက်ဖြူ မစောင့်စေချင်မှန်းလည်း သိနေကာ ဒရင်းမ်ဘက်ခင်းထားပြီး တစ်ခါမှလည်း မထိုင်ဖြစ်ဘဲ အပြင်ထွက်လိုက်၊ စောဖြန်ဝင်လိုက်နှင့် အရှုံးတက်ခဲ့ရသည်။

"မေမေ .. မေမေ .. ဦးရော .. ဦး ဘယ်ရောက်သွားလဲ"

သူ ဝရန်တာဘက်က ပြန်လာခဲ့စဉ် ကလေးအသံကြားသဖြင့် ခြေလှမ်းတွေ ပိုမြန်သွား၏။

"ဦးရေ .."

"ဦး ရှိတယ်"

သူ ခုတင်နားရောက်တော့မှ ဘေးမှာ ကွေးကွေးလေး အိပ်ပျော်နေသည့် ရမက် ရဲ့ လက်တစ်ဖက် ဟိုစမ်းဒီစမ်းနှင့် မျက်လုံးတွေက မဖွင့်။

"သမီး .. သမီး .. ဘာလုပ်ချင်လို့လဲ.."

မျက်လုံးမဖွင့်ဘဲ မေးနေကာ လက်တွေက လျှောက်စမ်းနေသဖြင့် မြတ်ဖြူ ရဲ့ လက်ကလေးကို ဆုပ်ကိုင်ထားသည့် သူ့လက်ပေါ်ကို ဆုပ်ကိုင်လာ၏။

ဟင်!...

လက်တွေက ပူခြစ်လို့ပါလား..၊

ကလေးရဲ့ လက်ကလေးကို အသာလေး ထည့်ပေးလိုက်ဖို့ဟာ မမေးဖြစ်တော့ဘဲ သူမလက်ကို ဖယ်ချပစ်လိုက်ရ၏။

ရမက် မျက်လုံးမဖွင့်နိုင်ဘဲ ဒီတိုင်းပဲ ငြိမ်ငြိမ်သက်သက်လေး ပြန်ဖြစ်သွား၏။ သူမ မိုးမိပြီး အဖျားဝင်ပြီမှန်း သူ တွေးမိလိုက်သည်။

ကလေးကို စိုးရိမ်စိတ်နှင့် ကယောင်ကတမ်းတွေ ထ..ထ လုပ်နေပြီး ကိုယ့်ကိုယ်ကိုယ် အဖျားတက်နေမှန်းလည်း သိမှာ မဟုတ်..၊

တစ်အိမ်လုံးလည်း ပင်ပန်းပြီး အိပ်မောကျနေတုန်းပဲ ဖြစ်သည်။





ထိုင်းဆို မေမေ ဆွမ်းတော်ကပ်ဖို့ မိညို ဒီအချိန် အိမ်ပေါ်ရောက်နေပြီ ...။

ကျန်တဲ့လူတွေက မိုးလင်းမှ လာကြတာ..၊ ဒီနေ့ မိညို လည်း ...က်မလာနိုင်ဘူး ထင်သည်။

လူမမာ နှစ်ယောက်နဲ့ သူ ဘာလုပ်ရမှန်းမသိ ဖြစ်သွား၏။ မီး ...င်အောက်မှာ ခေါင်းအုံးနဲ့ ဖိကပ်နေသည့် ရမက် ရဲ့ မျက်နှာ တစောင်း ...းက နီရဲနေသဖြင့် အပြင်းဖျားနေပြီမှန်း သိသာ၏။

ဒါ သူနဲ့ သက်ဆိုင်သည့်ကိစ္စ မဟုတ်ပေ၊ သက်ဆိုင်သည်လို့ ယူဆ...း ကူညီချင်စိတ် ဖြစ်လာရင်တောင် ရမက်ဖြူ က သူ့အတွက် ရှောင် ...င့်သည့်မိန်းမ..၊ ဒီမိန်းမ အမြဲကြီးသည်။

ဒါကို သူ ကောင်းကောင်း သိခဲ့သည့်က ပလာစာမှာ ကလေး ...ကို တွေ့ခဲ့စဉ် ချက်ချင်းကြီး ဦးခိုက်ဝပ်တွားတော့မလို ဖြစ်ခဲ့ဖူးသည့် ...၏ ပြောင်းလဲမှုကြောင့်ပင်..၊

ကလေးနဲ့ပတ်သက်လျှင် တစ်လောကလုံးကို ခိန်ခေါ်ရဲသလို ...သူ့ရှေ့မှာ ဒူးတုပ်လည်စင်းပေးဖို့လည်း ဝန်မလေးတတ်တာမျိုး..၊

သို့သော် ဒီအချိန်မှာ ဒီလိုရှိခဲ့တာက ဟိုအချိန်မှာ ဟိုလိုဖြစ်ဖို့ ...ဟုတ်၊ သူမစိတ်က ဤသို့ ရှိလေသည်။

သူ့ရှေ့ကို ကလေးနဲ့ပတ်သက်ပြီး ဒူးတုပ် ခစားခဲ့ဖူးသည်။ ...က်နေကျတော့ လက်နက်ဆွဲ၍ စိန်ခေါ်ခဲ့၏။

မနေ့ညက သူမ ဤသို့ အောက်ကျ ခံခဲ့သည်ဆိုပြီး ဒီနေ့က် ...ရင်ထဲမှာ ပြေလည် ငြိမ်းချမ်းနေလိမ့်မည်လို့ ဘယ်သူ ထင်သလဲ..၊

သူကတော့ မထင်ပါ..၊

ရမက်ဖြူ အပေါ်မှာ နူးညံ့စိတ်တို့ မဖြစ်မိအောင် တွေးနေရင်း ...ရင်အတိုင်း မပြောင်းလဲဘဲ နေဖို့ ဆုံးဖြတ်ခဲ့တာတော့ ...



www.burmeseclassic.com

www.burmeseclassic.com



ကုပ်ကွေးနေသည့် သူမကိုယ်ပေါ်ကို လည်ပင်းနားထိ စောင်ခြုံပေးလိုက်မိသည်။ ထို့နောက် ခုတင်နားကခွာခဲ့ရင်း ဒရင်းမ်ဘက်မှ ထိုင်စောင့်ကြည့်နေသင့်သလား..၊ အပြင်ထွက် နေရမလား..၊

စိတ်တွေက ဘာကိုမှ ဆုံးဖြတ်ခွင့်မပေးဘဲ ဖြစ်နေခဲ့၏။ ဘာ ဖြစ်နေနေ ရမက်ဖြူ အနီးအနားမှာ နေချင်စိတ် မရှိခြင်းကြောင့် သူ အခန်းပြင်ကိုပဲ ထွက်ခဲ့မိကာ အဝေးကို မသွားတော့ဘဲ အသံကြား သည့်နေရာလောက်မှာ ခုံချထိုင်နေမိသည်။

ထိုအခါ သူ့အတွက် အဖော်က စီးကရက်မီးခိုးတွေပဲ ဖြစ်၏။

လူတစ်ယောက်ဟာ ဘယ်အချိန်တွေမှာ ပြောင်းလဲသွားတာ သလဲ .. ခဏခဏ ပြောင်းလဲနေတတ်သလား၊ တစ်ကြိမ်တစ်ခါပဲလား..၊

သူ့စိတ်တွေ ယိမ်းယိုင်နေမြဲကို သိသည်။ ဒါဟာ သွေးသား သံယောဇဉ်ပဲ ဖြစ်၏။ ကလေးနဲ့ဝတ်သက်ပြီး ပိုပြီး ပြောဆို ဆုံးဖြတ်နိုင် တဲ့သူဟာ ကလေးရဲ့မိခင်ပဲ ဖြစ်သည်မို့..

သူ့ကို မလိုလားမှုန်းတီးစွာရှိနေသည့် ရမက်ဖြူ နှင့် နောက်ထပ် ပဋိပက္ခတွေ ထပ်ရှိနေဦးမှာကိုလည်း ကြိုသိနေ၏။

သို့ဖြစ်လျှင် သူကသာ ပြောင်းလဲခဲ့ရပြီး သူမကတော့ မပြောင်းလဲ ဘူးလား..၊ ကိုယ့်ကိုယ်ကိုယ် ဘာတွေ ဖြစ်နေမှန်းလည်း မသိတော့ ပါ..၊

ခံစားချက် တစ်စုံတရာအတွက် ဒီလောက်ထိလည်း အချိန်ကုန် စိတ်ပင်ပန်းအောင် မတွေးခဲ့ဘူးတော့ ဘာတစ်ခုမှလည်း ရေရာတာ မရှိ..၊

စီးကရက်မီးခိုးတွေကို တငွေ့ငွေ့ မှုတ်ထုတ်ရင်း မျက်နှာကြက် ကို မော့ငေးနေတုန်း မျက်တောင်တစ်ချက်လေး စင်းကျသွားခဲ့စဉ်..

"ဒုန်း.."





လှုပ်ရှားမှုတစ်ခုနှင့်အတူ အသံကြောင့် သူ့မျက်လုံးတွေ ဖျတ်ခနဲ ပွင့်၏။

ရမက်ဖြူ ..

သူ ချက်ချင်းထကာ အခန်းတံခါးဝမှာ လဲကျနေသည့် သူမဆီကို ပြေးသွားမိ၏။

"ရမက်ဖြူ .. ဘာဖြစ်တာလဲ"

သူ့ကို ပွေ့ပိုက်တာ ဘုန်းမီးနေ မှန်း သိသည်။ မလိုလားစိတ်က ချက်ချင်းဖြစ်လာကာ ကိုင်ထားသည့်လက်တွေကို ဖယ်ချပစ်ဖို့ စိတ်ထဲ ဖြစ်သွားသည်။

ဒါပေမယ့် တစ်ကိုယ်လုံး မလှုပ်ချင်..၊ မျက်လုံးတွေက သဲတွေ ဝင်နေသလို ကျိန်းစပ်နာကျင်ကာ ဖွင့်ကြည့်တာလည်း မရ..၊

"ဒါ .. ဒါ့ကို ဆေးယူပေးပါ"

"ယူပေးမယ် .. အခု ခုတင်ပေါ် ပြန်သွားလိုက်၊ ဒါ့ကို ကိုင်ပြီး .."

မလိုလားမှန်းသိတော့ သူလည်း မထိကိုင်ချင်..၊ ရမက် ကြိုးစား ပြီး ထရပ်နေသော်လည်း ဘယ်လိုမှ မအောင်မြင်သဖြင့်..

"ဒါ ပွေ့သွားမယ် .. ဖြစ်လား.."

"အင်း.."

သူ ရမက် တစ်ကိုယ်လုံးကို ပွေ့ယူပြီး ထရပ်လိုက်မိစဉ် ဖျတ်ခနဲ သတိရလိုက်တာက သူမကို ပွေ့ဖြစ်ခဲ့တာ ဒါနဲ့ဆို သုံးကြိမ်မြောက်..၊ ရည်းစားလည်း မထားခဲ့ဖူးပါ။ မိန်းမတစ်ယောက်၏ နူးညံ့နွေး ထွေးသောကိုယ်ကို ရင်ခွင်ထဲမှာကပ်၍ သိမ်းကျုံး ပွေ့ပိုက်ရခြင်းမှာ ..

ပထမတစ်ခါက ဒေါသမောဟများနှင့်...

www.burmeseclassic.com



ဒုတိယအကြိမ်မှာ ကရုဏာစိတ်နှင့် ညှိသက်ခဲ့သည်၊

သုံးကြိမ်မြောက်မှာတော့…

တစ်ယောက်အိပ်ခုတင်ပေါ်မှာ သူမကို ချပေးလိုက်စဉ် မျက်နှာချင်း နီးကပ်သွားခဲ့၏။

သူလည်ပင်းက ရင်ဘတ်နားထိရှည်သော ချိန်းကွင်းတွေဖုံ့ပလက်တီနမ်ကြိုးက ရမက်ရဲ့ ရင်ဘတ်လှလှလေးပေါ်မှာ ပုံကျသွားသည်။

ပြီးတော့ ဝင်းစက်စက် မျက်နှာလေးမှာ အနီရောင်သမ်းနေခြင်းသည် ဖူးပြည့်သောနှုတ်ခမ်းသားတို့ကို ဆေးရေးထားသလို ရှိလျက်…

"ကျွတ်!…"

သူ ငေးနေရာကနေ သူမရဲ့ပခုံးအောက်မှာပဲ ရှိသေးသည့်လက်ကို ဆွဲထုတ်ကာ ဆတ်ခနဲ ကိုယ်ကို မတ်သည်။

တစ်ကိုယ်လုံး ထူပူရှိန်းပိန်းသွားသည့် ဆူပွက်ခြင်းကို တစ်ယောက်တည်း သတိထားမိပြီး ကယောင်ချောက်ချား ဖြစ်မိ၏။

မဖြစ်ရဘူး .. သူက မြတ်ထွဋ် ရဲ့ မိန်းမ..၊ သူမနဲ့သူက အပြီးအတေးတွေနဲ့ ရှိခဲ့ကြတာ..၊

"နင် အကြင်နာမရှိခဲ့တာကို ငါ ကျေနပ်တယ်"

"မသိတဲ့ကလေးက ဘုရားလို ကိုးကွယ်နေမှာ မမြင်ချင်ဘူး"

"နင်နဲ့ ငါ့သမီးက ဘယ်တော့မှ သင့်မြတ်ခွင့် မရှိတဲ့သူတွေ.."

သူ အခန်းပြင်ထိ တောက်လျှောက်ထွက်ခဲ့ပြီး ရမက်ဖြူ အော်ဟစ်ပြောနေသလို ပြီးခဲ့တာတွေကို ဒီတိုင်း ပြန်ကြားနေခဲ့၏။

ဆေးပစ္စည်းတွေထားတဲ့ ဗီရိုလေးဆီ ရောက်နေကာမှ ဘယ်ဆေးဘူးကိုမှ မကိုင်ဖြစ်ဘဲ အကြာကြီး ရပ်နေမိသည်။

အရင်လို မာနစိတ်တွေလား .. တစ်စုံတရာလား …၊





ဘာမှန်းတော့ မသိပေမယ့် နောက်ထပ် ရမက်ဖြူ ထံမှ ခါးသီးစွာ ထိုက်ခိုက်လာမည့် စကားသံတွေကို မကြားချင်ဘဲ ဖြစ်နေခဲ့သည်။

ဒါပေမယ့် ရမက်ဖြူ က ဆေးတိုက်တော့လည်း သောက်သည်၊ သူ စောင်ခြုံပေးတော့လည်း ငြိမ်သက်နေခဲ့လျက်…

"သမီးလေးကို ကြည့်နေပေးပါ … ငါ ဘယ်လိုမှ မရတော့ဘူး၊ အနံတို့ နီးမလာသေးဘဲ နင် ပြန်မသွားပါနဲ့.."

သမီးအတွက် သူမ တောင်းပန်နေပြန်ပြီ..၊

မတ်တတ်ရပ်နေရင်း ငုံ့မိုးကြည့်နေမိကာ ဘုန်းမီးနေ မျက်ခုံးနှစ်ဖက် တွန့်ကုတ်နေခဲ့၏။ ဘယ်အချိန်မှာ သူမ မျက်ဝန်းတွေ အေးစက်သွားမလဲ..၊

ထိုအချိန်ကို ကြိုတင်တွေး၍ မလိုလားသလို ခံစားမိလာခဲ့သည့် စိတ်တို့သည်..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၃၃ ]

ထောင့်မှန်မကျတကျ ရှိနေတာမို့ ဟိုဘက်ကပြတင်းပေါက်မှ ရပ်နေသည့် ရမက် ကို ဒေါ်သက်လျာ မြင်နေရသည်။

သူမ ကတော့ ရမက် မမြင်ရအောင် ခန်းဆီးနဲ့ကွယ်ပြီး ကြည့်နေ တာပါ။ ရမက် ဘာကိုလှမ်းကြည့်နေတယ်ဆိုတာ သူမလည်း မြင်နေ သည်။

ခြံထဲမှာ ဘုန်းမီးနေ နှင့် မြေးလေးတို့ ထိုင်နေကြသည်။ ခုံပေါ်မှ ဘုန်းမီးနေ ကထိုင်လျက် မြတ်ဖြူ က မတ်တတ်လေးကနေ ဘုန်းမီး နေ ရဲ့ ဒူးနှစ်ဖက်ကြားထဲဝင်ကာ ရင်ခွင်ထဲကို ကျောလေးကပ်မှီထား ၏။ အားနည်းနေသည်ဆိုပေမယ့် ကောင်းသင့်သည့်အချိန်ထက် ပို စောစီးစွာ နာလန်ထခဲ့ပြီး ဘုန်းမီးနေ လက်ထဲမှာပဲ အချိန်ပြည့် ...

ဒါကို အေးစက်စက်မျက်ဝန်းများနှင့် ကြည့်တတ်လာသည့် ရမက် ပုံစံကြောင့် ရင်ပူနေရခြင်း ဖြစ်သည်။

"ဘာတွေကြည့်နေတာလဲ သက်"

ဦးဘုန်းသာ အနားရောက်လာသည်။





ဘာတွေကိုကြည့်နေတာမှန်း မသိလို့ မဟုတ်ပေ၊ ထို့ကြောင့် ဒေါ်သက်လျာ မဖြေသေးဘဲ သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"အဲဒါတွေကို ခဏထားလိုက်ပြီး မင်းကျန်းမာရေးကို ဂရုစိုက် ဦး သက်..၊ လူမမာသုံးယောက်ဖြစ်ခဲ့တဲ့ ကြားမှာ မင်း ဘယ်လောက် ပင်ပန်းခဲ့သလဲ၊ ကိုယ့်စိတ်ကို ချမ်းသာအောင် မမွေးနိုင်ရင် မင်း ထပ်လဲ သိမ့်မယ်"

ဒေါ်သက်လျာ သည် ပြတင်းတံခါးမှ မျက်နှာလွှဲလိုက်ပြီး ဦးဘုန်း သာ ဘက်ကို လှည့်၍ ...

"ဒါထက် အရေးကြီးတာ ဘာရှိလို့လဲ အစ်ကို၊ မြေးလေး စိတ် ချမ်းသာဖို့အတွက် သူတို့နှစ်ယောက်က အရေးကြီးဆုံး"

"သားကတော့ သူ့တူမကို သိတတ်နေပါပြီ၊ သူ ပြောင်းလဲနေပြီဆို တာ ကိုယ် သိတယ်"

"ရမက် ကရော .."

ဦးဘုန်းသာ အသံတိတ်သွား၏။

"ဒါပေါ့လေ .. သူက သက် တို့ရဲ့သားသမီးမှ မဟုတ်တာ၊ ဒါပေ မယ့် သူ့ကို သက် ချစ်တယ်၊ သားငယ်ကို သူမုန်းနေလည်း သားကြီးကို ချစ်လွန်းလို့ပဲဆိုပြီး ခွင့်လွှတ်နိုင်တယ်၊ တစ်ခါတလေ စိတ်မကောင်း ဖြစ်မိတာက ..."

ဒေါ်သက်လျာ စကားရပ်ပြီး ပြတင်းပေါက်ဘက်ကို ပြန်လှည့် သွား၏။

"ကလေးအပေါ်မှာ ဒီ့ထက်ညာတာသင့်တယ်လို့ တွေးမိတဲ့အခါ သူ့ကို နေနိုင်လွန်းတယ်လို့ တွေးမိတယ်၊ သားငယ်က ဘယ်လိုမှ ပြောင်း လဲလာနိုင်ဖို့ မလွယ်ဘူးလို့ ထင်ရလောက်အောင် ရက်စက်ပြတ်သား ခဲ့တဲ့သူ၊ သူတောင်မှ ပြောင်းလဲလာခဲ့ရင် သမီးက မိခင်တစ်ယောက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အများကြီးတွေးမိရင် ပြဿနာတွေ ဖြစ်လာမယ်ကွာ၊ ထ
နိုင်သလောက် ပေါ့ပေါ့ပါးပါး ထားလိုက်ပါ၊ လူတိုင်းဟာ ကိုယ့်အ
တရားနဲ့ကိုယ် ရှိကြတာပဲ၊ သမီး ဒီမှာ ခုလိုနေတဲ့အတွက် ငါတို့ 
လေးနဲ့ ငါတို့ အတူနေခွင့်ရတယ်၊ အခု သားငယ် ပြောင်းလဲသွားတာ
ဒါ ကောင်းကျိုးဖြစ်လာတာတွေပဲ"

ဒေါ်သက်လျှာ ခေါင်းညိတ်လိုက်ပုံက 'ဟုတ်တာပဲ' ဟု တွေး
သွားတာမျိုး။

"ရမက် ရဲ့စိတ်ကိုလည်း ပြောင်းလဲမယ်၊ မပြောင်းလဲဘူးဆို
ဘယ်သူမှ မပြောနိုင်ပါဘူး၊ ပြောင်းလဲပြီး ပြေလည်ငြိမ်းချမ်းသွားကြ
အားလုံး စိတ်ချမ်းသာရမယ်၊ မပြောင်းလဲဘူးဆိုရင်လည်း တို့တွေ
အတိုင်း ဆုံစည်းဖြစ်ကြဖို့ ကံကြမ္မာဖန်လာခဲ့တယ်လို့ပဲ မှတ်လိုက်

ဒေါ်သက်လျှာ ခေါင်းပဲညိတ်နေကာ ဘာမှ ထပ်မံဝေဖန် ဆင်
ခြင်းတွေ ထွက်မလာခဲ့တော့ပေ..၊ တောင့်တ ဖန်တီးလို့ မရတဲ့
ကံကြမ္မာကို ပုံချ၍ နှလုံးအေးစေလိုက်တာ အကောင်းဆုံး..၊

လက်တွေ့နဲ့ သဘာဝက ဘယ်သောအခါမှ ထပ်တူမကျတာ
ပေမယ့် ...၊





## အခန်း | ၃၄ |

မျက်နှာလေးကိုပဲ အရိပ်တကြည့်ကြည့် ဖြစ်နေရတာမို့ သမီး
လေး မုန့်စားရင်း မျက်နှာလေး သိပ်မကောင်းတာကို အကဲခတ်မိသည်။

ဘာဖြစ်နေသည်ဆိုတာကိုတော့ ဒေါ်သက်လျှာ နှင့် ဘုန်းမိုးနေ
တို့ အခန်းရှေ့က ဖြတ်လျှောက်သွားမှပဲ သိလိုက်ရ၏။

"ဟယ်!... ဦး .."

စားပွဲစွန်းကို လက်ကလေးနှစ်ဖက်နှင့် ဖိဆုပ်ပစ်လိုက်ပြီး လှမ်း
ခေါ်လိုက်သလောက် အသံကကျယ်သွားသဖြင့် နှစ်ယောက်စလုံး လှည့်
ကြည့်ကြ၏။

"မြေး ..."

ဒေါ်သက်လျှာ ခြေလှမ်းတုံ့သွားသော်လည်း တမင်တကာ နောက်
ကျခံပြီး မနက်စာစားနေသည့် ရမက် မျက်နှာကိုပါ ကြည့်လိုက်ပြီးသ
ဖြစ်သွားသည်။ သူတို့သုံးယောက်က စားပြီးကြပါပြီ၊

ရမက် တစ်ယောက်ပဲ ကလေးကိုပါ ထွက်မလာဖြစ်အောင်
ဘယ်လို အလုပ်ရှုပ်ထားခဲ့မှန်း မသိ..၊



www.burmeseclassic.com

www.burmeseclassic.com



ခုလို သားအမိနှစ်ယောက်တည်း မြင်လိုက်ရမှ သဘောပေါက်သွား
တော့ ခြေလှမ်းက ဆက်လှမ်းရမလား၊ အခန်းထဲကို လှည့်လာရမလား

"ဦး ..."

ဘုန်းမီးနေ ကတော့ မျက်နှာပြန်လွှဲပြီး ရှေ့ကို ဆက်သွားခဲ့၏။ သို့သော် မြတ်ဖြူ နောက်ထပ်ခေါ်လိုက်သဖြင့် နောက်တစ်ကြိမ် ရပ်တန့်သွားခဲ့ပြန်သည်။

"ဦး .. မီးမီးနဲ့ မုန့်လာစားလေ၊ ဦးပဲ ညတုန်းက မနက်ကျလည်း မုန့် အတူတူစားမယ်လို့ ပြောထားပြီးတော့ ..."

ဒါကြောင့် မအေကို ပြောလည်းမပြောဘဲ တမျှော်မျှော် ဖြစ်နေတာကိုး..၊ ရမက် ကော်ဖီပန်းကန်ကိုင်ထားရင်း သမီးမျက်နှာလေးကို ကြည့်၍ နားလည်သွားသည်။

ထို့ကြောင့် ခေါ်သက်လျာ တို့ကို လှမ်းကြည့်၍ ...

"အန်တီတို့ အပြင်သွားတော့မလို့လား၊ ဒီမှာတော့ နားမှုကျနေတော့မှာပဲ"

ရည်ရွယ်လိုက်တာက ဘုန်းမီးနေ ကို ဖြစ်သည်။ ဒီတိုင်း လှည့်ဝင်လာမှာမဟုတ်တာကို သိနေသည်မို့ သမီးလေးအတွက် သူမကပဲ လမ်းဖွင့်ပေးလိုက်ရတာ ဖြစ်သည်။

"လာပါ သားရယ် .. မြေး ကျေနပ်သွားအောင် ခဏတော့ ထိုင်လိုက်ပါ"

မျက်လွှာချပြီး ပေါင်မုန့်ကြော်ကို ဖုံယူနေသည့် ရမက် ရဲ့ ရှည်တောင်ရှည်တွေကို သူ လွှတ်လပ်စွာ စူးစိုက်ကြည့်မိ၏။

တမင်မဆုံချင်လို့ ခွဲထွက်စားသောက်နေတာကို မျက်နှာပြောင်တယ်ဆိုသည့် မျက်ဝန်းတွေနဲ့တော့ အကြည့်မခံနိုင်..၊

ကလေးကြောင့် မတော်သာသည့်ခြေလှမ်းတွေက အထဲကို ဦး





တည်ရှိနေပေမယ့် နေးကွေးနေခဲ့သည်။

"ဦး .. ဒီမှာထိုင် .."

ချက်ချင်း ပြုံးကြည်သွားသည့်မျက်နှာလေးက ဘုန်းမီးနေ သူမ ဘေးမှာထိုင်ဖို့ စားပွဲကို လက်ဝါးလေးနဲ့ ပုတ်ပြ၏။

ထိုနေရာမှာထိုင်လျှင် ကလေးရဲ့ ဘယ်တစ်ဖက် ညာတစ်ဖက် ၌ နေရာယူသလိုဖြစ်ကာ မိဘနှစ်ပါးနှင့် တူသွားမှာ ဖြစ်၏။

မြတ်ထွေး ဆုံးသွားကတည်းက ထမင်းစားပွဲကိုပါ ပြောင်းပစ်ခဲ့တာမို့ မြတ်ထွေး ထိုင်နေကျနေရာဆိုတာမျိုးတော့ မရှိခဲ့ပေ၊ သို့သော်..

"ဦးက စားပြီးပြီ၊ ခဏပဲထိုင်မှာ"

လို့ ပြောလိုက်ပြီး ထိပ်ခုံမှာပဲ သူ ထိုင်ချလိုက်၏။ မြတ်ဖြူ မျက်နှာလေး ပျက်သွားတာကိုမြင်ကာ ခေါ်သက်လျာ စိတ်မကောင်းနိုင်။ အစ်ကိုကတော့ 'နေကြပါစေ၊ လိုက်ကြည့်မနေနဲ့' တဲ့။

ကလေးအတွက်က လူကြီးတွေရဲ့အပြောတစ်ချက်၊ တစ်စုံတစ်ရာသော အပြုအမူတွေကြောင့် ထိခိုက်ကြေကွဲဖွယ်တွေ ဖြစ်သွားရမှာ မဟုတ်ဘူးလား ..၊

"မြေးလေးက နို့ကုန်အောင်သောက်လေ .. ပန်းကန်လုံးလေးက သေးသေးလေးနဲ့ နည်းနည်းလေး ထည့်ထားတာ၊ တစ်ဝက်တောင် မကျသေးဘူး၊ ဒါလေးကုန်မှ အားရှိမှာပေါ့၊ မုန့်ရော .. စားပြီးပြီလား"

ခေါ်သက်လျာ အခြေအနေကို တစ်မျိုးသက်ရောက်သွားအောင် ဖန်တီးကြည့်သည်။ ဒါပေမယ့် ...

"မီးမီးက ဦးနဲ့ တူတူစားဖို့ စောင့်နေတာ .. ဦးက ဘယ်တုန်းက စားပြီးသွားတာလဲ၊ မီးမီးကိုလည်း မစောင့်ဘူး"

ဘုန်းမီးနေ ဒီဘက်ကို ခဏနည်းနည်း ရွှေ့ထိုင်လိုက်ပြီး ဘေးဘက်မှာ ဝတ်ထားသည့် အဖြူအနက်ကျားနှင့် လက်ပတ်နာရီကိုကြည့်ကာ ကုတ်



www.burmeseclassic.com

www.burmeseclassic.com



အငှဲ့အိတ်ထဲ ထည့်လိုက်၏။ ပြီးမှ မြတ်ဖြူ အတွက် လုပ်ထားသည့် ပူတင်းကို ဓားပါးလေးနှင့် လှီးချပေး၍ ...

"ဒါလေး နည်းနည်းစားပြီး နို့ကုန်အောင် သောက်လိုက်"

ဓာလေးကို ကျွေးနေရပေမယ့် မယုယတတ်သည့်မျက်နှာက ရှေ့ ဟပ်နေသကဲ့သို့ မျက်မှောင်ကုပ်၍ ရှုံ့တွတွနှင့်..၊

သူ ဘယ်လိုမျက်နှာနဲ့ပဲနေနေ မြတ်ဖြူ က ဒီအမူအရာတွေ တော့ ကျေနပ်ရှာပါ၏။ ဘုန်းမီးနေ လက်နှင့်ထိကိုင်လိုက်တာနှင့် အလွ စားချင်စဖွယ်ကောင်းသည့် စားစရာတစ်ခုလို ပူတင်းကို မြိန်ရှက်စွာ စား၏။

ပူတင်းစားရင်း နို့သောက်တော့ ပါးလေးနှစ်ဖက်စလုံး ဖောင်းရှ ကာ ရမက် နဲ့ ဘုန်းမီးနေ ကို တစ်လှည့်စီကြည့်ရင်း ပါးစပ်ထဲက စားနေတာတွေကို မြိုချကာ ...

"မေမေနဲ့ မီးမီး ရှစ်ရှင်သွားကြည့်မှာ..၊ ပြီးရင် ကန်တော်ကြီး ဥယျာဉ်ထဲ လျှောက်လည်မယ်၊ ဦး လိုက်ခဲ့နော်"

"မဖြစ်ဘူး .. ဒါ သွားစရာရှိတယ်"

"သားငယ် .."

ဒေါ်သက်လျှာ ချက်ချင်းပဲ ဝင်၍တားဆီးမိကာ ရမက် ရဲ့ မျက်နှာ ကိုပါ လှမ်းကြည့်၍ ...

"အတူတူလျှောက်လည်မယ်လို့ မြေးလေး နေကောင်းကတည်း က တတွတ်တွတ် ပြောနေတာကွယ်၊ ဒီတစ်ခါတော့ ကလေးဆန္ဒ လိုက်လျောလိုက်ပါ"

ပြောနေရင်း အကဲခတ်တော့ ရမက် က မျက်လွှာတစ်ချက်ချ ကြည့်ပြီး ငြိမ်သက်နေသောကြောင့် ...

"ပြီးတော့ သားတို့ပဲ ကတိပေးထားခဲ့ကြတာ၊ ကလေးက မျှော်





င့်နေမှာပေါ့"

ပြောပြောဆိုဆိုနှင့် ကိုယ်တိုင်ထလာပြီး မြတ်ဖြူ ကို ခုံပေါ်က ဆွဲချ၍ လက်ကလေးဆွဲခေါ်သွားရင်း ...

"မြေးကို လှလှတွေ ပြင်ပေးထားတာပဲ၊ အင်္ကျီလဲပြီးရင် ဖြီးဖြီး ဘွားဘွားကြီး ရွေးပေးတဲ့အင်္ကျီကို ဝတ်မှာမို့လား"

"ဘွားဘွားကြီး .. ဦး က မလိုက်ဘူးလားဟင်"

မေးတာကိုမဖြေဘဲ သူသိလိုရာကိုသာ မေးကာ မြတ်ဖြူ က နောက်ကို သမင်လည်ပြန်ကြည့်သည်။

ဒေါ်သက်လျှာ က မျက်နှာလေးပြန်ပါသွားအောင် ပခုံးလေးက ဆွဲလှည့်လိုက်ပြီး အပြင်ကိုထွက်သွားကာ ...

"လိုက်မှာပေါ့ မြေးရဲ့ .. အဲဒါကြောင့် ဦးက ကြာလို့ ဆူလိမ့်မယ်၊ မြန်မြန်လဲမယ်နော်"

စကားသံတွေက အခန်းထဲမှာကျန်ခဲ့လေသည်။ ဘာပဲဖြစ်ဖြစ် သမီးကို အတူတူသွားကြရမည်လို့ ပြောသွားတာပဲဖြစ်၏။ နှစ် ောက်တည်း တိတ်ဆိတ်စွာကျန်ခဲ့ပြီးမှ သူ ထရပ်လိုက်လျှင် ...

"ဘုန်းမီးနေ .."

"... ... ..."

"နင် သမီးကို ပြောထားတဲ့အတိုင်း ကတိတည်ပါ"

ရပ်နေရင်းကနေ ရမက် မျက်နှာကို ငုံ့မိုးကြည့်မိသည်။ မျက်လုံး ခဆုံပေမယ့် သူမ၏ ပြောဆိုပုံ၊ လှုပ်ရှားမှုတွေက အေးစက်စက် ောက်စီးဆန်နေသလို သူ ခံစားမိသည်။

ရမက် က နှုတ်ခမ်းနီဆိုးထားသည့် နှုတ်ခမ်းသားတို့ကို တင်းကျပ် စိကပ်သုတ်၍ နေရာမှ ထရပ်လိုက်ကာ ...

"တစ်ခုတော့ ရှိတယ်၊ ဘယ်မှာပဲနေနေ နင်ရယ် ငါရယ် သမီး

www.burmeseclassic.com



ရယ် သုံးယောက်မတွဲဖြစ်ဖို့ သတိထား ရှောင်ပေး"

"မရှောင်နိုင်ဘူး"

သူ ပြတ်ပြတ်ပဲပြောပြီး အိတ်ထဲထည့်ထားသည့် လက်ပတ်ကို ပြန်ထုတ်၍ လက်မှာ သေချာပြန်ပတ်လိုက်ရင်း ...

"ဘုန်းမီးနေ ဆိုတဲ့ကောင်က ကိုယ့်ကိုသတိဗိုလာတဲ့ ရန်သူကို တောင် သတိထား ကွေ့ရှောင်သွားဖို့ စိတ်မကူးဖူးဘူး၊ ကလေးရယ် မင်းရယ်၊ ငါရယ် သုံးယောက် တစ်တန်းတည်းဖြစ်သွားတော့ ဘာဖြစ် သွားနိုင်မလဲ"

စူးရဲသည့်မျက်ဝန်းတွေ ဆုံသွားကြ၏။ အပြင်းဖျားထားသည်ဆို ပေမယ့် ရမက် ရဲ့မျက်ဝန်းတွေက ဟိုတုန်းကထက် မှိန်ဖျော့သွားတာ မျိုး မရှိ။

"နင့်မှာ ဘာမှဖြစ်မသွားနိုင်ပေမယ့် ငါ့မှာ ပူလောင်တယ်၊ မီးနဲ့ သယ်ချွှားမှုဖြစ်မယ့်လမ်းဖို့ မဖြစ်မနေ ဆောင်သွားရမယ်ဆိုရင်တောင် နီးနီးနေတော့ အပူတပ်တာပေါ့"

ဘုန်းမီးနေ မျက်မှောင်ကုပ်လိုက်ခြင်းက မျက်လုံးတွေနှင့် မျက်နှာ တန်းဖို့ ထိကပ်နေပြီလားတောင် ထင်ရလေသည်။ ပြီးတော့ မှုံပစ်လိုက် ပြီး ဘောင်းဘီအိတ်ထွေထဲ လက်တွေထည့်၍ ...

"အဲဒီတော့ မီးဖိုဆောင်ရမယ့်ကိစ္စက မင်းကိစ္စမို့လား။ အပူခံနိုင် အောင် ကြိုးစားပေါ့၊ အတူတူသွားလာကြရင်း တစ်တန်းတည်း ရှေ့ နောက် ဒါမှမဟုတ် ဘေးမိတ်တိုက်မိတာလည်း ရှိလာဦးမှာ၊ အဲဒီ မတော် တဆတွေကို မင်းက ချုံကားနေရင် ရှေ့ကိုတယ်"

"အပွန်း ..."

ရမက် က သူ့မျက်နှာကိုစေ့စေ့ကြည့်ပြီး မေးဖျားလေးပင့်၍ ခေါင်း ညိတ်သည်။ မှဲ့ရှုံ့ပြီး ပခုံးတစ်ဖက်ပါ တွန့်၍ ...





"ဟုတ်ပြီလေ .. နင်က ဘုန်းမီးနေ ပဲ၊ ငါက နွားလားစချ သွား သုပ်မိတာကိုး"

"ဘာပြောတယ် .."

"ငါ ထပ်ပြောလိုက်ရင် နင်က လက်မပါတော့မှာလို့ ပြင်လိုက်တာ အား လုပ်စမ်းပါ .. ငါကလည်း ရမက်ဖြူ ပဲ၊ 'နွားလားစချ' ဆိုတဲ့ အားက ဒီနေရာမှာ အသင့်တော်ဆုံးမို့လို့ ပြောတာ၊ ဘယ်နှစ်ခါဖြစ် ဖြစ် ထပ်ပြောရဲတယ်"

ဘုန်းမီးနေ မျက်နှာ နီရဲလာ၏။ ရမက် က ဂရုမစိုက်မေး ပြင် ပင်ချင်စိတ်မရှိ၍ ဒီအတိုင်း ဖြည်ချထားသည့်ဆံပင်တွေကို မျက်နှာ သားမော့၍ ခါပစ်လိုက်ပြီး ...

"လူကြီးတွေကတော့ မသိပေမယ့် နင် ငါ့သမီးလေးအပေါ် မျက် တောင်တစ်ခတ်စာလောက် ပျာယာခတ်သွားတာကို ငါ နားလည်တယ်၊ ဒီရွှာနဲ့လေးတစ်ကောင်လို ဒေါသနဲ့ တစ်ချက်လွှတ် ရိုက်သတ်လိုက် မှ ဖုတ်လှိုက်ဖုတ်လှိုက်ဖြစ်နေတော့ သနားစိတ်လေးတစ်ချက်နဲ့ ပြန် ကြည့်တာမျိုး .."

"ရမက်ဖြူ ... မင်း တော်တော်တတ်နိုင်တဲ့ မိန်းမပဲလား"

ဒေါသနှင့် မခံမရပ်နိုင်ခြင်းကြောင့် ဘုန်းမီးနေ အသံက သွားကြား ညှိသံလို ဖြစ်နေ၏။ အံကြိတ်နေသဖြင့် မေးရိုးနှစ်ဖက်မှာ တင်းခဲ့ မျက် နှာ လွှဲ၀တ်လျက် ...

"ရမက်ဖြူ ဆိုတဲ့ နာမည်နဲ့ လိုက်တယ်၊ ရမက် ဆိုရင် ဖြူဖြူ ညည်းမည်း ဘယ်ရမက်မှ မကောင်းဘူးလို့ ငါပြောတုန်းက မြတ်ထွင်း က လက်မခံဘူး"

'စွဲလမ်းတပ်မက်စေတဲ့သဘောပါပဲ ညီလေးရာ၊ သူက ဗျှလည်း ချမ်းလှတယ်၊ ဒီနာမည်က သူနဲ့ အလိုက်ဖက်ဆုံး' လို့ပြောတဲ့အထိ



www.burmeseclassic.com

www.burmeseclassic.com



တော့ သူ ဆက်မပြောဖြစ်၊ ဒီလိုစကားတွေကို မြတ်ထွဋ် က သူမကို လည်း ပြောခဲ့ပုံရကာ သူ မပြောပေမယ့် သိနေသောမဲ့ပြုံးနှင့် ...

"နင် လက်ခံနေဖို့ပဲ လိုတာပါ၊ ရမက်ဖြူ က ချစ်သူနဲ့မုန်းသူကို ရေနဲ့မီးလို ခွဲခြားထားပြီးသား၊ ဘယ်တော့မှ ရောနှောမခံဘူး၊ အဲဒါကြောင့် နင်နဲ့ ငါတို့သားအမိ ခဏဖြစ်ဖြစ် မျက်တောင်တစ်ခတ် တစ်စက္ကန့်ဖြစ်ဖြစ် ဘယ်တော့မှ ရောနှောမှာ မဟုတ်ဘူး၊ တစ်ခုရှိတာက ငါ့သမီးနဲ့ပတ်သက်နေသမျှ ငါ ဘာမဆို ဖြစ်ပေးဖို့ရှိတဲ့အတွက် နင့်ကို မဖြစ်မနေ ခေါ်ပြော တောင်းပန်နေရဦးမှာလေ၊ မိန်းမတစ်ယောက် ခယတောင်းပန်လာမှာကို ကြိတ်ပြီး ကျေနပ်နေတာ မဟုတ်ရင်တော့ ချော့မော့ပြောရတဲ့အထိ ခေါင်းမမာနဲ့ပေါ့"

"တောက် ..."

"တက်မခေါက်နဲ့ ဘုန်းမီးနေ"

ခပ်မဲ့မဲ့လှောင်ရိပ်တွေ ဖျောက်ကွယ်ကုန်ကာ ထို တက်ခေါက်သံ က သူမမျက်နှာကို ပစ်မှန်သွားသကဲ့သို့ ရမက် ပါးလေးတွေပါ နီမြန်းလျက် ...

"အသက်ထွက်မတတ် ဖြစ်နေပါတယ်ဆိုတာတောင် ပြန်မလာဘဲ ငါကိုယ်တိုင်လိုက်ပြီး ခြေသလုံးဖက်ရတဲ့အဖြစ်ကို အလွယ်တကူ မေ့လိမ့်မယ်မထင်နဲ့ အဲဒီကစပြီး ငါ့ရင်ထဲမှာ နင့်အတွက် အမုန်းနယ် လွန်ပဲ၊ ငါ့သမီးကို နင် သေလောက်အောင် တောင်းပြနေလည်း အထင်မကြီးဘူး၊ နောက်ထပ် သေပြဦးမယ်ဆိုရင်တောင် စားပွဲသောက်ပွဲခင်းပြီး ထိုင်ကြည့်ပေးလိုက်မယ် သိရဲ့လား၊ နင့်ကို ငါ အဲဒီလောက်ထိ..."

ရမက် က သူမ ထိုင်ခဲ့သည့်ခုံကို ခြေထောက်နဲ့တိုးတိုက်ပြီး ထွက်သွား၏။ ဖြစ်ခဲ့သမျှသော ဒေါသတွေကို စုရုံးပွေ့ပိုက်ကာ ဘုန်းမီးနေ တောင့်မတ်စွာ ကျန်ခဲ့၏။





"မင်းတူမကို မင်း ချစ်ပါတယ်"

"တကယ်ဖြစ်နေတာ မင်း မြင်ရင်လည်း နေနိုင်မှာ မဟုတ်ပါဘူး"

"လိုက်ခေါ်မှသွားတဲ့ပုံစံဖြစ်သွားရင် အဆင်ဆိုးသွားမယ် မီးနေ"

"သွားလိုက်ပါကွာ.. သူလိုက်ခေါ်မှဆိုရင် မင်း မကောင်းဘူး"

လူစီ သူ့ကို သတိပေးခဲ့သေးသည်၊ သူလည်း ဒီတိုင်းတော့ မဖြစ်ချင်တာမို့ ဆုံးဖြတ်ချက်ချ ရှိခဲ့ပြီးဖြစ်သည်။

ဒါပေမယ့် သူမ ရောက်လာခဲ့သည်။

စားပွဲခုံမှာ လက်နှစ်ဖက်ထောက်လိုက်မိရင်း မျက်လုံးတွေကို မှိတ်ထားလိုက်တော့ မီးရေတွေစိုရွှဲနေသည့် ရမက် ဖုန်းပြောနေပုံက အာရုံထဲမှာ ပေါ်လာသည်။

ဖုန်းကို လက်နှစ်ဖက်နှင့်ဖိဆုပ်၍ ကျုံ့ထားသည့်ပခုံးလေးတွေက တဆတ်ဆတ်တုန်နေ၏။ တိုက်ခန်းရှေ့မှာ ကျောကပ်မိကာ သူ ကြားအောင် အော်ပြောနေသည့် စကားသံမှာ ရှိုက်သံတွေက မိုးသံတွေနှင့် လုံးထွေးနေ၏။

"ငါ့သမီးအတွက်ဆို ငါ ဘာမဆို ဖြစ်ပေးနိုင်တယ်" ဆိုတာ အပို ပြောမှန်း သူ နားလည်ပါသည်။ သူမ အခု ဒီလိုစကားတွေ ပြောထွက် သွားပေမယ့် ကလေးအတွက်ဆို သူ့ရှေ့မှာ ချက်ချင်းပြန်လှည့်လာပြီး ဒူးထောက်ရတဲ့သူ..၊

ဒါဆို သူကတော့ ဘာကောင်ဖြစ်နေပြီလဲ..၊

ဘုန်းမီးနေ ဟာ ဘယ်သူ့အပေါ်မှ ဘယ်လိုပဲ လွှမ်းမိုးအနိုင်ပိုင်းခဲ့ ပါစေ၊ ရမက်ဖြူ ဆိုတဲ့ မိန်းမရဲ့ပါးစပ်ထဲမှာ ဦးခေါင်း အမျိုးမျိုးပြောင်း နေရသည့် တိရစ္ဆာန်တစ်ကောင်..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၃၅ ]

"မင်းကလည်း ကလေးက မိသားစုအခွင့်အရေးလေးကို
မောလို့ ခေါ်တဲ့ဟာ၊ ငါ့ကို ဘာဖြစ်လို့ ဖုန်းဆက်တာလဲ"

သူ့ဘေးမှာ ထိုင်ချလိုက်ပြီး လူစီ က မေးသည်။ မေးရင်းနဲ့
နဲ့အတူတူ ပေါက်ပေါက်ဝယ်နေသည့် မြတ်ဖြူလေး ကို လှမ်းကြည့်

ရမက် က အနက်ရောင်ပေါ်မှာ အပြာစက်လေးတွေ ခပ်ကဲ့
ပြောင်နေသည့်ဝတ်စုံနှင့် မြင်နေကျအတိုင်း ကိုယ်လုံးကတော့
ကကြည့်ကြည့် ထင်းနေတာပင်။

မြတ်ဖြူလေး က မိုးပြာရောင် ထက်အောက်ဆင်တူ ဘောင်
ရှည်၊ လက်ပွလေးနှင့်၊ သူ့အမေလက်ပေါ်မှာ ချိတ်ထားရာကနေ ဒီ
ကိုပဲ လှည့်ကြည့်နေပုံက ဘုန်းမီးနေ ပျောက်သွားမှာ စိုးနေမှန်း
သာ၏။

ဘုန်းမီးနေကလည်း သိသည်။ ခဏခဏကြည့်တော့ သူ
ကြောင်း လက်ပြလိုက်ပြီး ...

"သူ့အကြည့်တွေကို ငါ မခံနိုင်ဘူး"





မေးပြီးတာ ကြာမှ အဆက်အစပ်မရှိ ပြန်ဖြေသည်။ လူစီ က
သူ့ကို စိုက်ကြည့်ကာ ...

"သူက အမြဲတမ်း ဒီအတိုင်းပဲ မဟုတ်ဘူးလား။ မင်း အဆင်ပြေ
အောင် နေထိုင်တော့မယ် စိတ်ကူးထားပြီဆိုလည်း ..."

"ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူး"

"ဟင်!..."

ဘုန်းမီးနေ က မြက်ခင်းပေါ်မှာ တင်ပလ္လင်ခွေထိုင်ရင်း စီး
အရက် ကိုင်ထားသည့်လက်တစ်ဖက်ကို ဒူးပေါ်မှာတင်လျက် ...

"သူပြောတာ မှန်တယ်လို့ ငါ့ဘက်က ပထမဆုံး မြင်ပေးလိုက်
တယ်"

"ဘာတွေလဲ..၊ သူ မှန်နေတယ်ဆိုရင် မင်း မှားတာပေါ့"

သူ ခေါင်းမညိတ်ပေမယ့် ခေါင်းမခါ..၊ ပြီးတော့ မိုးတစ်ညက
ပုလင်းထဲကို ဟိုတစ်ရ ဒီတစ်ရ ဝင်ဖွမစ်လိုက်ပြီး ...

"မင်းပြောတဲ့အတိုင်းပဲ အဲဒီညမှာ ငါ ခြေတစ်လှမ်း နောက်ကျ
သွားတဲ့အတွက် မှားခဲ့တာ .."

လူစီ နားလည်သွားသည်။

"အခု အတူတူထွက်လာပေမယ့် သုံးယောက် တစ်တန်းတည်း
ကျအောင် မနေဝါရဲတဲ့"

"ဒါကတော့ ..."

"ဦးရေ ..."

ပေါက်ပေါက်အူးကိုဝိုက်လျက် သူ့ကိုလှမ်းခေါ်လိုက်တော့ ဖိတ်
ခင်တျူကုန်တာတွေရှိလျက် မြတ်ဖြူ ပြန်ငုံ့ကြည့်နေစဉ် လူစီ နေရာမှ
ထ၍ ပြင်၏။

"ဘာပဲဖြစ်ဖြစ် ငါက ဘေးက အရှုပ်ထုပ်ကြီးဖြစ်နေတာ မနေချင်



www.burmeseclassic.com

www.burmeseclassic.com



ဘူးကွာ၊ နောက်နေ့မှ တွေ့ရအောင်၊ ငါ ပြန်မယ်၊ ကလေးကိုတော
မင်း ဂရုစိုက်လိုက်ပါ”

ဘုန်းမီးနေ အကြောင်းကို သိနေသဖြင့် ပြန်ခါနီးမှာ မှာခဲ့သေ
သည်။ သူကတော့ မဲ့ချင်သည့်မျက်နှာနှင့် ခေါင်းမညိတ် ခေါင်းမခါ

“ဦးရေ .. မေမေက ခဏထိုင်ပြီးရင် ရုပ်ရှင်သွားကြည့်မယ်တဲ့”

သူ နာရီကြည့်လိုက်ကာ ...

“ဆယ်နာရီထိုးတော့မယ်လေ၊ မမီဘဲနေမှာပေါ့”

“မေမေက ခေါင်းနည်းနည်းမူးလို့တဲ့”

လှမ်းကြည့်လိုက်တော့ ရမက် က နေရိပ်ကျနေသည့် တံတား
အစွန်းဘက်မှာ ခပ်နွဲ့နွဲ့လေး မှီရပ်နေ၏။

ထိုင်ခုံရှိသည့်နေရာတွေက လူတွေရှုပ်နေသဖြင့် တံတားပေါ်
သွားရပ်နေတာ ဖြစ်သည်။ တံတားပေါ်မှာတော့ အေးဆေးထိုင်လို့ရ
မဟုတ်ပေ၊ သူ ကလေးကိုပွေ့ချီလိုက်ပြီး တံတားဘက်ကို ကူးခဲ့သည်
ပြီးတော့ ကလေးကို ချပေးလိုက်ကာ ...

“မေမေ ထိုင်ချင်ရင် ဟိုဆိုင်မှာ လူရှင်းတယ်၊ သွားထိုင်လို့”

“ဦးက မလိုက်ဘူးလား”

မြတ်ဖြူ က သူတို့နှစ်ယောက်အခြေအနေကို ရိပ်မိနေသည့်
မျက်နှာလေးနှင့် သနားစဖွယ် ငေးကြည့်လျက် ...

“ဦးနဲ့ မေမေနဲ့ မခေါ်ဘူးလားဟင်”

“ခေါ်ပါတယ် .. ခေါ်လို့ အတူလာကြတာပေါ့”

“ဖေဖေဆိုရင် မေမေ နေမကောင်းဘူးဆို နဖူးကိုစမ်းတယ်၊ ခေ
လည်း တိုက်တယ်”

သူ မြတ်ဖြူလေး ရဲ့ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်၍ မျက်နှာလေး
ကြည့်ရင်း ပြုံးကာ ...





“ဦးက ညည်းရဲ့ဖေဖေမှ မဟုတ်တာ ..”

“မီးမီး သိပါတယ် .. ဘွားဘွားကြီးကပြောတော့ ဖေဖေ မရှိတော့
ဦးက ဖေဖေပဲတဲ့၊ ဖေဖေ မရှိတော့ဘူးဆိုပြီး ဝမ်းမနည်းရဘူးတဲ့၊
ရဲ့ဦး ရှိတယ်တဲ့”

သူ စိတ်ရှုပ်သွားလေသည်။ မေမေ ဒီစကားမျိုးတွေ ဘာဖြစ်လို့
လေးကို ပြောထားတာလဲ၊ ရမက်ဖြူ နဲ့ သူ့အခြေအနေကို မသိတာ
ည်း မဟုတ်..၊

“အဲဒါမျိုးတွေ ညည်းမေမေရှေ့မှာ သွားမပြောနဲ့ .. ဆူခံထိမယ်၊
လည်လား”

“မီးမီး အခု ပြောခဲ့ပြီးပြီ”

“ဟင်!...”

“မီးမီး ပြောလိုက်ပြီးတော့ မေမေက ခေါင်းကိုနှိပ်ပြီး ခေါင်းကိုက်
ယ်တဲ့၊ အခု မူးသွားတယ်၊ အဲဒါ မီးမီးကြောင့်လားဟင်”

ဘုန်းမီးနေ ငိုရခက်၊ ရယ်ရခက် ဖြစ်သွား၏။

ရမက်ဖြူ ကလေးကိုတော့ မဆူရက်၊ မမာန်ရက်နှင့် ဒေါသတွေ
ယ်လောက်ဖြစ်ပြီး ငယ်ထိပ်ထိ ဆောင့်တက်သွားသည် မသိ၊ သူ
လေးကို ပြန်ကောက်ချီရင်း ရမက်ဖြူ ရပ်နေသည့်နေရာအထိ
လျှောက်သွားမိကာ ...

“မင်း နေမကောင်းရင် အိမ်ပြန်လိုက်လေ၊ ကလေးကို ငါ ရုပ်ရှင်
ခိုက်ပြလိုက်မယ်”

နားထင်တစ်ဖက်ကို ဖိထောက်ထားသည့်လက်က ဖယ်သွားပြီး
က်နှာတစောင်းလေး သူ့ဘက် လှည့်လာ၏။

တင်းနေသည့်မျက်နှာက ကလေးကိုချီထားတာတွေ့တော့ ပြေ
မ်ခြင်းသို့ ပြောင်းလဲသွားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်"

"ဒါဆို ခုမသွားရင် ပွဲချိန်မမီတော့ဘူး။ မင်း နားချင်ရင် ဆယ့်နှ
ပွဲပဲ ကြည့်လိုက်တော့"

သူပြောတာကို နားခံချင်စိတ်မရှိပေမယ့် ခေါင်းတွေ ကျစ်ခဲနေ
ကျိုနေသဖြင့် ရမက် ငြိမ်နေလိုက်မိသည်။

"ညည်းက ဦးနဲ့ ဟိုဆိုင်မှာ မုန့်သွားစားမယ်၊ မေမေ နေမကော
လို့ ခဏစောင့်နော်"

"မှုတ် .."

ကလေးက သူ့ ဘာပြောပြော ကျေနပ်နေသည်။ သူ့ အနေ
ရှိနေတာကို အလိုရှိနေတာမှန်းလည်း သိပေမယ့် ထိုသူဟာ ဘုန်းမီး
ဖြစ်နေခြင်းအတွက် ရမက် စိတ်ထိခိုက်နေမိ၏။

လူဖြစ်ပြီး အသည်းနှလုံးမပါဘဲ မွေးဖွားလာခဲ့တာလား၊ တိရစ္ဆာ
တွေတောင် သူ့သဘာဝအလိုက် ခင်တွယ်ကြင်နာတတ်ကြသည်။ ဘုန်း
မီးနေ ကတော့ လူလိုမသိ၊ လူလို နူးညံ့ကြင်နာရမှန်းလည်း မသိတဲ့သူ

နောက်ထပ် ဘယ်အချိန်မှာ ဖောက်ပြန်သွားမလဲ .. သူမ ဘယ
လောက်အထိ ဒုးထောက်တောင်းပန်ရဖို့တွေ ရှိသေးလဲ..၊

ဒေါသနာကြည်းမှုတွေက ဝေဒနာကို ပိုတိုးစေလျက် တစ်ခေါင်း
လုံး ပိုးကောင်တွေ စုပြုံကိုက်ခဲနေသလို နာကျင်လာ၏။

အစ်ကိုတစ်ယောက်လုံးကိုတောင် သနားကြင်နာရမှန်း မသိ၊ ကိုယ့်
အတွက် စတေးခဲ့ရှာပါလားလို့လည်း ခံစားမိပုံမပေါ်ဘဲ 'သူဟာ
အနေအထိုင်မတတ်တာ'လို့ ပက်ပက်စက်စက် ပြောထွက်ခဲ့၏။

ဒီလိုလူက ကလေးကိုပွေ့ပိုက်နေတာ၊ မြင်ကွင်းက အကျည်း
တန်နေသလိုပင်။ သူ ဆိုင်ထဲဝင်သွားတဲ့အထိ စိုက်ကြည့်နေရင်း ကိုယ်
က တအိအိ ပျော့နွဲ့ကာ တံတားကိုပဲ ဝစ်စလက်ခတ် မှီချလိုက်ချင်





ခုချိန်မှာ တစ်ယောက်တည်း ကျကျနနထိုင်၍ ရေပြင်ကိုငေးရင်း
ငြိမ့်ငြိမ့်တိုးတိုက်နေသည့် လေနုအေးကို ခံစားချင်မိသည်။

"အစ်မ .. ကျွန်တော် ဒီနားမှာ ခင်းပေးမယ်နော်"

"ဟင်!..."

အနီးကပ် စကားသံကြောင့် လှည့်ကြည့်လိုက်တော့ သံပရာရည်
ခွက်နှင့် ကုလားထိုင်တစ်လုံးကို တစ်ယောက်စီ သယ်လာကြ
သည့် ဝိတ်တာနှစ်ယောက်..၊

သူမ နေရာနည်းနည်း ရွှေ့လိုက်တာနှင့် ဘာမှမဖြေရသေးဘဲ
တို့ဘာသာ နေရာချ၍ လက်ထဲကို ဖန်ခွက်ထည့်ပေးသွား၏။

ဘုန်းမီးနေ ခိုင်းလိုက်တာမှန်းသိပေမယ့် လူက မဟာန်နိုင်တော့
ဘဲ ကျေးဇူးတောင်တင်လိုက်မိသည်။

ဒီအချိန်မှာ ထိုင်လိုက်ရသည့်အရသာက ဘယ်အချိန်မှာ သာယာ
တာနဲ့မှ မတူ..၊

သူ့အစီအစဉ်အတိုင်း နောက်ထပ်တစ်မျိုး ပြီးခဲ့ရပြန်ပြီလို့ တွေး
ရင်း ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၄၆]

"နှင်ထင်သလို မဟုတ်ဘဲ ကလေးကို သူ တကယ်ချစ်နေတာ ဆိုရင် နှင့်သမီးဖြစ်ပုံနဲ့ လုပ်စရာတစ်ခုပဲရှိတယ် ရမက် .. ငါ ပြောရ မလား"

"မပြောနဲ့"

ရမက် ခေါင်းခါသွားတာကိုကြည့်ပြီး နွေး က ခေါင်းခါ၏။

"အိမ်ကလည်း နှစ်ခြမ်းကွဲဦးမယ်၊ သူ့စိမ်းတွေ ဖက်လာရင် သူ ဒီ့ထက်ပိုဆိုးမှာပဲ၊ ကလေးက ဖြူမှန်းမည်းမှန်းမသိ ဒီတိုင်း ခွဲလမ်းနေ ရင် သူများရဲ့အဖေ ဖြစ်သွားတာ ကောင်းမလား၊ ဖြတ်ဖြူ ရဲ့အဖေဖြစ် တာ ကောင်းမလား စဉ်းစားကြည့်"

"တော်တော့ နွေး .. ငါ အဲဒီလို သံတူကြောင်းကွဲတောင် မကြား ချင်ဘူး"

ပိုးထည်ဆိုင်ကို နွေး က တံကူးတက ရောက်လာပြီး ပြောတော့ ဒီအကြောင်း၊ ကိုယ်ကလည်း ကလေးနဲ့ သူ့အခြေအနေကို ပြောပြလိုက် မိသည်မို့ ...





"နှင် ငါ့စိတ်ကို သိသားနဲ့"

"သိလို့ ပြောနေတာပေါ့ ရမက် ရယ် .. နှင့်ယောက္ခမတွေက လည်း နှင်ပြောပြတာနဲ့တင် ဘယ်လောက် သည်းခံကြသလဲဆိုတာ တွက်ကြည့်လို့ရတယ်"

"ငါက ငါ့ယောက်ျားတစ်ယောက်လုံး ဆုံးခဲ့ရတာလေ၊ ငါ့သမီး လေး အဖေမဲ့ခဲ့တာရော .."

"ဘုန်းမိးနေ နဲ့ ငြိသွားလို့ ဒီအဖြစ်တွေ ကျန်ခဲ့ပေမယ့် ..."

"ကံတရားလို့ ပြောဦးမှာလား"

"မဟုတ်ဘူးလို့လည်း မငြင်းနိုင်ဘူးလေ၊ နှင်တို့ သုံးယောက်မှာ နှင်က မုဆိုးမဖြစ်ခဲ့ရတယ်၊ ကလေးက အဖေမရှိတဲ့ဘဝ ရောက်တယ်၊ မိဘမဲ့ဖြစ်ရတဲ့လူတွေဟာ ဝဋ်ကြွေးရှိခဲ့ကြတဲ့လူတွေပဲ ရမက် ရဲ့ .. နှင် ဒီလိုဖြစ်ရတာလည်း နှင်ပြုခဲ့တဲ့အကြောင်း မကောင်းတာပဲ၊ ဗုဒ္ဓဘာသာ တရားတော်မှာ တို့အားလုံးက 'အပေါင်းစား' တွေတဲ့၊ ပြုခဲ့တဲ့ ကောင်း မှု မကောင်းမှုကံပေါ်မှာ ရပ်တည်နေကြတာ၊ နောင်သံသရာ ကောင်းဖို့ အတွက် အခု ကြိုးစားနေကြရတယ်၊ ငါပြောချင်တာက သူ အသေ စောသွားလို့ နှမြောပေမယ့် ဒါ တခြားပယောဂကြောင့်ချည်းပဲလို့ တွက် လို့ မရဘူး၊ နှင်က မုဆိုးမဖြစ်ရမယ့်မိန်းမ၊ ကလေးက ဒီအရွယ်မှာ အဖေမဲ့ရမယ်၊ ဒါကြောင့် ဒီအရွယ်၊ ဒီအချိန်မှာ သေကိန်းရှိနေတဲ့ ယောက်ျားနဲ့ နှင် လက်ထပ်ဖြစ်ခဲ့တယ်၊ ဒါပဲလေ .. အဲဒါ ပဋ္ဌာန်းဆက် တွေပဲ"

"ငါ သီလရှင်ဝတ်ချင်အောင် နှင် ရည်ရွယ်နေတာတော့ မဟုတ် ဘူးမို့လား"

"ရမက် ရယ် .. လူဝတ်ကြောင်စွန့်မှ တရားသိတာ မဟုတ်ပါဘူး ဟာ၊ တို့ရဲ့ကိုယ်မှာ ပြန်ရှာကြည့်ရင် တရားကျစရာတွေချည်းပဲ၊ မွေး

www.burmeseclassic.com



လာကတည်းက ဖြစ်ခြင်းပျက်ခြင်းနဲ့ပဲ မဟုတ်ဘူးလား၊ ပွဖောင်းနေတဲ့ မိခင်ဗိုက်ကြီး ချက်ချင်းပြားသွားတယ်၊ အပြင်မှာ ကလေးက တဝါးဝါးနဲ့ ငိုတယ်၊ ကဲ .. မဟုတ်ဘူးလား"

ရမက် နှုတ်ခမ်းလေး ပြုံးယောင်သမ်းသွားသည်။

"ကလေးနဲ့ငြိလာပြီဆို နင်ပဲ အရှုံးတစ်ပိုင်းဖြစ်ရတာ၊ ကိုယ့်အတွက် မလိုအပ်ပေမယ့် ကလေးအတွက်ဆိုရင် နင် ခါးသီးနေတာတွေလည်း မျက်စိမှိတ် ခေါင်းညိတ်ရမှာပဲ၊ နင်က မိခင်ဖြစ်နေပြီလေ"

ဒါတွေ နွေး က သူမထက် ပိုသိနေမှာပါ၊ သူမက အပျိုစင်ကိုယ်က အိမ်ထောင်သည်၊ ကိုယ့်မှာ သောကဗျာပါဒတွေ ဝိုင်းနေရှိန် သူမကတော့ ယောဂီတဘက်လေး ပခုံးပေါ်တင်ပြီး ဘုရားသွား ကျောင်းတက် နေနိုင်တာတွေ ရှိခဲ့သည်။

နွေး တို့က အိမ်ရှေ့မှာ သီလပြေးယူပြီး နောက်မှာ တီဗွီရှေ့ ရောက်သွားတတ်တာ ရှိချင်ရှိမည်၊ စပ်စပ်စပ်စပ်တော့ ဘာမဆို သိနေ တတ်လေသည်။

"နင် မကြိုက်တာတွေပြောပြီး ဆရာလုပ်နေတာ မဟုတ်ပါဘူး ဟယ်၊ အခုလည်း ကလေးကြောင့် နင် စိတ်ချမ်းသာရလို့လား၊ ကလေးအများလည်း မအေမျက်နှာ ကြည့်ရ၊ ဟိုမျက်နှာကြည့်ရနဲ့လေ၊ နှစ်ယောက်စလုံး မချမ်းသာရမယ့်အတူတူ ကလေးအတွက် ပြန်ကြည့် သင့်တာကို ထောက်ပြတာပါ၊ အန်တီတို့လည်း သူ့သားက မကြည်၊ နင်က မကြိုက်နဲ့မို့လို့ မပြောရဲပေမယ့် ဒီတိုင်းဖြစ်စေချင်လို့သာ ကလေးကို ပြောပြထားတာနေမှာ၊ ဘုန်းမိုးနေ ကသာ ခွင့်တောင်း လာမယ်ဆိုရင် ..."

"မဖြစ်ဘူး နွေး .. နင် ပြောနေတာတွေကို ငါ နားလည်တယ်၊ နင့်ကို စိတ်လည်း မဆိုးဘူး၊ နင်လည်း ငါ့ကို ပြောရခက်လိုက်တာလို့





ထောင်ဖို့ ကြိုပြောပါရစေ၊ ဘုန်းမိုးနေ လိုကောင် ငါ့သမီးရဲ့ အဖေနေရာမှာ ဘယ်တော့မှ နေခွင့်မရှိဘူး"

"မမ .. ကိုဘုန်းမိုးနေ ရောက်နေတယ်"

"ဟင်!..."

စကားကောင်းနေတုန်း နှစ်ယောက်သား လှုပ်လှုပ်ရှားရှားဖြစ် သွားကာ နွေး က ထိုင်ရာကနေ ချက်ချင်းထရပ်၏။

"ငါ နောက်မှလာမယ် .."

လို့ ပြောရုံပဲရှိသေးသည်၊ ရမက် လည်း ခွင့်မပြုရသေးဘဲ ခန်းဆီး လေးပဲ ချထားသည့်အခန်းထဲကို ဘုန်းမိုးနေ ဝင်လာ၏။ ရှပ်လက်ရှည် အနီရဲရဲကို ဂျင်းဂျက်ကက်ထပ်ဝတ်ထားကာ ဂျင်းဘောင်းဘီရှည်နဲ့ ဖြစ်သည်။

စိတ်ကြောင့် အလိုလို ကြွမ်းပိုကြွမ်းတမ်းဖြစ်နေသည့် မျက်နှာက ရုပ်ဆိုးတာလည်းမဟုတ်ဘဲ ဘယ်သူ့ကိုကြည့်ကြည့် မိုက်ရိုင်းချင်သလို လို .. စိန်ခေါ်သလိုလို ..၊

အထဲဝင်လိုက်သည်နှင့် နွေး ဆီ မျက်လုံးတစ်ချက်ဝေ့ကြည့်ကာ ရမက် ထိုင်နေသည့်စားပွဲရှေ့ကို တန်းတန်းမတ်မတ် ဝင်လာ၏။

ကိုင်လာသည့် အနက်ရောင်သားရေအိတ်ကို စားပွဲပေါ် တင် လိုက်ကာ ...

"ဒီထဲမှာ ခြောက်ဆယ့်ငါးသိန်း"

"အဲဒါ ဘာလဲ"

"ဆိုင်က သိမ်းလာတာလေ .. သိမ်းနေကျ မဟုတ်ဘူးလား၊ အထဲမှာ စာရင်းတွေ လုပ်ပေးထားတယ်"

"ရမက် .. ငါ ပြန်မယ်နော်"

ရပ်မနေချင်တော့ဘဲ နွေး က ပြောလည်း ပြော ထွက်လည်း



www.burmeseclassic.com

www.burmeseclassic.com



ထွက်၊ ရမက် က လှမ်းကြည့်လိုက်ပြီးမှ သူ့ကို မျက်လုံးပြန်ရောက်ကာ—

"ဆိုင်ကကိစ္စတွေကို နင်ပဲ ဆက်လုပ်ပါ၊ ငါ မသွားဘဲနေခဲ့တာလည်း အဲဒီအတိုင်း ထားလိုက်လို့ပဲ၊ နောက်ထပ် ..."

"မင်းကို ဘယ်သူက ဖြုတ်ချ လွှဲပြောင်းရေးတာဝန်တွေ ပေးထားလို့လဲ"

"တာဝန်ပေးတာကို စောင့်နေဖို့မလိုဘူး ဘုန်းမီးနေ၊ အဲဒါ ဖြစ်သင့်တဲ့အတိုင်းပဲ၊ ဒီလုပ်ငန်းကို သူ ထူထောင်ခဲ့တုန်းကလည်း သူ့နာမည် တင်ခဲ့ပေမယ့် အန်တီတို့ ပံ့ပိုးပေးခဲ့ကြတာ၊ အခု သူ မရှိတော့ဘူးဆိုတော့ .."

"လင်မရှိတော့ရင် မယားရဲ့တာဝန် မဟုတ်ဘူးလား"

"ငါ တာဝန်ကိစ္စတွေ ပြောနေတာ မဟုတ်ဘူး"

"ပိုင်တာဆိုင်တာတွေ ငါလည်း စိတ်မဝင်စားဘူး ရမက်ဖြူ၊ မင်းဆိုင်ကို မလာစောတာ ငါ ဝင်ထွက်နေလို့မို့လား။ ငါကလည်း မင်း အသွားအလာမလုပ်ဘဲနေတာကို ဖေဖေတို့က ဆိုင်ကိုပစ်ထားပါနဲ့လို့ ပြောလွန်းလို့ သွားပေးနေတာ၊ အဲဒါ မင်းရင်ထဲမှာ ဘာရှိနေမှန်းမသိလို့ စိတ်အနှောင့်အယှက် မဖြစ်စေချင်တာမျိုးပဲ ရမက်ဖြူ၊ ပိုင်ဆိုင်မှုတွေ ဘာမှမပါတာ လုံးဝ သေချာတယ်"

ရမက် ရဲ့မျက်နှာလေးက တင်းနေရာကနေ သူ့ကို အေးစက်စက် ကြည့်ခြင်းသို့ ပြောင်းလဲသွားခဲ့ပြီး ...

"ဒါဆို ငါကတော့ ပိုင်ဆိုင်မှုတွေ ထိုင်တွက်ပြီး ရင်ဘတ်စည်တီး ဖြစ်နေတာပေါ့"

"မသိဘူးလေ"

"အဟွန်း .. မသိဘူးဆိုလည်း ပြောပြမယ်၊ အားလုံးကို စွန့်လွှတ်ဖို့အထဲမှာ ဖုန်းဆိုင်ကိုမပြောနဲ့၊ ငါ့ယောကျ်ားမရှိတော့တဲ့ 'ဘုန်းရိပ်'





အိမ်ကိုတောင် စွန့်ခွာသွားဖို့ ငါ ဆုံးဖြတ်ထားပြီးသား။ အားလုံးဟာ နင့်ရှိတဲ့အရပ်ကို မျက်နှာမမူချင်တာတွေပဲ"

ဘုန်းမီးနေ မျက်ခုံးနှစ်ဖက် တွန့်ခနဲ ကုပ်၏။ ပြီးတော့ သူမရဲ့ အားဆီတိုးလာကာ စားပွဲစွန်းမှာ လက်နှစ်ဖက်ထောက်လိုက်ပြီး...

"မင်းကိုတော့ ငါ အဲဒီလောက်ထိ မမုန်းခဲ့ဖူးဘူး၊ ဒါကြောင့် ကလေးနဲ့ပတ်သက်ပြီး ရှေ့ဆက် မပြေလည်ကြရင်တောင် စာကျက်ကျက်မဖြစ်အောင် ဆင်ခြင်ဖို့ ဆုံးဖြတ်ထားတယ်"

"ငါ့အတွက်ကတော့ ကလေးကြောင့် ရှေ့မဆက်ဖြစ်အောင် တားဆီးနိုင်ဖို့က အဓိကပဲ"

"ဒါဆိုရင် ကလေးကြောင့်ပဲ ငါ့ရှေ့ကို ဘာဖြစ်လို့ ရောက်လာသေးတာလဲ၊ ဒီကလေးကို ငါက ဂရုမစိုက်ရင်၊ ငါ ဂရုမစိုက်တာကိုလည်း သူက နားလည်သွားရင် အဲဒါ မင်းဖြစ်စေချင်တဲ့အတိုင်းပဲ မဟုတ်ဘူးလား"

ရမက် က သူ့မျက်နှာကို မော့ကြည့်နေရသည့်အဖြစ်ကြောင့် နေရာမှ ထရပ်လိုက်သည်။ ပြီးမှ ...

"အဲဒါ ဘာဖြစ်လို့လဲဆိုတာ နင် နားမလည်ဘူးလား ဘုန်းမီးနေ၊ ငါ့သမီးကို နင် ကြင်နာစေချင်လွန်းလို့ ငါ ကြိုးစားနေတာလို့များ ထင်နေသလား"

"မင်း ကြိုးစားခဲ့တာပဲ"

"ဒီဆေးနဲ့မှပျောက်မှာမို့ ဒီဆေးကို ပြေးရှာတာ၊ ငါ့သမီး အသက်ရှင်ဖို့အတွက်ဆိုရင် အဲဒီမသေဆေးပင်ဟာ အနန္တာယ်ထူပြောတဲ့ တောကြီးမျက်မည်းထဲမှာပဲ ရှိနေတယ်ဆိုရင်တောင် ငါ မသေမချင်းတော့ ရောက်အောင်သွားပြီး ရအောင်ရှာမှာပဲ၊ ငါ့သမီးအတွက် နင့်ကိုဆေး တစ်ခွက်လိုပဲ သဘောထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"လူတစ်ယောက်ရဲ့ မသေဆေးဟာ ဒီလူ မသေမချင်းလိုနေတာ
ရမက်ဖြူ၊ ကလေးအတွက် ငါက အမြဲတမ်း မရှိမဖြစ် လိုအပ်နေခဲ့
ရော .."

ရမက် က ဟွန့်ခနဲ မဲ့သည်။

"နင်က အဲဒီလိုဖြစ်စေချင်တာလား"

"ကလေးချော့တာ ငါ ဝါသနာမပါဘူး၊ ဒါပေမယ့် ဒီကလေး
ပတ်သက်ပြီး ငါ့မှာ အပြစ်ရှိတယ်လို့ယူဆမိတဲ့ နောင်တစိတ်လေး
နည်းဝင်ခဲ့တယ်၊ ကျန်တာ ဘာမှမပါဘူး"

ယုံကြည်တာလား .. မယုံကြည်တာလား ခွဲခြားရခက်သေ
မဲ့ပြုံးတစ်ချက် သူမ နှုတ်ခမ်းမှာဖြစ်၏။ ဘုန်းမီးနေ က ထိုနှုတ်ခမ်းအ
ကို ကြည့်၍ ကိုယ်ကို မတ်မတ်ပြန်ရပ်သည်။

"မင်းနဲ့ပတ်သက်ပြီး ဖေဖေတို့က အရမ်းကို အလိုလိုက်၊ အကြို
ထားခဲ့တာ ကလေးကြောင့်ပဲ ရမက်ဖြူ၊ မင်းတို့သားအမိရဲ့ ဘဝ အ
ဂတ်ဟာ ဒီမိသားစုနဲ့သာ သက်ဆိုင်တော့တယ်လို့ သတ်မှတ်ခဲ့ကြ
ကလေးကို ခွဲထုတ်သွားဖို့ မင်း မကြိုးစားပါနဲ့"

"နင်က ခြိမ်းခြောက်တာလား"

"ခြိမ်းခြောက်တာက တကယ်မလုပ်ရဲတဲ့လူတွေ လုပ်တဲ့အလု
ပါ၊ အဲဒါမျိုး ဝါသနာမပါဘူး"

"တကယ်ထွက်သွားမယ်ဆို ဘာလုပ်ချင်လို့လဲ"

မကြောက်တတ်သည့် မျက်ဝန်းတစ်စုံနှင့် ရက်စက်နိုင်သ
အကြည့်တွေ ဖျတ်ခနဲ ဆုံ၏။ ဒါပေမယ့် ဘာမှ သေချာမသိလိုက်ရ
ဘုန်းမီးနေ က လှည့်ထွက်သွားခဲ့၏။

"ဒီမှာ ..."

ခေါ်လိုက်တော့ သူက ပြန်ငုံ့ကြည့်၏။





"နင် ခရီးသွားမလို့လို့ ပြောသံကြားတယ်၊ သမီးရဲ့မွေးနေ့ပြီးမှ
သွားပါ"

ဘုန်းမီးနေ က ဆက်ကြည့်နေပြီးမှ သူမဘက်ကို ခပ်စောင်း
စောင်း ပြန်လှည့်ရပ်ကာ ...

"ကလေးအတွက်ဆို ဘယ်လိုနေရာဖြစ်ဖြစ် မင်း ရအောင်သွား
မှာပဲ ဆို၊ ငါက မသေဆေးဖြစ်နေတော့ မင်း လိုက်လာခဲ့ပေါ့"

ပြောပြီးတော့ လူကိုစိုက်ကြည့်ပြီး ပြုံးလိုက်တာက မဲ့ပြုံး...၊

"တောက် ..."

ဒါကို အန်တီတို့ဆီမှာပဲ မေးပြီး ပြောပြထားလိုက်ရင် ရရဲ့သားနဲ့...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၃၄]

မိုးတွေ အုံ့မှိုင်းနေကတည်းက တအားရွာတော့မှာကို သိသည် ထို့ကြောင့် ကားမောင်းရင်း ထိုးရပ်သွားတာကို ဆီပျောက်မီးမှော တောင် ကြည့်မနေတော့ဘဲ ဝပ်ရှော့ကို ဖုန်းဆက်ပြီး ထားခဲ့လိုက်

တက္ကစီငှားပြီး သိပ်မကြာလိုက်ခင် မိုးစက်တွေ သွန်ချလာ သည်။ ပီကေဝါးနေရင်း နားကျပ်ပါတပ်လိုက်ကာ အကျအနမှိ၍ သီချ နားထောင်နေလိုက်သည်။

"ဘယ်ကိုလဲ ညီလေး"

"သုဝဏ္ဏကနေပတ်ပြီး မြို့ထဲကိုပဲ မောင်း .."

ကားဆရာက ခေါင်းညိတ်၏။

"ခင်ဗျားကားက အဲကွန်းမပါဘူးလား"

"ပါတော့ ပါပါတယ်၊ ဂက်စ်ကုန်နေလို့ .."

"ဒါဆို ရှေ့တံခါးဖွင့်လိုက်ပါ"

"ဟာ ... ဆိုဖာတွေစိုကုန်မှာပေါ့ ညီလေးရာ၊ မိုးရေတွေ ဝင် မှာလေ"





"အဲဒါပြန်ခြောက်အောင် ခင်ဗျား လုပ်ပေါ့၊ တံခါးတွေ အလုံပိတ် ပြီး ဒီလောက်လှောင်နေတာ ဘယ်လိုလုပ်နေမလဲ၊ မှန်တွေမှုန်ပြီး အေး ဆိုလည်း ဘာမှမမြင်ရတော့ဘူး"

ကားဆရာ တစ်ခုခုပြောတော့မဲ့လို့၊ လုပ်တော့မလို့နှင့် ခဏငြိမ် သွား၏။ ပြီးတော့မှ ...

"အဲကွန်းဖွင့်ကြည့်လိုက်မယ်နော်၊ နည်းနည်းပါးပါးတော့ ရဦး မယ် ထင်ပါတယ်"

အဲကွန်းဖွင့်လိုက်တော့ ပီကေဝါးနေရင်း ဘုန်းမီးနေ ပြုံးသည်။ ဘာခကျတော့ နှင့်လောက်အောင်ယူပြီး ရရင်ရသလိုနေကြတာ အဲဒီ ..၊ သူ သေချာပြန်မှီ၍ မျက်လုံးတွေ ရှေ့ကိုရောက်သွားစဉ် မြင်လိုက် သည့် တစ်စုံတစ်ယောက်ကြောင့် မျက်မှောင်ကုပ်သွားခဲ့၏။

ရမက်ဖြူ ...

အဖြူရောင်ဝတ်စုံနဲ့ ဖြစ်သည်။ လွယ်ထားသည့်ဆလင်းဘက်ခ် ..လည်း အဖြူဆွတ်ဆွတ်၊ ထီးဆောင်းထားပေမယ့် မိုးက လေပါနေ အဖြင့် ထီးကလည်း မငြိမ်၊ မိုးရေတွေက ပက်၊ သူမကိုယ်မှာ မိုးရေတွေ ..ဲ ဖြစ်၏။

"ကားဆရာ .. ဟိုရှေ့ကအမျိုးသမီး ကားတားရင် ရပ်ပေးလိုက်ပါ"

မိုးရေတွေကြောင့် တအိအိ သွားနေရသည့်ကားက သူမ ရပ်နေ သည့်ဘက်ကိုတိမ်းသွားကာ သူမကလည်း ကားမရပ်မှာစိုးသလို လမ်း ပေါ် ရောက်အောင် ခြေလှမ်းပြင်၍ တားလေသည်။

ထိုပြင် ကားရပ်သည်နှင့် ဘယ်ကိုဘာညာ ဈေးမေးခြင်း၊ ဈေး ..ခြင်း ဘာမှမလုပ်ဘဲ ကားထဲကို တန်းဝင်၏။ ထီးကို လှည့်ပိတ် ..မှ ထီးက ဘာဖြစ်မှန်းမသိဘဲ ဆောင့်ဆွဲလိုက်တော့ ..ကိုင်ဘု လေး ပြုတ်ထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"တောက် ..."

တစ်ယောက်တည်း စိတ်တိုတက်ခေါက်ကာ ခြေထောက်ဖြေ ရော၊ ထိုးရော တည့်တည့်လှည့်ထိုင်လိုက်ပြီး တံခါးပိတ်၏။

"ရပြီ .. ရပြီ၊ မောင်းတော့"

လို့ ပြောပြီးမှ ဒီဘက်ကို ငဲ့ကြည့်လိုက်မိ၏။

"ဟင်!... နင် ..."

"နင်ပါလာရဲ့သားနဲ့ ဘာဖြစ်လို့ ကားရပ်ပေးတာလဲ"

"မင်း ကားငှားချင်နေမှန်း သိလို့ပေါ့၊ ဒီနေရာမှာ တက္ကစီတွေ အလာကျဲတယ်"

ရမက် မကျေမနပ် မျက်မှောင်ကုပ်နေဆဲ၊ ပန်းအောက်က ဆံပင် လေးတွေငါ ရေမစိုပေမယ့် စိုနေသည့်အကျီရင်ဘတ်ပေါ်မှာ တချို့ တလေ မညီမညာ ဆင်းနေကြ၏။

အဖြူရောင်အကျီသည် ခပ်ပါးပါးလေးဖြစ်နေလျက် ရေစိုနေ တော့ အတွင်းခံအကျီကို ဒီတိုင်းမြင်နေရ၏။ သူမရဲ့ အလှအပ အချိုး အဝန်းတွေကို ကြည့်လိုက်တာတော့ မဟုတ်ပါ..၊ သူ့ မျက်လုံးရောက် သွားတာက ရေစိုနေတော့ သူမ ချမ်းနေသလားဆိုသည့် ပထမအတွေး နဲ့ ဖြစ်၏။ နောက်ထပ် ငြိတွယ်သွားခဲ့တာကတော့..၊

"ငါ ဆင်းမယ်၊ ကားဆရာ .. ရပ်ပေးပါ"

ရမက် နှုတ်ခမ်းလေး ကိုက်ပစ်လိုက်ပြီး တံခါးကိုကိုင်လိုက်လျှင်—

"မဆင်းနဲ့ .."

"နင် ငါ့ကို မကိုင်နဲ့ .. ဖယ် .."

ဖိဆုပ်ပစ်လိုက်သည့်လက်ကို ဘယ်လိုခါချပစ်လို့မှ မရ..၊ ဘုန်းမီး နေ က ဆုပ်ကိုင်ထားသည့်အပြင် သူ့ဘက်ကို ဖိဆွဲထားလိုက်ကာ—

"မိုးတွေ ဒီလောက်သည်းနေတာ ဘာအရူးထတာလဲ"





"ဟုတ်တယ် .. သူများ ဘဏ္ဍာရှူးဖို့အတွက် ထိုင်ပြီး ကိုယ်ဟန်ပြ နေချင်လို့၊ အရူးဖြစ်ဖြစ် .. အပေါဖြစ်ဖြစ်၊ ကားဆရာ .. ရပ်လိုက်ပါ"

ကားက ချက်ချင်း ဘေးကိုစောင်းချသွားပြီး အရှိန်လျှော့၏။

"မရပ်နဲ့ ဟိတ်လူ၊ ဆက်မောင်း .."

ဘုန်းမီးနေ က ပြောလိုက်ပြီး ရမက် ကိုယ်လေး သူ့ဘက်ကိုယိုင် အောင် ဆောင့်ဆွဲပစ်လိုက်သည်။

"အတင်းဆွဲချုပ်ပစ်မှာနော် ရမက်ဖြူ၊ တားနေတာကို ဖွတ်မလုပ် ထားလည်း လွယ်တာ မဟုတ်ဘူး၊ ထိုးလည်း ကျိုးသွားပြီမို့လား"

"ငါ့ဟာငါ ဘာဖြစ်ဖြစ် နင့်အပူမပါဘူး၊ လွှတ်ဆို .. လွှတ် .."

ရမက် သူ့ကို ထုရိုက်ပစ်သည်။ ပြီးတော့ ပါးရိုက်ဖို့ လက်မြှောက် လိုက်လျှင် ထိုလက်ကိုပါ ဖမ်းဆုပ်ထားလိုက်ရင်း ...

"ကားဆရာ .. အဲကွန်းပိတ်လိုက်ပါ"

မချိုမချဉ် မြုံးတုံ့တုံ့ဖြစ်သွားသည့် ကားဆရာမျက်နှာကို သူ သတိ ထားမိပေ၊ စူးစိုက်ကြည့်မိသည်က ရေစိုနေမှ ပို၍ပေါ်လွင်လာသည့် သိ၍ကော့ညွတ်သော မျက်တောင်တွေကို ဖြစ်၏။

အမြဲတမ်း မိတ်ကပ်ပါးပါးနှင့် မျက်လုံးတွေကိုတော့ ကာလာ ဆေးတွေ ခပ်ဖျော့ဖျော့တင်ထားတတ်တာ သတိထားမိသည်။ ထို့ ကြောင့် ဒီမျက်တောင်တွေ ဒီလောက်လှနေတာ၊ သဘာဝအတိုင်း ဖြစ် ပါဖြစ်နိုင်ဆိုတာကိုလည်း စိတ်မဝင်စားခဲ့ပါ။

ခုကျတော့ မျက်တောင်အောက်ခြေတွေမှာ ဘာကာလာမှမတင် ဘဲ ဒီတိုင်း ရှင်းလင်းစွာ မြင်နေရသည်။ နှုတ်ခမ်းနီနဲ့ ပုံချထားသော ပေါက်သော နှုတ်ခမ်းသားတို့က ထောင့်ချိုးညီကာ မထူမပါးလေးရှိ တာလည်း နဂိုအသားရောင်အတိုင်း။ သိပ်မကြာလိုက်ပေမယ့် သူ့မ အလှတရားတွေမှာ နောက်တစ်ခါ မှားယွင်းစွာ ငြိတွယ်သွားခဲ့ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ချက်ချင်း မျက်နှာလွှဲပစ်မိကာ ...

"ရှေ့မှာ ငါ ဆင်းမယ်၊ ဖြစ်တယ်မို့လား"

ကားရပ်ခိုင်းပြီး သူပဲ ဆင်းနေခဲ့လိုက်၏။ လမ်းပေါ်ကို မြေ သည်နှင့် မိုးစက်တွေ သူ့ကိုယ်ပေါ်ကို တဖျောဖျော၊ တသော သွန်ကျလာကြသည်။ တစ်စုံတစ်ယောက်အတွက် အလျှော့ပေးလို သည့် ခံစားချက်က သူ့အတွက် အစိမ်းသက်သက်ကြီးဖြစ်နေသ ရှက်သလိုလို.. သိမ်ငယ်သလိုလို..၊

မရှုံးခဲ့ဖူးသည့်ရင်ဘတ်ထဲမှာ ဒါကို အရှုံးတစ်ခုလို မခံစားဖို မှန်းသိပေမယ့် ကိုယ် အနိုင်မယူနိုင်ခဲ့တာ ကိုယ်ပဲ သိသည်။

ဆံပင်တွေကတစ်ဆင့် လျှောတိုက်ဆင်းနေကြသော မိုးရေ က မျက်နှာသစ်သလို လက်နဲ့ပွတ်သပ်ချနေရင်း မျက်လုံးတွေ တိုးဝင်ပြီး ရှန်စနေကြ၏။ မိုးသည်းထဲမှာ ရေပြင်ကို မြေပြင်လို ခြေဖ ကျဲများနှင့် လျှောက်နေသဖြင့် ခြေဦးထိပ်က တိုးတိုက်ပစ်ခဲ့သည့်ရေ သည် သူ့ရဲ့ ဒူးဆစ်အထက်အထိ ရိုက်ပုတ် တိုက်ခိုက်နေကြသောသ

သူ့ရင်ထဲမှာတော့ တစ်ကိုယ်လုံးမှာ ရိုက်မှတ် စိုစွတ်နေစေသ အေးစက်ခြင်းတွေက မိုးရေတွေမဟုတ်ဘဲ အငွေ့တွေ တလွှ တက်နေသော ရေနွေးတွေ ဖြစ်နေခဲ့၏။

ဖြပ်ရှိအရာဝတ္ထုမှန်သမျှကို ကိုယ့်ရဲ့လိုချင်ခြင်း၊ မလိုချင်ခြင်း ဆုံးဖြတ်ပြင်းဆန်နိုင်ခဲ့ပြီး ဖြပ်မဲ့စွမ်းအားတစ်ခုကို သူမတွန်းလှန်နိ

သူ မလိုချင်ခဲ့သော်လည်း ရင်ဘတ်တစ်ခြမ်းမှာ ပူနွေးနေခဲ့ပြီ သည့် အရာသည် ...၊



## အခန်း [ ၃၉ ]

မြို့ထဲမှာပဲ ကျင်းပတာပေမယ့် မွေးနေ့ပွဲက ဖိတ်ကြားသမျှ လူရင်း အားလုံးနီးပါး တက်ရောက်ကြတော့ မွေးနေ့ကိတ် မလှီးခင် ည်းက စိုပြည် စည်ကားနေခဲ့၏။

ရမက် က အဖြူရောင်ငွေချည်ထိုးပိုးတွဲကို မြန်မာဆန်ဆန်ဝတ် ဒီဇိုင်းဆန်းနေတော့ ကြည့်ကောင်းသည်။ ဆံပင်တွေကို နောက် ပ်ဖွဖွလေး ကပ်ဖိထားပြီး မဟူရာကျောက်တွဲဆံထုံးလေးကို ကပ် ထားသည်။ ပြီးတော့ အဖြူပေါ်မှာ ဆင်ထားသမျှ လက်ဝတ်ရတနာ အားလုံး မဟူရာတွေ။

မြတ်ဖြူ လေးကတော့ လက်အိတ်၊ ခြေစွပ်တွေကအစ ဖာအဖြူ တွေဖြစ်ကာ အဖြူရောင်ဂါဝန်လှလှလေးနဲ့ ဖြစ်၏။ ပြီးတော့ ဆံ အုဝ်အုပ်နှင့်နေနေကျ နဖူးလေးကို ဆံပင်တွေသိမ်းလှန်ကာ စိန် လေးတင်ထားသဖြင့် စနိုးဗိုက်လေးလိုပင်..၊

"ဖြောင်း .. ဖြောင်း ...၊ ဖြောင်း ..."

မှူးအခင်ခြာပေ

www.burmeseclassic.com



မွေးနေ့ဖယောင်းတိုင်လေးကို မှုတ်ပြီး လက်ခုပ်သံတွေနဲ့ ...
သွား၏။ အဘိုးအဘွားတွေနဲ့ မအေကို ခြံရုံလျက် အားလုံး ရယ်မြူး...
များနှင့် ဝန်းရံခံနေသော်လည်း မြတ်ဖြူ မရယ်နိုင်ရှာ..၊

"ဘွားဘွားကြီး .. ဦး မလာသေးဘူးလားဟင်"

"ဟင်!... ဩော် .. ဟုတ်သားပဲ၊ ဒီ ဦးက အချိန်မီရောက်အော...
မလာဘူး၊ တော်တော်ဆိုးတာပဲ"

ဒေါ်သက်လျှာ ကလေးရှေ့မှာ ပေါ့ပါးဟန်နဲ့ ပြောနေရပေ...
မျက်နှာကတော့ အကြီးအကျယ် ပျက်ယွင်းနေပြီဖြစ်၏။

ရမက် မျက်နှာမှာ အပြုံးအရယ်တွေ ရှိနေပေမယ့်လည်း ...
ဝန်းထဲကိုမြင်တာနှင့် ဒေါ်သက်လျှာ ဒသိသည်။ သားငယ်ကို ...
လောက်ထိ အထင်အမြင်လွဲပြီး ဒေါသတွေထွက်နေပြီလဲ ..၊

"မီးမီးလေးက အရမ်းလှတာပဲတဲ့၊ ဟိုမှာ အန်တီတို့ပြောနေ...
တွေ့လား"

ချော့စရာမရှိတော့ အနားမှာ ဝိုင်းနေကြသူတွေဆီ လက်ညှိုး...
၍ ကြဲဖန်ချော့မိသည်။ အားလုံးကလည်း အလိုက်သိကြ၏။

"တို့ပေးတဲ့ မွေးနေ့လက်ဆောင်ကို အရင်ဆုံး ဖွင့်ကြည့်...
မီးလေး"

"ဘယ်ရမလဲ .. အန်တီပေးတာကို ကြည့်၊ မီးမီး အရမ်း...
သွားမယ့်လက်ဆောင်"

ဘယ်သူ ဘာပြောပြော မြတ်ဖြူ က ဝိုင်းဝိုင်းလည်နေသူ...
စိတ်ပျက်သည့်မျက်နှာလေးနဲ့ပဲရှိကာ ဘယ်တိုမှ ကျော်လွှားကြည့်...
သည့်အဖြစ်ကို မကျေနပ်နေပုံလေးနှင့် ...

"ကဲ .. သမီးလေး။ မေမေနဲ့ မွေးနေ့ကိတ်လှီးရအောင်နော်"

"ဦးကို စောင့်ဦးမယ်လေ"





"ဩော် .. သမီးကလည်း ဧည့်သည်တွေကို မွေးနေ့ရှင်က ကျွေးမွေး ဧည့်ခံရမှာလေ"

ကိတ်မုန့်ကိုမီအောင် မြတ်ဖြူလေး ကို ခုံပေါ်တင်ပေးထားရသည်။ ရမက် က ချော့မော့ပြောကာ ကလေးလက်ထဲကို ဓားပါးလေး အည္ပေးကာ သူမလက်နဲ့ ထပ်အုပ်ကိုင်လိုက်၏။

သို့သော် မြတ်ဖြူ က ဓားကိုမဆုပ်ကိုင်ဘဲ ခေါင်းကို တွင်တွင်ခါလျက် ...

"ဦး လာမှ လှီးမယ် မေမေ"

ထိန်းချုပ်ထားဆီးထားခဲ့ပေမယ့် ကရုဏာဒေါသက ထောင်းခနဲ ဖြစ်၏။ ဒီလိုကောင်ကို ဒီလောက်ထိ တွယ်တာနေရလား..၊ သင်းကိုလည်း ဒီလိုဖြစ်လာမှာကိုသိလို့ မတိုင်ခင်က သူမ ကြို ပြောထားခဲ့သည်။

ဒါ တမင်သက်သက် ယုတ်မာလိုက်တာ ..၊

"ဟော .. သားငယ် လာနေပြီ"

"ဟုတ်တယ်၊ ဟိုမှာ .. ဘုန်းမီးနေ တို့ လာကြပြီ"

"ဟေး ..."

တစ်ယောက်တစ်မျိုးပြောသံတွေကို နားစွင့်ကာ လာနေပြီဆိုတာ သေချာတော့ မြတ်ဖြူ ဟေးခနဲ ထအော်၏။ ကလေးက ဒီလောက်ထိ တွယ်တာနေသူအဖြစ် စိတ်ဝင်တစားဖြစ်ကုန်ကာ နည်းနည်းသိတဲ့သူရော .. များများသိထားတဲ့သူတွေရော ဘုန်းမီးနေ တို့ကို လှည့်ကြည့်ကြ၏။

ဘယ်သူက ဘုန်းမီးနေ လဲ ဆိုတာကို အထူးပြဖို့မလိုပေ၊ ဘောင်းဘီညိုအဖြူရောင်၊ ရှပ်အင်္ကျီလက်ရှည် အဖြူနှင့် လေးယောက် ... ကတည်းက ထင်းနေခဲ့၏။

အားလုံးထဲမှာ အရပ်ပိုမြင့်သည်၊ အဆီပိုမရှိသည့်ကိုယ်က လမ်း



www.burmeseclassic.com

www.burmeseclassic.com



လျှော့ကဲ့ဝဲကြောင့် ပို၍ ကြည့်ကောင်း၏။

"ဒီကောင်လေးက အငယ်ကောင်လေးလား"

"ဟုတ်တယ် မာမီ၊ သူ့အစ်ကိုက နည်းနည်းပိန်သလိုပဲ၊ သူ့လော မဖြောင့်ဘူး"

"ဘုန်းမီးနေ က ချောသားပဲနော်၊ ခုမှ သေချာမြင်ဖူးတာ၊ ကလေး က သူ့တူမပေါ့"

"အဖြူရောင်တွေဝတ်ထားကြတာ မိသားစုလိုပဲ၊ ကြည့်ကောင်း လိုက်တာ .."

ကြားရတဲ့စကားသံတွေရော .. မကြားတကြား ပြောတာတွေ ရော ရမက် နားစည်ကို ရိုက်ပုတ်ထုထောင်းကြ၏။

ကလေးမျှော်နေတဲ့သူ လာပြီဆိုကတည်းက စိုပြည်နေကြသည့် အသံဗလံတွေလည်း ခဏတော့ တိတ်ကျသွားခဲ့တာမို့ စကားတွေ မကြားချင်ပေမယ့် ကြားနေရ၏။

"ဦး .. ဦး .. လာပြီ"

ကိတ်မုန့်လှီးရမယ့်နေရာအထိ တိုးဝင်လာသည့် ဘုန်းမီးနေ ကို မြင်လျှင် မြတ်ဖြူ က လည်ပင်းကို ခုန်ဖက်၏။ ဘုန်းမီးနေ က မျက်နှာ ငုံ့ပေးတော့ ပါးကို တရွှတ်ရွှတ်နမ်းနေကာ ...

"ဦးက မီးမီးကို ချစ်လို့ လာတာပေါ့နော်"

"အင်းပေါ့"

"ဒါဆို မီးမီးကိုပြန်ပြီး အာဘွားပေးလေ"

ဘုန်းမီးနေ က ပြုံးလိုက်ပြီး ငုံ့ထားပေးရာကနေ မြတ်ဖြူ ကို ဆွဲချီလိုက်၏။ ပြီးတော့ ပါးလေးတစ်ဖက်ကို နမ်းလိုက်လျှင် လက်ခုပ် သံတွေ ဆူညံသွား၏။

သူတို့ရဲ့အိမ်တွင်းရေးကို သေချာမသိသူတွေကတော့ အဆွ





အဆန်းလို အကြည့်တွေနဲ့ပဲ သူတို့ကြည်နူးနေကြတာကို ဩဘာပေး ကြတာမျိုး..၊ သိနေကြသည့် နေကာ တို့အုပ်စုကတော့ တကယ် ဇာတ်သိမ်းသာလှိုက်လှဲစွာဖြင့် လက်ခုပ်သံတွေ ကျယ်သလောက် အားရပါးရ တီးကြလေသည်။

ပွဲစက ခရီးဝေးကနေရောက်လာသည့် ဖခင်ကို သမီးလေးဖြစ်တဲ့ သူက မွေးနေ့ပွဲကနေ ရောက်လာပါ့မလားတွေးပြီး ရင်တထိတ်ထိတ် မျှော်နေရှာသလိုဖြစ်ကာ ရောက်လာလို့ ခုန်ပေါက်ပျော်ရွှင်သွားတာမျိုး..၊

သမီးလေးအတွက် မွေးနေ့ဟာ ရမက် ဆိုသည့် မိခင်ရင်းတစ် ယောက်နဲ့လည်း မသက်ဆိုင်တော့ဘဲ ဘုန်းမီးနေ နဲ့ မြတ်ဖြူ တို့ရဲ့ အလွမ်း သင့် ချစ်စခန်းဖွင့်ပွဲကြီးဖြစ်သွားခဲ့၏။

အားလုံး ရယ်မောဝေဖန်မဆုံး ဖြစ်နေကြသလောက် ဒေါ်သက် လျာ နဲ့ ဦးဘုန်းသာ တို့လည်း ကြည်နူးပီတိတွေနဲ့သာ..၊ သူတို့ ဖြစ်စေ ချင်တာကလည်း ဒီလိုပုံစံပဲမို့ ပြောင်းလဲသွားတာကို ကျေနပ်နေမိ ကြသည်။

သို့သော် ရမက် ကို ကြည့်လိုက်တော့ ပြုံးနေသည့်မျက်နှာတွေပါ ပျက်ချင်၏။ ထို့ပြင် ...

"ဘယ်လိုလဲ မသက် ရေ .. ကလေးကတော့ သူ့ဦးလေးကို နေရာပေးနေပြီနော်၊ ဘယ်လိုလဲ .. ခွဲခြားလို့ ရပါ့မလား"

"ဟုတ်တယ် .. ဟုတ်တယ်၊ အားလုံးလည်း လိုက်ဖက်ပါတယ် မသက် ရယ် .. စဉ်းစားမနေနဲ့တော့"

အနားမှာ ကပ်ပြောနေကြတာမို့ ရက်နှာချင်းဆိုင် ရပ်နေရသည့် ရမက် လည်း ကြားသည်။ ဘုန်းမီးနေ ကတော့ သူ့နောက်က နေကာ တို့အုပ်စုကို စကားလှည့်ပြောလိုက်၊ ကလေးက မေးတာတွေကို ဖြေ လိုက်နှင့် ကြားပုံမရပေ ...၊



www.burmeseclassic.com

www.burmeseclassic.com



"ကဲ .. ကဲ .. ဦး လာပြီဆိုတော့ မြေးက ကိတ်မုန့်လှီးတော့လေ"

"ဟုတ်သားပဲ .. ကိတ်မုန့်လှီးရမှာ"

ဘုန်းမီးနေ ဓာ ကလေးကို ခုံပေါ် အသာလေး ပြန်ချလိုက်၏။ မြတ်ဖြူ က သူမဘာသာ ဓားလေးကို ပြန်ကိုင်လိုက်ကာ ရမက် ထံ မော့ကြည့်၏။

"မေမေ .."

"ဟင် .."

သည်းထန်နေသည့်ဒေါသကို ဟိုတွန်း၊ ဒီပို့နဲ့ ရမက် မျက်နှာကို ပြေပြစ်အောင် ပြင်ဆင်သည်။ ပြီးတော့ သမီးလေး လက်ပေါ်ကနေ ထပ်ဆုစ်ကိုင်လိုက်၏။

မြတ်ဖြူ မျက်နှာလေး ပြုံးကြည်သွား၏။ ဒါပေမယ့် ဘုန်းမီးနေ ကို ပြန်မော့ကြည့်လိုက်တော့ ရမက်နဲ့ သူ မျက်လုံးချင်းဆုံသွားကြ၏။

ကလေးက သူ့အဖေနဲ့ လုပ်ခဲ့ဖူးတဲ့မွေးနေ့ပွဲကို အမှတ်တရ ရှိနေခဲ့တာ ဖြစ်သည်။ ဒါကြောင့် ဒီတိုင်းဖြစ်စေချင်တာကို ရုတ်တရက် သူ ဘယ်လိုရှောင်တွက်ရမှန်း မသိ..၊

ရမက် ရဲ့မျက်လုံးတွေကလည်း စူးခနဲ မျက်မှောင်ကုပ်သွား၏။ ပြီးမှ မျက်လွှာချလိုက်သလိုနှင့် လွှဲဖယ်သွားခဲ့သည်။

"မီးနေ .. လုပ်လေကွာ၊ မင်းတို့ကလည်း ကလေးက ဟိုမျှော်ရ ဒီမျှော်ရနဲ့ သနားပါတယ်"

လှစီ က အားလုံးရှေ့မှာ မငြင်းသာအောင် ခပ်ကျယ်ကျယ် ပြောလိုက်သဖြင့် သူ့လက်တစ်ဖက် ရမက် ရဲ့လက်ခုံနုနုလေးပေါ်မှာ ဖွဖွလေး ထပ်ဆုပ်ပြီးသား ဖြစ်သွား၏။ ထိုအခါ ရင်ထဲမှာ သိမ့်ခနဲ လှုပ်ခါသွားခြင်းနှင့်အတူ တစ်ကိုယ်လုံး ရှိန်းဖြမွှနွေးသွားခဲ့တာ ဘယ်လို ခံစားချက်မှန်း မသိ ..၊





သူမနဲ့သူ ထွန်းထိုး သတ်ပုတ်ခဲ့ဖူးသည်၊ သူမရဲ့တစ်ကိုယ်လုံးကို လည်း ပွေ့ပိုက်ခဲ့ဖူးတာ တစ်ကြိမ်တစ်ခါတည်း မဟုတ်၊ ဒီ လက်က လေးတစ်ဖက်ကို ထိကိုင်လိုက်မိကာမှ သူ ဘာဖြစ်သွားတာလဲ..၊

ပန်းနုရောင်ပြေပြေလေးနှင့် မျက်တောင်ရှည်တွေကိုပဲ ကော့ နက်နေအောင် ပြင်ထားသည့်မျက်နှာလေးကို စိုးမိုး ငေးကြည့်မိသည်။

မျက်လွှာစိုက်ချထားသည့်ပုံစံမို့ မျက်တောင်ရှည်တွေက ပိုလှ သည်၊ နှာတံလေး ကော့စင်းနေတာက ပို၍ပေါ်လွင်၏။ ပြီးတော့ နှုတ် အရောင်ထက်မပိုဘဲ အထူးတလည် လက်ရာမြောက်စွာ ရှိနေသည့် နှုတ်ခမ်းသားလေးတွေ ..၊

"ဘုန်းမီးနေ .. ကိတ်မုန့်ကို ကြည့်လှီးပါ"

"မုန့်အလှပျက်တော့မှာပဲ"

"ဟား .. ဟား .. ဟား ..."

ရယ်သံတွေနှင့်အတူ ဘာအတွက်မှန်းမသိဘဲ သောင်းသောင်း ဖြဖြ တီးကြသည့် လက်ခုပ်သံတွေကြောင့် ရမက် ၏ ရန်လိုမုန်းတီး သောအကြည့်တွေ သူ့ထံ တိုက်ရိုက်ကျ၏။

ကိတ်မုန့်ကျွေးကြတော့လည်း ပြဿနာပါ၊ မြတ်ဖြူ သည် သူ့ကို လည်း မလွှတ်၊ ရမက် ကိုလည်း ဖက်ထား၏။

ထိုညမှာ သတင်းကြီးသွားသည်က ကလေးကြောင့်ပဲ သူတို့နှစ် ယောက် လက်ထပ်ဖြစ်လိမ့်မည် ဟု ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၄၀ ]

သိမ်းတင်ထားသည့်ဆံပင်တွေကို ဖြစ်သလို ဆွဲဖြည်ချကာ ပါလာသမျှ ဆံထိုးတွေ၊ ကလစ်တွေလည်း မှန်တင်ခုံပေါ် ဖြစ်ကတတ်ဆန်း ခုန်ပေါက်ကျလာ၏။

ဆံပင်တွေ ပြေကျလာသော်လည်း အကျီတွေလဲဖို့အထိ စိတ်က မရောက်ဘဲ မွေ့ရာပေါ် ဆောင့်ခနဲ ထိုင်သည်။

"တောက် .. သက်သက်ယုတ်မာတာ .."

"အဲဒီလို မဟုတ်ဘူး ရမက်ဖြူ"

"ဟင်!... နင် .."

ရမက် ထိုင်နေရင်းကနေ ဆတ်ခနဲ ထရပ်၏။ ဘုန်းမီးနေ တံခါးဝမှာရပ်လျက် မှန်တင်ခုံပေါ်မှာ လဲပြိုနေတာတွေဆီ မျက်လုံးရောက်၍ ...

"ငါ တောင်းပန်ပါတယ်"

"ဘာအတွက်လဲ .. ဘာကို တောင်းပန်တာလဲ .."

"နင်ထင်သလို ငါ တမင်ဖန်တီးတာ မဟုတ်ဘူး"





"ဟုတ်ဟုတ် မဟုတ်ဟုတ် နင် ကျေနပ်ခဲ့တယ်မို့လား။ သွား .. သွား .. နင် ထွက်သွား။ နင့်မျက်နှာကို ငါ မမြင်ချင်ဘူး"

ရမက် ပြေးထွက်လာကာ သူ့ရင်ဘတ်ကို လက်နှစ်ဖက်နဲ့ ဆောင့်တွန်း၏။

"ငါ့ကို အဲဒီလိုပုံစံနဲ့ မောင်းထုတ်ဖို့ မလိုဘူး၊ မင်းရှေ့မှာ ရပ်နေတာ ဘုန်းမီးနေ"

"ဘာဖြစ်ဖြစ် .. နင် .. အ .."

ရမက် ကိုယ်လေး မြောက်ခနဲ ကြွပါသွား၏။ ပြီးတော့ အခန်းထဲ ပြန်ရောက်လာကာ သူ ကန်ပိတ်လိုက်သည့်တံခါးသံနှင့်အတူ ခန္ဓာကိုယ်က နံရံမှာ ဖိကပ်သွားသည်။

"လွှတ် .. နင် မယုတ်မာနဲ့နော် .. နင် .."

ဘုန်းမီးနေ သူ ငေးမောခဲ့မိသည့်နှုတ်ခမ်းလေးကို မရမကနမ်းဖို့ ကြိုးစား၏။ ရမက် အတင်းရှောင်တိမ်းနေလျက် သူ့မ ကျရှုံးသွားသည့်အခါ ...

"ယုတ်မာတဲ့ကောင် .. ကဲ .."

သူ့မျက်နှာကို သူ့မ ခေါင်းနဲ့ မိုက်တိမိုက်ကန်း တိုက်ပစ်လိုက်၏။ မျက်နှာသည် နောက်ပြန်လန်ထွက်သွားကာ မျက်လုံးထဲမှာ မီးပွင့်တွေ ရောင်စုံဖြာလျက် ...

"အား ..."

နားထဲမှာ မိန်းမသံတစ်ချက် စူးစူးဝါးဝါးကြားတော့ သူ့မျက်လုံးတွေ ပွင့်သွား၏။

"မိညို ..."

"ဟုတ် .. ဟုတ်ပါတယ် .. ကျွန်မ .."

"နင် ဒီနားထိ ဘာလာလုပ်တာလဲ၊ တောက် ..."



www.burmeseclassic.com

www.burmeseclassic.com



ဝရန်တာမှာ ဒရင်းဘက်မ် ခင်းပြီး ခဏထိုင်လိုက်တာ၊ ဘယ်လို အိပ်ပျော်သွားမှန်းမသိ..၊ မိညိုသည် နံရံနားထိ လွှင့်ထွက်သွားပုံရကာ ထိုနေရာမှာပဲ ကျုံ့ကျုံ့လေးထိုင်ကာ မျက်နှာကို လက်ဝါးနဲ့အုပ်ထား ရင်း ရှိုက်ငိုနေ၏။

"အို!... ဘာတွေ ဖြစ်နေကြတာတုန်း၊ မိညို .. အမလေး .. နာခေါင်းမှာ သွေးတွေ မနည်းဘူး"

"သားငယ် .. မင်း ဘာလုပ်လိုက်တာလဲ"

"သူ ဒီနား ဘာလာလုပ်တာလဲ၊ သူ့ကိုပဲ မေး"

သားဖြေပုံကြောင့် ဦးဘုန်းသာ စိတ်တိုသွားမိ၏။ မေးသာမေးရ တာ၊ ဘုန်းမီးနေ ဘာလုပ်လိုက်ပြီးမှန်း သိနေပြီးသား။ ဒေါ်သက်လျှာ လည်း သိနေပြီးဖြစ်ပုံနှင့် ...

"သားငယ် အိပ်နေတာမို့လား၊ ညည်းက ဘာသွားလုပ်တာလဲ မိညိုရယ်"

"ကျွန်မ .. ကျွန်မ တံခါးတွေလိုက်ပိတ်ပြီး ပြန်တော့မလို့ပါ၊ အဲဒီ အစ်ကိုလေးလက်ထဲက မီးတွေလင်းနေလို့ ဘာလဲဆိုပြီး လာငုံ့ကြည့် တာ .."

ဘုန်းမီးနေက ခုထိကိုင်ထားဆဲဖြစ်သည့်ဖုန်းကို ဒေါ်သက်လျှာ တို့ မြင်အောင် ငုံ့ကြည့်လိုက်ကာ ...

"မက်ဆေ့ချ် ဝင်နေတာ .."

ဟု မှန်ကုပ်ကုပ်ပြောပြီး ဆောင်းအိအိတ်ထဲ ပြန်ကြည့်၏။

အိပ်ချင်ပြီဆို နေရာမဟုတ်သည့်နေရာမှာလည်း မှေးခနဲ မိုက်ခနဲ ပျော်သွားတတ်ပေမယ့် လူကသာ အိပ်ပြည်၊ လက်က မအိပ်သည့် လူမျိုး ..၊

သတိလက်လွတ် အိပ်ပျော်သွားတုန်း တစ်ခုခုကြောင့် မသိစိတ်



မှာ ဖျင်းခနဲဖြစ်တာနှင့် လက်က ဖောင်းခနဲ ..၊

"နောက်ကို ငါ့နား ဘယ်တော့မှမလာနဲ့၊ မီးလင်းနေရုံ ဒါကလို့ ငုံ့ပဲကွဲကွဲ .."

သူ့ကြောင့် သွေးထွက်သံယိုဖြစ်နေတာကို စာနာရမှန်း မသိဘဲ သူတာပဲ ဒေါကန်သွားသေးသည်။ တကယ်တော့ ဘယ်သူမှမသိလိုက် သည့် အိပ်မက်ထဲမှာ သူက ဗီလိန်စစ်စစ်ကြီးဖြစ်လျက် ရမက် က ခေါ်သီးစွာ ..၊

အိပ်ခန်းထဲ ပြန်ဝင်လာတဲ့အထိ ကိုယ့်ကိုယ်ကိုယ် အိပ်မက်ထဲက လူလို ခံစားမိနေတုန်း။ ပြီးတော့ သူ အတင်းနမ်းနေခဲ့မိသည့် နှုတ်ခမ်း လေးကိုလည်း မျောက်လို့မရ ..၊

သူမ အပေါ်မှာ သူ့စိတ်တွေ ဖောက်ပြန်နေခဲ့တာ မှန်ရင်တောင် ဒီလိုအလုပ်မျိုးတော့ ဘယ်တော့မှ စိတ်ကူးမိမှာမဟုတ်ပေ။ လူမသိ ထိုတ်ပေမယ့် ကိုယ့်ကိုယ်ကိုယ် ပြန်ရှက်နေခဲ့၏။ သူ ဒီအတိုင်းပဲ အခန်း ပြင် ပြန်ထွက်ခဲ့ရင်း နာရီကြည့်တော့ ညဆယ့်တစ်နာရီထိုးတော့မည်။

မှေးနေစဉ်ခဏလေး ပွဲပြီးပေမယ့် သိမ်းဆည်း နှုတ်ဆက်နေသူတွေ ကျန် နေသေးတာကို မစောင့်ဘဲ သူ ဝရန်တာကို ထွက်လာခဲ့မိခြင်းဖြစ်၏။ ပြီးတော့ အိပ်ပျော်သွားခဲ့သည်။ ခုချိန်မှာတော့ အားလုံးပြီးစီးသွားပြီ ထင်သည်။ ရမက် အိပ်နေပြီလား ..၊

မေမေတို့တောင် မအိပ်ကြသေးဘူးဆိုတော့ သူမလည်း ရှိနေနိုင် ၏၊ ထင်သည့်အတိုင်း ရမက် က ထမင်းစားခန်းထဲမှာ တစ်ယောက် တည်းထိုင်၍ ကိတ်ခြောက်နှစ်ချပ်နှင့် ရေသန့်ဘူးတစ်ဘူး ထောင်ထား သည်။ သူဝင်သွားတော့ လှည့်ကြည့်ပြီး မျက်နှာပြန်လွှဲ၏။

"ရမက်ဖြူ .."

သူမဘေးမှာ ခုံဆွဲထိုင်လိုက်ရင်း ခေါ်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီည မွေးနေ့အတွက် သူငယ်ချင်းကိုပါခေါ်ပြီး ငါ စောင့်နေ...
တာပါ။ အချိန်ကပ်နေမှ ကိစ္စတစ်ခုပေါ်လာလို့ သွားလိုက်ရတယ်"

သူပြောနေပေမယ့် ရမက် က လှည့်မကြည့်ပါ။ ဆံပင်တွေ ဖြ...
ချထားတာ နဖူးပေါ်မှာပါ ပြုဆင်းနေ၏။ ညဝတ်အင်္ကျီအနီရော...
လက်ရှည်လေးနှင့် သူမကိုကြည့်ရင်း သူ့အိပ်မက်ထဲမှာလို၊ ညေ...
တုန်းက ဆံထုံးကို ပစ်စလက်ခတ် ဆွဲဖြုတ်ကိုင်ပေါက်ပစ်ခဲ့တာလား...
တွေးလိုက်မိသည်။

"မင်းပြောထားတာမှ ငါကလည်း ပြန်ပြီး ရှဲ့ပြောခဲ့မိတော့ ဒီတို...
လုပ်တာလို့ မင်း အထင်လွဲမှာစိုးလို့"

"လွဲတော့ ဘာဖြစ်လဲ"

မုန့်စားနေရင်း ဆတ်ခနဲ လှည့်မေးပေမယ့် ဖိဖိတ်ထားသည့် နှ...
ခမ်းလေးတွေက ပိုလှနေ၏။ မျက်နက်စနီးတို့သည် မာနတွေ အစေ...
တင်ထားကာ ဖိတ်ဖိတ်လက်နေလျက် ...

"နင်နဲ့ငါ အမြဲတမ်း လွဲနေမှာပဲ၊ ဒါမျိုးတွေဖြစ်ကြတာ ရိုးနေပြီ"

"မှန်တယ် .. ဒါပေမယ့် ငါ အဲဒီလောက်ထိ သေးသိမ်တဲ့လူတော...
မဖြစ်ချင်ဘူး"

"ဘာ!..."

ရမက် က ပြက်လုံးတစ်ခုကိုကြားလိုက်ရသလို ပခုံးလေးတွ...
တွန့်ပစ်လိုက်ပြီး ရယ်သည်။

"ငါက ဆုံးဖြတ်ထားပြီးသားပါ။ နင့်တစ်ကိုယ်လုံး လောက်တ...
နေလည်း ငါ့သမီးရဲ့ဦးလေးအဖြစ် မတော်ချင်လို့လည်း မရဘူးဆိုတာ"

ဘုန်းမီးနေ မျက်နှာတင်းသွားတာကို ရမက် က ဂရုမစိုက်...
ကြည့်၏။

"သေးသိမ်တာတွေ၊ အောက်တန်းကျတာတွေလောက်ကို အ...





...ဖွဲ့စရာရှိလို့လဲ"

"ရမက်ဖြူ .."

"ဘာလဲ .."

"မင်းနဲ့ငါ ရန်ဘက်တွေလို မျက်နှာချင်းဆိုင်နေခဲ့ကြတာတွေကို
...သင့်ပြီ"

"ဘယ်သူပြောတာလဲ၊ တစ်ယောက်နဲ့တစ်ယောက် ပဋိပက္ခဖြစ်
...ကြတာ ဒိုင်လူကြီး ပါခဲ့တာမှ မဟုတ်တာ၊ အဲဆုံးသတ်ပေးဖို့ ဘယ်သူ
...ဆိုင်နိုင်ပေးနိုင်သလဲ"

ရမက် က အရက်သောက်ထားသည့်လူလို မရှုံ့မတွန့် မျက်လုံး
...များနှင့် ပခုံးတွန့်လိုက် .. မဲ့လိုက် ...၊

"ဘယ်တော့မှ မရပ်တန့်ဘူး။ ငါ့သမီးလေးအတွက် ငါ ရေမှတ်
...ဖက်၊ မီးစတစ်ဖက် ကိုင်ထားတယ်၊ ငါ့အမုန်းကြောင့် မီးရှို့ပစ်ချင်
...ရင် ရှို့ပစ်မယ်၊ ငါ့သမီးအတွက် လိုအပ်တဲ့အခါ အဲဒီမီးကို ရေပြန်
...လောင်းသင့်ရင် လောင်းမယ်၊ ဒါကို မီးလောင်ပြင်တစ်ခုလို သတ်မှတ်
...ပြီး မီးငြိမ်းတာနဲ့ မီးအေးသံချောင်းခေါက်ဖို့ မကြိုးစားနဲ့၊ အဲဒါ ဘယ်
...တော့မှ မငြိမ်းတဲ့မီး"

ပြောနေရတာနဲ့တင် အားမရနိုင်ဘဲ ထိုမျက်နှာကို ကုတ်ဖဲ့ ကိုက်
...ဆွဲပစ်ချင်၏။

ပြီးတော့ မုန်းတာတွေကို အားရပါးရ အော်ဟစ်ပြောကာ တအား
...အော်ငိုလိုက်ချင်သည်။ ထို့ကြောင့် အံကြိတ်ထားလျက်နှင့် မျက်ရည်က
...ပြည့်ပြည့်သိပ်သိပ် ဖြစ်လာ၏။

ညွှန့်ခံပွဲမှာ သူမဟာ ကလေးကြောင့် လူပျိုအချောအလှကို ရ
...တော့မလို မျက်လုံးတွေနှင့် ကြည့်ကြသည်။ ဒီလိုလူကိုတော့ ...ကိုယူ
...မှာပဲဆိုသည့်အပြုံးတွေနှင့် စနောက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



မကြားတကြားပြောတာတွေမှာ သူမဘက်က ခံစားချက် ဘာ
မပါဘဲ သူမသည် ဘုန်းမီးနေ ကို အချိန်မရွေး အလိုရှိနေသည့်ဘက်မှာ

ရင်ထဲမှာ အမုန်းမီးတွေ ပိုပြီး လောင်မြိုက်နေခဲ့သည်။

ကိုယ့်ယောကျ်ားကို သေစေခဲ့သည့်အပြင် ကျေးရွာမတင် ...
ကားခဲ့သည့် လူရမ်းကား..၊ ကလေးပေါ်မှာ သွေးသားမှန်းမသိအော...
အကြင်နာတရားမဲ့စွာ ရက်စက်ခဲ့သည့်လူ ..၊ ဒီလိုလူကို ကလေး...
ဖခင်နေရာ မပြောနဲ့ အတူယှဉ်တွဲ ရပ်မိရင်တောင် နာကျင်သ...
ရင်ဘတ်ထဲမှာ ခံရခက်သည်။

ဘုန်းမီးနေ ကတော့ အမုန်းမီးတွေ ဆတိုးကိန်းနှင့်ရှိနေသ...
မျက်ဝန်းလေးတွေကို စိုက်ကြည့်ရင်း ပြောချင်သရလောက် ပြောစေ...
သည့် ဥပေက္ခာနှင့် တိတ်နေလိုက်၏။

ကလေးကြောင့် သူမကိုယ်တိုင် လာခေါ်ခဲ့ရသည့်အဖြစ်တုန်...
လည်း သူ့ဘက်မှာ ဘယ်လိုရှိနေပြီးသည့်အကြောင်း ရှင်းပြခဲ့ဖူးသ...
သူမ လက်မခံခဲ့ပေ..၊

ခုကိစ္စမှာလည်း ကိုယ့်ဘက်က မရိုးသားစွာ ပြင်ဆင်ကြံစည်...
တာ ဘာမှမရှိခဲ့ပေမယ့် သူမက လက်မခံ။ အမုန်းတရားမှလွဲ၍ ဘာ...
မခေါ်နိုင်အောင် မေတ္တာမဲ့နေသည့် သူမ ရင့်ထဲကမီးကို ဘယ်လိုယ...
နက်နဲ့ ငြိမ်းသတ်မလဲ ..၊

ရမက် က သူစိုက်ကြည့်နေတာကို မလိုလားစွာ နှုတ်ခမ်းထ...
ချက် ကိုက်ပြီး ထရပ်၏။

"နောက်ကို ဘာအကြောင်းတွေ ဖြစ်ကြဖြစ်ကြ နင် ငါ့ကို ...
ဖို့လည်း မလိုဘူး၊ ရှင်းဖို့လည်း မလိုဘူး၊ ငါ့ဘက်က မမြင်သလို မ...
သလိုနေဖို့ ဆုံးဖြတ်ပြီးသား။ အဆုံးစွန် တစ်နေ့နေ့အထိ ..."

"ခဏနေဦး"





ခြေလှမ်းပြင်လိုက်သည့် ရမက် ရှေ့ကနေ သူ ပိတ်ထားလိုက်
တာ ...

"အဲဒါ မင်းဘက်က အမုန်းတရားလား"

"... ... ..."

"ငါကလည်း မင်းလိုလူဝံ ရမက်ဖြူ၊ ဒါပေမယ့် မျဉ်းပြိုင်တွေ
တော့ မဟုတ်ဘူး၊ တစ်ထပ်တည်း ဘယ်တော့မှ မကျနိုင်ပေမယ့် ဆုံ
မှတ်တစ်ခုကို ဖြစ်စေနိုင်တဲ့ ထောင့်ဖြတ်မျဉ်းတွေ .."

ပြောပြီး သူ အရင်လှည့်ထွက်ခဲ့သည်။ ဒီလိုစကားမျိုး ပြောဖြစ်
သွားသည့်အတွက် ရမက်ဖြူ လို မိန်းမတစ်ယောက်၏ အမုန်းတွေကို
အဆင်းဘီးတပ်ပေးလိုက်သလို ဖြစ်သွားပြီမှန်း မသိလို့မဟုတ်..၊

ပြောဖြစ်အောင် ကိုယ့်စိတ်ကို ပုတ်ခတ်လှုပ်နှိုးသွားတာက သူမ
၏ ပြင်းထန်သည့်စကားလုံးတွေ ဖြစ်သည်။

လုပ်ပါစေ ..၊ သူမက မီးရှို့ချင်သည်ဆိုရင် သူက 'လေ'၊ မီးငြိမ်း
တော့မည်ဆိုရင်တော့ 'ရေ' ဖြစ်လိုက်မည်။

ကိုယ့်ဒေါသတွေ နယ်မကျူးအောင် ထိန်းနိုင်နေသရွေ့ သူမ
အတွက် အလိုက်သင့် ဘုန်းမီးနေ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၅၂ ]

"အဲဒီလောက် သဘောထားတွေ ပြောင်းလဲနေမှတော့ ဖွင့်ပြေ
လိုက်ကွာ"

"ဟုတ်တယ်၊ မင်းမျက်လုံးကြီး တဝင်းဝင်းက ခွေးနွေ့ညတုန်း
ထွန်းထားတဲ့မီးလုံးတွေထက် လင်းတယ်၊ အသိသာကြီး"

"ကြိုက်ရင် ကြိုက်တယ်ပေါ့၊ မင်းဘက်က အိုကေဖို့ ပိုအရေး
ကြီးတာ၊ အန်တီတို့ကလည်း ဒီတိုင်းဖြစ်မယ်ဆို ကျေနပ်မှာပဲ၊ ရမက်
ကလည်း သူ့သမီးအတွက် သေပေးရပေးရ၊ ရှင်ပေးရပေးရ"

ထိုစကားကြောင့် သူ ပြုံးလိုက်မိသည်။ သဘောကျလို့တော့
မဟုတ်ပါ..၊

"မင်းတို့ထင်တာတွေက ပြဇာတ်ဆန်လွန်းတယ် လူစီ၊ တကယ့်
အဖြစ်က အဲဒီလောက် မလွယ်ဘူး"

"မလွယ်ရင်တောင် မင်းဘက်ကမာနတွေ ဓါးရိုးထိချပြီး ကြိုး
လိုက်ရင် လွမ်းကိုလွမ်းသွားလိမ့်မယ်"

လူစီက ဖွတ်ပြောနေ၏။





သူထင်တာက ရမက် ဟာ ကလေးအတွက် ဘယ်လိုဖြစ်ဖြစ်
ခေါင်းညိတ်ရမှာပဲ ဟု..၊

"မင်းက ကြွက်ခေါင်းဆိတ်မခံတာတွေလည်း ထည့်ပြောဦး မီးနေ
နေတဲ့သူက ဗိုမှန်းအောင်၊ အထင်လွဲနေတဲ့သူ ချက်ချင်း ထသတ်
အောင်၊ မင်းရဲ့ အပြောအဆို အမူအရာတွေက သွေးဆောင် ဖြား
ယောင်းနေတာ .."

ဘယ်သူဘာပြောပြော သူ့ခေါင်းထဲမှာရှိနေတာက လက်ထပ်ကြဖို့
ဆုတ်ဘဲ ဖြစ်နေခဲ့သည်။ ဒါဆို ဘာလဲဆိုသည့်အဖြေကျတော့ ကိုယ်
တိုင်လည်း ရွေးမထုတ်ချင်၊ သူများကိုလည်း မပြောနိုင်။

'လိုချင် ရအောင်ယူလိုက်'လို့ အကြံပေးနေကြတာက ရယူပြီး
သည့်နောက်မှာ အိပ်မက်ထဲကလို သူသာ ဗီလိန်တစ်ယောက်ဖြစ်ရမည့်
အကြောင်း ဖြစ်နေ၏။

ထို့ကြောင့် ရမက်ဖြူ-အကြောင်းပဲ သူတွေးနေမိတာဟာ လက်
ထပ်နိုင်ဖို့ မဟုတ်ပေ။

သူမ ထံမှ မုန်းတီးစက်ဆုပ်စွာ ပေးဆပ်လာမည့် ပေါင်းစည်းရေး
လည်း မဟုတ်..၊

အချစ်ဖြင့် ကြည်ဖြူလိုက်လျောလာမည့် 'ကြင်နာခွင့်လေး' ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၄၄ ]

"သူ ကြင်နာတတ်နေပါပြီ၊ အရမ်းကို ပြောင်းလဲသွားတာ အံ့ဩ
ကောင်းတယ်"

"အဲဒါ အစ်ကို အကဲမခတ်မိဘူးလားဟင်၊ မွေးနေ့မှာ သားငယ်
မျက်လုံးတွေ ရမက် ကို ဘယ်လောက်ထိ တပ်မက်မြတ်နိုးနေသ
ဆိုတာ .."

ရမက် ခြေလှမ်းတွေ အခန်းနဲ့မနီးမဝေးမှာ တုံ့ခနဲ ဖြစ်သွား

"သိတာပေါ့ သက် ရယ် ...ကိုယ်က ယောကျ်ားချင်း ပိုသိတာ
နောက်ထပ်သိနေတာက သားငယ်ကို သမီးက ဘယ်လိုမှ လက်
မဟုတ်ဘူး"

"သက် တော့ သားငယ်နဲ့မြေးကို ခွဲခြားမရနိုင်တဲ့ အခြေအ
အတိုင်း ရမက် နားလည်ရင် လက်ခံမှာပဲလို့ထင်တယ် အစ်ကို၊ ဘာ
လို့လဲဆိုတော့ ရမက် က မိခင်ကောင်းတစ်ယောက်ပါ၊ မိခင်ဆို
သားသမီးအတွက် ဘဝကို ပေးဆပ်ထားပြီးသား"





"မင်းသားကရော .. သူ့စိတ်ထဲမှာ ဘယ်လိုရှိရှိ၊ ဘယ်တုန်းက
ချောင်ငံ ဆက်ဆံ ပြောဆိုခဲ့ဖူးလို့လဲ၊ လူကြီးချင်း နောက်ထပ် ရွေးစပ်
သွားနေ့ပြီး ဒီနှစ်ယောက်ကို လက်ထပ်ပေးချင်တဲ့ဆန္ဒ ရှိတာတောင်
က် ရဲ့ဆန္ဒကိုမမေးဘဲ မလုပ်ရက်ဘူး၊ ကလေးအတွက်ဖြစ်ဖြစ်၊
စ်ခုခုကြောင့် အားနာငဲ့ညှာတာဖြစ်ဖြစ် အဲဒါကို မလိုချင်ဘူးကွာ"

"အစ်ကိုရယ် .. ရမက် အနေအထားက နောက်ထပ် ရင်ခုန်သံ
ကြားကြည့်နိုင်ဖို့ စိတ်ကူးရှိလာနိုင်တဲ့ပုံစံမျိုးများ ဖြစ်နေလို့လား၊ မိန်းမ
စ်ယောက်အတွက် အိမ်ထောင်ရေးကံခေပြီဆိုရင် ပထမ လက်ထပ်
တာက ရူးသွပ်ခြင်း၊ နောက်ထပ်လက်ထပ်ဖြစ်ခဲ့ရင်တော့ တာဝန်
စ်ရပ်ကို ထမ်းဆောင်ခြင်း တဲ့"

"မင်းဟာ အချစ်လည်း မပါပါလား"

"ရူးသွပ်တာဟာ အချစ်ကြောင့်ပေါ့ အစ်ကိုရယ် .. အချစ်ရှိရင်
ချို့တာ ဘာမှမလိုဘူးလို့ ထင်ကြတာလေ၊ ဆင်းရဲလွန်းတော့လည်း
ကြတာပဲ၊ ချမ်းသာလွန်းရင်လည်း အိမ်ထောင်မမြဲတတ်ဘူး၊ သူတို့
သွပ်ကြတဲ့အထဲမှာ အဲဒါတွေ ဘာမှမပါဘူး အစ်ကိုရဲ့"

"ငါထင်တာတော့ မင်းသားငယ်လည်း ရူးသွပ်ချင်မှာပဲ"

"ဘယ်လို ..."

"သူက လူပျိုဆိုတော့ စွဲလမ်းတုန်လှုပ်တဲ့နေရာမှာ အိမ်ထောင်ရှိ
တဲ့လူထက် ပိုမှာပဲ၊ သူ ရမက် ကို တကယ်မေတ္တာရှိနေတာမှန်ရင်
တ် အချစ်ကိုပဲ အလိုရှိမှာ၊ ငါတို့ကြိုးစားချင်တဲ့လမ်းကြောင်းမျိုးနဲ့
ချင်မှာ မဟုတ်ဘူး၊ ရမက် ကလည်း မုန်းနေတဲ့သူ၊ လွယ်တော့
လွယ်ဘူး"

"သက် ကတော့ မြေးလေးကိုလည်း တခြားသူစိမ်းလက်ထဲ
ထည့်လိုက်နိုင်ဘူး၊ ရမက် ကို မြင်နေရတာလည်း သားကြီးအတွက်



www.burmeseclassic.com

www.burmeseclassic.com



အရွှမ်းပြေတယ်၊ သူတို့သားအမိကို ဘယ်သူ့ကိုမှ မပေးလိုက်နိုင်ဘူး အစ်ကို၊ သားငယ်ကို တခြားမိန်းကလေးနဲ့ လက်ထပ်ပေးလိုက်တာ နဲ့ မြေးရယ်၊ သက် တို့ရယ် ဒီထက်ပိုပြီး စိတ်ဝမ်းကွဲကုန်မှာ၊ အစ်ကို ..."

"ဘာလဲ .."

"သက် တို့ မဖြူ နဲ့ သွားတွေ့ရင် ကောင်းမလား"

"ဟာ!... မင်းကလည်း .. သူ စစ်ကိုင်းတောင်မှာ တရားစခန်း ဝင်နေတယ်မို့လား"

"စခန်းထွက်တော့မှာ၊ အဲဒါ သက် သိတယ်၊ သူ့ကို သွားကြိုရင်း အဲဒီမင်္ဂလာကိစ္စ ပြောမယ်၊ ပြီးရင် တစ်ခါတည်း ဒီကိုခေါ်ခဲ့မယ်လေ"

ရမက် အခန်းရှေ့ကနေ အသံလေးပြန်လှည့်လာခဲ့သည်။ တင်း တင်းစေ့ပိတ်ထားသည့် နှုတ်ခမ်းသားတို့မှာ နာကြည်း မုန်းတီးမှုတွေ ပြည့်နှက်လျက် ...

"ဆုံမှတ်တစ်ခုကို ဖြစ်စေနိုင်တဲ့ ထောင့်ဖြတ်မျဉ်းတွေ .."

"တစ်ထပ်တည်း ဘယ်တော့မှ မကျနိုင်ပေမယ့် ..."

ပြောခဲ့သည့်စကားတွေ နားထဲမှာ လှိုင်းထန်လာသလိုပင်...၊

ဘယ်တော့မှ မဆုံစေရဘူး ဘုန်းမီးနေ ...၊ ဆုံမှတ်တစ်နေရာ ရှိ နေခဲ့ရင်တောင် အဲဒါ ဖြတ်သန်းခြင်း ...၊



## အခန်း [၄၄]

"အစ်ကိုလေး .."

ဒီတစ်ခါတော့ အခန်းထဲကို ချောင်းကြည့်မိတာတောင် ခြေ ထောက်တွေကို နောက်မှာ ဝါးတစ်ပြန်လောက်အကွာနှင့် ချန်ရစ်ပြီးမှ ခါးကိုင်း၍ ဖြစ်သည်။

အသားကိုလည်း မထိရသေးဘဲ 'ဩော်.. ဖုန်းကိုင်ထားတာကိုး' လို့ တိုးတိုးလေးပြောမိတာ စကားမဆုံး ...၊ ရိပ်ခနဲ တက်လာသည့် လက်ပြန်ရိုက်ချက်က မျက်နှာကို ဖောင်းခနဲ ...၊

မိညို ကိုယ့်မျက်နှာကိုယ်ပြန်စမ်းမိကာ နောက်တစ်ခွန်းထပ်ခေါ် လို့ ပါးစပ်ပြင်လိုက်စဉ် ဟ,ထားသည့်တံခါးက ပွင့်သွား၏။

"ဘာလဲ .."

ဘွားခနဲ ပေါ်လာတော့ မိညို ကိုယ်လေး မတ်သွားကာ ထိုင်း လန့်သွားသေးသည်။

"ဟိုလေ .. မြတ်ဖြူလေး က သူ့အမေနဲ့ လိုက်မသွားချင်လို့ ငိုနေတာ ချော့လို့မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ!..."

ခါတိုင်းဆို တစ်ပတ်မှာနှစ်ရက်ခေါ် သွားကာ တနင်္ဂနွေနေ့ဆို နေ့တစ်ဝက် ပြန်နားၡ ကျန်တဲ့နေ့တွေမှာ ကလေးကို မေမေတို့နဲ့ ထားခဲ့တာ ဖြစ်သည်။

ကလေးကလည်း ဆိုင်ကိုလိုက်ရမယ်ဆို ပျော်လို့ပါ။ ရမက် က ကလေးပါသွားလည်း ဆိုင်မှာကြာကြာမထိုင်ဘဲ အပြင်ခေါ် သွားတတ်တာများတော့ ကလေးကလည်း ပျော်သည်ဟု မေမေတို့ပြောနေတာ သူ ကြားသည်။

"သူ့အမေက ဘယ်မှာလဲ"

"မမလေး ရေချိုးနေတာ ထင်တယ်၊ ကလေးကိုပြင်ဆင်ပေးပြီး တက်သွားတာ၊ မြတ်ဖြူ ကလေ .. ဝန်းခြံလိုက်ပို့မယ်ဆိုလည်း မရဘူး ဟက်ပီးဝေါလ်ကိုသွားမယ်ပြောလည်း ငိုတာပဲ၊ မမလေးရှေ့မှာ သိပ်မငိုဘူး အစ်ကိုလေးရဲ့ .. ကျွန်မရှေ့မှ ပိုငိုတာ .."

သူ အခန်းတံခါးပြန်စေ့ခဲ့ပြီး အပြင်ထွက်လာခဲ့သည်။

ဧည့်ခန်းထဲမှာ မြတ်ဖြူလေး က ပါးလေးဖောင်းဖောင်း၊ ပါးကွက်လေးရေးရေးနှင့် နုံသာရောင် စပို့ရှပ်အင်္ကျီ၊ ဘောင်းဘီလေးနဲ့ဖြစ်သည်။

ခါတိုင်းလို ဆံပင်ပျော့ပျော့လေးတွေမှာ ရောင်စုံကလစ်လေးတွေနှင့် ညှပ်မထားဘဲ အဝါရောင်ဖဲကြိုးလှလှလေးတွေနှင့် တစ်ဖက်စီမှာ ဆံပင်နည်းနည်းလေးတွေ ယူစည်းထားသည်။

ရမက် က ကိုယ့်ကိုယ်ကိုယ် သေသေသပ်သပ်နဲ့ လှအောင်နေတတ်သလို ကလေးကို ပြင်ပေးထားတိုင်းလည်း ကလေးပဲဆိုပြီး ဖြစ်သလို လုပ်လိုက်တာ မတွေ့ဖူးပါ။

"သနပ်ခါးတွေ ပျက်ကုန်ပြီကွ၊ ဘာလို့ငိုနေတာလဲ"

"ဦး ..."





မြတ်ဖြူ က သူ အနားမှာထိုင်လိုက်တာနှင့် ရင်ခွင်ထဲမှာဝင်ထိုင်ပြီး လည်ပင်းကိုဖက်ထားကာ ...

"မီးမီး .. ဒီနေ့ ဦးနဲ့ အိမ်မှာနေခဲ့မယ်နော် .. နော် .. ဦး၊ မေမေ့တို့ ဦး ပြောပေးနော်"

"ညည်းကို ကစားကွင်းတွေ လိုက်ပို့ပေးမယ်လို့ ပြောတယ်မို့လား၊ အိမ်မှာနေခဲ့ရင် ပျင်းစရာကြီးလေ"

"ဟင့်အင်း .."

မြတ်ဖြူ က ဆံပင်လေးတွေ လွှဲယမ်းသွားတဲ့အထိ ခေါင်းခါပစ်သည်။

"မီးမီး မဆော့တော့ဘူး၊ အိမ်မှာပဲ ဦးနဲ့ ဂိမ်းဆော့မယ်"

"ဦးက မဆော့ချင်ရင် ညည်း ပျင်းနေမှာပေါ့၊ မေမေနဲ့ပဲ လိုက်သွားလိုက်နော်"

"မလိုက်ချင်ဘူး"

မြတ်ဖြူ ငိုမလိုမဲ့လိုက်တော့ ကိုယ်လုံးလေးကို သူ့ထွေးဖက်ထားလိုက်မိ၏။ ကလေးကိုဖက်ထားမိတိုင်း ရတတ်သည့် ကလေးကိုယ်နံ့လေးကိုလည်း သူ နှစ်သက်တတ်ခဲ့ပြီဖြစ်သည်။

တယုတယစကားတွေနှင့် မချော့တတ်ခဲ့သော်လည်း ပါးမို့လေးတွေကို နမ်းမိတာ ခဏခဏပါ။ မေတ္တာတရား၏ အေးမြခြင်းဟာ ကလေးကိုထွေးဖိုက်လိုက်မိတိုင်း ရင်ထဲမှာ တရစ်ရစ်တိုး၏။

'မြတ်ထွဋ်' လို့ တစ်သက်လုံးခေါ် လာခဲ့ပြီး အစ်ကိုလိုလည်း လေးစားချစ်ခင်စွာ ခေါ် ပြောဖြစ်ခဲ့သည်မရှိသော မြတ်ထွဋ် ကိုလည်း သတိရလာခဲ့သည်။

ထိုအခါ မြတ်ထွဋ် ရဲ့သမီးလေးဆိုသည့် နွေးထွေးမှုက ကိန်းအောင်းနေခဲ့သည့် သွေးသားသံယောဇဉ်ကို ပြခဲ့၏။ ကလေးအပေါ်မှာ

www.burmeseclassic.com



လူ ဥပေက္ခာတွေ ထားရက်ခဲ့သူပါ ...။

"မီးမီးရေ .. သွားမယ်"

သူ့အတွေးတွေ ရမက်အသံကြောင့် ပြတ်တောက်သွားခဲ့၏။

ရမက်ရဲ့ခြေလှမ်းတွေလည်း ကလေးကို သူ့ရင်ခွင်ထဲမှာ မြင်လိုက်ရတော့ မြင်ရသည့်နေရာမှာပဲ ရပ်တန့်သွားခဲ့လေသည်။

သူမရဲ့မျက်နှာဆီကို မရောက်သော အကြည့်တစ်ချက်နှင့် သူငဲ့ကြည့်ကာ ...

"ကလေးကို ဒီနေ့ ငါနဲ့ပဲ ထားခဲ့ပါ"

"ဘယ်လိုလုပ် ဖြစ်မှာလဲ၊ ကလေးဆိုတာ ထိန်းဖူးတဲ့လူမှ ထိန်းတတ်တာ၊ နင် ကလေးအကြောင်း ဘာသိလို့လဲ၊ အိမ်မှာ လူကြီးတွေ မရှိဘဲ မထားခဲ့နိုင်ဘူး"

"ထိန်းဖူးတာ မထိန်းဖူးတာတွေ မသိဘူး၊ ကလေးကို စလုတ်မထိ၊ ဆူးမငြိအောင် ငါ ထိန်းနိုင်တယ်၊ သူလည်း ငါနဲ့ နေခဲ့ချင်တယ်၊ အဲဒီတော့ ထားခဲ့လိုက်"

ရမက် လှမ်းကြည့်လိုက်တော့ သူ့ရဲ့မေးဖျားလေးအောက်ကနေ မရဲတရဲလေးချောင်းကြည့်နေသော သမီးရဲ့မျက်ဝန်းလေးတွေ ဖျတ်ခနဲ ပုန်းကွယ်သွား၏။ ဒီ့ထက်ပိုပြီး ဆွဲလွဲခေါ်ပြန်ရင်လည်း ကလေးက ငိုဟယ်ရယ်ဟယ်ဖြစ်၍ စိတ်ဆင်းရဲသွားတော့မည်။

ဘုန်းမီးနေ ကလေးကို ညှာညှာတာတာတွေ လုပ်လာကာမှ ကလေးက သူမှသူဖြစ်နေခဲ့လျက် မအေကိုတောင် ဒီလောက်မဟုတ်တော့သလိုပင်၊ ဖအေတစ်ယောက်လုံး သေဆုံးခဲ့ပြီဆိုသည့်အဖြစ်ကို ထိခိုက်ခံစားလိုက်တာလည်း ခဏလေး။ ဘုန်းမီးနေ ၏ ကြင်နာခြင်းကြောင့် အရာအားလုံး ပြည့်စုံသွားခဲ့ပြီလား ...။

ဒီလိုလူကို မခင်တွယ်စေရဲဆိုသည့်အတွက်နှင့် ရမက် မျက်လုံးတွေ





သမီးဆီကို စူးစူးရဲရဲ ရောက်သွားသည်။

"သမီးက မေမေနဲ့ ဘာဖြစ်လို့ မလိုက်ချင်တာလဲ"

"မင်း အဲဒီလို ကလေးကို ညှပ်ပူးညှပ်ပိတ် မမေးနဲ့လေ၊ သူ နေခဲ့တာ ဘာဖြစ်လဲ၊ ဒါ တခြားသူစိမ်းအိမ်မှ မဟုတ်တာ ..."

'နင့်လက်ထဲမှာ မထားခဲ့ချင်တာ' ဆိုသည့် စကားလုံးတွေကို မျက်လုံးထဲမှာ သေချာပုံဖော်၍ သူ့မျက်နှာကို စိုက်ကြည့်ပစ်လိုက်မိသည်။ ဘုန်းမီးနေ ကလည်း ပြန်ကြည့်နေပြီး မျက်မှောင်ကုပ်သွား၏။

ခြေမြှေးချင်းတော့ ခြေမြင်ကြသည်။ ရမက် ချာခနဲ လှည့်ထွက်သွား၏။ သူတို့အမြင်မှာ ခြေလှမ်းကျဲကျဲနှင့် ကားပေါ်ကို ဒေါသတွေ သယ်ပိုးပြီး တက်သွားသည်ဟု ထင်ကြလိမ့်မည်။

တကယ်တမ်းကျတော့ ကားစထွက်သည်နှင့် မျက်ဝန်းမှာ မျက်ရည်တွေ ပြည့်ပြည့်သိပ်သိပ်ပါလာပြီ ဖြစ်လေသည်။ ခြံထဲက ထွက်လိုက်တော့ ပါးပြင်ထက်သို့ ဖွေးခနဲ လိမ့်ဆင်း ...။

နေရာတကာ မငိုတတ်ခဲ့ပါ၊ ဒါပေမယ့် သမီးလေးရဲ့ ချစ်ခင်တွယ်တာမှုတွေကို ဆုံးရှုံးလိုက်ရသလို ရင်ထဲမှာ ကြေကွဲနေမိသည်။

သူမ ကလေးဆန်နေမိသည်လား၊ ဒါမှမဟုတ် သမီးလေးကို ချစ်ရလွန်းလို့ ရူးတာလား။ ဒီအဖေ၊ ဒီအမေကို ချစ်နေတာဆိုလျှင် သူ့အဖေကို ပိုချစ်ပါသည်ပြောလို့ ဘယ်မိခင်ကမှ မကျေနပ် ဝမ်းနည်းမိမည် မဟုတ်ပါ။

ခုတော့ ဤလူဟာ ဘယ်လိုနည်းနဲ့မှ မေတ္တာထားဖို့ မသင့်သည့် လူ ...။

ကားမောင်းနေရင်း စိတ်တွေက အိမ်ကိုပဲရောက်နေကာ သမီးကို ပွေ့ဖက်ထားသည့် သူ့ရဲ့ပုံကိုပဲမြင်နေခဲ့သည်။ ဖြစ်နိုင်လျှင် ရင်ခွင်ထဲကနေ သမီးကို ဆွဲထုတ်ပစ်လိုက်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ ရင်ထဲမှာ ဗလောင်ဆူနေသမျှ ထိုမျှအထိ ပွက်ပွက်ဆူသွား ခဲ့သည်ကို ဘုန်းမီးနေ ကလည်း နားလည်ခြင်းများနှင့် ကျန်ရစ်ခဲ့တာ ဖြစ်သည်။

သူ အကြာကြီးတိတ်နေပြီးမှ သက်ပြင်းချတော့ မြတ်ဖြူ က ဖျော့ ကြည့်ကာ သူ့မေးဖျားကို လက်ဖဝါးသေးသေးလေးတွေနှင့် နှစ်ဖက် ညှပ်ကိုင်၍ ...

“ဦးက ဘာဖြစ်လို့လဲဟင်၊ ဂိမ်းမဆော့ချင်ဘူးဆိုရင် မဆော့နဲ့ လေ၊ ဦး လုပ်ချင်တာလုပ်ပေါ့၊ မီးမီးက ဦးနားမှာ ထိုင်နေမယ်”

ထိုဖြက်ကလေးကို သူ ထပ်ဆုပ်ကိုင်လိုက်ကာ ...

“ညှည်းမေမေက ဦးကို မုန်းနေတာ၊ ဦးနဲ့ညည်း တူတူနေချင်ရင် မေမေက ဒေါသတွေထွက်နေမှာပဲ၊ မေမေဆူမှာ မကြောက်ဘူးလား”

“မေမေက မီးမီးကို မဆူပါဘူး။ ဦးကိုလည်း မုန်းတယ်လို့ တစ်ခါ မှ မပြောဘူး”

“တစ်ခါမှ မပြောဘူး ..”

“ဟုတ် ..”

သူ အံ့သြသွားပေမယ့် ဒါဖြစ်နိုင်သည်ဆိုတာ တစ်ခါတည်း တွေး မိ၏။ စာလေးအတွက်ဆို သူမလက်ထဲမှာ ‘ရေမှတ်တစ်ဖက်၊ မီးစတစ် ဖက် ထားတယ်’ လို့ ပြောခဲ့တာပဲ။

သူနဲ့ သူမ ရှိခဲ့ကြတဲ့ ရန်ငြိုးတွေ၊ အမုန်းတွေကို ကလေးကိုတော့ စွန်းထင်းမခံခဲ့ဘူးဆိုတာ မယုံနိုင်စရာမရှိ..၊

“ဦး ...”

“ဟင် ...”

“ဦးက မီးမီးကို ဘာဖြစ်လို့ ခုမှ ချစ်တာလဲဟင်၊ မီးမီးက ခုမှ ဦးရဲ့တူမ ဖြစ်လာတာလား .. အရင်တုန်းက မဟုတ်ဘူးလား”





ဘုန်းမီးနေ ခေါင်းကိုင်တတ်တဲ့အကျင့်မရှိဘဲ ဒီမေးခွန်းကျမှ အကျပ်ရိုက်ကာ ခေါင်းကုတ်ချင်တာမဟုတ်ဘဲ လက်တစ်ဖက်က ဆံပင် တွေထဲ ရောက်၏။

“ဦးကို မေမေက ဘာဖြစ်လို့မုန်းနေတာလဲ”

မုန်းတာတွေကို စီကာပတ်ကုံးမပြောခဲ့ဖူးသော်လည်း ဘယ်တုန်း ကမှ မသင့်မြတ်ခဲ့တာတွေကို ကလေးရဲ့ခံစားချက်လေးနဲ့ပဲ သိနေ မှာပါ။

သူ အနီးစပ်ဆုံးဖြေနိုင်ဖို့ စဉ်းစားရင်း ...

“ဒီလိုကွာ .. ဦးက ညည်းရဲ့ဖေဖေနဲ့ ဟိုးငယ်ငယ်လေးကတည်း က ညီအစ်ကိုဆိုပေမယ့် သိပ်မတည့်ဘူး၊ ညည်းအဖေက နူးနူးညံ့ညံ့ သမား၊ ဦးက အပြောရိုင်းတယ်၊ ရန်ဖြစ်တတ်တယ်၊ ညည်းရဲ့မေမေက အဲဒါတွေကိုမကြိုက်ဘူး၊ နောက်ကျတော့ ဦးနဲ့ပတ်သက်ပြီး ညည်း အဖေ ရန်တွေဘာတွေ ဖြစ်တတ်လာတယ်၊ ဦးက ဘယ်သူ့ကိုမှဖြစ်ဖြစ် ပြေပြေပြစ်ပြစ် သိပ်မပြောတတ်ဘူး၊ မယဉ်ကျေးတာကိုပြောတာတွေ အဲဒါတွေကစပြီး မသင့်မြတ်ခဲ့ကြတာဆိုပါတော့”

နောင်တစ်ချိန်ချိန်မှာလည်း ဒီကလေး ဒီအဖြစ်တွေကို သိလာမှာ ပဲမို့ နည်းနည်းပါးပါး အသိပေးလိုက်သလို ဖြစ်သွားလည်း ကောင်းတာ ပဲလို့ တွက်မိသည်။

ကိုယ့်ကို ဒီလိုလူမုန်း ဆောစီးစွာသိစေချင်သည့်စိတ်တွေလည်း ဖြစ်နေမိတာ ဘာကြောင့်မှန်းမသိ။ နောင်အခါမှာ ရမက်ဖြူ ရဲ့အမုန်း မျိုးတွေကို လက်ခံရရှိမှာထက် ခုချိန်မှာ မုန်းကြမယ်ဆို သူကျေနပ်နိုင် ခြည်ထင်သည်။

ဒါပေမယ့် မြတ်ဖြူ ရဲ့မျက်ဝန်းလေးတွေမှာ သူ့အပေါ် မှာ ခြား နားပြောင်းလဲသွားတာမျိုး မရှိဘဲ...



www.burmeseclassic.com

www.burmeseclassic.com



"ဦးက ဖေဖေ့ကိုလည်း မချစ်ဘူး ဟုတ်လား"

"ချစ်တာပေါ့ မီးရယ်၊ သူ့ကိုချစ်လို့ သူ့ရဲ့သမီးလေးကို အခု ရင်ခွင်ထဲမှာ ယုယုယယ ပွေ့ပိုက်ထားတာပေါ့၊ ဦးက အငယ်ဆိုတော့ အသားလုံး အပေါ်မှာ အရမ်းဆိုးတာ၊ ကိုယ့်အစ်ကိုကိုလည်း ဂရုမစိုက်နိုင်ခဲ့ဘူးလေ၊ ငယ်ရွယ်သူဆိုတော့ ငယ်စိတ်နဲ့ပေါ့"

"အခု ဦးက မငယ်တော့ဘူးလား"

မေးခွန်းကြောင့် သူ ပြုံးလိုက်မိသည်။

"ဟိုတုန်းကထက်စာရင် မငယ်တော့ဘူးပေါ့၊ ဥပမာ .. အခု ညည်းအရွယ်လေးနဲ့ ခြောက်တန်း ခုနစ်တန်းကျောင်းသားအရွယ်၊ အဲ့ဒီအရွယ်နဲ့ ဆယ်တန်းကျောင်းသားဆိုတဲ့အရွယ်၊ အဲဒါထက်ပိုကြီးသွားတော့ အခု ဦးတို့အရွယ်လေ"

မြတ်ဖြူ ခေါင်းလေးညိတ်ရင်း သူပြောပြနေတာကို သေချာစဉ်းစားနေ၏။ ကိုယ့်ကိုယ်ကိုယ်လည်း ကလေးထိန်းတစ်နေပါလားဆိုတာကို သတိထားမိရင်း ရယ်ချင်သွား၏။

"ကလေးနဲ့နေမှ ကလေးထိန်းတတ်တာ" တဲ့။ ဘယ်လိုထိန်းထိန်း ကလေးက ပျော်နေရင်ပြီးတာပဲ မဟုတ်ဘူးလား ..၊

ထိုစဉ် ရှိုးကေ့စ်ပေါ်ကဖုန်းက ထမြည်၏။ သူ နေရာမှထသွားပြီး ကိုင်လိုက်တော့ မေမေတို့ဆီက ...

"သားငယ် .. သမီးတို့သားအမိနဲ့ မြသနာဖြစ်နေမှာစိုးလို့"

"ဘာမှမဖြစ်ဘူး"

"အခု သမီးတို့ ဆိုင်ထွက်သွားကြပြီလား၊ ကလေးကို ခေါ်သွားလား .. အိမ်မှာကျန်ခဲ့လား၊ ကလေးကို ကြင်ကြင်နာနာဆက်ဆံနိုင်လား သားရယ်၊ မေမေတို့ တစ်ရက်နှစ်ရက်ဆို ပြန်လာခဲ့တော့မှာ"

မေးခွန်းတွေမေးပြီး သူဖြေတာကိုလည်း မစောင့်ပါ။ စိုးရိမ်တာ





တွေ၊ ဒီလောက်တန်းစီနေပြီး ထွက်သွားကြတာ လင်မယားနှစ်ယောက်လုံး။ သူလည်း ဒီမေးခွန်းတွေကို ပြန်မဖြေချင်ပါ။ မေးချင်တာ အတော့ အဆင်သင့်မို့ ...

"မေမေတို့က မန္တလေးကို ဘာသွားလုပ်ကြတာလဲ"

"ပြော့.. ရင်းနှီးတဲ့မိတ်ဆွေတစ်ယောက်က သားရေးသမီးရေးအတွက် တိုင်ပင်ချင်တယ်ဆိုလို့ပါ သားရယ်၊ သူ့သားသမီးကိစ္စပဲဆိုပြီး ဆိုင်သလိုနေလိုက်လို့မကောင်းတဲ့ လူရင်းဖြစ်နေလို့ပါ"

ဒါလည်း သိပ်တော့သဘာဝမကျပါ။ ကလေးအပြင် ရမက်ဖြူ ဆိုပါ သင့်မြတ်အောင် ပြောဆိုနေထိုင်ဖို့တွေ မှာကြားပြီး ဖုန်းချသွား၏။ ကလေးနဲ့ သူ ဂိမ်းဆော့နေတာ နာရီတွေလွန်ကုန်လျက် မီညို ထမင်းစားဖို့လာခေါ်တော့လည်း မထဖြစ်။

"ညည်း ဗိုက်ဆာပြီလား"

"ဟင့်အင်း .. ဆော့ဦးမယ်၊ ဒီတစ်ခါ ဦးကို မီးမီး အနိုင်ပေးမယ် သိလား"

"ဟုတ်ပါပြီ ကျေးဇူးရှင်ရယ်၊ ဒီမှာ ရှုံးပဲရှုံးနေရတာ၊ သနားသဖြင့်ပေါ့"

မြတ်ဖြူ ရဲ့ ခိုးခိုးခစ်ခစ်ရယ်သံလေးတွေနဲ့ အခန်းထဲမှာ စိုပြည်နေခဲ့၏။

ထိုစဉ် ဖုန်းမြည်သံကြောင့် ကလေးကိုထားခဲ့ပြီး သူ ကိုင်လိုက်သည်။

"ဟလို .."

"ငါ မီညို နဲ့ပြောမယ်၊ ခေါ်ပေး .."

ရမက် အသံက ခပ်ဆောင့်ဆောင့်။

"ခေါ်ပေးရအောင် ဖုန်းတစ်လုံး အိမ်ရှေ့ချပြီး နာမည်လာသဖြ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခေါ်ပေးနေတဲ့ကောင် မှတ်လို့လား"

"နှင့်ကိုယ်နှင့် ဘာကောင်မှန်း သိနေတယ်မို့လား၊ အဲဒီနားကနေ လှည့်အော်လိုက်ရင်ရပြီ၊ ငါ အရေးကြီးနေတယ်နော်၊ မြန်မြန်ခေါ်ပေး"

မခေါ်ချင်ပေမယ့် စိတ်က ဒီ့ထက်ပိုပြီး အတိုက်အခံလုပ်ရ တိုက်တွန်းချက်မရှိတော့သလိုဖြစ်ကာ မိညို့ကို လှမ်းခေါ်ပေးလိုက်သည်။

ဒါပေမယ့် ဘာအရေးကြီးတာလဲဆိုတာတော့ သိချင်သေးသည်မို့ အနားမှာပဲရပ်ပြီး နားထောင်နေလိုက်သည်။

"မမ .. ဂျုန်မပါ"

"သမီး ဘာလုပ်နေလဲ"

မိညို့က ကလေးကို လှမ်းကြည့်လိုက်ပြီးမှ ...

"ဂိမ်းဆော့နေတယ် မမ"

"ထမင်းကျွေးပြီးပြီလား"

"ထမင်းကျွေးပါတယ်၊ ဒါပေမယ့် ..."

ဖုန်းကို သူပြန်ဆွဲယူလိုက်ကာ မိညို့ ကို ထွက်သွားဖို့ မျက်ရိပ်ပြလိုက်ပြီး ...

"ထမင်းစားချိန်လွန်သွားတော့ ဘာဖြစ်သွားနိုင်လို့လဲ၊ သူ ပျော်နေလို့ လိုက်ဆော့ပေးနေရတာ၊ ဒါလည်း မစားရသေးဘူး"

"ငါ နှင့်ကိုမေးနေတာ မဟုတ်ဘူး။ ကလေးထိန်းတဲ့သူကို မေးတာ၊ မိညို့ ကို ပြန်ပေးလိုက်"

"ကလေးက ငါ့လက်ထဲမှာ၊ ငါ့ကိုပဲ မေး .."

"ဘုန်းမီးနေ .."

"ပြော .."

"ငါ နှင့်ကို ဘာမှပြောချင်ဆိုချင်စိတ် မရှိဘူးဆိုတာ၊ ထပ်ကြားချင်လို့လား"





"ဘယ်ကြားချင်မလဲ၊ ဘယ်သူမှ အမုန်းကို အလိုမရှိဘူး။ အချစ်ကိုပဲ.."

"တောက် .."

ပြင်းထန်သည့်တက်ခေါက်သံကြောင့် သူ ဆက်မပြောဘဲ ရပ်ထားလိုက်ကာ ဖြူးမိ၏။

"ကလေးကို အချိန်မှန် ထမင်းကျွေး၊ အချိန်မှန် သိပ်ရတယ်၊ မသိရင် မိညို့ ကို မေးပြီး နေ့စဉ်သွားတဲ့ ယေားအတိုင်း လုပ်ပေးလိုက်၊ ဒီအချိန်ဆို အိပ်ချိန်ရောက်နေပြီ"

"မင်းနဲ့ လျှောက်လည်တဲ့နေ့တွေဆိုရင်လည်း ဒီဇယားတွေ လွတ်ကုန်တာပဲမို့လား။ ဒီနေ့လွတ်သွားတော့ ဘာဖြစ်လဲ..၊ ငါကတော့ ကလေး လုပ်ချင်တယ်ဆိုတာတွေ လိုက်လုပ်ပေးမှာပဲ"

"အဲဒီလို သွားလာတာတွေများသွားပြီဆို ကလေးက မေသိမသာ ဝန်းလာပြီး ချူချာလာမှာ၊ နင်ဘာသိလို့ မအေတစ်ယောက်လုံးကို အတိုက်အခံတွေ လုပ်ဖြနေတာလဲ၊ ခုကျမှ ကလေးရဲ့အလိုတွေ လိုက်နေတာကရော .. ဘာအချိုးချိုးနေတာလဲ"

"ချစ်တတ်လာတာ .. ငါ အခုချစ်တတ်နေပြီ"

ပြောချင်တာပြောပြီး သူပဲ ချပစ်လိုက်သည်။ ခုလောက်ဆို ရှုံက်ဖြူ ဆိုတဲ့မိန်းမ ရေချူအမှတ်ကို ရောက်နေနိုင်၏။

သူကရော .. ဘာလို့ပြောလိုက်မိတာလဲ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၄၅ ]

"ဘယ်လိုပြောလိုက်တာလဲ ရမက် ရယ် .. ပြောတော့ ဒီသမီးလေးက အမိက ဆို၊ နှင်း ဒီလိုလုပ်ရင် ကလေး ရင်ကွဲရမှာပေါ့"

ဖုန်းဆက်ပြီး လေယာဉ်လက်မှတ်ဖြတ်ခိုင်းတော့ ခိုင်းတဲ့အတိုင်းတော့ လုပ်ပေးရှာပါ၏။ ဒါပေမယ့် နွေး သူ့ဆီကို တန်းရောက်လာသည်။ ဝင်လာကတည်းက 'ကလေးရော'လို့ မေးလိုက်ပြီး အိမ်နေတယ်ဆိုမှ ဒီကိစ္စကို တားမြစ်ခြင်းခေါင်းစဉ်နှင့် ပြောတော့တာဖြစ်သည်။

"သူတို့ ဘာတွေပဲ စီစဉ်နေနေ ကိုယ်ခေါင်းညိတ်မှဖြစ်တာ ရမက်ရယ်၊ မလိုချင် မလွှဲနဲ့ပေါ့။ အခု ကလေးကို သူက နှုးညံ့တတ်နေပြီ နှင်း ခွဲထုတ်သွားရင် ကလေး အရင်ကထက်ပိုပြီး ခံစားရမှာ၊ မကြံကောင်း မစည်ရာတွေပါဟယ်"

"ကြံနေတာ မဟုတ်ဘူး၊ ငါ တကယ်ဆုံးဖြတ်ပြီးပြီ၊ မေမေပါလာရင် နှစ်ဖက်မိဘကြားမှာ ငါပဲ မိန်းမကြမ်းဖြစ်မယ်၊ အရင်ကလို မျက်နှာချင်းဆိုင်လိုက်တာနဲ့ ဝုန်းဒိုင်းကြဲသွားကြတဲ့ အခြေအနေဆိုရင်တောင် ခတော်သေးတယ်"





"ဟုတ်တယ်၊ အခု သူက နှင့်ကို မသိမသာအလျှော့ပေးလာတယ်၊ လေးမစား ရိုတိုတိစကားတွေ ပြောလာတယ်၊ အဲဒါ ရန်စချင်လို့မှ မဟုတ်တဲ့၊ တကယ်ချစ်နေတာဆိုရင် နှင်း စဉ်းစားသင့်တယ်နော်"

"ဘာပြောတယ်.."

"ငါတို့က ပြောမနေဆိုမနေ တိုင်ပင်ဘက်တွေမို့ အမုန်းခံပြီး ငါ ပြောနေတာပါ၊ နှင်း ငါ့ကို စိတ်မဆိုးပါနဲ့"

နွေး က ပြောနေရင်း ကောင်းပန်စကားတွေပါဆိုကာ ...

"ကလေးကြီး သူ့ကိုခင်တွယ်နေတာကိုပဲ နှင်း ဒေါသထွက်နေတာမို့လား။ အဲဒါ မကြင်နာတတ်တဲ့ သူ့ရဲ့ဦးလေးဆိုတဲ့အမြင်နဲ့လေ၊ ဘုန်းမီးနေ သူ့အဖေဖြစ်သွားရင် သူတို့ ကြင်နာနေလေ၊ နှင်းစိတ်ချမ်းသာလေ ဖြစ်မှာ .."

"ဘယ်တော့မှ အဲဒီလိုမဖြစ်ရဘူး နွေး၊ ငါ့ကို ပါးစပ်နဲ့ လက်နဲ့ ကြိုက်သလိုစော်ကား။ အမျိုးမျိုးနဲ့ ဖြေသိမ့်လိုက်နိုင်တယ်၊ သူ့အပေါ် မှာ အချမ်းကိုမေ့ရှာကြီးမားတဲ့ ငါ့ယောကျ်ားကိုမှ 'ကျေးဇူးတင်ရမှန်းမသိတဲ့ မနေတတ်မထိုင်တတ်လို့သေတာ' လို့ မိုက်မိုက်ရိုင်းရိုင်းပြောခဲ့တာ၊ အဲဒီစကားတစ်ခွန်းကို ငါဘယ်တော့မှမမေ့ဘူး။ သေမလောက်ဖြစ်နေတဲ့ ကလေးကို လုံးဝလိုက်မကြည့်ဘဲ ဥပေက္ခာထားခဲ့တာကိုရော ငါ ဘယ်လို မေ့ရမလဲ၊ အဲဒီလိုကောင်က အခု ကြင်နာပါတယ်ဆိုတာကို ဘယ်လို နားခံပြီး ယုံကြည်ရမလဲ၊ ဘယ်တော့မှမယုံဘူး၊ တစ်သက်လုံး မယုံဘူး"

"အဲဒါလည်း နှင်း မယုံကြည်တာ မလွန်ပါဘူး၊ ဘာဖြစ်လို့ဆိုတော့ ကလေးကို အဲဒီအချိန်အထိ သူ မကြင်နာတတ်တာ ဖြစ်နိုင်တယ်လေ၊ အခုမှ ကြင်နာလာတယ်ဆိုတာက နှင့်ကို ..."

"တော်ပါတော့ .."



www.burmeseclassic.com

www.burmeseclassic.com



"နားထောင်ပါဦး ရမက် ရယ် .. ဖအေအရင်းတွေတောင်မှ 'မ'ထိုးမင်လို့ 'ဥ'ကိုခင်တာဆိုတဲ့စကား ရှိတယ်မို့လား။ သူ နှင့်ကိုချစ်လာလေ ကလေးကိုချစ်လေဖြစ်မှာပဲ၊ ပြီးတော့ ကလေးက သူ့တူမအရင်း။ စဉ်းစားပါဦးဟာ၊ သူ့ကို လက်မထပ်ချင်ရင်တောင် တခြားနည်းလမ်းတော့ ရှာပေါ့၊ နှင် ဒီကနေ့ အပြီးခြေရာဖျောက်သွားဖို့ဆိုတာကတော့ အားလုံး စိတ်ဆင်းရဲကြမယ့်ကိစ္စကြီးပါ"

"နှင် အာပေါက်အောင်ပြောနေတာတွေကို အားတော့နာတယ် နွေးရယ် .. ဒါပေမယ့် ဒါ မမေ ဒီရောက်မလာခင် အမြန်ဆုံးထွက်သွားဖို့ ဆုံးဖြတ်ပြီးပြီ၊ သူ့ကိုလက်မထပ်ဘဲ ဒီမှာ ဒီတိုင်းနေကြဖို့ ဘယ်လိုမှ မဖြစ်ဘူး။ အဲဒါ အန်တီပြောတဲ့အတိုင်းပဲလေ၊ သူ အိမ်ထောင်ကျတဲ့အခါ ဒါ့သမီးလေးက ဥပေက္ခာစာရင်းထဲ ပြန်ရောက်ပြီး ဒီ့ထက်အဆပေါင်းများစွာ စိတ်ဆင်းရဲမှာ၊ အဲကြောင့် ဒါ ဒီလမ်းကိုရွေးခဲ့တာ .."

"ရမက် ရယ် .. အဲဒါကြောင့် ..."

"တော်ပြီ နွေး။ မနက်ဖြန် ဒါတို့သားအမိ သွားမယ်၊ ဆိုင်ကို နှင် စောင့်ကြည့်ထားပေးပါ၊ မမေ ရောက်လာတဲ့အထိပေါ့"

ပိုးထည်ဆိုင်က ရမက် အစကတည်းက လုပ်လာခဲ့တဲ့ ကိုယ်ပိုင်စီးပွားရေး ဖြစ်သည်။ နွေး ကတော့ ခေါင်းလည်းမညိတ်၊ ခေါင်းလည်းမခါနိုင်ဘဲ ပြောရခက်စလခြင်းဆိုသည့်အကြည့်တွေနှင့်သာ ငေးနေမိတော့သည်။

ထိုအချိန်လေးမှာ အခန်းရှေ့ကွယ်ရပ်လေးမှာ တောင့်မတ်စွာရပ်လျက် မျက်ရည်တွေအသံတိတ်ကျနေသည့် မြတ်ဖြူလေး ကို ဘယ်သူမှ သတိမထားမိကြပေ။ ထိတ်လန့်မှုယ်ကောင်းသည့် တိုက်ဆိုင်မှုကိုသည် ဤကလေးထိုမှ ရက်စက်ချင်တာလားမသိ။ သူမလေး၏မျှော်လင့်ခဲ့ရသော နေ့ရက်လေးတွေ ပျောက်ဆုံးချိန်က မနက်ဖြန် ...။



## အခန်း [ ၄၆ ]

"မမ .. အထုပ်အပိုးတွေနဲ့ ဘယ်သွားမှာလဲဟင်"

"ဒါ အန်တီတို့ကို ဖုန်းဆက်ပြီးပြီ၊ နှင် ဘာမှမေးမနေနဲ့ အိမ်မှာ စောင့်ကြည့်နေ၊ ဘုန်းမီးနေ ပြန်လာရင် ဒါ အထုပ်အပိုးနဲ့ ထွက်သွားတယ် ဆိုတာ မလိုအပ်ဘဲမပြောနဲ့"

"ဟုတ် ..."

ရမက် မျှော်ယာခတ်နေမိသည်။ မေမေ့ကို ဖုန်းဆက်ပြီးပြီမို့ သူမ ပြေးနေသွားပြီဆိုတာ အန်တီတို့လည်း သိနေလောက်ပါပြီ။ ဘုန်းမီးနေ ကတော့ သူတို့ဖုန်းဆက်မှ ဒါမှမဟုတ် ဒီနေ့ တစ်ချိန်ချိန်ကျမှ သိလိမ့်မည်။

အိမ်ကမထွက်ခင် မသိဖို့တော့လိုသည်မို့ သူ ထွက်သွားတာနှင့် ပြန်ရောက်မလာခင်ထွက်နိုင်ဖို့ ပြေးလွှားလှုပ်ရှားနေရတာ ဖြစ်သည်။ ဒီသတ္တဝါ သိပြီဆို ကလေးရှေ့မှာပဲ တစ်ခုခု ဝုန်းဒိုင်းကြဲမှာ သေချာသည်။

"သမီးလေး .. ယော .. ဘာလုပ်နေတာလဲ၊ သွားမယ်လေ လာ.."

အခန်းထောင့်ကွယ်လေးမှာ ကိုယ်လေးကိုရှုံ့ပုန်းနေတာ ပါးပြင်လေးပေါ်မှာ မျက်ရည်ကြောင်းလေးတွေ တော့ ထိတ်လန့် ဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



သမီးလေး သိသွားလို့လား။

"မေမေ .."

"ဟင် .. သမီး"

"မီးမီးတို့ လျှောက်လည်မှာမဟုတ်ဘူးမို့လား။ ဘွားဘွားကြီးတို့ ဦးတို့နဲ့ ဟိုးအဝေးကြီးကိုသွားမှာမို့လားဟင်၊ နောက် ဘယ်တော့မှပြန် မလာတော့ဘူးမို့လား"

ရမက် သမီးကိုချီပွေ့မလို့ ပခုံးလေးနှစ်ဖက်ကို ဖိဆုပ်ထားပြီးမှ မင်တက်မိသလို ဖြစ်သွားလေသည်။

သမီးလေး ဘယ်လိုလုပ်သိသွားတာလဲ ..၊ အဝတ်သေတ္တာနဲ့ တခြားပစ္စည်းလေးတွေ ကားပေါ်ကိုတင်တာ သမီးမမြင်အောင် တင်လိုက်တာပဲ..၊ ကလေးကို ချော့မော့ပြောပြီး တဖြည်းဖြည်း နေတတ်အောင် ကြိုးစားယူမို့ ဖြစ်၏။ ခုတော့ ...

"မေမေ ..."

မထူးစိတ်ပိုက်ကာ သမီးကိုယ်လေးကို ဆတ်ခနဲ ဆွဲပွေ့လိုက်သည်။ မြတ်ဖြူ သည် မျက်လုံးလေးပြူးသွားခဲ့ပြီး အကြမ်းပတမ်းလုပ်လိုက်တာကိုလည်း ကြောက်သွားပုံနှင့် သူမ လည်ပင်းကို သိမ်းကျုံးဖက်၏။

"မေမေ့ .."

"နောက်မှ မေမေ ရှင်းပြမယ် သမီး။ သမီးလေး ရေရှည် စိတ်ချမ်းသာအောင် မေမေ စီစဉ်နေတာ"

ဖြစ်ချင်တာသာ ဖြစ်ပစေတော့။

ရမက် ကားပေါ်တက်ကာ ချက်ချင်းမောင်းထွက်လိုက်သည်။ မြတ်ဖြူ သည် သူမဘေးမှာ လက်လေးပိုက်လျက် အသံမထွက်ပေမယ့် ပခုံးလေးတွေ ဆတ်ခနဲ ဆတ်ခနဲ တုန်နေအောင် ကြိတ်ရှိုက်နေခဲ့သည်။



ရမက် သိပါသည်။ သမီးလေးကိုလည်း လှည့်မကြည့်ရဲဘဲ မျက်ရည်က အလိုလိုကျလာခဲ့သည်။ ကလေးက ချစ်သူခင်သူတွေ ဝိုင်းဝိုင်းလည်နေတဲ့ထဲကနေ အထီးကျန်ဖြစ်သွားပြီ ရမက်ဖြူ ..၊

ဒီကလေးကို ဘယ်လိုပျော်အောင်ထားမှာလဲ ..၊ ကလေး အလွမ်းတွေ ရင့်ပြီး ဒုက္ခရောက်သွားမှ နင့်အတ္တကို သိမ်းမှာလား။

"နင် ဒီလိုလုပ်ရင် ကလေး ရင်ကွဲမှာပေါ့"

"သူက နူးညံ့တတ်နေပြီ"

"ကလေး အရင်ကထက်ပိုပြီး ခံစားရမှာပေါ့"

ကားမောင်းနေရင်း စိတ်တွေ ကယောင်ချောက်ချားဖြစ်လာ၏။ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ချင်လာတာတွေ၊ သူများက အပြစ်ထောက်ပြခဲ့တာတွေ၊ အားလုံးကိုကြားယောင်ရင်း တစစ ကြားလာရသည့် သမီးရဲ့ရှိုက်သံလေးကြောင့် ပိုဆိုးသည်။

ဘယ်တော့မှ ငါမမှားဘူးလို့ တင်းထားခဲ့သမျှ အတ္တတွေ မှိန်ဖျော့ထွန်းသည်လား ..၊

မဟုတ်ဘူး .. ဒီတိုင်းပဲလုပ်သင့်တာ ..။

စိတ်တွေ ရှေ့တိုးနောက်ဆုတ် မငြိမ်မသက်ဖြစ်နေပေမယ့် ကားကတော့ ရှေ့ကိုပဲ ဦးတိုက်ပြေးလွှားနေ၏။

ဘာတွေဖြစ်လာမှာလဲ ...၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၃၇]

'ရှန်ကုန် အပြည့်ပြည့်ဆိုင်ရာလေဆိပ်' ဆိုသည့် ရွှေရောင်စာလုံးကြီးတွေ ဖြန့်ခင်းနေသည့်အဆောက်ကို မီးပွိုင့်ကနေ လှည့်ဝင်လိုက်ချိန် ဘုန်းမီးနေ၏ကားနောက်ကြီးကိုမြင်လိုက်ရသဖြင့် ရမက် ထိတ်လန့်သွား၏။

ဒီကားကို သမီးလေး သိနေမှာပါ။ လှည့်ကြည့်လိုက်တော့ မြတ်ဖြူသည် ကူရှင်ကို နောက်ပြန်မှီကာ ငေးငိုင်ပြီး စော်တတ်လေးရပ်ဖို့ ကြိုးစားနေ၏။

"မီးလေး ထိုင်နေလေ .. လဲကျသွားဦးမယ်"

"ဟိုမှာ .. ဦးရဲ့ကား .."

"မဟုတ်ပါဘူး မီးလေးရယ်၊ အရောင်တူတာပါ၊ ပြန်ထိုင်နော် လဲသွားလိမ့်မယ်"

ကလေးကို မမာန်ရက်ဘဲ ချော့မော့ပြောနေရပေမယ့် ရင်တွေလည်း တုန်နေပါ၏။ ထိုစဉ် ကားက ဘာဖြစ်သွားမှန်း မသိ။

အနက်ရောင်ကားထဲမှလည်း ဘုန်းမီးနေ မျက်မှောင်ကုပ်သွားကာ ရမက်ဖြူ တို့ကားကို သမင်လည်ပြန်လှည့်ကြည့်၏။



လေဆိပ်ကို သွားကြမှာလား .. ဘာလုပ်မှာလဲ ..၊

အထဲမှာ ကလေးကို သူ မြင်လိုက်သည်။ ကလေးက သူ့ကားကို မြင်ပြီး ခေါင်းလေးလည်အောင် လိုက်ကြည့်တာလည်း သူ မြင်၏။

မတွေ့ဝေတတ်သည့်စိတ်က ကားကို ချက်ချင်း နောက်ပြန်လှည့်ပြီး ဖြစ်သည်။ သိပ်ဝေးဝေးမလိုက်ရသေးဘဲ ရပ်နေသည့် ရမက်ဖြူရဲ့ကားကို သူ လှမ်းမြင်လိုက်ရ၏။

ထိုအချိန်ခဏလေးမှာ သူ ဘယ်လိုမှမထင်မှတ်ခဲ့သောဖြစ်ရပ်က မျက်စိရှေ့မှာ ဘွားခနဲ ပေါ်လာ၏။

ကလေးသည် ကားပေါ်ကနေဆင်းလိုက်ပြီး သူ့ကားလာနေတဲ့ဆီ တအားပြေးလာ၏။ ဒီဘက်ဘေးက ပြေးထွက်လိုက်လာတာက ရမက်ဖြူ ..၊ ကားလမ်းမကြီးပေါ်မှာ ရမက်ဖြူ ဘယ်လိုမှ ဆွဲချိန်မရလိုက်ဘဲ လှမ်းအော်ရင်း ပြေးလိုက်လာနေတာ ဖြစ်၏။

ကလေးက သူ့ကားကို မြင်နေသဖြင့် အားသွန်ခွန်စိုက် ပြေးလာသည်။ ထိုစဉ် ရှာနအဆောက်အဦထဲကနေ ညာဘီအရှုပ်ဖြင့် လမ်းပေါ်ကို ဝိုက်တက်လာသည့်ကားက ရပ်နေသည့်ကားကြီးနဲ့ကွယ်ရပ်မှာဖြစ်သော ကလေး ပြေးလာနေတာကို မမြင်နိုင်။

ကားလမ်းမထက်မှာ ဒီလိုပြေးလွှားနေမယ်လို့လည်း မတွက်ဆည်မိ့ ကားလွှတ်တာနှင့် ဝိုက်တက်ပစ်လိုက်သည့်အရှိန်ဇာမသေး..၊

သူ ဘာမှပြင်ဆင်ချိန်မရလိုက်ဘဲ လီဗာကို ဖိနင်းပစ်လိုက်၏။ ထို့နောက် ထိုကားဦးတည်လိုက်သည့်ရှေ့ကနေ ခေါင်းလှည့်ကာ ကန့်လန့်ပိတ်ပစ်လိုက်လေသည်။

"ဂျိမ်း ..."

"အမလေး! ..."

ရမက် အားလုံးကိုမြင်လိုက်ရာ အသံကျယ်လောင် အော်သည်။

www.burmeseclassic.com



မျက်နှာကို လက်ဝါးနှစ်ဖက်ထဲမှောက်ချပြီး လူက ကတုန်ကယင် ပြိုလဲသွားခဲ့၏။ နားထဲမှာ ကားတိုက်သံကြီးက လျှောင်လျှပ်၊ တော်လဲသွားသလို မြေပြင်တွေပါ သိမ့်သိမ့်တုန်သွားသလားထင်ရသည်။

"ဟီး .. ဟီး ..."

"ဟင် !.. သမီး ..."

ကလေးငိုသံ ..၊ ရမက်. မျက်နှာ ဆတ်ခနဲ ပြန်မော့ကြည့်၏။

ကလေးက တိုက်မိသည့်ကားနှစ်စီးနှင့်ခပ်လှမ်းလှမ်းမှာ ဆောင့်ကြောင့်လေး ထိုင်ငိုနေ၏။

"သမီး ... ပါ့သမီးလေး ဘာမှမဖြစ်ဘူး။ သမီးရေ ..."

နေရာမှ လူးလဲထကာ အရှေ့တစ်ပိုင်း ပြေးသွားမိသည်။ သူမ မြင်လိုက်တာက ကျွေ့ထွက်လာသည့်ကားနှင့်တည့်တည့်မှာ သမီးလေး။ ကုန်ကားကြီးတစ်စီးကွယ်နေသဖြင့် ထိုကား၏ဦးခေါင်း ဘွားခနဲပေါ်လာတာကိုမြင်လိုက်တာနှင့် သမီးရဲ့ကံကြမ္မာကို သိလိုက်သည်။

ထိုစဉ် အနက်ရောင်ကား အရှိန်နှင့်တက်လာသည်။ ကားနှစ်စီးရဲ့ ရှေ့မှာ သမီးလေးက ဒိုင်းသဖွယ်ရှိနေပြီးဖြစ်လျက် သူမရဲ့ အဝေးကြီးဖြစ်နေခဲ့ရာ ဂိမ်းခနဲ မြည်သံကြီးကို ကြားခဲ့ပြီး ...

"သမီး .. သမီး ဘာမှမဖြစ်ဘူးနော်"

သမီးလေး အကောင်းအတိုင်း ကျန်နေတာကို မြင်လိုက်ရသဖြင့် ဝမ်းသာအားရ ကျူးဖက်လိုက်မိ၏။ သို့သော် ...

"ဟင် !... သမီး .. သမီးလေး ..."

မြတ်ဖြူ သည် သူမ လက်ထဲမှာ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်၍ ချွေးချွေး ရေချိုးထားသလိုဖြစ်နေခဲ့၏။ ပိုင်းစက်ပြူးကျယ်နေသည့် မျက်ဝန်းလေးတွေသည် ကားအနက်ကြီးထဲက ငွေ့ထုတ်လိုက်ကြရသော ဘုန်းမီးနေ၏ သွေးသံရဲရဲကိုယ်ကို မြင်လိုက်သော် ...



"သမီး ... .."

မြတ်ဖြူ ၏ကိုယ်လေး သူမ ရင်ခွင်ထဲမှာ ကော့တက်လန့်ထွက်သွား၏။

"သမီးလေး .. လုပ်ကြပါဦး"

သမီးကို ကျူးဖက်ထားကာ တအား အော်လိုက်ပေမယ့် အသံထွက်နိုင်..၊ ပြီးတော့ သူမ မြင်ကွင်းထဲကနေ ဖြတ်သန်းသွားသည်က ဝိုင်းအုံနေကြသည့်လူတွေလက်ထဲမှာ သွေးချင်းချင်းနီနေသည့် ဘုန်းမီးနေ..။

သူ သေသွားပြီလား..၊

ဟုတ်သည်..၊ စောစောက ပူထူနေသည့်စိတ်က ခုကျမှ တွေ့လာသည့်ကားကို အတင်းလိုက်ပိတ်သည့် ကားနက်က ဘုန်းမီးနေ ဖြစ်နေတာကို ဆက်စပ် တွေးမိခဲ့သည်။

ကားချင်းပစ်တိုက်သွားကာ လည်ထွက်သွားသည့် ခေါင်းက ရုတ်ထားသည့် ကားကြီးနဲ့ နောက်ထပ် ဆောင့်မိသဖြင့် နှစ်ဆင့်တိုက်သလိုဖြစ်သွား၏။

အထဲမှာ ရှိနေသည့်လူ အသက်ရှင်ဖို့ဆိုတာ..၊

ဘုရား .. ဘုရား ဘာတွေ ဖြစ်ကုန်တာလဲ..၊

လမ်းမပေါ်မှာ သမီးလေးကို ပိုက်၍ အရူးလို အော်ဟစ်နေခဲ့သော ရမက် တို့သားအမိဟာ တခြားလူတွေအမြင်မှာတော့ မသိမသိုင်..၊

[illegible]

www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၃၉ ]

"သမီးလေး ဘယ်လိုဖြစ်သွားနိုင်လဲ ဒေါက်တာ၊ ကျွန်မ သိ... ရစေ"

"ကလေးက လန့်ပြီး သတိလစ်သွားတာ သမီး၊ တကယ် အ... ကြီးနေတာက ဘုန်းမီးနေ ရဲ့အသက်"

ဆရာဝန်ကြီးနဲ့ ဆရာမတွေက ရမက် တို့သားအမိကို မိ... မကောင်းသလို ကြည့်၍ အပြင်ထွက်သွားကြ၏။

"ကလေးရဲ့အသက်ကို ကယ်ရင်းနဲ့ သူ ဒီလိုဖြစ်သွားခဲ့တာ ... သားတစ်ယောက်ပဲ ရှိတော့တဲ့ မိဘတွေရင်ထဲကို သမီး ဝင်ကြည့်...

"သမီးမှာလည်း ဒီသမီးလေးပဲ ရှိတာ မေမေ၊ သူ့ကို သမီး ... ကြည့်ပြီးပြီ၊ ခွဲစိတ်ခန်းထဲရောက်နေလို့ ပြန်လှည့်လာခဲ့တာ၊ အဲဒါ ... တော သွားနေရအောင် ဒီမှာလည်း ကလေးက..."

"ကလေးက ဘာဒဏ်ရာမှရှိခဲ့တာ မဟုတ်ဘူးလေ၊ မေမေ ကြ... နေပေးလို့ ရတာယ်"





"အရေပြားပေါ်မှာ မထင်ပေမယ့် သမီးလေး ရင်ထဲမှာ ဒဏ်ရာကြီးကြီးမားမား ဖြစ်သွားတယ်၊ အဲဒါကို သမီး သိတယ် မေမေ၊ သူ့ကို သမီး အိမ်ကနေ ခွဲထုတ်ခေါ်သွားတာမှန်း သူ သိသွားတယ်၊ အဲဒါကို စားနေရတုန်း ဘုန်းမီးနေ သူ့ရှေ့မှာ ပက်ပက်စက်စက် ဖြစ်သွားတာကို မြင်လိုက်ရတယ်၊ ရင်ဘတ်ကော့ပြီး မျက်ဖြူလန်သွားတာ၊ သူ့ရင်ထဲမှာ ဘယ်လောက်ထိ ဒဏ်ရာပြင်းသွားလဲ မေမေ တွေးကြည့်..၊ သမီးလေး သတိရလာတာ နှစ်ခါရှိပြီ၊ တစ်ခါမှ စကားမပြောဘူး၊ ပြောလာရင် ဘာတွေပြောမှာလဲ .. သမီးကို သူ ဘယ်လို ဆက်ဆံလာမလဲ၊ အဲဒါတွေ သမီး အရမ်းသိချင်တယ်၊ သိရမှ ဖြစ်မယ် မေမေ၊ သမီးလေး သတိရပြီး စကားပြောလာတဲ့အထိ ဒီနားမှာပဲ သမီး နေပါရစေ"

ရမက် ရှင်းပြတာရော တောင်းပန်တာတွေရော စုံနေသည်။ ပြီးတော့ မျက်ရည်အွင်အွင်စီးနေလျက်..

"သမီး သူ့ကို စိတ်ပူပါတယ်၊ သူ မရှိလို့ မဖြစ်ဘူးဆိုတာလည်း သမီး သိပါပြီ၊ ဒါပေမယ့် အခု သမီးလေးအတွက်ပဲ သမီးခေါင်းထဲမှာ ရှုတုနေတယ်"

"ခဏလေးဖြစ်ဖြစ် လိုက်ကြည့်ဖို့ သင့်တာကို မေမေ ပြောနေတာ၊ မြေးလေးက ဦး ဘယ်လိုနေလဲ..၊ ဘာဖြစ်သွားလဲလို့ မေးလာရင် သမီး ဖြေနိုင်ဖို့ မလိုဘူးလား"

ရမက် ငိုင်သွား၏။ သမီးလေးကို ကြည့်လိုက်တော့ ရင်ဘတ်ပေါ်ထိ စောင်လေး တင်လျက် အိပ်ပျော်နေသလိုပင်..၊

သတိရလာတာ နှစ်ခါရှိပြီ ဖြစ်သော်လည်း မျက်ဝန်းလေးတွေ ဖွင့်လာရုံ ဟိုဒီလိုက်ကြည့်ရုံနှင့် မျက်ရည်တွေကျကာ ထပ်ရှက်နှစ်ခေါ... မှိတ်ပြီး သတိပြန်လစ်၏။

ဆရာဝန်တွေ ပြေးလွှားစမ်းသပ်ကြတော့ နှလုံးခုန်နှုန်း နှေးကွေး



www.burmeseclassic.com

နေသည်မှလွဲ၍ အားလုံး နော်မယ်ပဲ ဖြစ်နေသဖြင့် ကလေး သတိရတဲ့ အထိ စောင့်ကြည့်နေဖို့ပဲ ပြောသည်။

လိုအပ်တာတွေအားလုံး လုပ်ကိုင်ပေးခဲ့ပြီး အနီးအနားမှာ ဆရာ တစ်ယောက်ကို ထား၏။ အရေးပေါ် ခွဲစိတ်ခန်းထဲမှာတော့ ဘုန်းမီး နေ ရှိနေခဲ့သည်။

ရမက် တို့ ဆေးရုံရောက်ကြပြီး သိပ်မကြာခင်မှာပဲ မေမေတို့ဖြ ရောက်လာခဲ့ကြကာ ရောက်ရောက်ချင်း ဆေးရုံကို လိုက်လာကြ

ဦးဘုန်းသာ မျက်နှာကြီး နီရဲကာ အံကြိတ်နေလျက် ဒေါ်သ လျာ ကတော့ ခွဲစိတ်ခန်းရှေ့ကနေ ဒီဘက်ကို နှစ်ခါလောက် ပြေးလာ သေးသည်။ နာကျင်သည့် မျက်ဝန်းတွေနဲ့ တစ်ချက်တော့ ကြည့်ခဲ့ မယ့် ရမက် ကို ဒေါ်သက်လျာ တစ်ခွန်းတစ်ပါဒမျှ အပြစ်မပြောခဲ့

ခုချိန်မှာ ဘယ်သူ သေမည်၊ ဘယ်လို ရှင်မည်ဆိုတာ တိတိကျ ဘာမှ မသိရသေးအဲ့ လူအားလုံး 'ဘုရားတ'ရုံမှလွဲ၍ ဘာမှမတတ်နိုင်

ရမက် သမီးလေး နဖူးကို တယုတယ သပ်တင်ပေး၍ နမ်းလိုက် စဉ် သူမရဲ့ မျက်ရည်စက်တွေ သမီးရဲ့ မျက်နှာလေးပေါ် စိုစွတ်သွားခဲ့

"သမီးရဲ့ ဦးနဲ့ မေမေ မခွဲတော့ပါဘူး။ မေမေ့ကို စိတ်မဆိုး သမီးရယ်နော် .. နောက်ဆိုရင် မေမေ သမီး စိတ်တိုင်းကျပဲ ဖြစ်စေ ပါ။ မြန်မြန် သတိရတော့လေ၊ မေမေ ဘုန်းမီးနေ ကို သွားပြော သမီးလေးနဲ့ အတူတူ နေပေးပါလို့၊ အခု သွားပြောပေးမယ် သိလား"

ရမက် တတွတ်တွတ် ပြောနေတာတွေကို နားထောင်ရင်း ဒေါ်သက်လျာ မျက်ရည်ဝေ့လာခဲ့သည်။

'ဘုန်းမီးနေ နဲ့ သမီး ကို လက်ထပ်ပေးချင်ပါသည်၊ သမီးကို နားချပေးပါ'တဲ့၊ သူတို့တွေ အကျိုးအကြောင်း လာပြောကြလို့ ညီတိပြီး လိုက်လာခဲ့တာပါ..၊





ဒီကိစ္စ ဖြစ်မြောက်ဖို့ ခဲယဉ်းမည်ဆိုတာတော့ မသိလို့ မဟုတ်..၊

"မေမေ သမီးလေး နားမှာ နေပါနော်"

မေမေ့ကို မှာပြီး ရမက် အခန်းထဲကထွက်ဖို့ လှည့်လိုက်လျှင် တံခါးဝမှာ ဒေါ်သက်လျာ က တွေတွေကြီး ရပ်နေလျက်..

"သားငယ် ဆုံးသွားပြီ"

"ရှင်!..."

"ဘုရား!..."

ဒေါ်ဖြူဖြူကျော် ရင်ဘတ်ဖိရင်း မူးမူးမိုက်မိုက် ဖြစ်သွား၏။

သမီးအပေါ်မှာ အပြစ်တွေ ကြီးသွားပါပြီ..၊

ပြီးတော့ မြေးလေး သတိရလာရင် ဘယ်လို ဖြေသိမ့်ပြီး ဘယ်လို နေနိုင်သွားကြမလဲ..၊

ပျက်စီးသွားခဲ့ကြသော ဘဝ .. ဘဝတွေ များစွာအနက်..၊

www.burmeseclassic.com



## အခန်း [ ၃၀ ]

ရမက် ရင်ထဲမှာ ပူလောင်ကျပ်ခဲကာ မျက်ရည်တွေသာ ဖြစ်နေခဲ့ပြီး ဘာစကားမှလည်း များများမပြောနိုင်..၊

ထို့ကြောင့် သမီးလေးရဲ့ဘေးမှာ ဒေါ်သက်လျှာ နဲ့ မေမေတို့ရဲ့ ရှိနေတတ်ကြလော..

သမီးလေး အခြေအနေကလည်း သူမ ထင်သလောက် ဆိုးဝါး မလာသဖြင့် ကလေးကို ချော့မော့တတ်ကြသည့် အဘွားဖြစ်သူတွေတို့ ကျေးဇူးတင်မိတာ အမှန်ပင်..၊

အိမ်ကိုပြန်ခေါ် လာတဲ့အထိ သမီးလေးနားကို ရမက် စောတဖြုတ်ပဲ နေရဲခဲ့သည်။ ဘုန်းမီးနေ အကြောင်း မေးလာလျှင် သူမမှာ ပြောစရာ စကားမရှိ..၊

ဘယ်လို ကွေ့ရှောင်ပြောပြော အဲဒါ မေမေ့ကြောင့်ဆိုသည့် ဗုဒ်ဓ က လွှတ်မှာမဟုတ်တာမို့ သမီးကို စောတဖြုတ် ယုယကြင်နာရုံနှင့် ခပ်လှမ်းလှမ်းက ကြည့်နေခဲ့ရတာပဲ များခဲ့သည်။

"ဘွားဘွားကြီး မေမေရော .."





"ရှိတယ် သမီး၊ မေမေ လာပြီ"

ဘောင်းဘီရှည်အပြာရောင် အနွေးထည် ခပ်ပါးပါးပွပွ အပြာလေးနှင့် သမီးမျက်နှာလေးက ပြည့်ပြည့်ဝင်းဝင်းလေးပဲ ဖြစ်သည်။

မေမေတို့ ဘယ်လို ချော့မော့ပြောထားသည် မသိပါ..၊

ဘုန်းမီးနေ ကို မေးသံမကြားသလို ဟိုရက်ပိုင်းက မှိုင်တွေနေ အမျိုးတောင် မရှိတော့သလိုပင်..၊

ရမက် အခန်းဝကနေ ငေးနေရင်း သမီးရဲ့မေးသံကြောင့် ကယောင်ကတမ်း ဝင်သွားလိုက်မိသည်။ ဖြတ်ဖြူ က ဘွားအေကျွေးနေသည့် ခေါက်ဆွဲပြုတ်ကို သောက်နေရင်း ...

"မေမေ မီးမီးကို အကျီရွှေးပေးထားလေ၊ ဦးနဲ့ လျှောက်လည်မလို့"

"ဟင်!..."

သမီးနား လျှောက်လာခဲ့သည့် ခြေလှမ်းတွေ တုံ့ခနဲ ဖြစ်သွားသည်။

ဒေါ်ဖြူဖြူကျော် သည် ခေါက်ဆွဲပန်းကန်ကိုင်လျက်နှင့် ငိုတော့မျက်နှာကို ငုံ့ထားပြီး အခန်းထဲက ထွက်သွားလေသည်။

"သမီးလေး.."

"မေမေနဲ့ ဦးနဲ့ ရန်မဖြစ်တော့ဘူးတဲ့ ဘွားဘွားကြီးက ပြောတယ်၊ ဘတ်လည်း မဖြစ်ရတော့ဘူးတဲ့၊ ဒါဆို မေမေ မီးမီးတို့နဲ့ လိုက်ခဲ့နော်"

ရမက် မျက်လုံးတွေ ဝိုင်းစက်ပြူးကျယ်လာခဲ့ပြီး သမီးလေး ဘေးဝင်ထိုင်လိုက်ကာ တစ်ကိုယ်လုံးကို သိမ်းကျုံးဖက်ထားမိ၏။

"သမီးလေး .. မေမေ့သမီး .."

"မီးမီးက ဦးကို ချစ်တယ်၊ မေမေ့ကိုလည်း ချစ်တယ်၊ ဘွားဘွားတို့ကိုလည်း ချစ်တယ်၊ ဦးကလည်း မီးမီးကို အရမ်းချစ်တာတဲ့"

ပြောပြီး ခစ်ခနဲ ရယ်လိုက်တော့ ရမက် မျက်ရည်စက်တွေ စီး

www.burmeseclassic.com

www.burmeseclassic.com



ဆင်းသွား၏။ သမီးလေးစိတ်တွေ ဒီလောက်ထိ ဖောက်တိဖောက်ပြန်
ဖြစ်ကုန်ပြီလား..၊

ဝါ့သမီးလေး ရူးသွားပြီလား..၊

"ညတုန်းက ဦးနဲ့ မီးမီး ဖုန်းပြောတယ် သိလား"

"ဘာ!..."

"ဖုန်းထဲမှာ ဦးက မီးမီးကို အရမ်းချစ်တယ်တဲ့၊ မေမေ့ကိုလည်း ချစ်တယ်တဲ့၊ နောက်ကို ဘယ်တော့မှ ရန်မဖြစ်တော့ဘူးတဲ့၊ မီးမီး ကောင်းအောင် နေတဲ့၊ နေကောင်းရင် ဦးဆီ လိုက်ခဲ့တဲ့"

"အို!... မလိုက်ရဘူး၊ သူ့ဆီကို ဘယ်တော့မှ မလိုက်ရဘူး။ သမီး ဝါ့သမီး မေမေ့ကို ခွဲမသွားရဘူး"

ဟန်ဆောင်ထိန်းချုပ်နိုင်စွမ်း မဲ့သွားခဲ့သည်။ အလိုက်အထိုက် လေးပြောပြီး ကလေး စိတ်ချမ်းသာအောင် ဖန်တီးပေးသင့်တာကို သတိမရ..၊

မြတ်ဖြူ နှုတ်ခမ်းလေး ပွင့်သွားကာ မအေ့မျက်နှာကို အံ့ဩသလို လေး မော့ကြည့်သည်။ ရမက် သွက်သွက်ခါ ရူးသွားသလို သမီးလေး ကို ဒီတိုင်းထားခဲ့ပြီး အပြင်ကို ပြေးထွက်ခဲ့သည်။

"မေမေ .."

"... ... ..."

"မေမေ .."

"ဟင်!... မေမေ ဒီမှာ .."

ဒေါ်ဖြူဖြူကျော့ က လှေကားနောက်ဘက်ကနေ အသံကြား ထွက်လာ၏။ ရမက် မေမေ့လက်မောင်းနှစ်ဖက်ကို ကတုန်ကယင် ပြေးဆုပ်ကိုင်မိကာ..

"သမီးလေး အဲဒီလို ဖြစ်သွားတာကို သမီးကို မေမေ ဘာဖြစ်လို့



မပြောခဲ့တာလဲ၊ သမီးလေး အဲဒီလိုဖြစ်လောက်တဲ့အထိ သမီးက..."

စကားမဆုံးနိုင်ဘဲ ဟင့်ခနဲ ရှိုက်ငိုသည်။ ဒေါ်ဖြူဖြူကျော့ က သမီးလက်ကို ပြန်၍ ဆုပ်ကိုင်ကာ..

"ဒါတွေကို သမီး မသိတာပဲ ကောင်းတယ်လို့ သူတို့က..."

"ဟင့်အင်း .. မဟုတ်ဘူး .. သမီးက ကလေးရဲ့အမေ၊ သမီး ကြောင့် ဖြစ်မလား"

"အို!... သမီး ဘယ်ကိုလဲ .. သမီး .."

ရမက် ကားသော့ဖြုတ်ကာ အိမ်ရှေ့ကို ပြေးထွက်သွားခဲ့၏။ လှ ကားပေါ်ကို ရောက်ခဲ့သော်လည်း ကားမောင်းဖို့ကို မေ့ပြန်၏။

စတီယာရင်ကို ဖိဆုပ်ထားရင်း လူတွေ သယ်ထုတ်နေကြသော ဘုန်းမီးနေ ရဲ့ သွေးစွန်းသည့် ကိုယ်ခန္ဓာကို မြင်ယောင်နေခဲ့သည်။

ငါ မှားပါတယ် .. ငါ့ကြောင့်ပါ။ နင် ဆုံးသွားပြီဆိုတော့ မိုက်ရိုင်းမိ တဲ့ ကိုယ့်အပြစ်အတွက်နဲ့ ရင်နင့်အောင် ကြေကွဲခဲ့ရပါတယ် ဘုန်းမီးနေ ရယ်..၊ ပြီးတော့ ငါ့သမီးလေးအတွက် နင် မရှိလို့ မဖြစ်ဘူးဆိုတာလည်း နားလည်သွားလို့ပါ။ ဒါပေမယ့် အားလုံးက ပြီးသွားပြီ..၊

နင် ငါ့သမီးလေးကို ထပ်ပြီး မနှိပ်စက်ပါနဲ့တော့..၊

ရင်ထဲမှာ စကားတွေဆိုရင်း ကားကို စက်နှိုးလိုက်သည်။ သမီး လေးကို ဆေးရုံက အမြန်ဆုံး ဆင်းစေခဲ့တာ၊ ဘုန်းမီးနေ ရဲ့ ဗျာပနကိစ္စ တွေကြောင့်ပါ..၊

ဖုန်းထဲကနေ သမီးကို စကားလာပြောတာ တကယ်ပဲ ဘုန်းမီးနေ ရဲ့ဝိညာဉ်လား..၊ သမီး ကယောက်ကယက်တွေ စိတ်ကူးနေတာလား..၊

ဒါကို သူမ သိချင်သည်။ သမီးလေးရဲ့ စိတ်ကို အကောင်းတိုင်း ပြန်လာအောင် သူမ ကြိုးစားဖို့အတွက် နားလည်ကျွမ်းကျင်သည့် ပညာရှင်တွေ လိုအပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဦးတည်လိုက်သည်က သမီးလေး ဆင်းလာခဲ့သည့် ဆေးရုံကို ဖြစ်၏။

သမီး ဒီလိုဖြစ်သွားတာကို ပြောပြမည်၊ ဆရာသမားကောင်းရှိရာကို လမ်းညွှန်ပေးဖို့ ဆွေးနွေးရမည်။ ကားက 'ရွှေလမင်း'ဆေးရုံကြီးရှေ့မှာ အရှိန်နှင့် သိမ့်ခနဲဆိုးရပ်၏။

"ဟင် !..."

"အန်တီပါလား"

ဆေးရုံရဲ့ ရှေ့မျက်နှာ လှေကားရဲ့ထိပ်မှာ ဒေါက်တာနဲ့ ရပ်စကားပြောနေတာ ဖြစ်ကာ သူမလက်ထဲမှာ ဆွဲခြင်းလေးနဲ့ ဖြစ်သည်။ ရမက် ကားပါကင်ထိုးနေတုန်း ဒေါ်သက်လျှာ အထဲကို ဝင်လိုက်သွား၏။

ဒီမှာ ဘာလာလုပ်တာလဲ..၊

သားက မရှိတော့ဘူးဆိုတော့ ဒီမြေးရဲ့ ကျန်းမာရေးကို သူမလိုက်နိုးရိမ်လို့ ဖြစ်ပေမည်။ တကယ်ဆို မအေတစ်ယောက်လုံး ရှိနေတာကို မတိုင်ပင်သင့်ဘူးလား..၊

ဘုန်းမီးနေ သူမကြောင့် သေခဲ့ရသည်ဆိုပြီး မုန်းသွားခဲ့သည်လား..၊

ရမက် ရင်ထဲမှာ ဖြစ်လာသမျှ အတွေးတွေဟာ တစ်ခုမှ အကောင်းမပါဘဲ ကိုယ့်ကိုယ်ကိုယ် သံချွန်နဲ့ ပြန်ထိုးနေမိသလို နာကျင်မှုတွေသာ အထပ်ထပ် ဖြစ်လာခဲ့သည်။

ကြာရင် သမီးလေး ဘာမှမဖြစ်ဘဲ သူမသာ ရူးသွားနိုင်လေသည်။ အရာရာကို အကောင်းအတိုင်း ဖြစ်ချင်ဝေမယ်..၊





## အခန်း [ ၅၀ ]

"ဒဏ်ရာအခြေအနေကတော့ လုံးဝ စိတ်ချရပါပြီ၊ နောက်တစ်ပတ်လောက်ဆို ဆင်းလို့ရပြီ၊ ဒါပေမယ့် လူရောစိတ်ရော တဲစ်လလောက် လုံးဝ အနားယူရမယ်၊ ထိခိုက်မိထားတဲ့ဒဏ်ရာတွေမှာ ကူသချက်တွေ နေသားမကျခင် အတိမ်းအစောင်းမဖြစ်ဖို့ လိုတယ်လေ.."

"ဟုတ်ကဲ့ပါ ဒေါက်တာ၊ ညွှန်ကြားတဲ့အတိုင်း တသွေမတိမ်းလိုက်နာပါ့မယ်"

"လိုက်နာမှ ဖြစ်မှာ၊ အသက်တစ်ချောင်းတို့ မနည်းလုအသေးလိုက်ရတာ၊ သူ့ရဲ့ကံတရားနဲ့ အားလုံးရဲ့ကြိုးစားမှုတွေကြောင့် မဟုတ်ရင် မလွယ်ဘူး"

"ဟုတ်ကဲ့ ကျေးဇူးကြီးပါတယ် ဒေါက်တာရယ်၊ ကျွန်မသားလေးအသက်ကို ကယ်တင်ပေးခဲ့တာ ကျွန်မတို့မိသားစုရဲ့ အသက်တွေကို ကယ်သလိုပါပဲ"

ရမက် ကိုယ့်နားကို မယုံနိုင်..၊ ဒေါ်သက်လျှာ [illegible] နေမှုနှင့် 'သား'ဆိုတာ ဘုန်းမီးနေ ပဲ ဖြစ်တာကို သိနေသည့်အတိုင်း

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ .."

အခန်းထဲက ဒေါက်တာနဲ့ ဆရာမတွေ ထွက်လာကြတော့ ရမက်ကိုမြင်ကာ အံ့အားသင့်ကုန်ကြ၏။

ပြီးတော့ အထဲကို တစ်ခုခုပြောချင်သလို လှည့်လိုက်ပြီးမှ ပြုံးနေသည့်မျက်နှာနှင့် ခေါင်းတစ်ချက်ခါပြီး ထွက်ခွာသွားကြသည်။

အားလုံး ပိုင်းညာခဲ့တာပေါ့..၊

ရမက် အကြောတွေ ဆိုင်းနေသလိုဖြစ်လျက် မသယ်ချင်သည့်ကိုယ်ကို အခန်းထဲထိ တရွေ့ရွေ့ ဆက်တိုးခဲ့မိသည်။

အထဲမှာ ဒေါ်သက်လျှာ တစ်ယောက်ပဲရှိနေကာ ဘုန်းမီးနေသည် ခေါင်းအုံးတွေဆင့်ခံ၍ ခပ်လျောလျောလှဲနေသည့် အနေအထားနှင့် မျက်လုံးတွေ မှိတ်ထား၏။

ဟုတ်ပါသည် .. ဘုန်းမီးနေ ပါ..၊

ရမက် ရဲ့မျက်လုံးတွေ မေးရိုးကနေ သိုင်း၍ စည်းထားသည့် ပတ်တီးနှင့် အိပ်ပျော်သလိုနေသည့်မျက်နှာကို စူးစိုက်ကြည့်ရင်း တစ်လှမ်းချင်း ဝင်လာခဲ့၏။

ဘာဖြစ်လို့ ညာခဲ့ကြတာလဲ..၊ သမီးလေး ရှူးနေတာ မဟုတ်ဘဲ သူနဲ့ ဖုန်းပြောခဲ့ရတယ်ဆိုတာ တကယ်ပဲပေါ့..၊

နားမလည်ခြင်းတွေထဲကနေ ကြည်နူးဝမ်းသာသည့် လှုပ်ရှားခြင်းတွေ တဖျပ်ဖျပ် လိုက်ခုန်လာခဲ့သည်။

ဒါ အိပ်မက် မဟုတ်ပါစေနဲ့၊ တကယ်ပဲ ဖြစ်ပါစေ..၊

"ဟင်!..."

ဒေါ်သက်လျှာ သည် ကျောခိုင်းလျက်နှင့် ဆေးစာရွက်ကို ငုံ့ဖတ်နေရင်း ဖျတ်ခနဲ လှည့်ကြည့်၏။

ရမက် ကိုမြင်လိုက်သည်နှင့် အကြီးအကျယ် တုန်လှုပ်သွားကာ—





"သမီး .."

အလွန် နူးညံ့ပြည့်ဝသည့် ဒေါ်သက်လျှာ သည် ယခုထက်ထိ ရမက် ကို 'သမီး'လို့ခေါ်နေဆဲ..၊ ပြီးတော့ ဘုန်းမီးနေ ကို လှည့်ကြည့်မြန်ကာ...

"သားငယ်က..."

သူမ ဘာမှမပြောရသေးခင် ရမက် က ဘုန်းမီးနေ ရဲ့ဘေးကို ရောက်သွား၏။ ပြီးတော့ မျက်တောင်မခတ် ငုံ့မိုးကြည့်နေရင်း...

"သူ မသေဘူးပေါ့"

အိပ်မက် မက်နေသူလို နှုတ်ခမ်းတွေ တလှုပ်လှုပ်နှင့် လေသံသာသာလေးပဲ ပြောနေသည်။ ဘယ်သူ့ကိုမှ မေးလိုက်တာမျိုး မဟုတ်..၊

"ဟုတ်ပါတယ် .. သမီးရယ် .. အန်တီတို့ ညာချင်လို့ မဟုတ်ပါဘူး။ ဒါပေမယ့်လေ သားရဲ့ဆန္ဒက ဒီတိုင်းရှိခဲ့လို့ပါ။ သူ .. သူ ရှိနေရင် သမီး နောက်ထပ် ကလေးကိုခေါ်ပြီး ထွက်သွားဦးမှာတဲ့၊ အဲဒါကြောင့်..."

ရမက် မျက်ရည်နှစ်စက် ကြွေဆင်းသွားစဉ် တစ်စက်သည် ဘုန်းမီးနေ ၏ ချထားသော လက်ခုံထက်မှာ နားသွားသည်။

"ကလေးကို အသိပေးလိုက်ရတာက ကလေး သတိရရချင်း စိတ်ချမ်းသာသွားမှ သူ့စိတ်လေး အကောင်းတိုင်း ပြန်ဖြစ်မှာမို့ပါ"

ရမက် ဘာမှမပြောနိုင်..၊ ဟုတ်နေတာပါပဲ သူမ ဒီတိုင်းပဲ လုပ်ခဲ့တာမို့ သူတို့ ဆုံးဖြတ်လိုက်ကြတာ မမှားပါ..၊

"အန်တီတို့လေ မြေးလေးကို အသက်လောက် ချစ်ပါတယ်၊ သားကြီးကို တမ်းတရသလို သမီးကိုလည်း ကိုယ့်သမီးလေးလို တစ်သက်လုံး ပိုင်ဆိုင်သွားချင်လို့ ဒီလို ကြိုးစားခဲ့ကြတာပါ၊ နောက်တို သမီး သဘောမပါဘဲ ခုလိုမျိုး မကြိုးစားတော့ဘူး၊ မြေးလေးကို ဘယ်မှ ခွဲထုတ်မသွားပါနဲ့ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ရမက် ရင်ထဲမှာ နင့်ခနဲ ဖြစ်သွား၏။

"သားငယ်ကလည်း သူ့ သမီးရဲ့ မမြင်ကွယ်ရာမှာပဲ.."

"မလိုပါဘူး အန်တီ၊ အဲဒီလို ပြောနေတာတွေကမှ ရမက် ရဲ့ကိုယ်ကို ထုထောင်းရိုက်ပုတ်နေသလို ခံစားရတာပါ၊ ဘုန်းမီးနေ သွားဖို့ မလိုဘူး၊ တကယ်တမ်း လိုအပ်ရင် ရမက် ပဲ..."

မာနကြီးခဲ့သည့် ရင်ဘတ်ဟာ ချုံးချုံးချ ငိုကြွေး၍ တောင်းပန်ခယဖို့တော့ ခွင့်မပြုခဲ့ဘဲ ကိုယ့်ကိုယ်ကိုယ် နားလည်ခြင်းတရားနှင့် အဆုံးသတ်ဖို့ ဆုံးဖြတ်လိုက်၏။

ဘုန်းမီးနေ ဒီလိုဖြစ်ခဲ့တာ ကိုယ် ညွှန်ကြားခဲ့တာ မဟုတ်ပေမယ့် ကိုယ့်ကြောင့် ဖြစ်ခဲ့သည်လို့ နားလည်လာကာမှ ခင်ပွန်းဖြစ်သူ သေဆုံးခဲ့သည့်အဖြစ်မှာ ဘုန်းမီးနေ ကြောင့်လို့ ဘယ်လို စွပ်စွဲဖွယ် ဖြစ်လာသည်ကို စာနာတတ်ခဲ့၏။

ကိုယ်တိုင် မကျူးလွန်ဘဲ ကိုယ် တရားခံဖြစ်ရတတ်သည့် တိုက်ဆိုင်မှုတွေကို နားလည် ခြောက်လန့်သွားခဲ့ပြီမို့..

"သမီးကို ရမက် ဘယ်မှ ခေါ်မသွားတော့ပါဘူး၊ နောက်ထပ် ဒီလို တောင်းပန်စကားတွေ ထပ်မပြောဖို့ တောင်းပန်ပါတယ်"

ရမက် ဖားလျားအတိုင်း ချထားသည့် ဆံပင်တွေကို နှုးပေါ် တစ်ချက်သိမ်းတင်ကာ နေရာမှ လှည့်ထွက်ခဲ့၏။

သို့သော်..

သူမရဲ့ လက်ဖဝါးတစ်ဖက်ကို တင်းခနဲ ဖိဆွဲထားလိုက်သဖြင့် ပြန်လှည့်ကြည့်မိ၏။ မျက်လုံးတွေ မှိတ်ထားခဲ့သည့် ဘုန်းမီးနေ က သူမလက်ကို ဆွဲထားပြီး စူးစိုက်ကြည့်လျက်..

"ဘာထပ်လုပ်ဦးမလို့လဲ.."

ခေါ်သက်လျာ သူတို့ကိုကြည့်၍ အခန်းပြင်ကို ထွက်ခွာသွားလေ





သည်။ ရမက် လက်ကိုရုန်းတော့ သူက ဖိဆွဲထားကာ..

"ဂျဲဘေးမှာ ခဏလောက် ထိုင်ပေးပါလား"

ရမက် က မထိုင်ပါ၊ သူ ကိုင်ထားသည့်လက်ကို ဒီတိုင်း ခဏ ထားလျက်နှင့် ပြန်ငုံ့ကြည့်၍..

"နင် မသေမပျောက်ရှိနေတဲ့အတွက် ငါ ဝမ်းသာပါတယ်"

"ကလေးကြောင့်ပဲလား .."

ရမက် မျက်ရည်တွေ ပြည့်သိပ်လာ၏။ သူ့ကို စတင်ဆက်မှာ အကောင်းတိုင်း မြင်လိုက်ရချိန်သည် သူမ ကြည်နူးဝမ်းသာသွားခဲ့တာ လက်ဖျားတွေပါ ထုံကျင်သွားခဲ့တဲ့အထိပင်..၊

ဒါ ဘယ်သူ့ကြောင့်ပဲဖြစ်ဖြစ် ကိုယ့်ကို ညာထားခဲ့ကြတာတွေ ဆောက်တည်ရာမရ သူမ ခံစားခဲ့ရတာတွေအားလုံးအတွက် စိတ်နာဖို့ လည်း မေ့ခဲ့၏။

မျက်လုံးချင်း ဆုံနေရင်း သူ ရမက် ကို ဆွဲချလိုက်ပြီး သူ့ကိုယ်သူ လည်း နာကျင်သွားသလို မဲ့သွားခဲ့လျက်..

"ထိုင်ပါဦး"

ခုတင်စွန်းမှာ ရမက် တင်ပါးလွှဲလေး ထိုင်ဖြစ်၏။ ပြီးတော့..

သူ ခါးမတ်မတ်ပြင်ထိုင်ဖို့ ကြိုးစားနေတာကို သူမပဲ ဖေးမကူညီ လိုက်ရသည်။ နောက်ပြန်ဆုတ်တော့ လူချင်းဝေးမသွားအောင် ဘုန်းမီးနေ က သူမ လက်မောင်းလေးကိုပါ ဆုပ်ကိုင်ထားလိုက်ကာ..

"ငါ့ကို မင်း တကယ် နားလည်တာကို လိုချင်တယ်"

သူ ရမက် ရဲ့မျက်နှာလေးကို ငေးနေကာ..

"ငါလေ ကိုယ့်ကိုယ်ကိုယ် သေသွားပြီလို့ပဲ သတ်မှတ်ခဲ့တာ၊ မသေသေးဘူးဆိုတာ သိလိုက်ရတော့ ဘာကို ဦးဆုံး တွေးဖြစ်ခဲ့လဲ သိလား.."

ရမက် မဖြေဘဲ ကြည့်နေခဲ့မိသည်။ သူက ခေါ်ထိရာရှိနေသည်



www.burmeseclassic.com

www.burmeseclassic.com



ဟိုဘက်လက်ကို ခါးပေါ်မှာ သာသာတင်လျက် ဟိုဘက်လက်နဲ့ ဒဏ်ရာပေါ်ကို စမ်းကိုင်ရင်း ငုံ့ကြည့်သည်။

"ဒီတစ်ခါ ကလေးအတွက် ငါကိုယ်တိုင် စိတ်ပူသွားခဲ့တာ သေချာရဲ့လားလို့မို"

သူမ မျက်နှာလွှဲပစ်ရင်း နွေးခနဲ လိမ့်ဆင်းသွားသည့် မျက်ရည်ကို သုတ်ပစ်သည်။

"ငါ မညာခဲ့ဘူး ရမက်ဖြူ၊ ဟိုတစ်ခါ ကလေးဖြစ်တုန်းကလည်း အရမ်းကို စိတ်ပူခဲ့ပါတယ်၊ မိုက်ရှိုင်းပြချင်တာကိုက ငါ့ရဲ့အကျင့်ဖြစ်နေတော့ ဒီအဖြစ်အတွက် ဘယ်လောက်ထိ ပေးဆပ်သွားရမယ်ဆိုတာကိုလည်း ဂရုစိုက်ရမှန်း မသိခဲ့ဘူး။ အခု ကလေးကို ငါ အရမ်းသနားတယ်၊ မင်း မုန်းနေတာတွေကို မလိုချင်တော့ဘူး။ အဲဒါကြောင့် အရင်က ငါ့ရဲ့ ဂရုမစိုက်တတ်ခြင်းတွေ ပြောင်းပြန်ဖြစ်ကုန်ပြီ"

ပြောနေရင်း ပန်းတစ်ဖက် မသိမသာ စောင်းကာ ရမက် မျက်နှာလွှဲနေတာကို မြင်ရအောင် လိုက်ကြည့်သည်။ ပြီးတော့...

"ရမက်ဖြူ..."

သူ့ ခေါ်မှ ရမက် က လှည့်ကြည့်သည်။ ထိုအခါ မျက်ဝန်းမှာ မျက်ရည်လက်စတို့နှင့် ရှိနေသဖြင့်...

"ဘာဖြစ်လို့လဲ .. အဲဒီမျက်ရည်တွေကို ငါ သိချင်တယ်၊ ငါ မသေခဲ့လို့ ငိုတာလား .. အသက်ရှင်နေတာကို ဝမ်းသာပေးတာလား"

မျက်ရည်က ချက်ချင်းကြီး ပြန်လည် ပြည့်သိပ်လာကာ ရမက် ခေါင်းခါသည်။ ပြီးတော့ ငိုမျက်ဝန်းနှင့်ပဲ ပြုံးရိပ်ဆင်၏။

လှုပ်လီလှုပ်လဲ့လေး ပြုံးယောင်သမ်းသွားပေမယ့် မဲ့ပြုံးမဟုတ်တာကို သူ သိလိုက်၏။ ရင်ထဲမှာ ကြည်နူးသွားသော်လည်း...

"အဲဒီအပြုံးတွေကို ငါ့အတွက် ထာဝရပေးမှာလား။ သမီးအတွက်





မသေဆေးတစ်ခွက်လို လိုအပ်တဲ့အချိန်ပိုင်းလေး ပြီးတာနဲ့ ပျောက်ဆုံးသွားမှာလား"

သူ အားမလိုအားမရ မေးရင်း ရမက် ရဲ့လက်ခုံလေးကို ထပ်ဆုပ်ကိုင်လိုက်၏။

"မင်း ကျွင်းသုံးတဲ့ ရေမှုတ်တစ်ဖက်၊ မီးစတစ်ဖက် ထားတာမျိုး..."

"မဟုတ်ဘူး..."

"ဒါဆို ငါ့ကို မမုန်းတော့ဘူးလို့ ဆိုလိုတာလား"

ရမက် ခေါင်းညိတ်လိုက်သည်။ လက်ကိုတော့ ရုန်းထွက်လိုက်ကာ...

"နင့်ရဲ့ ရှင်သန်ခြင်းဟာ ငါ့သမီးလေးရဲ့ ရှင်သန်ခြင်းပါ၊ ငါ့ရဲ့ဘဝ၊ အသက်၊ သိက္ခာ အားလုံးကို ငါ့သမီးအတွက် ပုံထားခဲ့တဲ့အတွက် နင့်ကို ကျေးဇူးတင်တယ်၊ ဟိုတုန်းကလို မုန်းတီးနေခဲ့တဲ့အပြစ်တွေလည်း ငါ ဖျောက်ပါ့မယ်"

ဘုန်းမီးနေ မျက်နှာတစ်ခုလုံး ဝင်းထိန်သွားခဲ့၏။

"ဒါဆို ဒီကထွက်တာနဲ့ ငါနဲ့ ရန်သူ ပြန်ဖြစ်မသွားတော့ဘူးပေါ့၊ သေချာလား .."

ကိုယ့်စကားတွေနဲ့ကိုယ် ရမက် မျက်ရည်သုတ်ရင်း ပြုံးမိသည်။ ပြီးတော့ ခေါင်းညိတ်ပြမိရင်း...

"နင်လည်း ဘယ်ကိုမှ ထွက်မသွားပါနဲ့"

"လူကြီးတွေ စီစဉ်မယ်ဆိုတဲ့ကိစ္စကို မင်း ..."

"ဟင့်အင်း .."

ရမက် ချင်းချင်း ခေါင်းခါသည်။

"ကိုနေရာအတွက် နောက်တစ်ယောက် အစားထိုးဖို့ ငါ အများကြီး ကြိုးစားရဦးမှာ၊ အဲဒီကိစ္စအတွက် ထပ်မပြောနဲ့"

www.burmeseclassic.com



ဘုန်းမီးနေ အသံတိတ်သွား၏။

"နောက်ပြီး နင်က လူပျိုလူလွတ်တစ်ယောက်ပဲ ကြိုက်တဲ့ မိန်းကလေးကို ရွေးချယ်ခွင့်တွေ အများကြီးရှိတယ်"

"ငါ ဘယ်သူ့ကိုမှ အလိုမရှိဘူးဆိုရင်ရော..."

ရမက် ဖျတ်ခနဲ ကြည့်မိပြီးမှ မျက်ဝန်းတွေ တခြားရွှေ့ဝစ်ရသည်။ သူက စူးစိုက်ကြည့်လျက်...

"ငါ မင်းကို ပိုင်ချင်တယ် ရမက်ဖြူ၊ မေမေတို့ စီစဉ်တာကို မသိခဲ့ပေမယ့် ဒီလိုမျိုးတွေ မဖြစ်ခဲ့ဘဲ ပြောလာကြရင် ငါ လက်ခံခဲ့မိမှာ သေချာတယ်၊ အဲဒါ အချစ်ကို ခွဲခြမ်းစိတ်ဖြာကြည့်ရမယ့်အဆင့်ကို ကျော်ပြီး ဦးဆုံးရောက်လာတဲ့ ခံစားချက်ပဲ၊ ငါ မင်းအနားမှာပဲ ရှိနေချင်တဲ့ဆန္ဒတွေ ဖြစ်ခဲ့ပြီးမှ ငါဟာ ငါ မဟုတ်တော့သလို ခံစားလာရတယ်၊ ပြောင်းလဲခြင်းအားလုံးဟာ မင်းကြောင့်ပါ"

သူ ရမက် ရဲ့ လက်ခုံလေးကို ဖွဖွလေး ဆုပ်ကိုင်ထားရာကနေ ဖိညှစ်၍ တင်းတင်းကျပ်ကျပ် ဆုပ်၏။ ပြီးတော့ ပြန်လျှော့ကာ လက်ချောင်းထိပ်လေးတွေကို သူ့လက် ချောင်းတွေနဲ့ ပွတ်သပ် ဆုပ်နယ်နေလျက်...

"ငါ စောင့်ပါမယ်၊ 'ချစ်လား' လို့ မေးရဲတဲ့အထိ ငါ ကြိုးစားမယ်၊ တစ်ခုပဲ ကတိပေးပါ"

သူက ရမက် ရဲ့ မျက်ဝန်းတွေနဲ့ဆုံအောင် စောင့်ကြည့်နေပြီးမှ ဆက်ပြောသည်။

"မမုန်းတော့ဘူးဆိုတဲ့စကားကို တည်ပါ၊ ဒီတိုင်း မပြောင်းလဲဘဲ နေပေးပါ၊ ငါ နင်ပြောတဲ့ ကလေးအတွက် လိုအပ်သလို ချုံ့ချဲ့နိုင်တယ် ဆိုတဲ့ ပြုံးခြင်းမဲ့ခြင်းတွေကို တကယ် ကြောက်တယ်"

ရမက် ကိုယ်ပြောခဲ့တာတွေအတွက် ရှက်လည်း ရှက်မိပါသည်။





သူ ဒီလောက်ထိ စွဲမှတ်ထားခဲ့မယ်လို့လည်း မထင်ခဲ့တာ အမှန်ပင်..၊

"ရမက်ဖြူ .."

ရမက် က မထူးပေမယ့် သူ ခဏခဏပဲ ခေါ်ကာ မျက်လုံးချင်းဆုံအောင်လည်း စောင့်တတ်သည်။ ဆုံပြီးမှ ပြောတတ်လေသည်။

"ငါ လောဘတွေ သိပ်များနေသလား မသိဘူး၊ ဒါပေမယ့် တောင်းဆိုချင်တာ ကျန်သေးတယ်"

"ပြောလေ .."

"ငါက မင်းကို အလိုရှိနေတဲ့သူပါ၊ မင်းကို ပြောဆိုဆက်ဆံတဲ့အခါ အရင်လို ဒေါသ မောဟတွေ မဟုတ်တော့ဘဲ ကြင်နာချင်တာတွေ ရှိခဲ့ရင် ခွင့်ပြုနိုင်မလား.."

ဘာကို ပြောလိုက်တာလဲ..၊

ရမက် နားမလည်ပါ။ သူ့မျက်နှာကို ကြည့်မိတော့ မျက်လုံးချင်းဆုံသွားကြတာ ဆွဲအားတစ်ခုမှာ ငြိတွယ်သွားသလိုပင်..၊

ဘုန်းမီးနေ သည် ရမက် ရဲ့ လက်ကလေးတစ်ဖက်ကို သူ့ရင်ဘတ်ပေါ်ထိ ဆွဲတင်လိုက်၏။ ထိုအခါကျမှ အင်္ကျီအတွင်းထဲမှာ ပတ်တီးတွေ ရှိနေသေးတာကို ရမက် သိလိုက်ရ၏။

သူကတော့ ပတ်တီးတွေရှိနေတာကို သိစေချင်တာ ဟုတ်ပုံမရ..၊

"ငါ လိုချင်တာ မင်းဆီက ကြင်နာခွင့်လေးပဲ"

ပတ်တီးတွေကို အင်္ကျီပေါ်ကနေပဲ ရမက် ဖွဖွလေး စမ်းကြည့်ပြီး ကြည်လင်သောအပြုံးနှင့် သူ့ကို ကြည့်သည်။

"နင် ကြင်နာတတ်လို့လား ဘုန်းမီးနေ"

"အဟွန်း.."

သူက မျက်လွှာချလိုက်ပြီး နှုတ်ခမ်းခပ်တွန့်တွန့်နှင့် ရယ်သည်။ ပြီးတော့ သူမကို ပြန်ကြည့်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"မင်း မသိလို့ပါ။ ခွင့်ပြုချက် မရှိခဲ့ပေမယ့် မင်းကို ငါ အများကြီး ကြင်နာခဲ့တာ"

ရမက် မျက်ခုံးလေးတွေ ပင့်သွား၏။

ဘယ်မှာလဲ ဆိုသည့် ပဟေဠိ ဖြစ်သွားတာမျိုး..၊

ဘုန်းမီးနေ က ထိုမျက်နှာလေးကိုကြည့်ပြီး မျက်ဝန်းမှာ ရယ်မြူး ရိပ်တွေ ဖြစ်နေလျက်...

"ခု သိချင်လား"

"ဟင့်အင်း မဟုတ်ဘူး"

လက်ကို ပြန်ရုန်းပေမယ့် မရလိုက်ပေ..၊

ရမက် ရဲ့လက်ခုံနုနုလေးသည် သူ့ရဲ့နှုတ်ခမ်း ပါးပြင်နှင့် နှာခေါင်း ချွန်ချွန်ထက်မှာ တစ်သားတည်းလို ထိကပ် ရွေ့လျားနေခဲ့လျက်...

"မင်းကို .. အရမ်းချစ်တယ် .."

တိုးတိတ်သော သူ့ရဲ့စကားသံတို့က မေ့မေ့မူးမူး ရှိနေခဲ့သည်။

ရှက်နေသည့် ရမက် ရဲ့မျက်နှာလေးတစ်ပြင်လုံးလည်း ဖြေ ကွယ်စရာ နေရာမဲ့လျက် အနီရောင်ရင့်ရင့် ကောင်းကင်လို့..၊

အချစ်က တစ်နေရာရာမှာတော့ ရှိနေလိမ့်မည်..၊

လရောင်ကျူးရင့်



www.burmeseclassic.com